ဇရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာစိတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ





ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်

(၁၁)(၁၂)(၁၃)(၁၄)(၁၅)(၁၆)(၁၇)(၁၈)

(၁၉)(၂၀)(၂၁)(၂၂)(၂၃)(၂၄)(၂၅)

ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၁၁)



\- စီစဉ်ပူဇော်သူ -

**ဂိုဏ်းမှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉- ၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်စာအုပ်၊ (MP-3)၊(MP-4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မုံမုံ) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# မာတိကာ


| စဉ် | အကြောင်းအရာ | | တရားတော်အမှတ် |
|---|---|---|---|
| ၁။ | ၂၈.၁၁.၁၉၉၇ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း | ၁၁ |
| ၂။ | ၇.၁၂.၁၉၉၅ | ပုသိမ်မြို့ သဘော်ကျင်းကျေးရွာ တရားတော် | ၁၂ |
| ၃။ | ၃.၁၀.၁၉၉၅ | မြောင်းမြမြို့နယ်၊ မဲကျော်ကျေးရွာ၊ အောင်သစ္စာမဟာဒီပါရုံဘုရား တရားတော် | ၁၃ |
| ၄။ | ၃၀.၇.၂၀၀၂ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ ဝိသုဒ္ဓိမဟာမြိုင်ဓမ္မာရုံ တရားတော် | ၁၄ |
| ၅။ | ၁၃.၄.၂၀၀၃ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ သင်္ကြန်အကြိုနေ့ တရားတော် | ၁၅ |
| ၆။ | ၁၄.၄.၂၀၀၃ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ သင်္ကြန်အကျနေ့ တရားတော် | ၁၆ |
| ၇။ | ၉.၁၀.၂၀၀၁ | ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာ၊ မိုးကောင်းရန်အောင်မြင်ဘုရားတရားတော် | ၁၇ |
| ၈။ | ၆.၁၂.၁၉၉၅ | ပုသိမ်မြို့ တကောင်းဘုရား တရားတော် | ၁၈ |
| ၉။ | ၁၄.၄.၂၀၀၄ | မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ သင်္ကြန်အကျနေ့ တရားတော် | ၁၉ |
| ၁၀။ | ၁၂.၂.၁၉၉၆ | ဝါးခယ်မမြို့ တရားတော် | ၂၀ |
| ၁၁။ | ၁၃.၂.၁၉၉၆ | ဝါးခယ်မမြို့ တရားတော် | ၂၁ |
| ၁၂။ | ၁၄.၂.၁၉၉၆ | ဝါးခယ်မမြို့ တရားတော် | ၂၂ |
| ၁၃။ | ၂၉.၁.၁၉၉၄ | ပုသိမ်မြို့ ရွှေမြင်တင်ဘုရား တရားတော် | ၂၃ |
| ၁၄။ | ၁၉.၁၂.၂၀၀၄ | မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား တရားတော် | ၂၄ |
| ၁၅။ | ၂၀.၁၀.၁၉၉၃ | မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရား တရားတော် | ၂၅ |

# မြောင်းမြမြို့

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

**(၂.၈.၁၉၉၇)ရက်နေ့၊ မြောင်းမြမြို့**

**ဝိသုဒ္ဓိမဟာမြိုင်ဓမ္မာရုံတော်ကြီးတွင်**

**ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော**

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၁)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## ၂.၈.၁၉၉၇ ခုနှစ်၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ ဝိသုဒ္ဓိဓမ္မာရုံတွင် တရားထိုင် သံဃာ၊ သီလရှင်၊ ယောဂီများအား ဝိသုဒ္ဓိဆရာတော်ဘုရား ဦးပဏ္ဍိတ တရားထိုင်နည်းများ ဖေါ်ပြသော တရားတော်

သညာက ငါလို့ယူထားတဲ့ "အယူ"။ "အမှတ်"များတယ်။ အဲဒီတော့မှ သာယာတာ။ စိတ်က အေးချမ်းသွားတယ်။ "အစွဲ"များတယ်။ တဏှာလို့ခေါ်တယ်။ ဒီအချက်သုံးချက် စွဲလိုက်တာ။ "ကံ" ခေါ်တယ်။ အဲဒီဟာ နာမ်ခန္ဓာလေးပါးကိုခေါ်မယ်။ ဦးပဏ္ဍိတက စာမတတ်တော့ သဘောလေးမှတ်။ နာမ်ခန္ဓာလေးပါးဟာဘာတွေလဲ။ ခုနက ရုပ်ပေါ်မှာ ယိမ်းနေတာက ဝေဒနာ၊ တွန်းနေတာလည်း ဝေဒနာ၊ ပူနေတာလည်း ဝေဒနာ။ ဝေဒနာလေးကိုသိရမယ်။ ဩော် -သူ့သဘော သူဆောင်ပါလား။ ၃၂ ကောဋ္ဌာသကြီးပေါ်မှာ ဒီဟာကြီးတွေကဖြစ်နေပါလား။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတာ စာတွေနဲ့ရေးထားတာ။ အမှန်တရားတွေပဲ။ အစစ်တွေပဲ။ ရုပ်မှာရှိတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရနဲ့ အတွင်းမှာရှိတဲ့ ဓာတ်လေးပါးနဲ့ ပေါင်းဆုံပြီးတော့ သမန်မာထွားကျိုင်းလာတယ်။ အင်မတန်မှ ကျန်းမာရေးကောင်းတယ်။ အင်မတန်မှ သွားလို့လာလို့ကောင်းတယ်။ ဒီရုပ်ကြီးနဲ့ သဘောဝတရားကြီးပါပဲ။

လူပြည်ကိုရောက်လာတဲ့အခါမှာ ဒုလ္လဘငါးပါးထဲမှာ ဦးပဏ္ဍိတို့ ဘယ်လိုသစ္စာနဲ့ ရောက်လာသလဲ။ မနုဿဘာဝေါ ဒုလ္လဘော။ လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏။ အဲဒီတော့ ခဲယဉ်းတာကိုရတယ်။ ခဲယဉ်းတာကိုရပေမယ့် သိဖို့ရာလွယ်တယ်မထင်နဲ့။ မရှိတာ ရှာရင်ရတယ်။ မသိတာ အခက်ဆုံး။

ဒီလို လူ့ဘဝကို သစ္စာနဲ့ရောက်လာတာပါဗျာ။ သစ္စာဆိုတာ ကောင်းသောအကျင့်မြတ်နဲ့ ရောက်လာလို့ လူဖြစ်တာပါ။ မိစ္ဆာအယူနဲ့လာရင် တိရစ္ဆာန်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့ မိစ္ဆာစိတ်နဲ့ သေရင် အပါယ်လေးဘုံ၊ အသူရကာယ်ဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံ၊ ပြိတ္တာဘုံဖြစ်ပါတယ်။ ဒါကြောင့် တိရစ္ဆာန်တွေက မိစ္ဆာအယူတွေနဲ့ ဟိုဘာဝက လာတာပါ။ ဦးပဏ္ဍိတ် တို့က သစ္စာနဲ့လာလို့ လူဖြစ်တာပါ။ ဒီလိုလူဖြစ်လိုက်တဲ့အခါမှာ ကျင့်ရမယ်၊ ကြံရမယ်၊ အားထုတ်ရမယ်။ စာကရေးထားတယ်။ ကိလေသာနဲ့ တဏှာတဲ့။

ကိလေသာပေါ်မှာ တဏှာတွေက ဖုံးလွှမ်းနေတယ်။ ဘုရားက တဏှာကိုကြိမ်းသွားပါတယ်။ ဒီတဏှာကို ဘာနဲ့ သတ်မလဲ။ ဉာဏ်ရမှ တဏှာကိုပယ်မယ်။ ဉာဏ်မရရင် တဏှာကို သဘောမပေါက်

ဘူး။ "ဉာဏ်" ရသွားတဲ့သူက အင်မတန်မှ ထူးခြားတယ်။ ဉာဏ်မရရင် ခင်ဗျားမှာ သီလရမယ်၊ သမာဓိရမယ်။ ခင်ဗျားအတွက်တော့ လုံပြီပေါ့။ သူများကို မျှပေးနိုင်တယ်၊ မပေးနိုင်တယ်တော့ မပြောတတ်ဘူး။ ဉာဏ်ရတဲ့သူကတော့ ပေးနိုင်တယ်။ အဲဒါကွာနေတယ်။

ခင်ဗျားတို့လုပ်တဲ့ စရဏ၊ ခင်ဗျားတို့ ပစ္စုပ္ပန်မှာလုပ်ရင် အထူးသီလရမယ်။ အထူးသမာဓိရမယ်။ အထူးပညာရမယ်။ ဉာဏ်ရရင်တော့ ခင်ဗျားတရားဟောမှာပေါ့။ ဉာဏ်မရရင်တော့ ကိုယ့်ကိုယ်ကိုယ်တော့ လုံနေပြီ။ တဏှာနဲ့ ဒိဋ္ဌိကို သတ်ရမှာကိုးဗျ။

အင်း-ဘယ်သူ့အရင်သတ်မလဲ။ ဒိဋ္ဌိကိုအရင်သတ်မယ်။ ဒိဋ္ဌိဆိုတာ အယူမှားထားတယ်။ "ငါ" လို့ယူထားတယ်။ အဲတော့ အမှတ်မှားထားတယ်။ ယောက်ျား၊ မိန်းမလို့မှတ်တာ။ အဲဒီအမှတ်ကိုလည်း ပညာနဲ့ရှင်းရမယ်။ သညာကို ပညာနဲ့ရှင်းရမယ်။ အယူမှားထားတာကို အနတ္တနဲ့ ရှင်းရမယ်။ ဒါလေးတွေရှင်းတတ်ဖို့လိုတယ်။ အစွဲကို ဉာဏ်နဲ့သုံးရမယ်။ ဒီသုံးချက်ကို ပိုင်ပိုင်နိုင်နိုင်နဲ့ နှလုံးသားမှာ ကိန်းဝပ်အောင် ခန္ဓာမှာ ဉာဏ်စိုက်ပါ။

ဒါက အာရုံခြောက်ပါးလို့ခေါ်ပါတယ်။ အာရုံခြောက်ပါးဆိုတာ မြန်မာလိုပြန်ပြောဦးမယ်။ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်။ ဒီမောဟကြောင့် လောဘနဲ့ ဒေါသဖြစ်တာ။ မောဟပြောရမယ်ဆိုရင် တွေဝေနေတယ်လို့ပြောကြတယ်။ ခန္ဓာထဲက မောဟကို ဉာဏ်နဲ့ကြည့်မှ သိမယ်။ ဒီမောဟကို ကံနဲ့ကြည့်လို့ သဘောမပေါက်နိုင်ဘူး။ ခန္ဓာထဲမှာရှိတဲ့ မောဟကို သူသတ်မယ်။ သူ့ဉာဏ်နဲ့သတ်မယ်။ ခန္ဓာမှာ ဉာဏ်စိုက်ပါ။ ခန္ဓာကို ဉာဏ်စိုက်တဲ့အခါကျတော့ ခင်ဗျားတို့ တရားထိုင်တယ်။ တရားထိုင်တဲ့အခါကျတော့ ကာယသတိပဋ္ဌာန်တဲ့။

ကာယကံ၊ ဝစီကံ၊ မနောကံတဲ့။ သူ ဘယ်သူ့ကိုသတ်မလဲ။ မနောကံကို သတ်မယ်။ မနောကံကို ဘာနဲ့သတ်မလဲ။ အနတ္တနဲ့သတ်မယ်။ ဒီ မနောကံက ဘာဖြစ်သလဲ။ ဗျာပါဒအဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ဒီနှလုံးသားကဖြစ်ပေါ်နေတယ်။ ဗျာပါဒအဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ စာက ရေးထားတယ်။ မနောနဲ့ အသိလေးက အာရုံပေါ်မှာဝင်တယ်၊ ထွက်တယ်။ ထိတယ်၊ သိတယ်။ သိတယ်၊ ထိတာကရုပ်၊ သိတာက နာမ်။ အဲဒါတွေကို အနတ္တနဲ့ နှလုံးသွင်း။ ထိတာက အမြဲဘူး၊ သိတာလည်း မမြဲဘူး။

ကိုယ့်မနောကို နှာသီးဖျားဝမှာ တင်ထား၊ တင်ထားရင် မနောဟာ ငြိမ်သွားတယ်။ ငြိမ်သွားရင် အဓိစိတ္တလို့ခေါ်တယ်။ အဓိစိတ္တငြိမ်ဖို့အရေးကြီးတယ်။ အဓိစိတ္တငြိမ်မှ ကာယကံ၊ ဝစီကံ၊ မနောကံ အကြောင်းတွေ သိလာမယ်။ အဓိစိတ္တမှ မငြိမ်ရင် ခင်ဗျားမှာ ဟုတ်သယောင်ယောင်နဲ့ ဝေဖန်နေတယ်။ ဒွိဟိတ်ဖြစ်နေတယ်။ ဒွိဟိတ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားလို့ ဝေဖန်နေတာ။

ခင်ဗျားရဲ့ အဓိစိတ္တက မငြိမ်သေးတော့ အဓိစိတ္တမဖြစ်ဘူး။ အဓိစိတ္တက နှာသီးဖျားဝမှာ တင်ထား၊ တင်ထားတဲ့အခါမှာ ဘဝင်လေးက အဲဒီမှာ အသိကပ်ထား။ အသိလေး ကပ်ထား။ သဘောလေးကိုမြင်အောင်ညှိ။ သူဘာလုပ်တတ်လဲ။ ဒလစဉ် ဒလစပ်ဆင်းတယ်၊ တက်တယ်။ ထမင်းစားတဲ့အခါမှာလည်း ရှိတယ်။ အိပ်နေတဲ့အခါမှာလည်း ရှိတယ်။ သွားနေတဲ့အခါမှာလည်း ရှိတယ်။ အမှုမဲ့ အမှတ်မဲ့နေတယ်။ အခုတော့ ကာယသတိပဋ္ဌာန်မှာ မနောရဲ့အာရုံကို နှာသီးဖျားမှာ တင်ထားတယ်။ တင်ထားတဲ့အခါကျတော့ မနောက ငြိမ်လာတယ်။ အဓိစိတ္တ ခေါ်တယ်။

အဲဒီလို အဓိစိတ္တတွေ အားကောင်းလာရင် ခင်ဗျား ပညာဘက်ကိုရောက်သွားလိမ့်မယ်။ အဓိစိတ္တကိုရအောင်လုပ်။ သီလကတော့ အုတ်ပန္နက်ရိုက်ထားပြီးပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစရိုက် ၁၀ ပါးလုံပြီ။ မိစ္ဆာရဲ့ အယူတွေပယ်ပြီး သမ္မာရဲ့အယူတွေယူပြီး ဒါသစ္စာအလုပ်။ ခင်ဗျားတို့ ဘုရားရဲ့ ကျင့်သွားတဲ့အကျင့်တွေကို ကျင့်နေကြတာ။ ဒါ နတ်တွေ၊ သိကြားတွေ၊ ဘုမ္မိကပုဂ္ဂိုလ်တွေ အကုန်သိတယ်။ ခင်ဗျားတို့ စေတနာအကျိုးပေးလိမ့်မယ်။ ကိုယ်မှန်ဖို့လိုတယ်။

နှာသီး နှာဖျားဝမှာ လေဝင်၊ လေထွက် လဒစဉ်၊ ဒလစပ်လုပ်နေပါလားဆိုတာ ခင်ဗျားသိလာလိမ့်မယ်။ အဲဒီလိုသိလာတဲ့အခါမှာ အဓိစိတ္တလေးက ငြိမ်လာလိမ့်မယ်။ စိတ်ကလေး ငြိမ်လာတော့မှ ဘာကောင်းသလဲတော့ မပြောတတ်ဘူးဗျို့။ အာရုံမှာကပ်ထား။ ဘယ်အာရုံနောက်မှ မလိုက်နဲ့။ ကိုယ့်မှာ ဖြစ်ပေါ်နေတဲ့ ဝင်လေ ထွက်လေကို ငြိမ်ပြီးတော့ အာရုံစိုက်နေတာ။ အာရုံဆိုတာ ဝင်နေတဲ့၊ ထွက်နေတဲ့အာရုံကို အသိကပ်ထားတာ။ သဘောလေး၊ သဘောလေးကို မြင်အောင်ကြည့်၊ အဲဒီ နေရာမှာ အရေးကြီးတယ်။

အဲဒီလိုဖြစ်သွားတော့မှ အဓိစိတ္တဟာ ဖြစ်လာလိမ့်မယ်။ သမာဓိအားကောင်းလာရင် ဖောက်ပြန်လာလိမ့်မယ်။ ဓာတ်တွေက သူ့ဟာသူ ပေါ်လာလိမ့်မယ်။ ဟာ-ဓာတ်တွေ ဖောက်ပြန်လာပြီဗျို့။ ဟိုကတစ်မျိုး၊ ဒီကတစ်မျိုး။ ခေါင်းကတစ်မျိုး၊ လက်ကတစ်မျိုး။ ခြေထောက်ကတစ်မျိုး။ အဲဒီလို အမျိုးမျိုးတွေဖြစ်လာတဲ့အခါမှာ နှာသီးဖျားဝမှာ အာရုံကနေပြီးတော့ ဝေဒနာအာရုံကို ပြောင်းမှတ်ပေတော့။ အဲဒီဝေဒနာအာရုံရဲ့အဆုံး လိုက်ပေတော့။

ဝေဒနာဆိုတာ သူ့ဘာသာသူဖောက်ပြန်မှုကို ကပ်လိုက်သွား။ ဝေဒနာဆုံးတော့ ခင်ဗျား သိလာလိမ့်မယ်။ ဘာတွေသိလာမလဲ။ မချစ်မနှစ်သက်တဲ့ဟာကြီးနဲ့ နေရခြင်းသည် ဆင်းရဲခြင်းဒုက္ခ၊ ကံရုပ်ကြီးပါလားလို့ ငြီးငွေ့လာလိမ့်မယ်။ နိဗ္ဗိန္ဒာဉာဏ်တွေ ဖြစ်လာလိမ့်မယ်။ ခင်ဗျားဘာသာ ခင်ဗျား ဖြစ်လာလိမ့်မယ်။ မချစ်မနှစ်သက်တဲ့ရုပ်ကြီး၊ မချစ်လည်းပေါင်း၊ ချစ်လည်းပေါင်း ဖြစ်လာပြီ။ ဘာဖြစ်လို့လဲ။

ဝေဒနာတွေက တင်းကျပ်လာပြီ။ ဝေဒနာမှာ ကပ်လိုက်၊ တစ်ခါတည်း အသိလေးက ကပ်လိုက်။ ဓာတ်တွေက သူ့ဘာသာသူဖောက်တာ။ အသိလေးက ခံစားလာပြီဗျို့ တရားထိုင်တာ ဖျက်လိုက်တော့။ တော်ပြီ၊ အုန်းမောင်းခေါက်ပြီ၊ အချိန်စေ့ပြီဆိုတော့ ဝေဒနာနိရောဓော၊ တဏှာ နိရောဓော။ တဏှာဘက်ကိုရောက်သွားတာ။ တဏှာဆိုတာ စိတ်ချမ်းသာတယ်။ မနောလေးက ချမ်းသာတာ။ ကံဖြစ်သွားပြီဗျို့ အသိလေးက မနောလေးက ဝေဒနာရဲ့အဆုံးကို လိုက်ရမယ်။ ဖျက် မပစ်နဲ့။ အဲဒါ ခင်ဗျား ပတ္တမြားတုံး။ ဒုက္ခသစ္စာဆိုတာ ခင်ဗျားသိပြီပေါ့။

ဒုက္ခသစ္စာသိတော့ သမုဒယသံယောဇဉ်တွေ တဖြည်းဖြည်းပယ်လာပြီဗျို့ စားချင်တဲ့စိတ် မရှိပါလား၊ ဝတ်ချင်တဲ့စိတ် မရှိပါလား၊ သွားချင်တဲ့စိတ် မရှိပါလား။ မောဟက ဖျော့လာတယ်ဗျို့ မောဟဖျော့မှတော့ လောဘ၊ ဒေါသခေါင်းပါးပြီ၊ မောဟပြတ်လာပြီ၊ ခင်ဗျား သဘောပေါက်လာပြီ။ သူများသွားမမေးနဲ့။ အဲဒီလိုတရားထိုင်တဲ့အခါမှာ ငါဘယ်လိုအကြောင်းတွေပေါ်တာပဲ။ ကိုယ့်ဘာသာ ကိုယ် အင်မတန်မှ သောမနဿ ဖြစ်နိုင်တဲ့အကြောင်းတွေ အများကြီးရှိတယ်။ ကိုယ့်တရား ကိုယ် မှန်နေတာကို။ ကိုယ်က နေတတ်တယ်၊ သွားတတ်တယ်၊ စားတတ်တယ်၊ လာတတ်တယ်။ အကုန်လုံး အစစအရာရာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ ခင်ဗျားတို့အပေါ် မူတည် တယ်။

ခင်ဗျားတို့မှာ သီလကရနေပြီ။ ပူစရာမလိုတော့ဘူး။ ဘာဖြစ်လို့လဲ။ မိစ္ဆာအယူကနေ သမ္မာအယူတွေဖြစ်သွားပြီ။ ကာယကံသုံးပါးလည်းပယ်ပြီ၊ ကာယကံ သုံးပါးဆိုတာ သူများအသက် မသတ်ပါဘူး၊ သူများပစ္စည်း မခိုးပါဘူး၊ သူများသားမယား မဖျက်ဆီးပါဘူး။ အဲဒါ မိစ္ဆာအယူကိုလည်း ပယ်ပါပြီ၊ ဝစီကံက သူများကိုလည်း မဆဲပါဘူး၊ သူတစ်ပါးကို စိတ်ညစ်အောင်လည်း မလုပ်ပါဘူး။ တီးခြင်း၊ မှုတ်ခြင်းလည်း မလုပ်ပါဘူး။ အဲ-ဝစီကံလည်းပိတ်ပြီ၊ မနောဗျာပါဒ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာကို လည်း အနတ္တဖြစ်အောင်လုပ်ပါပြီ။ အဲဒီတော့ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် သိက္ခာသုံးပါး တစ်ပြိုင်နက်တည်း၊ တပေါင်းတည်းဖြစ်တယ်။ ခင်ဗျား ကျင့်ခြင်းဖြစ်တယ်။ ဒါကြောင့် အင်မတန်မှ ထူးပါတယ်။

ဦးမြမောင် ကို ပြန်ကြည့်၊ ဥပမာ-ဦးပဋ္ဌင်း က စာမတတ်ဘူး။ အသိပြောတာ၊ ဦးမြမောင် ဟာ မြိုင်မာလာ ၂ လိမ်းမှာနေတယ်။ သူဘာလုပ်လဲ၊ ရေထမ်းစားတယ်။ ရေထမ်းစားတော့ မြမောင် ရေ ကျွန်မအိမ်ကို ရေသုံးထမ်း၊ ဟိုက ရေလေးထမ်း ဆိုတော့ အင်မတန်မှ ဝမ်းသာတယ်။ ဒုက္ခမှန်ကို မသိဘူး။ တဏှာက လွှမ်းမိုးထားတယ်။ ဟာ-ပျော်နေတာပဲ၊ ရေတွင်းပြန်သွားတဲ့အခါကျတော့

လူတစ်ယောက်က မကောင်းမရမ်းဘဲနဲ့ သူ့ပုံးကိုခပ်ချိုးနေတယ်။ ခပ်ချိုးနေတော့ ဦးမြမောင် မျက်စိမြင်လိုက်တော့ ဟာ ငါ့အလုပ် ကြန့်ကြာနေပါလား။ ငါ့ပုံကို သူလုပ်နေတော့ ငါရေမခပ်ရပါလား။ မနှောလိုတဲ့စိတ် ကုက္ကုစ္စစိတ်၊ ဒေါသစိတ်၊ ဝန်တိုစိတ်၊ ဦးမြမောင် မနှောကံပေါက်နေတယ်။ ဘာကြောင့်ပေါက်သလဲ။ စေတနာပျက်လို့ ပေါက်တာပေါ့ဗျာ။ ဒီလူအပေါ်မှာ စေတနာ မရှိတော့ဘူး။ ဟာ-မနှောကံပေါက်ပြီဗျို့။

အဲတော့ သူရေထမ်းစားတယ်၊ သူက ဝီရိယအကျိုးလောက်ပဲစားရတယ်။ သူက အရက်သောက်တတ်တယ်။ လောင်းကစားတွေလုပ်တတ်တယ်။ မယားကို နိုင့်ထက်စီးနင်းလုပ်တယ်။ သားတွေ၊ သမီးတွေကိုလည်း လုပ်တယ်။ စာရိတ္တလည်း မကောင်းဘူး။ ဘုရားမှန်းလည်း မသိဘူး၊ တရားမှန်းလည်း မသိဘူး။ သိတော့ သိတယ်။ အာရုံမကျဘူး။ ဦးမြမောင် ဟာ သူ့ရဲ့ စေတနာတွေဟာ မကောင်းတဲ့စေတနာတွေပဲဖြစ်တယ်။ အလုပ်ကျတော့ ရေထမ်းစားတယ်။ ဝီရိယရဲ့အကျိုးလောက်ပဲ ခံစားရတယ်။ ကံက မလိုက်ဘူးဗျို့ ကံကိုပြောတာ။ အခု ဦးပဏ္ဍိတ ဖြစ်တော့ ကောင်းတာလုပ်တယ်၊ ကောင်းတာကျင့်တယ်၊ ကောင်းတာပြောတယ်။ ကံက အကျိုးပေးတယ်ဗျို့ ဝီရိယအကျိုး ရှေးဘုန်းရှေးကံတွေပါလာပြီဗျို့ ချက်ချင်း ဝေဒနီဒိဋ္ဌ လက်ငင်းမျက်မှောက်အကျိုးပေးပါတယ်။ ဒီတရားတွေက အကျိုးပေးပါတယ်။

ခင်ဗျားတို့ ကျန်းမာရေးလဒ်တွေလည်း ရတယ်၊ စီးပွားရေးလဒ်တွေလည်း ရှေးဘုဉ်းရှေးကံပါရင် ရမယ်။ အဲ-အပါယ်လေးပါးတံခါးလည်းပိတ်မယ်။ ကြည့်စမ်း၊ ဘယ်လောက်ကောင်းတဲ့တရားလဲလို့။ ဦးမြမောင် ကိုကြည့်၊ ရေထမ်းတော့ ဝီရိယအကျိုးလေးပဲ။ ကံက ကံအကျိုးမပေးဘူး။ အခုကြည့်စမ်း၊ ကံက အကျိုးပေးနေပြီ။ ဘယ်လောက်အံ့ကြဖို့ကောင်းလဲ။ ယုံကြည်ပါ။ ကံကို ယုံကြည်ပါ။ ကံကို ယုံကြည်ပါ။ မကောင်းတဲ့ကံ မလုပ်ပါနဲ့။ ဒီကံဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို သတိ။ မနောကံက မိမိမပြုလုပ်ပါဘူး။ မိမိပြုလုပ်မိရင် မိမိကံ၊ မိမိမပြုလုပ်မိရင် မိမိကံမဖြစ်ပါဘူး။

အဲတော့ ခင်ဗျား သူ့အသက် မသတ်ပါဘူး၊ သူများပစ္စည်း မခိုးပါဘူး၊ သူများသားမယားမဖျက်ဆီးပါဘူး၊ မဟုတ်မမှန်တာတွေလည်း မပြောပါဘူး။ မိမိမပြုလုပ်ရင် မိမိကံမဖြစ်ဘူး။ ဒါပေမယ့် မနောက သားအတွက်နဲ့ ပူရတယ်။ သမီးအတွက်နဲ့ ပူရတယ်။ သတင်းကြားလို့ ပူတယ်၊ စာနဲ့ ရောက်လာတယ်။ မင်းအဖေ၊ အမေသေပြီဆို။ အဲဒါ ဥပါဒါန်ပေါ့။ ကိုယ့်ကားလေး ပျက်စီးသွားတယ်၊ ကားလေးစွဲပြီး ပူတာ။ ဥပါဒါန် ကားကိုစွဲတာကိုး။ ကားက သိန်းလေးဆယ်ပေးရတယ်။ ကားကိုစွဲပြီး

ပူတယ်ဗျို့။ ကားကိုစွဲတာ အစွဲမှား၊ အယူမှား၊ အမှတ်မှား၊ အယူကလည်း ငါ့ကားကို ယူထားတယ်။ မှတ်တာကလည်း သိန်းလေးဆယ်လို့မှတ်တယ်။ စွဲတော့ ဥပါဒါန်ဖြစ်တာပေါ့။

အဲဒီ ဥပါဒါန်ကို ဘာနဲ့သတ်ရမလဲ။ မဂ်ဉာဏ်နဲ့သတ်မှ ပြတ်တာ။ သီလနဲ့ ဖြတ်လို့လည်း မရဘူး။ သမာဓိနဲ့ဖြတ်လို့လည်း မရဘူး။ မဂ်ဉာဏ်နဲ့ဖြတ်မှ ဥပါဒါန်ဟာ ပြတ်တာ။ ဆဲလိုက်တော့ ဆဲတာကို မှတ်တာပေါ့။ ဒါ မကောင်းဘူး။ ငါ့ကို ဘာလို့ဆဲတာလည်းမှတ်တယ်။ အဲတော့ ငါလို့ယူထားတဲ့ အယူက သွားစွဲတာဗျို့။ ခင်ဗျား ခန္ဓာငါးပါးရဲ့အကြောင်း မသိလို့။ အဲဒါ ဥပါဒါန်ပဲ။ သားအတွက်နဲ့ ပူရတယ်။ သမီးအတွက်နဲ့ ပူရတယ်။ စီးပွားရေးအတွက်နဲ့ သောက ပရိဒေဝ ဒေါမနဿ ဆိုတဲ့ အဲဒါ မနောက တောက်လောင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာငါးပါးကို သူ့ခန္ဓာနဲ့ ရင်းမရှာတော့ ရုပ်နာမ် နှစ်ပါးရဲ့အကြောင်း မသိဘူး။ နာမ်လည်းစွဲ၊ ရုပ်လည်းစွဲ။ အဲဒီ ဝိဉာဉ်လည်တာပေါ့ဗျာ။

ခန္ဓာငါးပါးရဲ့အကြောင်းကိုသိရင် ရုပ်နာမ်နှစ်ပါးကိုမြင်ပြီး အဝိဇ္ဇာက ဝိဇ္ဇာဉာဏ်ဖြစ်ပြီ။ ဂမ္ဘီရ ဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏာဥဒပါဒိ။ အဲဒီဉာဏ်ရရင် ခင်ဗျား ဥပါဒါန် ပြတ်ပြီ။ ဥပါဒါန် မစွဲဘူး။ အစွဲရှိလို့ ဥပါဒါန်ဖြစ်တာ။ အစွဲမရှိရင် ဥပါဒါန်မဖြစ်ဘူး။ အစွဲမရှိရင် အေးတာပဲ။ အစွဲရှိရင် ပူတာပဲ။ အစွဲကို ဘာနဲ့သတ်မလဲ။ မဂ်ဉာဏ်နဲ့ သတ်မှရမယ်။ သီလ၊ သမာဓိ၊ ပညာ ဆိုတာက ကိုယ်မလုပ်ရင် သီလဖြစ်တယ်။ ပညတ်တွေ၊ မကောင်းတာတွေ ပယ်တယ်။ ဒါတွေမလုပ်ဘူး။ ဝိနည်း ၂၂၇ သွယ် မလုပ်ဘူး။ ပယ်လို့ရတယ်။ ဥပါဒါန်ကျတော့ ပယ်လို့ရလား။

ဒီအစွဲကို ပယ်လို့ရလား။ ဒီအစွဲဟာ မဂ်ဉာဏ်ရမှ ပယ်လို့ရမှာ၊ အေးမှာ။ မနောအေးတာ။ ဒီမဂ်ဉာဏ်က ဘယ်ကရလဲ။ မဂ္ဂင်ရှစ်ပါးက ရတယ်။ အဲဒါ ဥပါဒါန်ခေါ်တယ်။ အကြောင်းအမျိုးမျိုးကို လှမ်းပြီးတော့ ပူတယ်။ ဟိုကပြောတာနဲ့ ဒီကပူတယ်။ မြန်မာလို အဲဒါ ဒေါသပေါ့ဗျာ။ မြန်မာလိုဆို အဲဒါ သွားစွဲပူတာပေါ့။ ပူတယ်ဆိုတာ မီးပေါ့။ ဆဲဆဲတိုင်းတိုင်း အိမ်ကြီးပဲဖျက်ဖျက်၊ ကားတွေပဲ မီးလောင်၊ တိုက်တွေပဲ မီးလောင် အဲဒါကို မစွဲရင် အေးပြီ၊ သွားစွဲရင် ပူတယ်။ မဂ်ဉာဏ်ရရင် အေးမယ်။ ဒီမဂ်ဉာဏ်က တရားခမ္မပဲ။

သီလနဲ့လည်း ပူတာပဲ။ သမာဓိနဲ့လည်း ပူတာပဲ။ အကြောင်းတိုက်ဆိုင်လာရင် ကိလေသာက ငုပ်နေတယ်။ ကိလေသာနဲ့ တဏှာနဲ့ ပေါင်းလိုက်တဲ့အခါ အဲဒါပေါ့ ခင်ဗျားတို့ သီလကတော့ ရနေ ပါပြီ။ ဦးပဉ္စင်း ခင်ဗျားတို့ကို သစ္စာလေးနဲ့ ပြောတာ။ သီလမဂ္ဂင်လေးက ရနေပါပြီ။ အစွဲပြတ်ဖို့ အခု ကျင့်နေတာ။ ဒီအစွဲပြတ်ရင် အေးမယ်၊ အစွဲမပြတ်ရင် မအေးဘူး။ ငါ အစွဲပြတ်ချင်တယ်ဆိုရင် ကိုယ်နေတတ်ဖို့ လိုပါတယ်။ ထိုင်တတ်ဖို့လိုတယ်။ ခန္ဓာငါးပါးရဲ့အကြောင်း သိရမယ်။ ခန္ဓာငါးပါးရဲ့

အကြောင်း ဘာတွေလဲ။ ငါလို့ယူထားတာ အကြောင်းတစ်ကြောင်း၊ စွဲတာက အကြောင်းတစ်ကြောင်း၊ သာယာတာ အကြောင်းတစ်ကြောင်း၊ စွဲတာက အကြောင်းတစ်ကြောင်း။ အဲဒီအချက်တွေကို ကိုယ်က ဂနကျေပြီး ကိလေသာနဲ့ တဏှာခန်းခြောက်မယ်။ ကိလေသာနဲ့ တဏှာဆိုတာ ဖအေနဲ့ မအေ မွေးတဲ့ အဲဒီဟာကြီးပါပဲဗျာ။ ဒါကြောင့် မြမောင် ဖြစ်လာတာပေါ့ဗျာ။ အဲဒါ ကိလေသာနဲ့ တဏှာပဲ။ အဲဒီ မြမောင် မှာ ကိလေသာ၊ တဏှာပါလာတယ်။ အတိတ်ကပါလာတဲ့ ကံ ကိလေသာနဲ့ တဏှာလုပ်ပေးလိုက်တာ။ အဲဒါတွေကို ကိုယ်က သိရမယ်။ အတိတ်ရဲ့ကံ၊ ပစ္စုပ္ပန်ရဲ့ကံက ဘာလဲ။ အာရုံငါးပါးပေါ်မှာ ကံကမလိုက်ရင် အေးတာပဲ။ လိုက်ရင် ပူတာပဲ။ ဉာဏ်ရမှ အဲဒါပြတ်တာ။ သီလနဲ့လည်း သတ်လို့ မရဘူး။

အရှင်ဘုရား လူတစ်ယောက်ဟာ လောဘ၊ ဒေါသ၊ မောဟရှိရင် ထိုသူသည် သီလ ရနိုင်ပါ့မလားဘုရား။ ကာယကံရှင်ပေါ် မူတည်ပါတယ်။ သီလပျက်တယ်။ ဟော-လောဘ၊ ဒေါသ၊ မောဟ အကြောင်းပြောလိုက်တယ်။ အဲဒီဘုန်းကြီးက ဘယ်ကလဲတဲ့။ ဝါးကျောင်းက အေးသွားပြီ။ အဲဒါ အစွဲပြုတ်လို့ အေးတာပေါ့။ အဲဒီအစွဲကို ဉာဏ်ရမှ ခင်ဗျားတို့ ပြတ်မှာ။ အဲဒါ ဥပါဒါန်ခေါ်တယ်။ အစွဲခေါ်တယ်။

ဝေဒနာမှာ မခံသာ မှန်ပါဘိ ဒီတရား။ ဘာမှ မလှုပ်နဲ့၊ လက်တွေ ဘာတွေ မလှုပ်နဲ့။ ခန္ဓာငါးပါးကို ဘုရားလှူထားတာ။ ခန္ဓာငါးပါးကိုမြင်မှ ဒီဝေဒနာ ခင်ဗျားအမှန်သိမှာ။ ခန္ဓာငါးပါးကို လှုပ်ရှားလိုက်ရင် ဝေဒနာမြုပ်သွားလိမ့်မယ်။ ငြိမ်ငြိမ်လေးနေ။ ဒီဝေဒနာပေါ်မှာ ခင်ဗျားတို့ ဉာဏ်ရမှာ။ သီလကတော့ ဖြစ်နေပြီ။ ဝေဒနာကို ခင်ဗျားရဲ့ ဉာဏ်ဦးစီးမှ ကံကိုသိမယ်။ သတိလေးထား၊ သဘောလေးရှု၊ သဘောလေး-သဘောလေး။

ရုပ်၏ သဘော၊ နာမ်၏ သဘော၊ သဘောလေးရှု။ သဘောလေး၊ သဘောလေး။ ဝေဒနာမှာလည်း သဘောလေးပဲ။ သူ့သဘောလေးကိုသာလိုက်။ သူ ဘာလုပ်တတ်လဲ။ သူ ဘာဖောက်ပြန်သလဲ။ ငါက လုပ်နိုင်းတာလား၊ သူဖြစ်တာလား။ သူသဘော သူဖြစ်နေပါလား။ ဓာတ်ဖြစ်နေပါလား။ ဒါကိုကြည့်။ သူဖောက်ပြန်နေတယ်။ ထိုင်ရင်းနဲ့ တင်ပါးတစ်မျိုးဖြစ်လာတတ်တယ်။ ခါးတွေလည်း တစ်မျိုးဖြစ်လာတယ်။ အသိလေးသာလိုက်။ သဘောလေးရဲ့ အသိလေးသာလိုက်။ လိုက်တတ်ဖို့ လိုတယ်။ ငြိမ်ပြီးတော့ အာရုံစိုက်ပြီးတော့လိုက်။ အင်မတန်နုတယ်။ ကိုယ့်မှာက ကိလေသာရှိတယ်။ တဏှာတွေရှိတယ်။ အသိလေးလိုက်။ ဝေဒနာပေါ်ရင် ဝေဒနာပေါ်မှာ အသိလေးကပ်ထား။ သဘောလေးရှု။ နာမ်ရဲ့အကြောင်း၊ ရုပ်ရဲ့အကျိုး၊ အကျိုးတရားနဲ့ အကြောင်းတရား။ ခန္ဓာကပေါ်လာမယ်။

ခန္ဓာဟာ အကျိုးတရားခေါ်တယ်။ အကျိုးတရားပေါ်မှာ ပေါ်လာတဲ့ အကြောင်းတရားကိုသတ်ပစ်။ ဒီအကြောင်းတရားကို သတ်ရမှာ။ အကျိုးပေါ်မှ အကြောင်းပေါ်တယ်။ အဲဒီအကြောင်းကို သတ်ဖို့လိုတယ်။ ဉာဏ်နဲ့သတ်။ သဘောလေးလို့ဆိုတယ်။

ခင်ဗျားတို့ မျက်စိမြင်တယ်၊ နားကြားတယ်၊ နှာခေါင်းနံတယ်၊ လျှာ စားတယ်။ အဲဒါ အပြင်အကြောင်းတွေ၊ အတွင်းကြောင်းပြတ်မှ အပြင်ကြောင်းရပ်မယ်။ အတွင်းကြောင်းမပြတ်ရင် အပြင်ကြောင်း မရပ်ဘူး။ အတွင်းအကြောင်းသတ်။ သဘောလေးဆိုတာ ဖောက်ပြန်နေတာကို သဘောလေးလို့ခေါ်တယ်။ သဘာဝသဘောတရားတွေ ဖောက်ပြန်နေတာ။ ဝေဒနာတွေ ဖောက်ပြန်နေတာကို သဘောလို့ခေါ်တယ်။ သဘောလေးကို မြင်အောင်ကြည့်။ နိဝရဏတွေပေါ်လာမယ်။

လောကီအာရုံတွေ၊ တွေးစိတ်တွေ ပေါ်လာရင် ပြင်းပြင်းရှုပေးလိုက်။ ဒီအာရုံတွေပေါ်တိုင်း ခင်ဗျားလက်ခံမယ်ဆိုရင် ခင်ဗျားဟာ နှစ်နာရီလည်း ထိုင်လို့ရတယ်၊ သုံးနာရီလည်း ထိုင်လို့ရတယ်။ အဲဒီထိုင်နည်းက တစ်မျိုး။ ဘာပဲပြောပြော လောကီအာရုံတွေ သူလက်ခံတာ အာရုံတွေ သူ့အကုန်တွေးတော့တာပဲ။ အဲလိုထိုင်နည်းကတစ်မျိုး၊ ပေါ်လာရင် ပြင်းပြင်းရှုလိုက်။ (သဘောလေး၊ သဘောလေး)။ သူ့သဘော ဘာလုပ်တတ်တယ်ဆိုတာ ကိုယ်သိရမယ်။ သဘာဝသဘောတရားတွေပါလား။ သူဖောက်ပြန်နေပါလား။ ခံစားတဲ့ နာမ်ကရော မြဲသလား။ ဖောက်ပြန်တဲ့ ရုပ်ကရော မြဲသလား။ အဲဒါ အနတ္တကို သူတွေ့လိမ့်မယ်။ အဲဒါ လိုက်တတ်ဖို့လိုတယ်။ အမလေး-နာလိုက်တာဆို၊ ဝေဒနာနိုင်ကြောမော၊ တဏှာဖြစ်ပြီ။ နာတယ်ဆိုတာ သညာက မှတ်တာ။ သညာ အမှတ်မထားနဲ့။ ပညာဘက်ကူးသွား။ အတ္တအစွဲမထားနဲ့။ အနတ္တဘက်ကူးသွား။ အနတ္တဘက်ကို နှလုံးသွင်းသွား။ သဒ္ဒါရကို ဧကောဓမ္မော တစ်ခုတည်းသော အာရုံလုပ်ထား။ လျှော့မထားနဲ့။ ကိုယ်နေတတ်ဖို့ အင်မတန်အရေးကြီးပါတယ်။ ခန္ဓာမှာသိတဲ့ အသိတွေကို အပြင်မှာ အာရုံနောက်မလိုက်ဘဲနဲ့ ခန္ဓာအသိကို အသိကပ်ထား။ သတိထား။ အပြင်အာရုံနောက်မလိုက်နဲ့။ ညှော်သည်တွေလာလို့ လက်ခံရင် အိမ်ရှင်မှာ ရှုပ်သွားလိမ့်မယ်။ ညှော်သည်ကို လက်မခံနဲ့။ အတွင်းမှာ အနတ္တလေးနဲ့ သွင်းထား။ ဘုရားက ကံကို စေတနာ ကောက်ထားတယ်။ စေတနာကို ကံလို့ခေါ်တယ်။

တရားထိုင်နေတဲ့ပုဂ္ဂိုလ်တွေ ဒါ အနတ္တတရား၊ နိဗ္ဗာန်သွားမယ့်တရားခေါ်တယ်။ ခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။ အတ္တတရားမဟုတ်ဘူး။ အတ္တတွေပြုတ်နေတာ။ ဒုက္ခသစ္စာကို ဉာဏ်နဲ့ရှာ၊ ကံနဲ့ မရှာနဲ့။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စင်္ကြံဥဒပါဒီ၊ အာသဝေါဥဒပါဒီ၊ ဉာဏဥဒပါဒီ။ အဲဒါ ဘုရားရေးထားတယ်။ ဉာဏက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလခေါ်တယ်။ သမ္မာဝါယမ၊

သမ္မာသတိ၊ သမ္မာသမာဓိ။ အဲဒါ သမာဓိမဂ္ဂင်ခေါ်တယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ အဲဒါ ပညာမဂ္ဂင်၊ ဉာဏ်မဂ္ဂင်ခေါ်တယ်။ ကံမဟုတ်ဘူး။ ဒါ ခင်ဗျားတို့တွေ အစ်မတန်ထုံးတာ။ အနတ္တတရားကို နှလုံးသွင်းနေတာ။ အတ္တဒုစရိုက်ကို ပယ်တာ။ ကံတွေကို ပယ်ထားတာ။ သင်္ကန်းကပ်တာတို့၊ ရေကပ်တာတို့၊ ဆွမ်းကပ်တာတို့။ အဲဒါ ကံတရားခေါ်တယ်။ အနတ္တနဲ့ သိရမယ်။ အတ္တမဟုတ်ဘူး။

ယုံကြည်တာ သဒ္ဓါခေါ်တယ်။ သဒ္ဓါက စေတနာဖြစ်လာတယ်။ စေတနာဆိုတာ ဒီအယူဝါဒတွေ အမှန်ကိုလုပ်တယ်။ ခန္ဓာမှာ ဉာဏ်စိုက်တယ်။ ဒါ အတ္တတရားမဟုတ်ဘူး။ အနတ္တတရားခေါ်တယ်။ ဒါ နိဗ္ဗာန်သွားမယ့်တရားခေါ်တယ်။ ဒါ ဒုက္ခသစ္စာကို ရှာနေတာ။ ဒုက္ခသစ္စာ ဘယ်မှာရှိလဲ။ ခန္ဓာမှာရှိတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ သဘောလေးပဲ။ ရုပ်၏ သဘော နာမ်၏ သဘော။ သဘောလေးပဲပြောတာ။

အဲဒီရုပ်က မီးနဲ့မြိုက်ရင် ပူတယ်။ ရေနဲ့ထိရင် အေးတယ်။ သိရင် ပယ်မယ်။ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်သွားမယ်။ အဲဒီမှာ လက်တစ်ဖျောက်၊ ကြိုးတစ်လိုမ့်ဆွဲရှိတယ်။ ခင်ဗျားတို့ နှလုံးသွင်းတတ်ဖို့လိုတယ်။ ကြိုးစားပေး။ ဝီရိယမှာ ဖွဲ့သတ္တိတင်ထား။ သေရင် သေပစေ၊ ခန္ဓာငါးပါးကို ဥပေက္ခာပြုလိုက်။ ခန္ဓာငါးပါးကို ဥပေက္ခာပြုမှ ရုပ်နာမ်နှစ်ပါးကို သိမယ်။ ခန္ဓာငါးပါးကို မသိတာ မောဟခေါ်တယ်။ ရုပ်နာမ်နှစ်ပါး မသိတာ အဝိဇ္ဇာခေါ်တယ်။

မောဟက ခန္ဓာငါးပါး မသိဘူး။ အဲဒီ မောဟကြောင့် လောဘ၊ ဒေါသဖြစ်တာ။ အမြင်ပေါ်မှာ ဖြစ်မယ်။ အနံ့ပေါ်မှာ ဖြစ်တယ်။ အကြားပေါ်မှာ ဖြစ်တယ်။ အဲဒီ မောဟကို သတ်တာ။ အဲဒါ အနတ္တတရားခေါ်တယ်။

ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကြတာ။ အသံလေးပေါ်မှာ ကြားလိုက်တယ်ဆို စိုးရိမ်ကြောင့်ကြတယ်။ ဥပါဒါန်ခေါ်တယ်။ ဒီဥပါဒါန်ကို ဉာဏ်နဲ့သတ်မှ ရတယ်။ ခင်ဗျားပေါ်မှာမုတည်တယ်။ ခင်ဗျားတို့ ထသွားတယ်။ ကံတွေဖြစ်ကုန်ပြီ။ အာရုံနောက်လိုက်သွားတယ်။ ဘယ်ကံလဲ။ မနောကံ။ အာရုံနောက်ဆိုတာ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ၊ အာရုံငါးပါးနောက် အဲဒီမနောလေးကပါသွားပြီ။ အဲဒါ အနုသယ။ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မာနုပဿနာ။ ခင်ဗျားတို့ ဒါတွေကို စာနဲ့သာသိတာ။ ခန္ဓာက မသိဘူး။ နုပဿနာဆိုတာ အာရုံကိုခေါ်တာ။ သိပ်နေတယ်။ အခုဖောက်ပြန်တဲ့ရုပ်။ အဲဒီရုပ်ကြီးက ဖောက်ပြန်နေတယ်။ ခင်ဗျားတို့ထိုင်တဲ့ ခန္ဓာငါးပါး တင်ပလ္လင်ခွေထားတာကြီးကို မဖျက်နဲ့။ ဝေဒနာပေါ်မှ သိမှုက သူကခံစားမယ်။ အဲဒီအသိလေးပဲ။ ငါ့ရဲ့အတိတ်အနန္တရကံကြောင့် ဒီရုပ်ကြီးရရင် ငါဝဋ်ဖြစ်နေပါလား။ ကမ္မဝဋ်လို့ခေါ်တယ်။ အခု ခင်ဗျားတို့ ကမ္မဝဋ်။ အဲဒီဝဋ်ကိုသိရင် ဘဝဝဋ်လွတ်သွားမယ်။ ကြိုးစားပေး။ ဒါ အနတ္တတရားခေါ်တယ်။

ဒုစရိုက်ဆယ်ပါး လုံနေပြီ။ ဗျာပါဒကို သတ်နေပြီ။ မိစ္ဆာဒိဋ္ဌိကိုလည်း သတ်နေပြီ။ အဘိဇ္ဈာကိုလည်း သတ်နေပြီ။ ဝန်တိုမိစ္ဆာကိုလည်း သတ်နေပြီ။ စိုးရိမ်ကြောင့်ကြတဲ့ စိတ်တွေကိုလည်း သတ်နေပြီ။ အဲဒီ ဒိဋ္ဌိကိုလည်း သတနိနေပြီ။ ဒိဋ္ဌိဆိုတာ ငါခေါ်တယ်။ ငါ့အိမ်၊ ငါ့တိုက်။ အခု ခင်ဗျားတို့ တရားထိုင်နေပြီ။ ဒီအာရုံတွေမရှိတော့ဘူး။ အနတ္တကို နှလုံးသွင်းထားပြီ။ ထိတာက ရုပ်၊ သိတာက နာမ်။ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ ဘာသိလဲ။ အာရုံလေးဟာ ဒလစဉ် ဒလစပ်ဆင်းလိုက်၊ တက်လိုက်လုပ်တဲ့ လေလေးဟာ နှာသီးနှာဖျားဝမှာ ထိတော့ ထိတာကရုပ်၊ သိတာကနာမ်။ အဲဒါ ရုပ်နာမ်ခေါ်တယ်။ ကြိုးစားပေး။ တရားထိုင်တာဟာ အဓိသီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့်သီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့် သမာဓိခေါ်တယ်။ နိဗ္ဗာန်သွားမယ့် ပညာခေါ်တယ်။

ဒါကြောင့်မို့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ ဒါ ဝိပဿနာရဲ့ သီလခေါ်တယ်။ အပါယ်ပိတ်ရုံမကဘူး ခင်ဗျားတို့တက်တာ သောတာပန် အသိကနေပြီးတော့ သဒ္ဒါဂါမိ အသိတက်တယ်။ သဒ္ဒါဂါမိအသိကနေ အနာဂါမိအသိကို တက်နေတာ။ အနာဂါမိအသိကျတော့ အိုးပစ်၊ အိမ်ပစ်၊ ဘာမှ မလိုချင်တော့ဘူး။ သိသွားပြီလေ။ အမြင်အာရုံတွေ ဘာမှ မစွဲတော့ဘူး။ ကိုယ့်ရုပ်နာမ်နှစ်ပါးကို သိသွားပြီ၊ အပြင်အာရုံ နောက်ဘာမှမစွဲ။ အဲဒါ အိုးပစ်အိမ်ပစ်လို့ပြောတာ။ ကိုယ့်ဘာသာကိုယ်ကျင့်မှ ကိုယ်ဘာသာကိုယ်သိမှာ၊ သူများသွားမမေးနဲ့။ ကိုယ့်စိတ်ကိုယ်စစ်။ ဘာနဲ့စစ်ရမလဲ။ ဝိပဿနာနဲ့စစ်။ အနတ္တနဲ့စစ်။ အတ္တကြီးနဲ့ သွားမစစ်နဲ့။ စစ်တက်ဖို့လိုတယ်။ ကိုယ့်စိတ်ကိုယ်စစ်။ အတ္တဆိုတာအစွဲ။ အစွဲကို အနတ္တနဲ့ပြန်စစ်။ ငါယူတဲ့အယူတွေ မှားနေပါလား။ ငါစွဲတာတွေ မှားနေပါလား။ အဲဒါအနတ္တ။ အနတ္တဆိုတာ သဘာဝသဘောတရား။ ဘာမှမြဲတာမဟုတ်ဘူး။ ရုပ်နာမ်တွေ မြဲတာမဟုတ်ဘူး။ အဲဒီရုပ်နာမ်ကိုသိချင်လို့ သတ်နေတာ။ တဏှာကို ဉာဏ်နဲ့သတ်မှ ပြတ်တာ။ ဒုက္ခသစ္စာကိုသိလို့ ကိလေသာရဲ့အကြောင်းကိုသိတာ။ ကြိုးစား။ ဦးဥက္ကဋ္ဌ်က ဘာမှတတ်တဲ့ ဦးပဥ္စင်း မဟုတ်ဘူး။ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်မကြီးတို့၊ ကိုယ့်အကိုကြီးတို့ ဦးဥက္ကဋ္ဌ် က ပြန်ရမှာ။ အားလုံးပြန်ရမှာပဲ။ ဘုရားလည်း ပြန်သွားပြီ။ ပုဂ္ဂိုလ်တွေလည်း ပြန်ကုန်ကြပြီ။ ကောင်းရာသုဂတိကို ဝိညာဉ်လေးရောက်ဖို့ ဝိညာဉ်လေးက ရုပ်နာမ်နှစ်ခုကို မလွတ်ရင် လည်တာပဲ။ စိတ်သာချ။ သိပ်ကြောက်ဖို့ကောင်းတယ်။ အပ်ဖျားပေါ်မှာ မုန်ညင်းစေ့ တင်ထားသလိုပဲ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဘဝ။ ဒါ ကံကိုပောသွားတာ။ အဝိဇ္ဇာဆိုတာ ကံကိုပောတာ။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဒါ ကံတွေပောသွားတာ။ ကံတရားခေါ်တယ်။ အဲဒါ ကံတရားကိုဖြတ်တာ။ အနတ္တနဲ့ဖြတ်ရမယ်။

လောကဓံကို သည်းခံနိုင်တယ်ဆိုတာ ဉာဏ်ရလို့ သည်းခံတာ။ ဉာဏ်မရရင် သည်းမခံနိုင်ဘူး။ ကိုယ်ကြိုးစားရင် ကိုယ်ရမှာပဲ။ ဝီရိယမှာ သတ္တိတင်ထား။ သေရင် သေပစေ၊ ဒီလိုဘဝမျိုး နောက်ငါပြန်လာရဦးမယ် မမျှော်လင့်နဲ့။ ခင်ဗျားတို့တွေးကြည့်။ ပြန်လာရင်တော့ သာသနာနဲ့လည်း ကြုံဦးမှ။ သုညကမ္ဘာဖြစ်နေရင် ခက်ပြီ။ တွေ့တုန်း၊ ကြုံတုန်းမှာ ယူထား။ ခင်ဗျားတို့ကို အဖေလို၊ အမေလို၊ အစ်ကိုလို ဦးပဥ္ဇင်း ကနေပြီးတော့ ငါလိုသိပါစေ၊ ငါလိုမြင်ပါစေ၊ ငါလိုဖြစ်ပါစေဆိုတဲ့ သဘောလေးနဲ့ ပြောတာ။ သတိလေးထား။ ဝေဒနာရဲ့အဆုံးကိုလိုက်။ ဖျက်မပစ်နဲ့။ ရုပ်ပေါ်နာမ်ပေါ်မှာ အကုန်ရှိတယ်။ သီလရှိတယ်။ သမာဓိရှိတယ်။ ပညာရှိတယ်။ ဉာဏ်ရှိတယ်။ မကောင်းတဲ့ အဝိဇ္ဇာလည်းရှိတယ်။ အာရုံခြောက်ပါးပေါ်မှာ ဖုံးလွှမ်းနေတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တပဲ။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ခန္ဓာပေါ်မှာရှိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ဘယ်သူသတ်မလဲ။ အဝိဇ္ဇာကို သတ်မယ်။ အဝိဇ္ဇာဆိုတာ အာရုံခြောက်ပါး။ မြင်တာ မမြဲပါလား။ မမြဲတာ အနတ္တတရား။ သဘာဝသဘောတရားပါလား။ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု။ ဥတုတွေလည်း ပြောင်းလဲတယ်။ ရုပ်ကလည်း ဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ သဘောလေး၊ သဘောလေး။ သူ့သဘောလေးသာကြည့်။ သဘောလေးကို မြင်အောင်ကြည့်။ ဉာဏ်လေးနဲ့ကြည့်။

ဒါကြီးဟာ အသုဘကြီး၊ ပုပ်ရမယ့် အသုဘကြီး၊ ပွရမယ့် အသုဘကြီး။ ပိုးမွှားရှစ်ဆယ် စားခဲ့တဲ့ အသုဘကြီး၊ အထင်ဉာဏ်၊ အမြင်ဉာဏ်ကို နှလုံးသွင်းထား။ မျက်စိလေးမှိတ်ထား။ ခင်ဗျားလာပေါ်လိမ့်မယ်။ သမာဓိအားကောင်းလာရင် လာပေါ်တယ်။ ပုပ်ရမယ့်အသုဘကြီးပါလား၊ ပွရမယ့် အသုဘကြီးပါလား။ ပါးစပ်ထဲကလည်း သွေးပုပ်၊ ပြည်ပုပ်တွေကျတယ်။ မျက်စိထဲကလည်းကျ။ ဟာ-အကုန်ကျတယ်။ ဒွါရကိုးပေါက်က သွေးပုပ်တွေအကုန်ကျတယ်။ ခင်ဗျားလက်ကြီး ဖြတ်ပြီးတော့ ညီမလေးရယ် နင်တို့အိမ်မှာ ငါ့လက်ပြတ်ကြီးခဏထားပါရစေဆိုရင် လက်ပြတ်ကြီးဆိုတော့ လွှင့်တောင်ပစ်လိုက်ဦးမယ်။ လက်ပြတ်ကြီး လက်မခံဘူး။ ခုံဖိနပ်သွားထား ရတယ်။ အတိတ် နိမိတ်မရှိဘူးတဲ့။ လက်ပြတ်ကြီး ယူသွား၊ ယူသွား။ လက်မခံဘူး။

ဒါကြောင့်မို့ ဒီရုပ်တရားဟာ တန်ဖိုးမရှိဘူးလို့ပြောတာနော်။ ရုပ်ကို ရှုရမယ့်တရား၊ ရုပ်ရှုမှ နာမ်သိလာလိမ့်မယ်။ အဲဒါ ဒုက္ခသစ္စာပဲ။ ရုပ်ကို မြင်အောင်ရှု၊ ခန္ဓာငါးပါးဆိုတာ ရုပ်ပေါ်မှာ မှီတည်နေတဲ့ နာမ်ခန္ဓာလေးပါ။ အမှတ်ရှိတယ်။ မှတ်တာ သညာ၊ ငါလို့ယူထားတာက အတ္တ။ မှတ်တာ သညာ၊ သာယာတာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်။ အဲဒီလေးချက် ကိုယ့်ကိုကွဲပေးတာပဲ။ သညာနေရာမှာ အမှတ်ကို ပညာလုပ်လိုက်။ အတ္တနေရာမှာ အနတ္တလုပ်လိုက်။ အစွဲတရားမှာ ဉာဏ်လုပ်လိုက်။

အဲဒါလေးတွေ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ ရှုပေး၊ ပြင်းပြင်းရှုပေး။ ခင်ဗျားတို့ လောကီကြောင်းတွေ၊ လောကီအာရုံတွေပေါ်တာ ဘာလို့ပေါ်လဲ။ စွဲလို့ပေါ်တာ။ အဲဒါ မနောကံ။ ကံသီလဖြစ်တယ်။ လောကီ အာရုံတွေ ဘာမှမပေါ်ရဘူး။ မနောမှာ ဘာမှမပေါ်ရဘူး။ ပေါ်ရင် ခင်ဗျား ဖြစ်ပျက်ကိုနှလုံးသွင်းလိုက်။ ဖြစ်ပျက် ဘယ်နေရာမှာရှိတာလဲ။ နှာသီးဖျားမှာရှိတယ်။ ဖြစ်ပျက်ကို နှလုံးသွင်းလိုက်။ ဖြစ်ပျက်ကို နှလုံးသွင်းလို့ မနောလေးက လောကီအကြောင်း ဘာမှမရှိဘူးဆို အဲဒါ အဓိစိတ္တ ခေါ်တယ်။ စိတ်ကလေးက နှာသီးဖျားဝမှာ ရောက်နေတယ်။ အဲဒါ သမာဓိလို့လည်း ခေါ်လိမ့်မယ်။

ဒုစရိုက်ဆယ်ပါး အနတ္တဖြစ်နေပြီ။ သဘောလေးကို ဉာဏ်လေးနဲ့ကြည့်၊ ဝေဒနာပေါ်လာတဲ့ အခါမှာ ဘယ်ဆွေမျိုးမှလည်း မကယ်နိုင်ဘူး။ အဖေလည်း မကယ်နိုင်ဘူး။ အမေလည်း မကယ်နိုင် ဘူး။ ကိုယ့်ဟာကိုယ် ခံစားနေရတယ်။ မခံသာ မှန်ပါတိ သည်တရားဆိုတာ ခံနေရတယ်။ ဘယ်သူမှ မကယ်နိုင်တော့ဘူး။ အဲဒါလေးကိုပဲ သည်းခံပြီးတော့ အဲဒီအသိလေးနဲ့ ကပ်ထား။ ဝေဒနာဟာ ဖောက်ပြန်ပါလား၊ မာတ်တွေပါလား၊ သဘာဝတရားပါလား၊ သဘောပါလားလို့ နှလုံးသွင်း။ အမလေး နာလိုက်တာဆို ပိုနာသထက်နာမယ်။ ဖောက်ပြန်ပါလား။ ရုပ်တရားက ဖောက်ပြန်ပါလား။ မာတ် သဘောတွေပါလားဆို ဖြည်းဖြည်းတက်သွားမယ်။ အောင်မလေး နာလိုက်တာ၊ အောင်မလေး နာလိုက်တာဆို နာတာကို ပိုနာသထက် နာမယ်။

ဒုက္ခသစ္စာကြီး၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ သုညက နိဗ္ဗာန်ဆိုက်သွားရင်တော့ ထူးပြီပေါ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ခန္ဓာမှာရှိတယ်။ မြင်အောင်ကြည့်၊ အနိစ္စဆိုတာ ဘာလဲ။ မမြဲပါလား။ ဒုက္ခဆိုတာ ဒီခန္ဓာကြီးရတဲ့ ဒုက္ခဟာ သည်းညှုနေရပါတယ်။ နာမ်လေးက ညည်းညှုနေ ပြီ။ အဲဒီရုပ်နဲ့ပတ်သက်လို့ နာမ်က ညည်းညှုရတယ်။ ဒုက္ခသစ္စာကြီးပါလား။ အနတ္တရောက်တော့မှ သဘာဝသဘောတရားကိုမြင်တော့မှ ဖားလေးဟာ ဘာနဲ့သဏ္ဍာန်တူသလဲ။ ဖားလေးဟာ နေကလည်း အလွန်ပူတယ်။ အောက်က သဲကန္တာရက သဲကလည်းပူတယ်။ ဖားက ခံနေရတယ်။ ဟစ်ဟစ်နဲ့ အပူဒဏ်ခံနေရတယ်။ တစ်နေ့သောအခါမှာ ရေအိုင်ကလေးတစ်အိုင်တွေ့တော့ ဖားက ရေအိုင်လေးထဲပြေးဆင်းတာပဲ။ တစ်နေ့ အဲဒီရေအိုင်လေးတွေ့လိမ့်မယ်။ ခင်ဗျားတို့ရဲ့ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်ကို ပြတ်အောင်လုပ်။ ဖားလေးလို ရေအိုင်တွေ့လိမ့်မယ်။ ဒုက္ခတွေ၊ ဒုက္ခတွေ ခံလာရတာ။ ပြေးလွှားပြီး ခံရတာ။ ရှေ့မှာ ပန်းတိုင်ရှိတယ်။ ကယ်မယ့်သူရှိတယ်။ အဲဒီကယ်မယ့်သူဆီ ရောက်အောင် သာသွား။ ဒုက္ခဝေဒနာကို ဖျက်မပစ်နဲ့။ ဖျက်ပစ်ရင်တော့ ခင်ဗျားသွားပြီ။ အဲဒါ ခင်ဗျား ချောက်ထဲ ရောက်တာပဲ။ ဝေဒနာကို ကပ်လိုက်သွား။ သဘောလေးနဲ့ရှု။ သဘာဝတရားပါလား။ ဩော်-အနတ္တ

ပါလား၊ မမြဲပါလား၊ ဒုက္ခပါလား၊ အဲဒါလေးနဲ့ အသိလေးကပ်သွား၊ အရှုံးမပေးနဲ့၊ ဝေဒနာကို ကပ်လိုက်သွား၊ အသုဘပေါ်ရင် အသုဘနဲ့ရှု၊ အဲဒါ ပဋ္ဌာန်းများတုံးကြီး၊ အထင်ဉာဏ်က အမြင်ဉာဏ်ကို ကြည့်၊ ဝေဒနာမပေါ်ဘူး၊ သူအသုဘပေါ်တယ်၊ အသုဘကမ္မဋ္ဌာန်းနဲ့ လမ်းဆုံးပန်းတိုင်လိုက်၊ အဆုံးဘာဝနာပွား၊ အနတ္တနဲ့ ပွားသွား၊ တရားထိုင်ပေး၊ ကြိုးစားပေး၊ ကြိုးတစ်လိမ် လက်တစ်ဖျောက်လို့ခေါ်တယ်၊ ဟိုဘက်နဲ့ သည်ဘက် ပြောင်းလိုက်တာ၊ အတ္တကနေ အနတ္တပြောင်းလိုက်တာ၊ ပြောင်းတတ်ဖို့လည်း လိုတယ်၊ အသိလိုတယ်၊ သဘောလေးပဲ၊ ခန္ဓာသိခေါ်တယ်၊ ကြိုးတစ်လိမ့်လက်တစ်ဖျောက်လို့လည်းခေါ်တယ်၊ အဲဒါ အနတ္တဘက်ကို ကူးသွားလိမ့်မယ်။

ခင်ဗျား သဘောပေါက်လိမ့်မယ်၊ သဘောလေး၊ သဘောလေး၊ သူ့သဘော ဘာလုပ်တတ်တယ်ဆိုတာ နှလုံးသွင်းထား၊ ရုပ်ရဲ့ သဘာဝတရားက ဖောက်ပြန်လိမ့်မယ်၊ နာမ်ရဲ့ သဘာဝတရားက ခံစားလိမ့်မယ်၊ ခင်ဗျား ရေနဲ့ထိရင် အေးတယ်လို့သိမယ်၊ မီးနဲ့ထိရင် ပူတယ်လို့ သိမယ်၊ အဲဒါဓာတ်ပဲ၊ အဲဒီဓာတ်တွေ ခန္ဓာထဲမှာရှိတယ်၊ သဘောလေး မြင်အောင်ကြည့်၊ အသိလေးကပ်ထား၊ ရုပ်တရားက ဘာတွေလုပ်တတ်လဲ၊ နာမ်တရားက ဘာတွေခံစားတတ်လဲ၊ သဘောလေးပဲ၊ ရုပ်လည်း မမြဲဘူး၊ နာမ်လည်း မမြဲဘူး။

ဒီနေရာမှာ နှလုံးသွင်းတတ်ဖို့လိုတယ်၊ သဘောလေးရှု၊ ခံစားတဲ့ နာမ်လည်း မမြဲဘူး၊ ဖောက်ပြန်တဲ့ ရုပ်လည်း မမြဲဘူး၊ အနတ္တပဲ၊ သဘောလေးကြည့်၊ သားကလည်း မကယ်ဘူး၊ သမီးကလည်း မကယ်ဘူး၊ မိဘဆွေမျိုး ညီအစ်ကိုမောင်နှမတွေကလည်း မကယ်ဘူး၊ အဲဒါ ကမ္မဝဋ်ခေါ်တယ်၊ အတိတ်က ဟို-ဘဝ အနန္တရက သမ္မာကံနဲ့လာလို့ လူဖြစ်တာ၊ အဲဒီရုပ်ကြီးက ကိုယ့်ကို ဒုက္ခပေးနေတာ၊ မဖြတ်နိုင်ဘူး၊ ရုပ်ကို ဖြတ်ပစ်လိုက်၊ ရုပ်ကို မစုံမက်နဲ့၊ မချစ်မနှစ်သက်တဲ့ရုပ်နဲ့ နေရခြင်းသည် ဆင်းရဲခြင်းဒုက္ခပဲ၊ ကြိုးစားပေး၊ ဝေဒနာမှာ သတိကပ်ထား၊ တဏှာမရောစေနဲ့၊ ငါ မရောစေနဲ့၊ တောင့်မထားနဲ့၊ တင်းမထားနဲ့၊ အံကြိတ်မထားနဲ့၊ ငါသွားမရောစေနဲ့၊ မျှောပြီးလိုက်သွား၊ ဝေဒနာပေါ်လာရင် တောင့်ထားတာ၊ တင်းထားတာ၊ ချုပ်ထားတာ မလုပ်နဲ့၊ စက္ကူနာရဟာန်းကြီး ဝေဒနာမှာ ငါမရောစေနဲ့၊ တင်းမထားနဲ့၊ တောင့်မထားနဲ့၊ မျှောပြီး သဘောလေးလိုက်သွား၊ ကြိုးစားပေး၊ ဝီရိယ ဖွဲ့သတ္တိနဲ့တင်ထား၊ ဝီရိယ တစ်ခါတည်းတင်ထား၊ ဝီရိယ ဘာနဲ့တင်မလဲ၊ သဒ္ဓါနဲ့ တင်ထား၊ သဒ္ဓါဆိုတာ ယုံကြည်တာ၊ ယုံကြည်လို့ ဝီရိယတွေ၊ ဖွဲ့သတ္တိတွေ တင်ထား၊ သေသေကြေကြေ အရိုးကြေကြေ၊ အရေခန်းပစေ စိတ်နဲ့ကြိုးစားပါ၊ သဒ္ဓါဆိုတာ ယုံကြည်တာ၊ ဘုရားကို ယုံကြည်တယ်၊ တရားကို ယုံကြည်တယ်၊ သံဃာကို ယုံကြည်တယ်၊ သဒ္ဓါကနေပြီးတော့ ဝီရိယဖွဲ့သတ္တိ တင်ထား၊ အဲဒီတော့မှ ဒုက္ခသစ္စာကို သိလိမ့်မယ်။

ဘုရားက ဟောထားတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ ဉာဏ်စိုက်ပါ။ ဉာဏ်နဲ့ကြည့်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိမယ်။ အခု ခင်ဗျားတို့ အာရုံငါးပါးမှာ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ ဇိဝှာတံခါး၊ ကိုယ်တံခါး ပိတ်လိုက်ပြီး မနောဖွင့်ထားတာ။ အဲဒီမနောကို သတ်မယ်။ အဲဒါ အနတ္တတရားခေါ်တယ်။ အနိစ္စကို မြင်အောင်ကြည့်။ ဒုက္ခကို မုန်းအောင်ရှု။ အနတ္တကို ဆုံးအောင်သိ။ အနိစ္စဆိုတာ ဘာလဲ။ ဒုက္ခဆိုတာ ဘာလဲ။ အနတ္တဆိုတာ ဘာလဲ။ ခန္ဓာမှာရှိတယ်။ ဒါ အဝိဇ္ဇာကို သတ်တဲ့ လက်နက်ခေါ်တယ်။ အဲဒီလက်နက်နဲ့သတ်မှ ဝိဇ္ဇာဉာဏ်ရမှာ။ အဲဒီလက်နက် သုံးလက်ကို ကိုယ်က ကိုင်ထားရင် ဝိဇ္ဇာဉာဏ်ရပြီ။ အဲဒီလက်နက်သုံးလက်မှ ကိုင်မထားရင် အဝိဇ္ဇာဖြစ်နေမယ်။ ကြိုးစား၊ မလျှော့နဲ့။ ဝီရိယထုထောင်။ ခင်ဗျားတို့ ထိုင်ထားတဲ့ ဣရိယာပုထ်ကိုလည်း မဖျက်နဲ့။ ဖျက်မပစ်နဲ့။ ဣရိယာပုထ်ကို မဖျက်ပါနဲ့။ ဒါမှ ဒုက္ခသစ္စာကိုသိလိမ့်မယ်။ ခန္ဓာမှာရှိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာရှိတယ်။ ခန္ဓာမှာရှိတာကို မြင်အောင်ကြည့်။ အသိလေးကပ်ထား၊ အသိလေးကပ်ထား။ ဝေဒနာပေါ်မှာ အသိလေးကပ်ထား။ သဘောလေးပါလား။ သူ့သဘောလေးပါလား။ ဩော်-အနတ္တပါလား။ ဩော်-သူ့သဘော သူဖြစ်နေပါလား။ ငါမဟုတ်တော့ဘူး။ ငါ အတ္တပြုတ်သွားလိမ့်မယ်။ သဘောလေးလိုက်။ တဏှာကို ဦးစားမပေးနဲ့။ အဲဒီရုပ်ပေါ်မှာ တဏှာတွေရှိတယ်။ တဏှာကို ဦးစားမပေးနဲ့။ အဲဒီ တဏှာကိုသတ်။ တဏှာဆိုတာ ရုပ်နဲ့ ဖောက်ပြန်တာကို မခံနိုင်တော့ နာမ်လေးက ဒီရုပ်ကို ရွှေ့ပြောင်းပေးတယ်။ နာမ်က သက်သာတယ်။ အဲဒါ တဏှာဖြစ်သွားပြီ။ တွေ့လား။ အင်မတန် ကြောက်မက်ဖွယ်ကောင်းတဲ့ တဏှာ။

ဒါကြောင့်မို့ ကိလေသာနဲ့ တဏှာလို့ ဆိုထားတယ်။ ဒီတဏှာကိုသတ်နေတာ။ အဲဒီတဏှာ ဘယ်ကလာလဲ။ ကိလေသာပေါ်က လာတယ်။ တဏှာက အဝိဇ္ဇာကို အားပေးတယ်။ အာရုံခြောက်ပါးကို အားပေးတယ်။ သံသရာရှည်အောင်လုပ်တာ သူပဲ။ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာမှာ တဏှာပါနေတယ်။ ဒီတဏှာကိုမြင်အောင် ဉာဏ်နဲ့ကြည့်။ ကံနဲ့ ကြည့်လိုက်တော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ဖြစ်မယ်။ ရုပ်က ဖောက်ပြန်တယ်၊ သိမှုနာမ်တရားလေးက ဝေဒနာကို ခံစားနေရပါလား။ ရုပ်နဲ့ နာမ်သာရှိပါလား။ ငါ မဟုတ်ပါလား။ သူ့သဘာဝ သူ့သဘောဖောက်ပြန်နေပါလား။ အနတ္တပါလား။ သူ့သဘာဝ သူ့သဘော ဖောက်ပြန်နေပါလား။ အနတ္တပါလား။ မမြဲပါလားဆိုတာ

သီလာအောင် ကြိုးစားထိုင်။ ဣရိယာပုထ် မပြင်နဲ့။ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သစ္စာဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တွေနဲ့ ဗိုလ်တင်ပြီးကြိုးစားထိုင်။ မဂ္ဂင်ရှစ်ပါး သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင် သုံးပါး။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး။ မဂ္ဂင်ရှစ်ပါး အကျင့်တရား လက်ကိုင်ထား။ ဗိုလ်ငါးပါးနဲ့ ကြိုးစားရှုမှတ်ကြ။ လမ်းဆုံးတော့ ရွာတွေ့မယ်။ မဂ်ဉာဏ်ရမှာ ပေါ့ဗျာ။ ဒီလောက်ဆို ပြီးရောပေါ့။

( သာဓု .... သာဓု .... သာဓု .... )

ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

၇-၁၂-၁၉၉၅ ရက်နေ့၊ ပုသိမ်မြို့၊ သဘော်ကျင်းကျေးရွာ

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မစာစဉ် (၁၂)


ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-794506595

09-251620128, 09-447572355

## ၇–၁၂–၁၉၉၅ ရက်နေ့ ပုသိမ်မြို့ သဘောကျောင်းကျေးရွာ ဝိသုဒ္ဓိဆရာတော် ဟောကြားခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဖင်းက စာပေကျမ်းဂန်မတတ်ပါဘူး။ မတတ်တော့ ပါဠိ အနက်အဓိပ္ပါယ် ဘယ်မှာရှာရမလဲ၊ ခန္ဓာမှာရှာပေါ့။ အခုလာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ ဦးဖင်းက စာပေကျမ်းဂန်မတတ်ပါဘူး။ အသိပေါ့ဗျာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဗျာနော်။ ထေရ်ကြီးဝါကြီး သံဃာတော်အရှင်သူမြတ်တွေ ကိုရင်လေးတွေကအစ တပည့်တော် စာပေကျမ်းဂန်မတတ်လို့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါလို့ တပည့်တော်က ကာယ၊ ဝစီ၊ မနော၊ ပညတ်ကို ဝစီနဲ့ မလုပ်တတ်တော့ သည်းခံပါလို့ တောင်းပန်ပါတယ်လို့။ ဒကာ၊ ဒကာမများကိုလည်း တောင်းပန်ပါတယ်လို့။ ခန္ဓာသိပေါ့ဗျာ။ ခန္ဓာသိဆိုတာ ဘဝင်စိတ်တွေခေါ်တယ်၊ အဲဒီစိတ်တွေကို တင်ပြတာပါ။ ဦးဖင်းက ဒီနေရာမှာ သစ္စာနဲ့ဟောတာ။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ မာရိယာတသစ္စာ။ ဒါ ဘုရားဟောအရ ဘယ်လိုသစ္စာထားသွားလဲဆိုတာ ဦးပဏ္ဍိတ ပြောတာမယုံနဲ့။ ကိုယ့်ဟာကိုယ် လေ့လာသုံးသပ်ပါ။ အလုပ်လည်းလုပ်ကြည့်ပါ။ လုပ်မှသိမယ်။ လုပ်တော့မှ ဩော် ဟုတ်ပါလား။ မဟုတ်ဘူးလားဆိုတာ ကိုယ့်ဟာကိုယ် သိရမယ်။ ဒါအလုပ်တရားခေါ်တယ်။ ခန္ဓာကသိတာ၊ အဲဒါလေးကို ဥပမာလေးနဲ့ပြောပြပါမယ်။ ဦးဖင်းက စာမှမတတ်တော့ တစ်နေ့လည်းဒါပဲ။ တစ်နေ့လည်း ဒါပဲ။ သဘောလေးတွေပြောပြပါမယ်ဗျာ။ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တတဲ့။ စာကရေးထားတယ်။ (၃၁)ဘုံလွတ်တဲ့ ကံပြတ်တဲ့တရားရှိတယ်။ (၃၁)ဘုံမလွတ်တဲ့ ကံတရားရှိတယ်။ ဒါသဘောလေးပဲ။ ပြတ်တယ်ဆိုတဲ့ ကံကဘာလဲ။ အာရုံနောက် မနောမလိုက်ရင် မြင်တာမတ္တ၊ ကြားတာမတ္တ၊ နံတာမတ္တ၊ စားတာမတ္တ၊ ထိတာမတ္တ၊ သစ္စာနဲ့ ခင်ဗျားတို့ကိုဟောလိုက်ပြီ။ ကံပြတ်တဲ့ ရဟန္တာခေါ်တယ်။ ပစ္စုပ္ပန်တည့်တည့်လေးပဲ။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း၊ မနောဓမ္မာရုံက ပေါင်းတာ။ သဘောလေးပဲထား အဲဒါကို သစ္စာလို့ခေါ်တယ်။ မှန်မှန်ကန်ကန် တိတိကျကျ ပြတ်ပြတ်သားသား ဟောသွားတာ သစ္စာဖြစ်တယ်။ သမုတိသစ္စာနဲ့ ဝိရတိသစ္စာမတူဘူး။ ဝိရတိသစ္စာနဲ့ သဘာဝသစ္စာမတူဘူး။ သဘာဝသစ္စာနဲ့ ပရမတ္ထသစ္စာမတူဘူး။ ပရမတ္ထ်ဆို ဓါတ်၊ ပရမတ်ခေါ်တယ်။ သေသေချာချာလေးနော်။ ဓါတ်ပရမတ္ထကနေ ဓမ္မကူးသွားလိမ့်မယ်။ သူ့ဟာသူကျင့်လို့သိတဲ့ အသိတွေ။ သင်္ခါရရပ်တာနဲ့ သင်္ခါရဖြစ်နေတာရှိတယ်။ သမုပ္ပါဒ် လည်တယ်၊ မလည်တယ်၊ ခန္ဓာမှာရှုပါ။ စာပေကျမ်းဂန်မတတ်ပါဘူး။ အမှန်သစ္စာတွေနဲ့ဟောတာ။ ဒါကြောင့် ဥပမာလေးဆိုရင် သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့။ ဘုရားဟောအရ၊ ဒါ ကံကိုဟောတာ။ ဦးဖင်းတို့ ဒကာဒကာမတွေ ဖြစ်နေတာက ကာမသဝ၊ ဘဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဝိဇ္ဇာနဲ့ ကျင်လည်ကျက်စားပြီး သညာသင်္ခါရ ဖြစ်နေတယ်။ သညာဆိုတာ အမှတ်တရားခေါ်တယ်။ ဟောဒါရေပုံး၊ ဟောဒါကြိုး၊ အဲဒီနှစ်ခုကို ခွဲခြားတာ အမှတ်လို့ခေါ်တယ်။ အဲဒီအမှတ်ကို သွားသာယာတာက တဏှာခေါ်တယ်။ အဲဒါ(၃၁)ဘုံလည်တဲ့စိတ်ကလေးခေါ်တယ်။ ဘဝင်စိတ်ကလေး အာရုံနဲ့ပေါင်းလိုက်တာ သာယာလိုက်တာ။ ဥပမာ သဘောလေးပေါ့ဗျာ။ လူကြီးမင်းများလို့ ဦးဖင်းပြောတာ။ ရဟန်းကြီးတစ်ပါးဟာ ဆွမ်းခံထွက်တော့ သစ်ပင်ကြီးတစ်ပင်မှာ ပန်းတွေချထားတယ်။ မွှေးကြိုင်နေတာပဲ။ သူကရှုလိုက်တာ။ နတ်ကြီးက ဒီရဟန်းခိုးတယ်တဲ့။ မခိုးပါဘူးတဲ့။ ခိုးတယ်တဲ့။ သဘောလေးပဲနော်။ ဒါဆိုရင် သဘောပေါက်တာပေါ့။ ဆံပင်တစ်ချောင်းကို စိတ်လိုက်။ (၃၆)စိတ်ဖြစ်အောင်စိတ်ပေးပါတဲ့၊ ခေါင်းကဆံပင်တစ်ချောင်း

ကို ဆွဲနုတ်လိုက်ပါတဲ့။ ရပြီလားတဲ့။ (၃၆)စိတ်။ အဲဒီ(၃၆)စိတ်က တစ်စိတ်ပြစမ်းဆိုတော့ ပြတယ်။ အဲဒီတစ်စိတ်ကို (၃၆)စိတ် ပြန်စိတ်လိုက်ပါဖုံးတဲ့။ ဟော စိတ်လိုက်တော့ ဘာမှမရှိတော့ဘူး။ မရှိတဲ့ဟာကို သွားသိတာ။ သဘောလေးပဲနာ။ စာတော့မတတ်ဘူး။ ဒီရေပုလင်းတွေ၊ လက်ဖက်ခြောက်တွေ၊ လောကီကြောင်းတွေ၊ လောကုတ္တရာမှန်ရင် လောကီတွေ။ ကျွဲကူးရေပါတယ်။ အစကရေထမ်းတဲ့ မြမောင်။ ဖဲဝိုင်းမှာ ဖဲထောင်စားတဲ့ လူတစ်ယောက်။ ဒီလိုမဖြစ်ဘူး။ ဒီလိုဖြစ်ရင် တိုက်တွေဘာတွေဆောက်မှာပေါ့။ မကောင်းတဲ့ဟာလုပ်တာကိုး။ မကောင်းတာလုပ်ရင် မကောင်းတာ အကျိုးပေးတယ်။ ကောင်းတာလုပ်ရင် ကောင်းတာအကျိုးပေးတယ်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ဒီဘဝမှာ ဒုက္ခရယ်၊ အနိစ္စရယ်၊ အနတ္တရယ် လက္ခဏာကြီး(၃)ပါး၊ ရုပ်ကိုကြည့်ခြင်းအားဖြင့် သံဝေဂ သိပ်ကျဖို့ကောင်းတယ်။ ကိုယ့်ခေါင်းတွေက ဆံပင်တွေက ဖြူနေပြီ။ မြောင်းမြမှာ ဘိုးဘွားရိပ်သာမမြင်ဖူးပါဘူး။ တကယ်လည်းမဝင်ဖူးဘူး။ ကြည့်လိုက်တယ်။ ဦးဇင်းက သိတာပေါ့။ အကုန်သိတယ်။ မပြောဘူး။ ငါ့အလုပ်မဟုတ်ဘူး။ လောကီအတ္တနယ်နဲ့ အနတ္တနယ်ကို ကျင့်ထားတဲ့ပသူက သိတယ်တဲ့။ ဩော် (အေး)၄။ အဲဒါမှန်လို့ နတ်သိကြား သိုက်က သူတို့လုပ်ပေးတာ။ ဦးပဏ္ဍိတ လူ့ဘဝအရက်သောက်တုန်းက နတ်၊ သိကြား၊ ဗြဟ္မာ၊ ဘုမ္မိယတွေလုပ်ပေးလား။ အခုတောင်ပေါ်က ပြန်လာတယ်။ ပုသိမ်မြို့သူမြို့သားတွေ လိုက်လိုက်လှဲလှဲနဲ့ ခုနစ်ရက်သား၊ ခုနစ်ရက်သမီးများ သူ့ဘဝကရှိတဲ့သူ မရှိတဲ့သူ ဦးဇင်းဘာမှမပြောပါဘူး။ တရားကိုယ်မှာရှိတယ်။ ကိုယ်မှာရှိတဲ့အသိစိတ်ကို ခန္ဓာကမွေ့နဲ့ပေါင်းတော့ ခမ္မ ခန္ဓာ ရှစ်သောင်းလေးထောင်၊ အဘိဓမ္မာစိတ်ပိုင်းတွေဟောသွားတာ။ သဘောလေးသာနာ။ ဘယ်သူ့ကိုမှ မပြောဘူး။ ဘုရားလေးဆူပွင့်တယ်။ စာထဲမှာရေးတာပဲ။ ဒါခင်ဗျားသဘောလေးသာနာ။ လေးဆူပွင့်တာ တစ်ဆူနဲ့တစ်ဆူ တူသလား။ ဉာဏ်တော်ချင်းမတူဘူး။ ဘုရားတွေတော့ ဖြစ်ကုန်တာမှန်တယ်။ မြတ်စွာဘုရားကျတော့ ခင်ဗျားလည်း တွေးကြည့်ပေါ့။ အတုလည်းမရှိ၊ ဇာတ်တော်ပေါင်းတွေဘယ်လောက်က ဘယ်လောက်၊ ဘဝပေါင်း ဘယ်လောက် ပါရမီတွေဖြည့်လာတယ်။ ဒါခင်ဗျားတွေးကြည့်ပေါ့။ မီးခဲပြာဖုံးတွေရှိတယ်။ အထင်လည်းမကြီးနဲ့၊ အထင်လည်း မသေးနဲ့။ သူများမြှောက်တိုင်းလည်းမမြောက်နဲ့။ သူများခြောက်တိုင်းလည်းမကြောက်နဲ့။ အလယ်ကသွား။ ကိုယ်မှန်ရင် ကြောက်စရာမလိုဘူး။ ကိုမှားရင် ကိုရင်လေးကအစ ကြောက်တယ်။ ကိုယ့်ကိုယ်ကို အားကိုးတယ်။ နတ်ကို အားကိုးတာမဟုတ်ဘူး။ နတ်ကိုခေါ်ခိုင်းတာ။ သိုက်ကိုလည်း ခေါ်ပြီးခိုင်းတာ။ ပွဲတင်စရာမလိုဘူး။ ကံသမားမှ ပွဲတင်တာ။ ဒါ သဘောလေးသာနာ။ ဒီလောက်ထူးတဲ့ ဝိပဿနာမလုပ်ဘူး။ ရေလိုက်လွှဲနေကြတယ်။ ဦးပဏ္ဍိတ ဟာ အစက မကောင်း တဲ့လူတစ်ယောက်။ အင်မတန်မှမကောင်းတဲ့လူတစ်ယောက် ဒီလိုဖြစ်ပါလား။ မဖြစ်ဘူး။ ရေထမ်းစားရတယ်။ လူနှိပ် စားရတယ်။ စာလည်းတစ်လုံးမှ မတတ်ဘူး။ သားသမီးလေးယောက်။ မယားလည်းရှိတယ်။ အဲဒီလေးယောက် ကို မနက်/ည ပြည့်ပြည့်စုံစုံ မစားရဘူး။ ငံပြာရည်တောင် နေရှင်နယ်ကုန်းမှာသွားဝယ်ပြီး ကောက်ရိုးငံပြာရည်ကို စားရတယ်။ ရေတ်သီးတောင်စပ်စပ်မစားရဘူး။ ရေထမ်းမှ ပိုက်ဆံရတယ်။ ပိုက်ဆံရမှ ဆန်လေးဘာလေးဝယ်ပြီး ချက်စားရတယ်။ ဘယ်လောက် ကာမဝဋ်ကြောက်ဖို့ကောင်းလဲ။ ဘဝဝဋ်လည်း မလွတ်တော့ဘူး။ အာရုံခြောက်ပါး လည်း မလွတ်တော့ဘူး။ ကြိုးစားကြပါ။ နောင်တဟာ နောင်မှရတယ်။ ပြန်ကြမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်မှာပဲ။ ခင်ဗျားတို့ လည်း ပြန်မှာပဲ။ ရုပ်နာမ်မှာ ဒီဝိညာဉ်လေးဟာ ဝင်ကစွတ်တွေဖြစ်ကုန်လိမ့်မယ်။ ခင်ဗျားတို့ စိတ်သာချ။ ဒီဘဝ သူဌေးဘုရင်။ အေး ဟုတ်တယ်။ ခင်ဗျားတို့ထက်မက ရေကန်ပေါင်း၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် လှူတဲ့ ပုဂ္ဂိုလ် ကြီးတောင် စပါးကြီးမြွေသွားဖြစ်တယ်။ ကုဋေပေါင်းငါးသောင်း ခြောက်သောင်းထက်တဲ့၊ အင်မတန်မှ

သီလပြည့်စုံတဲ့ လူကြီးတောင် ပိနိနဂါးသွားဖြစ်တယ်။ အစွဲမှတ်ထား။ အဲဒါစွဲရင် မစွဲတဲ့နေရာရှိတယ်။ ရုပ်ကုဋေ ငါးထောင်၊ နာမ်ကုဋေ တစ်သိန်း ဖြစ်ပျက်မှ မသိရင် ကိလေသာကြွေးတင်တယ်။ စာကရေးထားတယ်။ အဲဒီကြွေးကို ဘာနဲ့ဆပ်မလဲ။ သီလ မဂ္ဂင်နဲ့ဆပ်သွား။ ဒါန မဂ္ဂင်နဲ့ ဆပ်သွား။ ဘာဝနာပွားသွား။ ကိုယ့်အလုပ်ကိုယ်လုပ်။ အခုဘဝမှာ သားတွေ၊ သမီးတွေ မှန်တယ်။ အိမ်သူအိမ်သားတွေမှန်တယ်။ အဲဒါတွေမှန်တယ်။ စေတနာချင်းမတူဘူး။ ဘုရားကဟောတာ စေတနာကို ဟောတာ။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်ပါနဲ့။ ဘယ်သူတရားပဲပျက်ပျက် မင်းအာရုံပေါ်မှာ မင်းစေတနာ မပျက် ပါနဲ့။ ဘာတွေလုပ်လုပ်၊ ဘာတွေပဲပြောပြော မင်းစေတနာမပျက်ပါနဲ့။ အဲဒါ ဝိသုဒ္ဓိသီလခေါ်တယ်။ မနောသီလခေါ်တယ်။ နိဗ္ဗာန်သွားတဲ့သီလခေါ်တယ်။ အဲဒါမှတ်ထား။ တစ်ဦးနဲ့တစ်ဦး သူများပစ္စည်းခိုးတယ်။ လိမ်တယ်ဆိုတာ စေတနာမရှိလို့ သွားခိုးတာပေါ့ဗျာ။ စေတနာရှိရင် ဘယ်ခိုးမလဲ။ ကိုယ့်စိတ်ကိုယ်စစ်။ အကြောင်းသတ်တရား မြင်လိုက်တဲ့အကြောင်း ကြားလိုက်တဲ့အကြောင်း၊ သူများအတင်းမပြောနဲ့။ သူများအကြောင်းပြောတော့ ကိုယ့်ကိုဒုက္ခတွေပေးရော။ စာထဲမှာ ရေးထားတယ်။ ရှင်သီဝလိလေးဟာ သူ့အမေဟာ ခုနှစ်နှစ်လောက် ဗိုက်ထဲမှာလွယ်တယ်။ သူကလည်း ခုနှစ်နှစ် လောက် ဗိုက်ထဲမှာအောင်းနေရတယ်။ ဟိုးဘဝတုန်းက သူကဘုရင်။ ဟိုလိုလုပ်ဖို့၊ ဒီလိုလုပ်ဖို့ အမေက သူ့သားကို အကြံပေးတယ်။ အမေ့စကားနားထောင်တယ်။ ဒီဘဝကျတော့ ဟောဒီလိုဖြစ်တာပဲ။ ဲသဘောလေးတွေ။ အင်မတန် ကြောက်ဖို့ကောင်းတယ်။ အင်္ဂုလိမာလ သူ့ရဲ့ပါမောက္ခဆရာက ပညာနဲ့နှိပ်စက်တယ်။ ဆရာ သူ့အတတ်ပညာဆိုတာ သညာခေါ်တယ်။ လောကီကြောင်း သညာခေါ်တယ်။ လောကုတ္တရာမှ ပညာခေါ်တယ်။ အဲဒါမှ အနှစ်ခေါ်တယ်။ သညာမှန်းလည်းမသိ၊ ပညာမှန်းလည်းမသိ။ လောကီပညာကို သညာလို့တပ်ပေးလိုက်ပြီ။ ဆရာက သူ့မိန်းမ ရေချိုးခန်းမှာ လဲသွားတာ တပည့်ကပွေ့တင်တယ်။ ဘာဖြစ်တယ်။ ညာဖြစ်တယ်။ ဆရာက သူများပြောတာယုံတယ်။ ယုံတော့ တပည့်ကို ကိုယ်ကိုယ်တိုင်မသတ်ချင်တော့ ပညာနဲ့နှိပ်စက်တယ်။ မင်းငါ့ကို လက်ညှိုးပေါင်းတစ်ထောင် ဖြတ်ပေး။ ဟိုမင်းညီမင်းသားတွေတော့ဆင်းသွားပြီ။ မင်းကို အဲဒီအတတ်ပညာထက် ပိုသင်ပေးမယ်။ မင်းငါခိုင်းတာ လုပ်မလား။ လုပ်မယ်တဲ့။ မင်းသစ္စာပြုပေတော့တဲ့။ ပြုပြီတဲ့၊ နောက်ဆုံးကျတော့ မအေ့လက်ညှိုး သူဖြတ်တော့မယ်။ ပဉ္စနန္တရိယကံတိုက်တော့မယ်။ အဲဒီတော့မှ ဘုရားကကယ်တာ။ ဦးပဏ္ဍိတက အသိလေးပြောတာ၊ ဘုရားမဟုတ်ဘူး။ ရဟန္တာမဟုတ်ဘူး။ အနာဂါမ်၊ သဒ္ဒါဂါမ်၊ သောတပန်မဖြစ်ဘူး။ သူ့အသိဟောတယ်။ ဦးပဏ္ဍိတ ပြောတာမယုံနဲ့အုံး။ စေတနာထားပါ။ ဘယ်သူပဲပျက်ပျက်ပါတဲ့။ လျှုပါလို့လည်းမပြောပါဘူး။ မင်းအဲဒီစေတနာလေးထားရင် အပါယ်လေး တံခါးပိတ်တယ်ကွ။ မှတ်ထားကွ။ ဆုမတောင်းနဲ့၊ မင်းစိတ်ကို မင်းထိန်းထားတဲ့၊ နိုင်အောင်ထိန်းထားလိုက်ပါ။ အာရုံနဲ့ မနော မိစ္ဆာကို မလုပ်ပါနဲ့တဲ့။ မိစ္ဆာဒိဋ္ဌိတဲ့၊ အပြင်အာရုံကို မိစ္ဆာခေါ်တယ်။ နောက်က ဒိဋ္ဌိပတယ်။ အာရုံမှာ မနောက တွေးတာ အယူမှားတယ်။ အဲဒီအာရုံကို ယူလိုက်တာမှားနေပြီ၊ ဒါလုပ်ချင် ဒါရမှာပဲ။ ဒါလုပ်ချင် ဒါဖြစ်မှာပဲ။ မကောင်းတဲ့ ဟာတွေကို သူယူထားတယ်။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ စွဲပြီ၊ ကံပေါ့ဗျာ။ မကောင်းတဲ့အယူကို ပယ် ဒိဋ္ဌိအရင်သတ်၊ ဝိပဿနာနဲ့ သတ်မှရမယ်။ ဒိဋ္ဌိသတ် တဏှာပြတ်မယ်၊ သူလုပ်ချင် တဏှာပြတ်ပြီ၊ မနောသတ်မှ အာရုံငါးပါးနဲ့ မပေါင်းဘူး။ စေတသိတ်ကို လောကီကြောင်းတွေ တွေးနေလား။ မယားတွေလား။ သားတွေလား။ ရွှေကိုလည်း မျှော်သလား။ အဲဒီအယူမှား၊ အစွဲမှားကိုသတ်နေတာ အာရုံငါးပါး။ အာရုံတွေကလည်း ကာယကံ၊ ဝစီကံ၊ မနောကံ။ သူများအသက် မသတ်ဘူး။ သူများပစ္စည်းမခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ သေရည်သေရက်

မသောက်ဘူး။ မဟုတ်မမှန်တာလည်း မပြောဘူး။ နစ္စ ဂီတ၊ ဝါဒိတ၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်းလည်း မလုပ်ဘူး။ ကာယကံ၊ ဝစီကံလည်း မနောသတ်တာနဲ့ ကျွဲကူးရေပါတယ်။ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်မှာ ဝိပဿနာလုပ်နေပြီ။ ထိတယ်။ သိတယ်။ ဒါပဲလုပ်တယ်။ အဲဒီတော့ တဏှာရပ်နေပြီ။ ပြတ်တယ်လို့ မပြောဘူး။ အာရုံသတ်ထားတာကို ဘဝင်ရဲ့အာရုံအသိလေးကို နှာခေါင်းနှစ်ပေါက် အာရုံမှာလာပြောင်းထားလိုက်ပြီ။ တစ်ခါတည်း သူ့မှာ ဘာဖြစ်လဲ။ ဒုစရိုက်(၁၀)ပါးလုံး၊ အာရုံငါးပါးလုံး။ ဘယ်လောက်ကောင်းတဲ့ သီလလဲလို့။ တဏှာလည်းပြတ်နေပြီ။ ဒိဋ္ဌိလည်းသတ်နေပြီ။ ခင်ဗျားတို့စိတ် ခင်ဗျားတို့စစ်တဲ့။ စာကရေးထားတယ်။ ရုပ်၊ စိတ်၊ စေတသိတ်တဲ့။ အဲဒါကို ဥပေက္ခာရင် နိဗ္ဗာန်ပဲ။ မလုပ်တတ်လို့ နီးနီးလေးရယ်။ ဒိဋ္ဌိနဲ့တဏှာသတ်ပြီးပြီ။ အာရုံငါးပါးနဲ့ မပေါင်းဘူး။ လူသံ၊ သူသံလည်း မကြားတော့ဘူး။ သူ "ရှု"နေပြီ။ တွေးသေးလား။ တွေးလို့ သမာဓိကို ထူထောင်လိုက်တာ။ သမာဓိ ထူထောင်လိုက်လို့ သီလက အလိုလိုဖြစ်နေတာ။ ခင်ဗျားတို့တွေးကြည့်စမ်း။ ထမင်းပွဲကို ဘုရားကချထားတာ အဆင့်သင့်ပဲဗျို့။ အဆင်သင့်ကိုမစားဘူး။ ဘာတွေသွားတာလဲမသိဘူး။ ဦးဇင်းလည်း အစကတော့ မသိဘူး။ အဲဒီမဂ္ဂင်ရှစ်ပါးက နိဗ္ဗာန်ကို တိုက်ရိုက်ပို့ပေးတာ။ သမာဓိလုပ်တော့ သီလက ဖြစ်နေပြီ။ သမာဓိက တည်ကြည်လာရင် ဒိဋ္ဌိနဲ့တဏှာစင်းစင်းကို သေနေတာပဲ။ ဘယ်သူနဲ့မှလည်း မပေါင်းဘူး။ ရေလည်းမသောက်ဘူး။ စကားလည်းမပြောဘူး။ အာရုံငါးပါးနဲ့လည်း မပေါင်းတော့ဘူး။ မနောလည်း သတ်ပြီ။ ဒိဋ္ဌိ တဏှာသတ်တယ်။ ဝိပဿနာရဲ့ မဂ်လမ်း ဖိုလ်လမ်းသွားတဲ့ဟာတွေပဲ။ အမလေးကိုက်လိုက်တာကွာ။ ပျင်းလိုက်တာကွာဆိုပြီး တရားထိုင်ရာကနေထွက်လာတယ်။ ရေထဲကို မှော်ပင်ရှိတယ်ဆိုပြီး ပစ်ချလိုက်တာ။ ခဲလုံးကြီးပစ်ချ ဗွမ်းခနဲဆို ရေကြည်တွေ့တယ်။ တော်ကြာ မှော်ကပြန်အုပ်သွားတယ်။ ကိုယ်လုပ်မယ်လုပ်ရင် ရေထဲကသဲ ရအောင်ငုတ်။ ဘယ်သူနဲ့မှမပေါင်းနဲ့။ တရားဟာကိုယ်မှာရှိရမယ်။ ကိုယ်ကိုယ်တိုင်ခံစားရမယ်။ ဝိသုဒ္ဓိသီလနဲ့ လှူတဲ့ဒါနသည် အမြတ်ဆုံးပဲ။ ဒါနအမြတ်ဆုံးပဲ။ ဝိသုဒ္ဓိသီလစင်ကြယ်နေပြီး အယုတ်၊ အလတ်၊ အမြတ်မရွေးတော့ဘူး။ ပုဂ္ဂလိကမှ သင်္ဃိကဖြစ်သွားပြီ။ ချဉ်ဖတ်အိုးကြီးထဲကိုထည့်တော့ တစ်ရက်နှစ်ရက်ဆို ချဉ်တာပဲဗျို့။ သီလစစ်၊ သီလမှန်ဖြစ်သွားပြီ။ ဒါနစစ် ဒါနမှန်ဖြစ်သွားပြီ။ တကယ့်ဝိပဿနာစစ်တဲ့ ဘုန်းကြီးကိုလှူထားတာ။ (၃၁)ဘုံလွတ်တဲ့ရဟန်းကိုလှူထားတာ။ သူ့စေတနာကလည်း စစ်နေပြီ။ ဟိုကလည်း ဓမ္မဖြစ်နေပြီ။ ကျွဲကူးရင် ရေပါတာပဲဗျို့။ သီလပြည့်စုံရင် ဘယ်သွားမလဲ၊ နတ်ပြည်သွားတာပဲဗျို့။ နတ်ပြည်မှာ နတ်ရဲ့ သက်တမ်းကုန်ရင် အထက်သွားမှာ၊ အောက်ဆင်းမှာမဟုတ်ဘူး။ အဲဒါ ကြိုပြင်လာရိုက်ပေးတာ။ ပေါ့ပေါ့ဆဆမလုပ်နဲ့။ ဘုရင်လည်းသေမှာပဲ။ ဘုန်းကြီးလည်းသွားမှာပဲ။ သူဌေးလည်းသွားမှာပဲ။ အကုန်သေကုန်မှာပဲ။ ကံကုန်ရင်သေရမှာပဲ။ လုပ်ကြည့်အုံး၊ လုပ်မှသိမယ်။ ဒိဋ္ဌိ တဏှာနောက် ငါလိုက်သေးလား။ အာရုံငါးပါးလည်းပြတ်ပြီ။ မနောအာရုံနဲ့ မပေါင်းလို့ ဒိဋ္ဌိလည်း မရှိပါလား။ အာရုံနဲ့ပေါင်းလို့ တွေးစိတ်တွေလည်း မရှိပါလား။ အဲဒီတော့ ကိုယ့်ဘာသာ သဘောပေါက်လာမယ်။ သီလဟာ အုတ်ပန္နက်ရိုက်ပါလား။ ခုနက သိလိုတာက ဉာဏ်နဲ့သိလိုက်တာ။ ဒိဋ္ဌိ၊ တဏှာရှိရင် ကံသိ၊ ကံသိကနေ ဉာဏ်သိသိသွားတာ။ အဲဒီတော့ ယုံကြည်လာတဲ့ သဒ္ဓါဖိုလ်တွေထွက်လာမှာ။ သဒ္ဓါဖိုလ်တွေ သီလဖိုလ်တွေ၊ ပညာဖိုလ်တွေ၊ ဦးပဏ္ဍိတ စာမတတ်ဘူး။ တရားဟာ အရသာရှိတယ်။ မစားဘူးတဲ့သူဟာ ကြားတာပဲရှိတယ်။ အရသာကို မသိဘူး။ ဒါကြောင့် ကိုယ့်အဖေလို ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အစ်မကြီးလို သဘောထားပြီးပြောတာ။ ခင်ဗျားတို့က ဦးဇင်းကို ထမင်းကျွေးတာ။ မနက်အစောကြီး ချမ်းချမ်းစီးစီးနဲ့ မိုးမလင်းသေးတော့ စောင့်နေတယ်။ ဘုန်းကြီးကတော့ အိပ်နေတုန်းပဲ။ အဆင်သင့်စားရတယ်။ အင်မတန်ထူးတဲ့ ဒကာ၊ ဒကာမတွေ သက်ီန်းဝတ်ထားတဲ့

ဦးပဏ္ဍိတ မှန်ရင်မှန်၊ မမှန်ရင် ချောက်ထဲကျမှာပဲ။ ပဏ္ဍိတကိုပြောတာ။ ဘယ်သူ့မှမပြောဘူး။ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်။ ကြွေးမတင်တဲ့နေရာ မရှိဘူးလား။ ရှိတယ်။ အဲဒါပဲ။ အဲဒါနိဗ္ဗာန်ပဲ။ ဘယ်လောက်အေးလဲ။ ရေခဲတုံးကြီး ဗိုက်ထဲထည့်ထားတာတောင် အပူတွေကလာတာ။ တစ်ပုံတစ်ခေါင်းကြီးလာတာ။ သူကအေးနေပြီ။ သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားဆိုသလို ဒကာ ဒကာမတွေကနိုတာ။ သားအတွက်၊ သမီးအတွက်၊ ရောဂါအတွက် ပဋ္ဌာန်ဒေဝမီးတွေ အမျိုးမျိုးလာတယ်။ ဦးပဏ္ဍိတ ဆီလာတာ။ ပဏ္ဍိတ က အေးနေတာ။ လူတွေကမသိဘူး။ ဩော် (အေး)^၃ သူကလိုက်လုပ်ပေးနေတာ။ လာတဲ့ဒကာ ဒကာမတွေလည်း ကျေနပ်အောင်လုပ်ပေးတယ်။ ကိုယ့်အတွက်ဘာမှယူသွားတာမဟုတ်ဘူး။ပုသိမ်မြို့တော်ကရှိတဲ့ ဒကာကြီးတွေ ဘုရားအဖွဲ့ကဂေါပကလူကြီးတွေမေးကြည့်ဦး။ ဦးပဏ္ဍိတ က ဘယ်လိုပုဂ္ဂိုလ်လဲ။ မှန်ရင် ဦးပဏ္ဍိတ သွားမှာပဲ။ ခင်ဗျားတို့နားသာထောင်။ သဘောလေးနဲ့နာ။ မျိုးစေ့လာချပေးတာ။ မျိုးစေ့က အင်မတန်ထူးတဲ့မျိုးစေ့။ ခင်ဗျားတို့နောက်တော့ သိလာလိမ့်မယ်။ ပိတောက်ပန်းက လာပွင့်တာ။ အဲဒီပိတောက်ပန်းကို ကိုယ်စီကိုယ်ငှ ဆောင်ထားကြ။ တစ်နေ့သိလာလိမ့်မယ်။ မှားရင်လည်းသိလာလိမ့်မယ်။ မှန်ရင်လည်း သိလာလိမ့်မယ်။ လာပြီးနေ့တော့ ကြိုပြင်လာရိုက်ပေးတာ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံက ရှုံသရာလည်သလဲ။ မနောကံ၊ ဘဝင်၊ အာရုံပေါ့ဗျာ။ အဲဒီကံကလည်တာ။ ဘဝင်သိပေါ့ဗျာ။ အာရုံခြောက်ပါးကို လုံးဖုထွေးနေတာ။ အဝိဇ္ဇာပေါ့ဗျာ။ အဝိဇ္ဇာကိုသိသွားတာ ဝိဇ္ဇာခေါ်တယ်။ အဝိဇ္ဇာဖြစ်တာ ရုပ်နာမ်ကိုမသိလို့။ ရုပ်နာမ်မသိဘူး ခန္ဓာကိုမသိလို့။ ခန္ဓာငါးပါး ပေါက်ရောက်သွားရင် ရုပ်နာမ်ကိုသိပြီ။ ငါ့ကို ဒုက္ခပေးတာ ဒီတဏှာပဲ။ ဒိဋ္ဌိတဏှာဆိုတာ အယူမှား၊ အစွဲမှား၊ အဲဒါတဏှာမသေဘူး။ ပစ္စုပ္ပန်တည့်တည့်မှာ သူလက်ကလေးဝိုက်ပြီး ကျင့်ထားတာ။ သူကျင့်ထားတော့ သူ့နေရာသူသိတာပေါ့။ အဲ့ဒီအရသာနဲ့ပေါင်းတာ ဒကာ၊ ဒကာမများ ကျေးဇူးရှင်တွေ ငါသိသလိုသိပါစေ၊ ငါတတ်သလိုတတ်ပါစေ။ ငါအနာခံမယ်။ ခွေးပဲဖြစ်ဖြစ်၊ ကြောင်ပဲဖြစ်ဖြစ် သူတို့ရဲ့စေတနာတွေဟာ အင်မတန်ထူးပါလား။ သကီန်းစုတ်ကို ဝတ်ပြီးတော့ သူတို့ခိုင်းတာတွေ လျှောက်လုပ်တာ။ ဘယ်သူကခိုင်းခိုင်း လုပ်ပေးပါတယ်ဗျာ။ သူတို့တွေက ဝမ်းသာကြတယ်။ စေတနာပေါ့ဗျာ။ သူများတစ်ဖက်သားဝမ်းသာအောင် သူကလုပ်ပေးတာ။ သူ့အကြိုက်ကဘာလဲ။ ဘုရား၊ တရား၊ သံဃာကိုကြိုက်တဲ့အကြိုက်၊ ဘုရားကိုပူဇော်တယ်။ တရားကိုနာတယ်။ ဘုရားတရားကြည်ညိုတဲ့သူကိုလုပ်ပေးတာ။ ငါးမျှားတဲ့သူကို လုပ်ပေးတာမဟုတ်ဘူး။ ကွန်ပစ်တဲ့သူကို လုပ်ပေးတာမဟုတ်ဘူး။ လူမိုက်ကိုလုပ်ပေးတာမဟုတ်ဘူး။ ဘုရား၊ တရား၊ သံဃာကိုကြည်ညိုတဲ့သူကို လိုက်လုပ်ပေးတာ။ ရောဂါဘယတွေလည်းပျောက်တာ မပျောက်တာသူ့အကြောင်း။ ကိုယ်ကကုပေးတာက ကိုယ့်အကြောင်း။ အဲဒါကံအလုပ်တွေ။ လက်ဖက်ခြောက်လောက်ပေးတာနဲ့ ပျောက်သွားတယ်။ ဒါကြောင့် ဦးပဏ္ဍိတဟာ လူနာမည် မြမောင် မကောင်းပါဘူး။ မကောင်းတဲ့ ထေရုပ္ပတ္တိကိုလည်း ပြောပြပြီ။ ကောင်းတာလည်း ပြောပြပြီ။ အဲဒါကို သဘောပေါက်တော့ မစွဲတော့ဘူး။ မကောင်းတာကို မလုပ်တော့ဘူး။ ကောင်းတာကိုလုပ်တာ။ ပုထုစဉ်တွေက ကိုယ့်အပြစ်ကိုကိုမဖော်ဘူး။ ဖွဲလို့မဖော်တာပေါ့ဗျ။ မကောင်းတဲ့ ငါ့အပြစ်တွေအကုန်ဖော်ပြီကွ။ ကောင်းတာလည်း ဖော်တာပေါ့ဗျ။ အဲဒါ ဓမ္မတရားပေါ့ဗျ။ ချဉ်ဖက်အိုးကြီးပေါ့ဗျာ။ ဒီအိုးကြီးကိုရပြီ။ ကန့်စွန်းရွက်ကောက်ထည့်လဲ ချဉ်တာပဲ။ အယုတ်အလတ်အမြတ်မရွေး ကိုရင်လေးလည်းလှူ။ ခင်ဗျားရဲ့စေတနာ ဘယ်သူပဲပျက်ပျက် မင်းစေတနာမပျက်ပါနဲ့တဲ့။ တစ်ယောက်ယောက်က ပါးရိုက်လည်း မင်းစေတနာမပျက်နဲ့တဲ့။ အခုဘဝလည်းကောင်း၊ နောင်သံသရာအတွက်လည်းကောင်း၊ မင်းစေတနာပျက်ရင် သီလပျက်တယ်။ အပြင်ကတော့လှပါရဲ့၊ ကျီးအာသီးလို အပြင်မှာတော့

ရဲပြီးအတွင်းမှာတော့ မည်းနေတာပဲ။ ဟာ ဘယ်သူသိမလဲ ဟန်ဆောင်နေကြတယ်။ သဘောလေးသာနာ။ စောစောက သတိပဋ္ဌာန်တွေပြောသွားပြီ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာဘာလဲ။ ကံကြောင့်ဖြစ်နေတာ။ အာရုံနဲ့မနောနဲ့ ပေါင်းတော့ ကံဖြစ်နေပြီ။ သောမနဿကံ၊ ဒေါမနဿကံ၊ ကိုယ်ကလည်း ကာမသဝ၊ ဘဝါသဝ၊ မိစ္ဆာသဝ၊ ဝိဇ္ဇာသဝ၊ အဲဒါတွေက ကံလမ်းကြောင်းတွေပဲ။ ဒါတွေကိုမပယ်နိုင်ဘူး။ ပယ်နိုင်တဲ့တရားတွေကို နှလုံးသွင်းကြပါ။ ဘယ်သူ့ပဲ ပျက်ပျက် ကိုယ်စေတနာမပျက်နဲ့။ ဒါလေးတွေဟာ သိပ်အရေးကြီးပါတယ်။ အနတ္တလို့ဆိုထားတယ်။ အတ္တနယ်ထဲမှာ အနတ္တပွင့်နေတယ်ဆိုတာကို သဘောပေါက်ဖို့လိုတယ်။ ပညတ်နယ်ထဲမှာ ပရမတ်ပွင့်တာ ခင်ဗျားတို့ သဘောပေါက် လာလိမ့်မယ်။ ကြိုပြင်လရိုက်ထားတာ။ ခင်ဗျား ပုပ္ပ၊ မုန္တ၊ ပရ စေတနာတွေ အယုတ်၊ အလတ်၊ အမြတ်မရွေးပါနဲ့။ သန္တိကကိုလှူပါ။ သန္တိကကို ဘာကြောင့်လှူရလဲ။ စေတနာမှန်ဖို့လိုတယ်။ အာရုံနဲ့စေတနာတွေမမှန်လို့ မိစ္ဆာတွေဖြစ်ကုန်တာ။ ဘယ်ဘုန်းကြီးဖြစ်ဖြစ် အယုတ်၊ အလတ်၊ အမြတ်မရွေးနဲ့ လှူလိုက်ပါ။ ဘုရားက စေတနာဟောတာ။ စိတ်ဆိုတာ ဓါတ်ပိုင်းနဲ့ ပတ်သက်နေလို့ ဓါတ်တွေဖြစ်နေတာ။ အဲဒီဓါတ်ချုပ်တော့ အေးတာပေါ့ဗျ။ အဲဒါ အေးငြိမ်းခြင်း ဓါတ်ခေါ်တယ်။ ဗမာလိုပြောတာ၊ ပါဠိနဲ့ဆို နိဗ္ဗာန်ခေါ်တယ်။ နိဗ္ဗာန်ဆိုတာ ဇာတော့တတ်တာမဟုတ်ဘူး။ ရုပ်ရယ်၊ စေတသိတ်ရယ်၊ စိတ်ရယ်၊ စိတ်ကမြင်စိတ်၊ တွေးစိတ်၊ အဲဒီနှစ်ခု ဘယ်ကလာသလဲ။ ရုပ်၊ အဲဒီသုံးချက်မရှိရင် ငြိမ်းပြီ ပေါ့ဗျာ။ အဲဒါကျင့်ဖွယ်ကိစ္စလည်း ကုန်ပြီပေါ့။ ဘာကျင့်ရဦးမှာလဲ။ အဲဒါကို ကြိုးစားကြပါ။ ကိုယ်လုပ်ရင် ကိုယ်ရမှာပဲ။ စာတွေကို ယူထား(၃၈)မင်္ဂလာမှန်တယ်။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ခနမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေမစွဲနဲ့။ စွဲရင်တော့ ကံဖြစ်သွားလိမ့်မယ်။ သဘောလေးသာနာ။ ခင်ဗျားတို့ ဘဝကူးကောင်းအောင် နို့မို့ဆိုင် မိုးကျောခိုင်းသွားရလိမ့်မယ်။ မိရိုးဖလာအသိတွေ တော်ကြာ နတ်တင်ရပြန်ပြီ။ တော်ကြာ (၃၇)မင်းတင်ရပြန်ပြီ။ တော်ကြာ ဦးရှင်ကြီး တင်ရပြန်ပြီ။ နတ်ပွဲတွေ တင်ရပြန်ပြီ။ ဦးပဏ္ဍိတ ဘာမှမတင်ဘူး။ မေးပါ။ ဘုရား ဘာကြောင့်တည်ရသလဲ။ ခင်ဗျားတို့ ရုပ်နာမ်၊ နာမ်ဆိုတာ ကြားဖူးလား။ ကြားဖူးရင် သိသလား၊ ရုပ်မရှိဘူး၊ နာမ်ကောင်တွေတဲ့။ အဲဒီနာမ်တွေဟာ ဘာကြောင့် မကျွတ်နိုင်သလဲ။ ယက္ခ၊ ဂုမ္ဘာဏ်၊ သရဲတွေ၊ ဂမ္ဘီရတွေ သိမ်ထဲမှာဘုန်းကြီးတွေပိုင်းနေကာပဲ။ ဒါတွေဝင်မှာစိုးလို့ ကမ္မဝါဖတ်တာ။ သဘောပြောလား။ ဘုန်းကြီးလည်း ပဌာနတာရုံမှာ ရဟန်းတက်လာတာ။ ဆရာရဲ့အမည်က ဦးဝံသဘာလ တဲ့။ အိပ်ပါတဲ့။ မအိပ်ဘူးတဲ့။ တောထဲ ငါ့ဟာငါနေမယ်တဲ့။ ခုတင်တွေ၊ ခြင်ထောင်တွေ၊ တိုက်တွေ၊ ရေချိုးခန်းတွေပေးတယ်။ မနေဘူးတဲ့။ တပည့်တော်မသုံးပါဘူးဘုရားတဲ့။ လွတ်လွတ်လပ်လပ် တောထဲမှာပဲနေမယ်တဲ့။ ကောင်းပါတယ်တဲ့။ ခန္ဓက သိလာတဲ့အသိ၊ အာရုံပေါ်မှာသိလာတဲ့အသိလို့ခေါ်တယ်။ အာရုံကိုမလိုက်ဘူးလိုက်တယ်ဆိုတာ ကိုယ့်ဟာကိုယ်သိတာ။ အေးနေတာပဲ။ တစ်ခုတော့ရှိတာပေါ့။ ဒုလာဝမ်းဖြစ်တာတို့၊ အဲဒါကတော့ ခံရတာပေါ့ဗျာ။ အစွဲနဲ့ဥပါဒါန်နဲ့ ပတ်သက်တာတော့သိသွားပြီဗျို့။ ဒါကြောင့်မို့လို့ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားတယ်လို့ စာကဆိုထားတယ်။ သစ်ပင်ကောင်းဖို့လိုတယ်။ ဒီသစ်ပင်မှာ ငှက်တွေလာပြီး နားကြပါ။ နေကြပါ။ ထိုင်ကြပါ။ ဒီအနတ္တတရား ဘုရားကဟောထားတာ။ ကိုယ်ဖြစ်နေတာက အတ္တတွေဖြစ်နေကြတယ်။ အဲဒါတွေသွားစွဲနေကြတယ်။ ဘုရားပညတ်တာသွားစွဲနေကြတယ်။ ခင်ဗျားတို့ မိရိုးဖလာရဲ့လမ်းတွေ အမှားအမှတ်မှား စွဲမှား။ အဲဒါ(၃၁)ဘုံမလွတ်ဘူးဗျ။ မှတ်ထားဦး။ ခင်ဗျားတို့ ဖြဟ္မာဘုံရောက်မယ်။ အပါယ်(၄)ဘုံရောက်မယ်။ ရုပ်ပြစ်ရုစ်ပါးရောက်မယ်။ လူ့ဘုံရောက်မယ်။

အဲဒါမလွတ်တာ။ မရိုးဖလာရဲ့ အယူတွေကို ဥပက္ခာအလိုက် ဒီဟာကို ဥပက္ခာတယ်ဆိုတာ ဒီအာရုံတွေမယူတော့ဘူး။ သူယူပေမဲ့ ကိုယ်မယူဘူး။ သူလုပ်ပေမဲ့ ကိုယ်မလုပ်ဘူး။ အဲဒါ ဥပက္ခာတာ။ ဒီအပေက ဒါတွေကိုမယူဘူး။ သူနတ်တင်လည်း ခြော် (အေး)ဂ ။ ကောင်းပါတယ်ကွာ။ ကိုယ်ပုတီးစိပ်တယ်။ တရားထိုင်တယ်။ သားကတော့ နတ်ပွဲတွေက အုန်းပွဲတွေတင်၊ ဘာတွေတင် သူဒါတွေလုပ်နေတယ်။ သားယူတဲ့အယူ သူမယူဘူး။ တစ်အိမ်ထဲမှာတောင် သူဒီလိုနေတာ။ အဲဒါလေးတွေကို သိဖို့လိုပါတယ်။ ကိုယ်ကမမှန်တော့ နတ်ဆိုးလည်းတင်ရတယ်။ ကိုယ်ကမိစ္ဆာကဲ ကိုးဗျ။ မိစ္ဆာကဲဆိုတာ ငါမြင်တယ်။ ငါတတ်တယ်။ ငါ့မယား။ ငါ့သား။ ငါ့သမီး၊ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ကား။ ငါ့ဟာ၊ ငါပိုင်တွေဖြစ်နေကြတယ်။ အဲဒီအခါကျတော့ တဏှာခေါ်တယ်။ ကားလေးကို ခိုက်ချိုးလိုက်တော့ တဏှာကြောင့် ဒေါသဖြစ်သွားရော၊ အဲဒီလူ ဖောက်ထိုးဖြစ်တာပဲ။ ဉာဏ်မရှိတာကိုးဗျာ။ ကံရှိတော့ လောဘ၊ ဒေါသ၊ မောဟ။ ကံဟာဘာကြောင့်ဖြစ်ရသလဲ။ တွေးကြည့် သဘောလေးကို။ ကံနိမ့်တော့ ခံရတာပေါ့ဗျ။ ဦးရှင်ကြီးတင်ရ၊ ကိုးမြို့တင်ရ၊ နတ်ကိုကိုးကွယ်နေကြတယ်။ အဲဒါ မရိုးဖလာတွေ။ ကိုယ့်အလုပ်မှ မလုပ်တာကိုး။ ဦးပဏ္ဍိတ က နတ်တွေကိုခေါ်ခိုင်းတာ။ လိုင်းတရာမှာလား။ နတ်တွေကို အကုန်ခေါ်ခိုင်းတာဗျ။ အခု အဲဒီကပြန်လာတာ နတ်တွေကိုခေါ်တာ။ လာခဲ့၊ (၃၇)မင်း ရွှေဖုင်းလေး၊ ရွှေဖျင်းကြီးလား။ မင်းတို့ ငါ့ကိုဘာပြောမလဲ။ ဒီလိုလုပ်တာနော်။ အဲဒါလမိုင်း၊ ကုန်းမိုင်း၊ ရေလမိုင်း၊ တာကာလမိုင်းရှိတယ်။ မှန်တယ်တဲ့။ မင်းအဲဒီလမိုင်းကို ချွတ်လို့ရလားတဲ့။ ချွတ်ပြစမ်း ငါ့ကို။ ဟာချွတ်လို့မရဘူး။ ဟိုစစ်တပ်၊ တော်ပုန်းမှာပူးနေရတယ်။ မှန်တာပြောတာ။ မမှန်တာမပြောဘူး။ သင်္ကန်းအခုချွတ်ဆိုချွတ်ပေးလိုက်မယ်။ ဘာလုပ်ဖို့လဲဒါတွေ။ သာသနာမျိုးစေ့လာချပေးတာ။ ခင်ဗျားတို့ဟာ တစ်စေ့မှယူမသွားဘူး။ သစ္စာနဲ့ပြောသွားတာ။ ဦးပဏ္ဍိတ ရှိတာတောင် အကုန်လုပ်ပေးလိုက်တယ်။ မဟုတ်တာမလုပ်ဘူး။ အစကတော့ ပုလိပ်လူထွက်။ ရေနံဆီနိုးပြီး အရက်နဲ့လဲသောက်တယ်။ ဖဲချတယ်။ မဟုတ်တာအကုန်လုပ်တယ်။ အဲဒါ မိစ္ဆာအယူတွေပေါ့။ အဲဒီစိတ်နဲ့များသေသွားရင် ခွေးတောင်မဖြစ်ဘူး။ အသောကမင်းကြီးသေတာတောင်စွဲပြီး စပါးကြီးဖြစ်တာ။ ခင်ဗျားတို့မှတ်ထား သုဗ္ဗန်တွေ ပဋ္ဌာစာရီ လင်ကပြန်မလာတော့ တောထဲသွားရှာတော့ မြွေကိုက်သေတယ်။ သူ့လင်သေတော့ စိတ်မကောင်းဘူး ငိုတယ်။ သားလေးတွေချီပြီး တစ်ဖက်ကမ်းကူးဖို့ နှစ်ယောက်ဆိုတော့ မချီနိုင်ဘူး။ တစ်ယောက်ထားပြီး တစ်ယောက်သွားပို့တာ။ တစ်ယောက်ကစွန်ချီတယ်။ တစ်ယောက်က ရေနစ်တယ်။ အဲဒီမှာ အရူးအမူးဖြစ်တာ။ ဥပါဒါန်ပေါ့ဗျ။ ဒီဥပါဒါန်ဟာ တဏှာကြောင့်ဖြစ်သွားတာ။ ဒိဋ္ဌိသတ်မှ တဏှာမြင်မယ်။ တဏှာမြင်မှရပ်သွားမယ်၊ အဲဒါပဲပေါ့ဗျာ။ နောက်တစ်နေ့ ကျန်သေးတယ်။ မနက်ဖြန်ကျရင် ခင်ဗျားတို့အိမ်ကရေပုလင်းတွေယူခဲ့၊ သွေးသားနဲ့ ပတ်သက်တာတော့ မရဘူးပေါ့ဗျာ။ မြွေကိုက်တာတို့ဆိုရင် ချက်ချင်းသာခေါ်လာခဲ့၊ ရေလေးတိုက်ပေးမယ်။ ပုလိပ်ဘဝက ဒီလိုမဖြစ်ဘူးဗျ။ ကျင့်မှ ဒီလိုဖြစ်တာပါ။ ခင်ဗျားတို့စေတနာတွေကကောင်းတော့ ကျုပ်ကလုပ်ပေးရမှာ ပေါ့ဗျာ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။ (သာဓု၊ သာဓု၊ သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့
၀၉-၂၅၀၄၇၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၉၅

ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

၃-၁၀-၁၉၉၅ ရက်နေ့၊ မြောင်းမြမြို့နယ်၊ မဲကျော်ရွာ

အောင်သစ္စာမဟာဒီပါရုံဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မစာစဉ်(၁၃)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-794506595

09-251620128, 09-447572355

ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးကံဟာ ဘယ်ကပိုကြီးလဲ။ မနောကံကြီးတယ်။ ကံဆိုတာ မိမိရဲ့အသိလေး ပြောပါဆိုရင် ကမ္မဝဋ်တဲ့၊ ဘဝဝဋ်တဲ့၊ ဝိပါကဝဋ်တဲ့၊ ကမ္မဝဋ်ဆို အတိတ်က ပစ္စုပ္ပန်မှာ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာကူအာရုံ၊ အာရုံငါးပါးခေါ်တယ်။ အာရုံငါးပါးနဲ့ မနောကံနဲ့ ပေါင်းလိုက်တော့ ခြောက်ခုခေါ်တယ်။ အဲ့ဒီအာရုံကို ကိုယ်ကနေပြီးတော့ သာယာတယ်။ စွဲလန်းတယ်ဆိုရင် ဥပါဒါန်လို့ခေါ်ပါတယ်။ ဥပါဒါန်ဟာ ဘာကြောင့်ဖြစ်လဲ။ ကံကြောင့်ဖြစ်တာပါ။ သားသေလို့ပူရတယ်။ သမီးသေလို့ပူရတယ်။ သောကပဋိဒေဝ ဒေါမနဿဆိုတဲ့ ပြီးတော့ စာပေ ကျမ်းဂန်ကရေးထားပါတယ်။ သောကပဋိဒေဝဒေါမနဿဆိုတာဟာ ဇမာလိုတော့ ဥပါဒါန်လို့ခေါ်ပါတယ်။ ဥပါဒါန် ဆိုတာမနေ့ာပူတာပေ့ါဗျာ။ သားအတွက်နဲ့ပူတယ်။ သမီးအတွက်နဲ့ပူတယ်။ သားရေနစ်သေသွားလို့ မအေကပူတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ ဥပါဒါန် ဥပါဒါန်ဟာ ဘာကြောင့်ဖြစ်သလဲ။ ကံကြောင့်ဖြစ်တာ။ ဒီကံကိုကိုင်ပြလို့မရဘူး။ ဆုတ်ပြလို့မရဘူး။ ကံဆိုတာယုံကြည်ရမယ်။ အဲ့ဒီတော့အခု ဒကာ၊ ဒကာမများ လှူကြတယ်။ ပုပ္ဖ၊ ဗုဒ္ဓ၊ ပရဆိုတဲ့ စေတနာသုံးတန် သဒ္ဓါသပ္ပတိရတနာသုံးတန် ကံကံ၏အကျိုးကို ကြည်ညိုခြင်း၊ ယုံကြည်ခြင်း သဒ္ဓါကြည်ဖြူ ရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဒါလည်းကံပဲ။ ဒီကံသမ္မာအယူကံ အဲ့ဒါဟိုက ဥပါဒန်နဲ့ မိစ္ဆာ အယူရှိတဲ့ကံ။ အဲ့ခုနက စာပေကျမ်းဂန်က ရေးထားတယ်။ လှူကြတယ်။ တန်းကြတယ်။ အဲ့ဒီတော့အားလုံး လုပ်ကြတယ်။ ကောင်းမှုကုသိုလ်လုပ်ကြတယ်။ သမ္မာဒိဋ္ဌိကံလို့ခေါ်ပါတယ်။ အဲဟိုဟာ မိစ္ဆာဒိဋ္ဌိကံလို့ခေါ်ပါတယ်။ အဲ့ဒီလိုကံဟာ ဥပမာလေးပြောပြမယ်။ အစွဲပေ့ါဗျာ။ သားစွဲ၊ သမီးစွဲ၊ အဲ့ဒီတော့ ငါ့သမီး၊ ငါ့သား၊ ငါ့မယားဆိုတဲ့ အစွဲဥပါဒါန်လို့ခေါ်ပါတယ်။ အဲ့ဒီအကြောင်းကို သတ်လို့မရဘူး။ အဲ့ဒီဥပါဒါန်ရဲ့ အကြောင်းဟာ မဂ်ဉာဏ်ရရင် အေးတာဘဲ။ မပူတော့ဘူး။ ကျင့်တဲ့သူကတော့သိတယ်။ ဒါကြောင့်မို့ ကာယကံ၊ ဝစီကံ၊ မနောကံကိုသတ်ချင်ရင် ဘာတွေဖြစ်လာလဲ။ သီလမဂ္ဂင်ဖြစ်လာတယ်။ သမာဓိမဂ္ဂင်ဖြစ်လာတယ်။ ပညာမဂ္ဂင်ဖြစ်လာတယ်။ သီလမဂ္ဂင်ဆိုတာ ကဘယ်လိုအကြောင်းလဲ လောဘအာရုံ၊ ဒေါသအာရုံ သူ့မှာခေါင်းပါတယ်။ ဝိပဿနာတရားများကို နှလုံးသွင်းနေတယ်။ ဘာကိုနှလုံးသွင်းနေလဲ၊ ထိတာကရုပ်၊ သိတာကနာမ်၊ ဒါအနတ္တတရားတွေကို နှလုံးသွင်းရင် အတ္တအနုသယလေးက တွေးတောခြင်း၊ ကြံဆခြင်းပြုလုပ်ခြင်း မရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ ထိတာကရုပ်၊ သိတာကနာမ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ ဘာဖြစ်လို့လဲ ကံကိုပြတ်တော့ သီလ၊ သမာဓိ၊ ပညာဖြစ်တယ်။ သီလဆိုတာ လောဘ၊ ဒေါသ ခေါင်းပါးတယ်။ သမာဓိဆိုတာ စိတ်ကလေးက မနောလေးက တည်ကြည်တယ်။ နှာသီးနှာဖျားဝမှာ ထင်ထားတယ်။ ဘာမှမတွေးဘူး။ အဲ့ဒါအဓိစိတ္တလို့ခေါ်ပါတယ်။ အဲဒီကနေတက်သွားတဲ့အခါကျတော့ ပညာ၊ ပညာပိုင်းကိုရောက်လာ ပါတယ်။ ဒါတွေဘာကြောင့် ဖြစ်ရသလဲ။ သညာကို သတ်တာပါ။ ကံဆိုတာက ဥပါဒါန်လို့ခေါ်ပါတယ်။ ဥပါဒါန်ကြောင့် ကံဖြစ်တာ။ ဒီကံကို တရားထိုင်တဲ့အခါကျတော့ ထိတယ်၊ သိတယ်၊ ထိတာကရုပ်၊ သိတာကနာ၊ ထိတာလည်း မမြဲ၊ သိတာလည်း မမြဲဘူး။ အဲ့ဒီအနတ္တလုပ်တာနဲ့အပြင် သီလအတွင်း သမာဓိဖြစ်ပါတယ်။ အဲဒါလေးကို အကယ်၍ ကုသိုလ်ကံအလျောက် ကံပြတ်သွားရင် အေးတာပဲ၊ ဒီကံမပြတ်လို့ လူတွေမှာ လောဘ၊ ဒေါသ၊ မောဟတဏှာ မာန၊ ဒိဋ္ဌိတွေဖြစ်ကြပါတယ်။ စာကရေးထားတယ်။ အဝိဇ္ဇာဆိုတာ အာရုံခြောက်ပါး။ အဝိဇ္ဇာကြောင့် သင်္ခါ၊ သင်္ခါရ ကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ ဒီဘဝပြောတာ။ အဲ့ဒါကြောင့်မို့ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်တဲ့။ ဒီလိုစာကရေးထားတယ်။ ကာမဝဋ်မှ မပယ်နိုင်ရန် ဘဝဝဋ်ကိုလည်း မလွတ်ဘူး။ ကာမဝဋ်ကိုပယ်ရင်

ဘဝ၌မှာလည်း အေးတာပဲ။ ဇိကံကြောင့် ဥပါဒါန်ဖြစ်တာ ဥပါဒါန်ဖြစ်လို့ ပူတာ။ သူ့ဇီဘဝမှာ ပူတာ။ ဒီဘဝမှာ အေးရမယ်။ ဥပါဒါန်ပြတ်ရမယ်။ ဒီ ဥပါဒါန်ဟာ ဘာကြောင့်ဖြစ်တာလဲ။ ကံကြောင့်ဖြစ်တာ။ ဘယ်ကံလဲ မနောကံ၊ အဲ့ဒီတရားတွေကျင့်လိုက်တဲ့အခါကျတော့ ထိတာကရုပ် သိတာကနာမ် ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး အဲ့ဒါအနတ္တ အဲ့ဒီကံတွေကိုသတ်တဲ့အခါမှာ ဘာတွေဖြစ်လာလဲ။ အမိသီလ၊ အမိစိတ္တ၊ အမိပညာ ဖြစ်ပါသည်။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်ပါတယ်။ ဒါတွေဟာ အင်မတန်အံ့သြဖွယ်တရား။ ကိုယ်လုပ်မှ ကိုယ်သိမယ်။ ကိုလုပ်မှ ကိုယ်သိတော့ ပယ်တာပေါ့၊ ပယ်တော့ မဂ်ဆိုက်တယ်၊ ဖိုလ်ဆိုက်တယ်၊ သိ၊ ပယ်၊ ဆိုက်၊ ပွား အဲ့ဒါတွေကို ဒကာ၊ ဒကာမများက မအိုခင်၊ မနာခင်၊ မသေခင် ကိုယ့်အိမ်မှာနေတဲ့အခါ အိပ်ယာထဲမဝင်ခင် ဒါလေးတွေ ထိတာကရုပ်၊ သိတာကနာမ် တရားလေးတွေထိုင်ပေးပါ။ အဲ့ဒီလို တရားထိုင်ပေးတဲ့အခါကျတော့ အပြင်မှာဘယ်လိုနေမလဲ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ မှန်တာကိုကျင့်ပါ၊ မှန်တာကိုပြောပါ။ မှန်တာကို အသက်မွေးကျောင်းပြုပါ။ အဲ့ဒါတွေကိုလည်း ကိုယ့်စိတ်ကိုယ်စစ်ရမယ်၊ ကိုယ့်စိတ်ကိုယ်စစ်တဲ့အခါ ကျတော့ ဘာနဲ့စစ်မလဲ၊ သြော် ဒါတွေဟာ မိစ္ဆာအယူပါလား၊ သမ္မာအယူပါလား၊ ဒါလေးတွေသိရမယ်။ မိစ္ဆာအယူကိုပယ်ရမယ်။ မိစ္ဆာအယူဆိုတာ ဘယ်လို သဘောလဲ။ ဥပမာ ခင်ဗျားသားလေးတစ်ယောက် ကိုယ့်အိမ်ရှေ့မှာ ကစားတယ်။ ကစားတဲ့အခါကတော့ လူကြီး တစ်ယောက်က ကလေးကိုရိုက်နေတယ်။ ရိုက်နေတော့ကလေးရဲ့ မအေကမြင်လိုက်တယ်၊ မြင်လိုက်တော့ ကလေးကို ငါ့ကလေး ငါ့ရင်၌မွေးထားတဲ့ကလေးဆိုပြီးတော့ သာယာတာ၊ တဏှာ၊ တဏှာကြောင့် ဘာဖြစ်လဲဆိုတော့ မာန်ဖြစ်တယ်။ မာန်ဆိုတာ ဒေါသပေါ့ဗျာ။ တဏှာရယ် မာနရယ် အဲ့ဒီနှစ်ခုဘယ်သူက လုပ်လိုက်လဲဆိုတော့ ဒိဋ္ဌိက လုပ်လိုက်တယ်။ ဒီကလေးကို ရိုက်လိုက်တော့ သူကမာန်ဖြစ်တော့ ဆဲရေးတိုင်းထွာနဲ့ ကာယကံတွေ၊ ဝစီကံတွေ ဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်စေ့မြင်တော့ ဘဝင်ကသိတယ်။ သိတော့ ဒါကိုမှတ်တယ်၊ ဒါငါ့ကလေးပဲ ငါ့ကလေးကို ရိုက်တာဟိုကလေးကို သူရိုက်တာမဟုတ်ဘူး။ ငါ့ကလေးမှရွေးရိုက်တာ။ မအေကမှတ်ထား၊ မှတ်တာက သညာ၊ သညာကနေပြီးတော့ သူဘာဖြစ်သလဲ၊ သညာကနေပြီးတော့ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ကဘာကြောင့် ဖြစ်ရသလဲ၊ ကံကြောင့်ဖြစ်တာ။ အဲ့ဒီဟာလေးတွေက အင်မတန်မှအရေးကြီးပါတယ်။ ဒါခင်ဗျားတို့အပေါ်မှာ မူတည်ပါတယ်၊ ဒီလိုမိစ္ဆာအယူနဲ့ သွားမယ်ဆိုရင် အပါယ်လေးဘုံသွားမယ်၊ အပါယ်လေးဘုံကို မရောက်အောင် ခင်ဗျားတို့ တရားကျင့်ကြပါ။ ဦးပဏ္ဍိတတို့ ဘယ်ကလာသလဲ၊ အတိတ်ကလာတယ်။ အတိတ်ကဘာနဲ့လာသလဲ။ သမ္မာအယူနဲ့လာတယ်။ သမ္မာအယူနဲ့လာတော့ ဟောဒီလောကီပစ္စုပ္ပန်ဘုံမှာ မနုဿသဘာဝေါ ဒုလ္လဘောဆိုတဲ့ လူ့ဘဝကိုဖြစ်လာပါတယ်။ အတိတ်ကမိစ္ဆာအယူနဲ့လာတဲ့ဟာတွေ တိရစ္ဆာန်တွေဖြစ်နေတယ်။ ဒါတွေဟာ သိဖို့လိုပါတယ်။ မိစ္ဆာအယူနဲ့သေသွားရင် တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ၊ ငရဲဘုံမှာနစ်ပြီး ဘယ်လိုနစ်လဲ လူ့ဘုံမှာ ကိုယ့်ရဲ့အယူမှား၊ အစွဲမှား၊ အမှတ်မှားတယ်။ ငါဆိုတဲ့အယူကိုယူထားတယ်။ အဲ့ဒီလိုငါယူထားတဲ့ အယူကို သမ္မာဖြစ်အောင်လုပ်၊ ခုနက ကိုယ့်ကလေးကို ရိုက်လိုက်တယ်။ သြော်ဦးကြီးရယ် ကျွန်မကလေးပါ။ တောင်းပန်ပါတယ် ဦးကြီးရယ်။ ကျွန်မကလေးပါ အကျိုးအကြောင်းနဲ့ ဦးကြီးကိုတောင်းပန်တယ်။ (၃၈) ဖြာမင်္ဂလာနဲ့ သူလေးလေးစားစား တောင်းပန်တယ်။ အဲ့ဒါသမ္မာအယူ၊ သမ္မာအယူမဟုတ်ဘဲနဲ့ မိစ္ဆာအယူတွေဖြစ်ပြီးတော့ ကျုပ်ကလေးမှ ရွေးရိုက်တာ။ ကျုပ်မြင်တာပေါ့။ အဲ့ဒီတော့ ခွန်းကြီး၊

ခွန်းငယ်နဲ့ ဒေါသကြီးဖြစ်ပြီးတော့ ဒီဒေါသဟာဘာကြောင့် ဖြစ်ရသလဲ။ တဏှာကြောင့်ဖြစ်တာ။ တဏှာနဲ့ ဒေါသ၊ မာန်နဲ့ပေါင်းလိုက်တော့ အဲ့ဒီနှစ်ခုကို ဘယ်သူကလုပ်သလဲ။ ဒိဋ္ဌိကလုပ်တယ်၊ အဲ့ဒီဒိဋ္ဌိလုပ်တာမြင်တာလည်း သူမှားသွားပြီ။ ယူထားတဲ့အယူကလည်း မှားတယ်။ အမှတ်ကလည်း ဟိုကလေးတော့ မရိုက်ဘူး။ ငါ့ကလေးကိုရိုက်တယ်။ ဒါမှတ်တာ၊ မှတ်တာကနေ ဥပါဒါန်ဖြစ်သွားတယ်။ ဥပါဒါန်ဘာကြောင့်ဖြစ်သလဲ၊ ကံကြောင့်ဖြစ်တာ၊ အဲ့ဒါမိစ္ဆာအယူတွေခေါ်တယ်။ ကိုယ့်ကလေးကို ရိုက်လို့ရှိရင်တောင်းတောင်းပန်ပန်နဲ့ ဦးကြီးကို ကျွန်မကလေးပါရှင်၊ အကျိုးအကြောင်းနဲ့ တောင်းပန်လိုက်၊ ကိုယ့်စေတနာ မပျက်ဘူး။ အဲ့ဒါသမ္မာလို့ခေါ်တယ်၊ ကိုယ့်စိတ်ကိုယ်စစ်တတ်ဖို့လိုပါတယ်၊ လာတာလည်း တစ်ယောက်တည်း၊ ပြန်တာလည်းတစ်ယောက်တည်း၊ ဘုရားကဟောထားပါတယ်။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ အဲ့ဒီအယူကို ငါမယူဘူးတဲ့ကွ၊ မြန်မာ လိုက သူများအသက် သတ်တာပေါ့ဗျာ၊ သူများအသတ် သတ်တော့မျက်စိမြင်တာပေါ့၊ ခင်ဗျားမျက်စိမြင်တော့ အင်းအိုင်ထဲမှာ ငါးတွေ၊ ငါးကြင်းတို့ ငါးဘတ်တို့ ငါးသိုင်းတို့မြင်တာပေါ့၊ မြင်တော့ ခင်ဗျားမှာသောမနသ ဖြစ်နေတယ်၊ အဲ့ဒါ့လိုသွားသာယာတာ၊ သောမနသာဖြစ်တော့ သွားရှာတယ်။ ဒီငါးကအလိုအလျောက် မလာဘူး တုတ်တွေ၊ ဓါးတွေကိုင်ပြီးတော့ ငါးခုတ်တာ ခင်ဗျား။ အဲ့ဒါကာယကံမြောက်ခေါ်တယ်။ အဲ့ဒီအယူဝါဒကို ဘုရားကမယူဘူး။ အဒိန္နာဒါနဆိုတာ သူများပိုင်ဆိုင်သောပစ္စည်းကို ပစ္စည်းရှင်မသိဘဲ ကာယကံမြောက်ယူလာတယ်။ အဲ့ဒီအယူကို ဘုရားကမယူဘူး။ ကာမေသုမိစ္ဆာ ရာဝေရာမဏိသက္ခာပဒံ သမာဒိယာမိ သူများသားမယားနစ်နာလောက်အောင် ဆုံးရှုံးရအောင်၊ ပျက်စီးရအောင် သူမကြံစည်ဘူး၊ ဘုရားကလည်း အဲ့ဒီအယူကိုတားမြစ်ပါတယ်။ မုသာဝါဒ၊ ပိသုဏာဝါစား ဖရုသဝါစာ အဲ့ဒါဝစီကံ မနောကံကျတော့ အဘိဇ္ဈာ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အိမ်ပေါ်ကလူတက်လာရင် ဒေါသဖြစ်တာဘဲ၊ အဲ့ဒီလူကလည်း ခြေထောက်မှာရွှံ့တွေပေလာတယ်။ သူ့အိမ်ကလည်း လှလှထိုးပျဉ်အိမ်၊ သူမြင်လိုက် တော့ ဒေါသဖြစ်တာပဲဗျို့၊ အဲ့ဒါ မစားရ မသောက်ရဘဲနဲ့ သီလပျက်တာဘဲ၊ အဲ့ဒီမနောကံကပေါက်တာပဲ၊ အဲ့ဒါတွေ သိပ်အရေးကြီးပါတယ်။ စောစောကပြောသလို အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာ ဒိဋ္ဌိ အဲ့ဒီတော့ မျက်စိကမြင်လိုက်တယ်၊ နားကကြားလိုက်တယ်။ နှာခေါင်းကနံလိုက်တယ်။ အဲ့ဒီလိုစိတ်ကလေးတွေကို စစ်တတ်ဖို့လိုပါတယ်။ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား။ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ သွားမစွဲနဲ့၊ သွားစွဲရင် ဥပါဒါန်ကံဖြစ်တာပေါ့ဗျာ။ ပုတာပဲ၊ သောမနသကံ၊ ဒေါသမနသကံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ကံဆိုတာ သံသရာလည်တဲ့ တရားခေါ်တယ်။ သံသရာပြတ်တဲ့တရားကတော့ ဇကောဓမ္မောတဲ့ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာဆုံးတယ်။ သီလကိုချုပ်တယ်။ သီလမှာ ဘာကချုပ်ထားလဲ၊ ဉာဏ်ကချုပ်ထားတယ်၊ ဒါကြောင့် မို့လို့အင်မတန် ထူးမြတ်တဲ့သစ္စာတွေ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတ သစ္စာလို့ စာကရေးထားတယ်၊ ဒါကြောင့်စာကမှန်၏။ ဉာဏ်မမီ၊ ထိအောင်သူမသိ၊ စာတွေ့၊ ငါတွေ့၊ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက်၊ ငါတွေ့ထက်သာတယ်တဲ့။ သူကတရားရဲ့အရသာကို ခံစားရတာကိုး။ တရားဆိုတာ ဥပမာ သဘောလေး ပြောတာ၊ စိတ်ပေါ့ဗျာ၊ စိတ်ဆိုတာသူသိသွားပြီ၊ စိတ်ကိုထားတတ်သွားပြီး၊ မြင်တာမတ္တ၊ ကြားတာမတ္တ၊ နံတာမတ္တ၊ စားတာမတ္တ၊ ထိတာမတ္တ၊ စာမတတ်ဘူး၊ သူ့ကိုမပြောတော့ဘူး။ သူပညာရသွားပြီ၊ အဲ့ဒီပညာတွေဘယ်ကရလဲ၊ ဝိပဿနာလုပ်လို့ရတာ။ နဂိုမူလက ဘာမှမသိဘူး။ အင်မတန်ဆိုးတယ်။ အင်မတန်ရုပ်တယ်၊ လိမ်တယ်၊ ကောက်ကျစ်တယ်၊ စဉ်းလဲတယ်။ လစ်ချင် သူ့ကခိုးတယ်၊ လိမ်တယ်၊

ညာတယ်။ ဒီသဘောတွေရှိတယ်။ အရင်တုန်းက ဦးပဏ္ဍိတအသိနဲ့ အခုအသိနဲ့ကမတူပါဘူး။ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ကိလေသာနဲ့ တဏှာသွေးသားပြောင်းတယ်။ ဓမ္မဆိုတာ နှလုံးသားမှာဖြစ်နေတာပါ။ ခန္ဓာငါးပါးလိုရင်းရမယ်။ ကျင့်ရမယ်။ ခန္ဓာငါးပါးကို ဉာဏ်စိုက်ရမယ်။ ခန္ဓငါးပါးမှာ ဉာဏ်စိုက်မှ ခန္ဓာငါးပါးမှာ ဂနကျေမှ ရုပ်၊ နာမ် နှစ်ပါးသိမယ်။ ရုပ်၊ နာမ်၊ နှစ်ပါးသိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်၊ ရုပ်၊ နာမ်နှစ်ပါးမသိတာ အဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲ့ဒီအဝိဇ္ဇာက ဘာခေါ်လဲ။ အာရုံခြောက်ပါး။ ဒီအာရုံခြောက်ပါး ဘယ်ကဖြစ်လဲ၊ မနောကဖြစ်တယ်။ မြင်တော့သိတယ်။ ကြားတော့သိတယ်။ နံတော့သိတယ်။ သိတာစိတ်၊ လောကုတ္တရာမှာ ဒီစိတ်မရှိဘူး။ သဘောပဲရှိတယ်။ သဘာဝသဘောပဲရှိတယ်။ သဘောဆိုတာ သဘာဝကိုသိလို့ သဘောလို့ခေါ်တယ်။ သဘာဝဆိုတာ ဓါတ်ကြီးလေးပါးခေါ်တယ်။ ဒီဓါတ်ကြီးလေး ပါးရှိလို့ တရားတွေဟောနိုင်တယ်။ သွားနိုင်တယ်။ စားနိုင်တယ်။ ဒီဓါတ်တစ်ပါးပါးလောက် ပျက်စီးသွားရင် သေတာပဲဗျ။ ဩော်ဓါတ်ကြီးလေးပါးဟာ မမြဲဘူးတဲ့၊ သူ့သဘာဝသူဖြစ်နေတာ အချိန်ကျရင်သူ့သွားလိမ့်မယ်။ ဒီဓာတ် သွားမြင်တာ၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်။ အနတ္တဆိုတာ သဘာဝတရားကို ဆိုတာပါ။ အနိစ္စနဲ့ ဒုက္ခက ခန္ဓာမှာဉာဏ်စိုက်တော့ အဲ့ဒီရုပ်ကြီးဟာ ကာမဝဋ်ဒုက္ခကြီးပဲ၊ အဲ့ဒီဒုက္ခကြီးဟာ ဘယ်ကလာသလဲ၊ အတိတ်ကလာ တယ်။ ဘာနဲ့လာလဲ၊ ကံနဲ့လာတာ။ အဲ့ဒါကြောင့်မို့လို့ ကာမဝဋ်ဒုက္ခဖြစ်နေတာ။ အဲ့ဒီကာမဝဋ်ဒုက္ခကို မသိလို့ အာရုံခြောက်ပါးကို မပယ်နိုင်တာ။ ကာမဝဋ်ဒုက္ခကိုသိရင် အာရုံခြောက်ပါးကို သဘောပေါက်သွားပြီ။ ဒါတွေခင်ဗျား တို့အပေါ်မှာ မူတည်ပါတယ်။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ဦးပဏ္ဍိတလည်းပြန်ရမှာပဲ၊ ဒီတရားတွေကျင့်လိုက်မယ်ဆို ရင်ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးလုံတယ်။ အနတ္တကို နှလုံးသွင်းရင် အတ္တကိုပယ်တယ်။ သီလ လည်းဖြစ်တယ်၊ သမာဓိလည်းဖြစ်တယ်၊ ပညာလည်းဖြစ်တယ်၊ အကယ်၍ ဉာဏ်မရတောင်မှ ကိုယ်ကဒါတွေဖြစ် နေတယ်၊ သီလဖြစ်နေပြီဆိုရင် ဝိသုဒ္ဓိသီလဖြစ်နေပြီဆိုရင် အပါယ်ပိတ်တယ်။ သမာဓိတွေဖြစ်နေပြီဆိုရင် ဗြဟ္မာဘုံ ရောက်တယ်။ ဒါတွေကိုအလကား အချိန်မဖြုန်းဘဲ စိတ်ကိုစစ်နေတာ။ ငါအတ္တစိတ်လား၊ အနတ္တစိတ်လား ကိုယ့်ကိုယ်ကိုယ် စစ်ဖို့လိုတယ်။ သိုက်တို့ ဓါတ်တို့ နတ်တို့ ရှိတယ်။ ဓါတ်တွေ၊ နတ်တွေ၊ သိုက်တွေကသိတယ်၊ လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟကိုသိတယ်။ ဒီခန္ဓာဝန်ရဲ့ဒုက္ခ ထမင်းတမနက်ထပ်၊ ညတစ်ထပ် စားနေရတယ်။ ကိုယ့်အကြောင်းတင်မဟုတ်ဘူး။ သူ့များအကြောင်းတွေပါပူရတယ်။ အင်မတန်မှ သောကပဋိဒေဝ၊ ဒေါမနဿဆိုတဲ့ ဥပါဒါန်၊ ဒါကံကိုဟောထားတယ်။ ဥပါဒါန်ကိုပြောပြတာ။ ဒါတွေဖြစ်နေတာ။ အဲ့ဒါသံသရာလည်တဲ့တရား။ အပါယ် ကျတယ်၊ မပြောဘူး၊ နတ်ပြည်ရောက်တယ် မပြောဘူး။ အဝီစိရောက်တယ်မပြောဘူး။ သံသရာလည်တာ တစ်ဘဝ ဒီဝိညာဉ်လေးဟာ ဟောဒီရုပ်ကလာပ်ကြီးဟာ ကံကုန်ရင်သေမှာပဲ။ ဦးပဏ္ဍိတလည်း ကံကုန်ရင်သေမှာပဲ။ ဒီကံလေး မကုန်အောင် အတိတ်ကကံလေးက ကုန်လို့ရှိရင် ပစ္စုပ္ပန် ကံဆက်တယ်၊ ပစ္စုပ္ပန်ကံဘာဖြစ်လဲ၊ လှူကြတယ်၊ တန်းကြတယ်၊ သီလဆောက်တည်ကြတယ်။ အဲ့ဒါပစ္စုပ္ပန်ကံက ပြန်ဆက်ထားတာ။ အတိတ်ရဲ့ကံက ကုန်ပြီ။ ဒါကြောင့်မို့လို့ ဘုရားက ကုကြတာ။ သူတော်ကောင်းသူမြတ်လောင်းကို မှီပဲပြီး စကားကိုနားထောင်တယ်။ ဒါတွေက ကံဆက်နေတာ အဲ့ဒါလည်းသဘောမပေါက်ဘူး။ ခင်ဗျားတို့ လှူလိုက်တဲ့ဒါနဟာ ရဟန္တာကိုလှူရင် ရဟန္တာ မျိုးစေ့ရမယ်။ သမထဘုန်းကြီးလှူရင် သမထမျိုးစေ့ရမယ်၊ စာဘုန်းကြီးလှူရင် စာမျိုးစေ့ရမယ်။ ခန္ဓာနဲ့ရင်းရာတဲ့ တရား။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဒါတွေကို သူကျင့်ထားတာ။ အဲ့ဒီတော့

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိသွားတယ်၊ နိရောဓနဲ့မဂ္ဂရတယ်လို့ မပြောဘူး။ အင်မတန်မှ ထူးတဲ့တရားတွေ၊ သုလူ့ဘဝမှာ ဘာတွေပယ်သလဲ။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဝိဇ္ဇာသဝဆိုတာ အာရုံခြောက်ပါး။ တောင်ပို့မှာ ဂရယ်ခြောက်ပေါက်ရှိတယ်၊ ငါးပါးကိုပိတ်လိုက်တယ်။ အဲ့ဒီတော့ မနောတစ်ပေါက်ဖွင့်ထားတယ်၊ ဥပမာပြောရရင် တောထဲ တောင်ထဲမှာ မျက်စိမမြင်ဘူး။ နားမကြားချင်ဘူး။ မနံချင်ဘူး။ မထိချင်ဘူး။ မနောကိုထိတာရုပ်၊ သိတာက နာမ် ဒီစိတ်ကိုဖမ်းနေဘာ၊ စိတ်ဖမ်းတာကဒိုလိုတယ်၊ မဖမ်းတတ်ရင် မျက်စိကထွက်လိုက်၊ နားကထွက်လိုက်၊ နှာခေါင်းကထွက်လိုက် အကုန်လျှောက်ထွက်တယ်။ ဒါလေးတွေက ကျင့်ရမယ်၊ ကြံရမယ်၊ နှလုံးသွင်းရမယ်။ ဂရယ် ခြောက်ပေါက်ရှိတယ်၊ ဂရယ်ငါးပေါက်ကိုပိတ်ပါ။ တစ်ပေါက်ကိုဖွင့်ထားရမယ်ဆိုတာ အဝင်စိတ်ကလေးကို အနတ္တလို့ မှတ်ရမယ်။ ဘဝင်စိတ်ကလေးက အခုတော့အာရုံငါးပါးနဲ့ ပေါင်းနေတာ မျက်စိနဲ့ ပေါင်းလိုက်၊ နားနဲ့ပေါင်းလိုက်၊ နှာခေါင်းနဲ့ပေါင်းလိုက် အကုန်လိုက်ပေါင်းတာ။ ဒီစိတ်ကလေးက ဂဏှာမငြိမ်တော့ဘူးဗျို့ အဲ့ဒီတော့ ကံတွေဖြစ်တယ်၊ သောမနဿကံ၊ ဒေါမနဿကံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ ကိလေသာလုပ်နေတာ၊ ကိလေသာ ငုတ်နေတာ၊ တဏှာနဲ့ ပတ်သက်တဲ့ အကြောင်းတွေရှိရင် သူကထတာပဲဗျို့ တဏှာဆိုရင်ကို သာယာတဲ့ကိစ္စတွေ၊ ခင်ဗျား မော်တော်ကားသိန်း (၂၀) လောက်တန်တယ်။ သူများရိုက်ချိုးတယ်။ ရိုက်ချိုးရင် ခင်ဗျားဘယ်လိုနေမလဲ၊ ဟာ ဒေါသဖြစ်တာဘဲဗျာ။ ဒီကားက သိန်း (၂၀) လောက်ပေးရတယ်ဗျာ။ ကျွန်တော်ဘာသာ လမ်းဘေးမှာရပ်ထားတာ။ ဘာလို့ရိုက်သလဲတဲ့၊ ကျွန်တော်ပစ္စည်းပဲ၊ မှန်တာပေါ့၊ သူပြောတာ။ အဲ့ဒီကားလေးကို သွားပြီးတော့ စွဲလန်း သာယာတာ တဏှာခေါ်တယ်။ တဏှာကြောင့် မာန်ဖြစ်တယ်။ အဲ့ဒါဒိဋ္ဌိခေါ်တယ်။ ဒါတွေဟာ အနုသယစိတ်တွေ။ ဒါအရိယာတွေကျင့်ရမဲ့ စိတ်တွေကိုပြောတာ။ ခင်ဗျားတို့ကျင့်ရမှာက သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ တရားထိုင်၊ ထိုင်တဲ့အခါ စိတ်ကိုစစ်၊ အတ္တစိတ်လား၊ အနတ္တစိတ်လား၊ ကိုယ့်စိတ်ကိုယ်စစ်တတ်ဖို့လိုတယ်။ သူများနဲ့ စကားမပြောနဲ့၊ လူတွေနဲ့ စကားမပြောနဲ့။ အဲ့ဒီလိုကိုယ်စိတ်ကိုယ့်စစ်လို့ သိလာတာပညာခေါ်တယ်။ အဲ့ဒါခင်ဗျားတို့အတွက်တွေ၊ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်၊ ဒါနကကျင့်ရဲ့သားနဲ့ သီလမမှန်ရင် ခင်ဗျားတော့ခံပဲဗျို့ ဦးဇင်းကျင့်ထားတာ။ ဒါကိုထုတ်ပြပါဆိုလို့ ပြလို့မရဘူး။ ဦးဇင်းပြောတာတွေဟာ သစ္စာတွေနဲ့ပြောတာ။ ခင်ဗျားတို့ သမုတိသစ္စာနယ်ထဲမှာပြောတာ။ သမုတိသစ္စာနယ်ကနေ ဘယ်နယ်ထဲကနေပြောတာလဲ။ ပရမတ္ထသစ္စာကနေ ပြောတယ်။ အဲ့ဒါလေးတွေကို သိထားတယ်။ ခန္ဓာကကျင့်ထားတာတွေကိုပြောတယ်။ သမ္မာကနေ မိစ္ဆာမဖြစ်ပါစေနဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုပြောပါ။ မှန်တာကိုကျင့်ပါ။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါ။ အဲ့ဒါသီလမဂ္ဂင် အခြေခံသီလအုတ် ပန္နက်ရိုက်ထားတာ။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့။ ဒါမဂ္ဂင်ရှစ်ပါးပဲ။ ဒါလေးတွေဟာ အင်မတန်ထူးမြတ်တယ်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အားလုံးပြည့်ပြည့်စုံစုံထားခဲ့တာ။ ခင်ဗျားတို့ မဂ္ဂင်ရှစ်ပါးနဲ့ ခင်ဗျားတို့ရဲ့နှလုံးသားအသိနဲ့ ဘုရားရဲ့စာနဲ့ တထပ်တည်း ဖြစ်အောင်လုပ်။ အခုထပ်ထိ ဒီစာတွေမပျက်သေးပါဘူး။ ဘုရားရဲ့ဒွေဒေသနာတော်စာနဲ့ ခင်ဗျားတို့ရဲ့ နှလုံးသားအသိနဲ့ တစ်ထပ်တည်းကျရင် ထူးတာပဲ။ စာကတော့မှန်ပါတယ်။ စိတ်တွေကကယောက်ကယက်ဖြစ်နေတယ်၊ ကယောက် ကယက်ဆိုတာ အာရုံခြောက်ပါးက တကောက်ကောက်လိုက်နေတာ။ သဘော်စီးလည်းပါတာဘဲ။ အိမ်သာတက်လည်း ပါတာဘဲ။ အဲ့ဒီအာရုံခြောက်ပါးကိုပြောနေတာ၊ ဥပါဒါန်ကိုပြောနေတာ။

သံသရာလည်တာ အဲ့ဒီအာရုံခြောက်ပါးကို တစ်ခုတည်းဖြစ်အောင်လုပ်၊ တစ်ခုတည်းဖြစ်အောင် ဘဝင်စိတ်ကလေးကိုထိတာကရုပ်၊ သိတာကနာမ်၊ အနတ္တစိတ် ဖြစ်ရင် အတ္တစိတ်ဆိုတာမရှိတော့ဘူး။ အတ္တစိတ်မရှိတော့ပါလား။ သိလိုက်တာပညာ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်ပါတယ်။ ရေလည်းမသောက်ဘူး။ သူများနဲ့လည်း စကားမပြောတော့ဘူး။ ဘာအာရုံနောက်ကိုမှ မလိုက် တော့ဘူး။ ခင်ဗျားရဲ့ နှာသီးဝမှာ ထိတာကရုပ်၊ သိတာကနာမ်၊ ဒီအာရုံနောက်ကိုလိုက်တာ။ ဒါလေးတွေက ခင်ဗျားတို့ လုပ်ရင်ခင်ဗျားတို့အတွက်။ ဦးပဏ္ဍိတလုပ်ရင် ဦးပဏ္ဍိတအတွက်။ ခင်ဗျားတို့ဒီလိုလုပ်ရင် (၃၈) ဖြာမင်္ဂလာထဲမှာ ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသု သဒေဝကာ သွတ္ထာနံ နာတိဂစ္ဆန္တိအဋ္ဌသိ သစ္စမင်္ဂလံ မင်္ဂလာလို့ဆိုထားပါတယ်။ ဘယ်သူဖြစ်ဖြစ် ဟုတ်ကဲ့အစ်ကိုကြီး ဟုတ်ကဲ့ညီမလေး။ အပြင်မှာစင်ကြယ်မှ ခန္ဓာစင်ကြယ်မယ်။ အပြင်မှာ စင်ကြယ်မှ အတွင်းမှာဉာဏ်ဖြစ်မယ်။ အပြင်မှာမစင်ကြယ်ရင် အတွင်းမှာလည်း မစင်ကြယ်ဘူး။ ဉာဏ်ရှုလည်း မစင်ကြယ်ဘူး။ အပြင်ကကံတွေ အပြင်ကကံတွေဆိုတာ သတ္တာသပတ္တိရတနာသုံးတန်စေတနာကို ကံလို့ခေါ်တယ်။ ဘယ်သူဖြစ်ဖြစ် ခင်ဗျားစေတနာရှိတယ်။ ဟိုလူအပေါ်မှာလည်း စေတနာရှိတယ်။ ဒီလူအပေါ်မှာလည်း စေတနာရှိတယ်။ စားပါဦးကြီးရဲ့ စားပါအမကြီးရဲ့ ဒါစေတနာတွေ။ အဲ့ဒီစေတနာတွေဟာကံ၊ အပြင်ကံတွေကိုစင်ကြယ်မှာ အတွင်းမှာ ဉာဏ်ဖြစ်မယ်။ ဒါခင်ဗျားတို့အတွက်တွေပါ။ ခင်ဗျားတို့အတွင်း မနောကဖောက်ပြီ။ ဒါတွေကြားတာနဲ့ စေတနာပျက်ပြီ။ ကိုးယိုးကားယားတွေပြောတာ ကိုယ်ယိုးကားယားတွေလုပ် နှလုံးသားက စေတနာပျက်ပြီ၊ စေတနာပျက်ရင် ခင်ဗျားမှာ သီလပျက်တယ်။ စေတနာဆိုတာ နှလုံးသားကိုခေါ်တာ။ နှလုံးသားမှာ အယုတ်၊ အလတ်၊ အမြတ်မရွေး စေတနာတွေဟာ လက်ရည်တစ်ပြင်တည်းထား။ အဲ့ဒါဘုရားမှာထားတာ။ တခြားလူတွေမထားနိုင်ဘူး။ ဒါကြောင့် ကိုယ့်စေတနာကိုယ်စစ်၊ ဘုရားတွေလည်း ကျောင်းတွေဆောက်၊ ရေတွင်းရေကန်တွေလှူ၊ သညာနဲ့မှတ်တဲ့ စေတနာဟာ စိတ်မချရဘူး။ ပညာစေတနာကိုယူရတယ်။ ဒီပညာစေတနာဘယ်ကရသလဲဆိုတာ ဝိပဿနာကို ယူရတယ်။ ဒီပညာစေတနာ ဘယ်ကရသလဲဆိုတော့ ဝိပဿနာအနတ္တအသိလေး။ သူ့မှာအနတ္တအသိလေး နိုင်လုံလာတယ်။ အတ္တလေးတွေကိုလည်း သိလာတယ်။ အဲ့ဒါပညာခေါ်တယ်။ အတ္တလား။ အနတ္တလား။ စိတ်ကိုစစ် တာပညာခေါ်တယ်။ အဲ့ဒါနှစ်ခုကို သိမှပညာခေါ်တယ်။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ ဒုစရိုက် (၁၀) ပါးမလုပ်ဘူး။ သူများအသက်မသတ်ဘူး။ သူများပစ္စည်းမခိုးဘူး။ သူများသား မယားမဖျက်စီးဘူး။ ဒါ့အပြင်ကံတွေ၊ သူဘာမှမလုပ်ဘူး။ အဲ့လိုဆောက်တည်လိုက်တယ်။ ယုံကြည်မှုဆိုတဲ့ သဒ္ဓါဟာ သဒ္ဓါကနေ ဝီရိယကူးတယ်။ ဝီရိယဖြစ်လာတော့ သီလအုတ်ပန္နက်ရိုက်တယ်။ ဒါအင်မတန်မှထူးတယ်။ ကိုယ့်စိတ် ကိုယ်စစ်ရမယ်၊ စစ်တတ်ဖို့လိုတယ်၊ တရားတော့ထိုင်တယ်၊ စိတ်မစစ်တတ်ဘူး။ မစစ်တတ်တော့ ပညာပိုင်း မကူးဘူး။ သညာပိုင်းတွေဖြစ်နေတယ်။ တရားထိုင်ခိုင်းတယ်ဆိုတာ စိတ်စစ်ခိုင်းတာ။ စိတ်စစ်ခိုင်းတယ်ဆိုတာ တရားမထိုင်တဲ့အသိ၊ တရားထိုင်တဲ့အသိ၊ အဲ့ဒါကိုယ်ဟာကိုယ်စစ်၊ ကိုယ့်ဟာကိုယ် ဟုတ်၊ မဟုတ်ဆိုတာ သတိလေးထား၊ သတိ အမြဲတမ်းထား။ တရားထိုင်ခိုင်းတယ်ဆိုတာ စိတ်စစ်ခိုင်းတာ။ စိတ်စစ်တတ်မှပညာဖြစ်တယ်။ မစစ်တတ်ရင်လည်း သညာဖြစ်မယ်။ ဒါဖြတ်လမ်းကလိုက်တာ၊ အဲ့ဒါမှ သီလဖြစ်မှာ၊ လူကြီးမင်းများခိုင်းတာကို ဟုတ်ကဲ့ ကျွန်တော်လုပ်ပေးပါ့မယ်။ ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ စေတနာတွေ သူ့အကျိုးပေးတယ်။

ဘာတွေအကျိုးပေးသလဲဆိုတော့ ကျန်းမာရေးလာဘ်ရတယ်၊ စီးပွားရေးလာဘ်ရတယ်၊ အပါယ်လေးတံခါးလည်း ပိတ်တယ်။
ကြည့်စမ်း လူတွေမသိလို့ဘာ ငါ့ကြီးပဲနိုင်းတာဘဲ၊ ငါ့ကြီးပဲ ပိုက်ဆံတောင်းတာပဲ၊ ငါ့အိမ်ချည်းပဲနိုင်းတာပဲ၊ ငါတို့ချည်းပဲနိုင်းတာပဲ။
အဲ့ဒီတော့ ပြောတော့ လူကြီးမပြောဘူး။ မနောကပေါက်ပြီ၊ စေတနာက ပျက်ပြီ၊ ပေးလည်းပေးရသေးတယ်၊ လုပ်လည်းလုပ်
ရသေးတယ်။ စေတနာလည်းပျက်နေပြီ၊ စေတနာထားရမယ်၊ ဘဲပဲဖြစ်ဖြစ် ခြောင်ငါ့ရဲ့ကုသိုလ်ကံပဲလေ။ အလုပ်နိုင်းတယ်။
ငါလုပ်ပေးမယ်။ ခြောင် ငါ့မရှိတာကို ရှိတာငါ့ပေးမယ်။ တောင်းတာပေးမယ်။ ငါ့မှာထမင်းတော့ ချက်စရာမရှိဘူး။
ငါတောင်းပန်းမယ်။ လူကြီးကိုတောင်းပန်မယ်။ အဲ့ဒီတော့ ဒီလိုလူကြီးတွေမကောင်းရင် ကိုယ်လည်း တရားသမားပဲ။
ဒီရပ်ကွက်မှာမနေနဲ့။ အဲ့ဒီတော့ ဘုရားကဟောထားတယ်။ လူမိုက်ရှိရင် လူလိမ်မာတရားကျင့်လို့ မရဘူး။
ဓားပြတောထဲမှာသွားပြီးတော့နေရင် ဟော့ ငါ့စာတော့မတတ်ဘူး။ ကျေးငှက်လေးက လေကြီးမိုးကြီးတိုက်တော့
ဓါးမြအိမ်မှာတစ်ကောင်ရောက်သွားတယ်ကွ။ ဘုန်းကြီးကျောင်းမှာ တစ်ကောင်ရောက်သွားတယ်ကွ။ ဓားပြဆီ ရောက်တဲ့
ကျေးလက်လေးက သူတို့လုပ်တာတွေ ကိုင်တာတွေကြည့်တော့ ကျေးလေးက ဘယ်လိုပြောလဲဆိုတော့။ (ထလေ တိုက်လေ)။
ဘုန်းကြီးကျောင်းရောက်သွားတဲ့ ကျေးလေးက ဘယ်လိုဖြစ်လဲ ဘုရားရှိခိုး၊ ကြေးစည်ထုလေ ဆွမ်းတော်ကပ်လေ ဒီသဘာဝပဲ။
မကောင်းသူနဲ့ မပေါင်းနဲ့။ ကောင်းတဲ့သူနဲ့သွားပေါင်း၊ အဲ့ဒါတရား။ သူလည်းသွား မပြောနဲ့။ သူစိတ်ဆိုးအောင်မလုပ်နဲ့။
ကိုယ်ကရှောင်ရတော့မယ်။ သူမကောင်းဘူး။ ကိုယ်ရှောင်မယ်။ သူ့သွားမပြောနဲ့။ သူဘာလုပ်လုပ် လုပ်ချင်တာလုပ်။
ကိုယ်ဟာကိုယ်ရှောင်တတ်ဖို့လိုတယ်။ ကိုယ်ကအနာခံရမယ်။ သည်းခံရမယ်၊ အဲ့သူ့ကိုဘက်တိုက်ရင် ကိုယ်မှာအကျိုးမရှိဘူး။
ဒါကြောင့်မို့လို့ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတက် ဖို့လိုတယ်။ သေတတ်ဖို့လိုတယ်နော်။
အင်မတန်အရေးကြီးတယ်။ သူကလူမိုက်။ ကိုယ်ကသိတာပေါ့။ လူမိုက်လာတယ် ကွာ။ သူ့အကြောင်းလဲ မပြောဘူး။
ကိုယ်ကပညာရှိတာဘဲ။ အဝေးကရှောင်တယ်။ မနေတော့ဘူးကွာ။ ဒီနေရာမှာ အဲဒီလိုရှောင်သွားတာ။
အဲရှောင်တက်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဇာတသတ် ဘယ်သူနဲ့ပေါင်းလဲ။ ဒေဝဒတ်နဲ့ ပေါင်းတယ်။ အဲ့ဇာတသတ်
ဒေဝဒတ်နဲ့ပေါင်းတယ်။ အင်္ဂုလိမာလ ဘယ်သူနိုင်းလို့လုပ်လဲ။ ပါမောက္ခဆရာနိုင်းလို့ လုပ်တယ်။ ဆရာကနိုင်းလို့လုပ်တယ်။
အဲ့ဒီတော့ ဆရာနိုင်းတိုင်း ကိုယ်ကပညာနဲ့သုံးသပ်ရမယ်။ ဆရာနိုင်းတိုင်း ကိုယ်ကခေါင်းမညိတ်နဲ့၊ ဒီဆရာဟာ ကောင်းလား။
မကောင်းဘူးလား။ မကောင်းရင်ပြောမယ်။ အဲ့ဇာတသတ်လည်း ဒေဝဒတ်ပေါင်းမိလို့ အောက်ရောက်တယ်။
ဒါခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သူလည်းသွားခံမပြောနဲ့။ ခံပြောရင် ကိုယ်မှာသီလပျက်မယ်။ ကိုယ့်မှာဓမ္မအန္တရာယ်တွေ
ဖြစ်သွားမယ်။ ကိုယ်တရား လိုချင်တာကိုး။ ဒါကြောင့်မို့လို့ အခန်းပိတ်တယ်၊ အရက်သောက်တယ်၊ သူဟာသူသောက်တာ။
လျှောက်မပြောနဲ့၊ ကိုယ်ဟာကိုယ်နေတတ်ဖို့လိုတယ်။ သူများအကြောင်း၊ ကိုယ့်အကြောင်း မလုပ်နဲ့၊ အကြောင်းသတ်ရမယ်။
မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း
ကိုယ်သိဖို့ ပညာရှိဖို့လိုတယ်။ သညာနဲ့ နှလုံးမသွင်းနဲ့၊ ပညာနဲ့နှလုံးသွင်း။ ဒါခင်ဗျားတို့အတွက်တွေပါ။ နေတတ်ဖို့လိုတယ်။
ကိုယ်ဟာကိုယ် ကိုယ့်ရဲ့မိသားစုတွေ၊ ကိုယ့်ရဲ့စေတနာတွေ၊ ကိုယ့်ဟာကိုယ် ဆားလေးနဲ့စားရစားရ၊
နှလုံးသားစေတနာတွေမှန်ဖို့လိုတယ်။ အဲ့ဒီလိုစေတနာတွေမှန်ရင် မိသားစုတွေက ရောဂါဘယတွေကင်းရှင်းလားမယ်။
ဒီကပ်တွေလွတ်မယ်။ ဒီကပ်ကြီး သုံးပါးကို လွတ်သွားလိမ့်မယ်။ ဒီကပ်ကြီးသုံးပါးမလွတ်တာဘာကြောင့်လဲ။

ကာယကံသောင်းကျန်းမှုတွေ ဝစီကံဖောက် ပြန်မှုတွေ၊ မနောကံတွေကြောင့် အဲ့ဒီသုံးကံကို ကျူးလွန်လိုတဲ့၊ ဒီကပ်ထဲရောက်တာ မှတ်ထား။ သဘောလေးနဲ့ သေကြမှာပဲ။ ဦးပဏ္ဍိတလည်း သေမှာဘဲ။ ခင်ဗျားတို့တရားနာတဲ့သူတွေလည်း သေမှာဘဲ။ တရားနာတတ်ဖို့ လိုတယ်၊ ရင်ဝနှလုံးမှာအသိစိုက်ဖို့လိုတယ်၊ တရားနာတော့နာတာဘဲ။ ခင်ဗျားတို့နာကြားတော့ ကြားတာဘဲ၊ ကြားတော့ သိတာဘဲ။ ဦးပဏ္ဍိတပြောတာကို ခင်ဗျားတို့ကြားတာပဲရှိတာ၊ ကြားပြီးနာတာဘဲရှိတယ်။ လူကအသိဝင်ရတာ၊ အဲ့ဒီ အသိကထုတ်ပြလို့မရဘူး။ အပါယ်ပိတ်တာ သူ့ပဲဗျို့၊ လူတိုင်းဖြစ်သလားဆိုတော့ လူတိုင်းမဖြစ်ဘူး။ သူအကြောင်းနဲ့ သူရဲ့အကျိုး၊ သူရဲ့စေတနာ ဒီကလည်း ဓမ္မစစ်ရမယ်။ သူကလည်း စေတနာစစ်ရမယ်။ (ကုသလာနံ)[၂] (ဓမ္မနံ)[၂] ဟောတုပစ္စယောတဲ့ ဘုရားဟောအရ ချက်ချင်း ဝေဒနီယ ဒိဋ္ဌအကျိုးဖြစ်တယ်၊ စေတနာမှန်ဖို့လိုတယ်။ အပြင်မှာ နှုတ်ချိုပြီး ဖုံးထားတယ်။ တစ်ခါတည်း အတွင်းမှာခြဖုံးမဲလို့။ အပြင်မှာကတော့ အကိုကြီးရေ ဘယ်ကပြန်တာလဲ၊ အတွင်းမှာတော့ ဘယ်လိုဘယ်ချမ်းသာ ခင်ဗျားတို့တွေးကြည့်။ ခင်ဗျားတို့ ဗိုလ်အောင်မြင်ထမင်းစားဖိတ်တာ ဘာကြောင့်သွားလဲ။ မသိလို့သွားတာ။ သွားတော့သေရတာပေါ့။ ဒါကြောင့်မို့လို့ သညာဟာအင်မတန်ကြောက်ဖို့ ကောင်းပါတယ်ဗျာ။ ဟိုကခေါ်လိုတာ။ သြော်ငါ့ဆရာပဲ၊ ငါ့အပေါင်းအသင်းတွေဘဲဆိုပြီးသွားတာ ထမင်းကျွေးပြီး အကုန်ပစ်သတ်လိုက်တာနော်။ ဒါဘာလဲ ခင်ဗျားတို့တွေးကြည့် ဆရာဆိုပြီးတော့ သူသွားတာ အဲ့ဒီတော့ကိုယ့်ကိုယ် ကိုယ်စစ်သူများသွားမယုံနဲ့။ အဲ့ဒီဟာတွေနေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ တရားရတတ်ဖို့လိုတယ်။ ဒီတောနက်ကြီးထဲမှာလာပြီးတော့ ဆောက်ထားတာနော်။ ဦးပဏ္ဍိတဘာမှသိတာမဟုတ်ဘူး။ ဘာမှဒီနေရာကို ရောက်ဖူးတာလည်း မဟုတ်ဘူး။ ဒီနေရာရဲ့အခြေအနေ၊ ဘုမ္မိနတ်သန်ဒီနေရာရဲ့ ပုဂ္ဂိုလ်တွေ။ အဲ့ဒါကြောင့်မို့လို့ လာပြီးတော့လုပ်ပေးတာပါ။ ဘာမှစာတတ်တာလည်း မဟုတ်ဘူး။ ခင်ဗျားတို့မဲကျော်မှာ လာပြီးဖြစ်သွားတာနော်။ ခင်ဗျားတို့တွေးကြည့်။ နိုင်ငံတော်အစိုးရဆိုက တစ်ပြားမှမတောင်းဘူး သူတစ်ပြားမတောင်းဘူး။ မှတ်ထား။ အဲ့သူ့ကို ဒကာ၊ ဒကာမများကလှူကြတယ်။ တန်းကြတယ်၊ နိုင်ငံခြားက ထိုင်ဝမ်းကပေးတယ်၊ ဒါတွေနဲ့လုပ်ပေးလိုက်တယ်။ သူနေတော့ အစုပ်ပလုတ်နဲ့နေတာ။ စားလည်းတစ်လုံးမှတတ်တာမဟုတ်ဘူးနော်၊ ဘာတစ်ခုမှတတ်တာမဟုတ်ဘူး။ ဘာစာမှမတတ်ဘူး ခင်ဗျားတို့ သီလတောင်းလည်း မပေးတတ်ဘူး။ ရေစက်ချတာလည်း မလုပ်တတ်ဘူး။ လူသေလို့ လည်း သပိတ်မသွတ်တတ်ဘူး။ မင်းငါတတ်တဲ့ ပညာလာကြည့်လှည့်တဲ့ကွ။ တစ်နေ့တစ်ထောင်ပေးမယ်တဲ့ကွ။ အေး မင်းငါ့အကြောင်းသိတာပေါ့တဲ့၊ စာတော့မတတ်ဘူးကွ၊ အဲ့ဒီလိုရဟန်းကွ၊ ခေါင်းမာတယ်ကွ၊ သဏ္ဍာန်ရှိတယ်ကွ၊ မှတ်ထားမင်းတို့ ဒါပေမယ့် ငါ့အဲ့ဒီလို စာမတတ်တော့ ငါလိုဖြစ်ပါစေ။ ငါ့လိုသိပါစေ။ မင်းတို့တောကြီးထဲမှာ လာဆောက်ထားတာ၊ အလကားဆောက်တာမဟုတ်ဘူး။ အကြောင်းရှိလို့လာလုပ်ပေးလိုက်တာ။ အဲ့ဒါတွေကိုလာပြီးတော့ ပြောတယ်။ ကိုယ့်ရဲ့မကောင်းတာတွေ ဒုစရိုက်တွေကိုပယ်လိုက်။ ပယ်ရင်လေ ခင်ဗျား ရဟန္တာတောင် တက်ဖြစ်တယ်။ ဘာဖြစ်လို့လဲ။ ကိုယ်အရိယာကိုမှ မသတ်သေးတာ။ အင်္ဂုလိမာလကြည့်ပေါ့။ ရဟန္တာဖြစ်တာပဲ။ ဒါတွေဟာသိရင် ပယ်လိုက်။ မကောင်းတာတွေပယ်လိုက်။ ပယ်လိုက်ရင် ခင်ဗျားမှာ သီလ၊ သမာဓိတို့ ပညာတို့ဖြစ်တယ်။ ကုသိုလ် တစ်ပဲ၊ ငရဲတစ်ပိဿာတဲ့။ ဒီလိုရေးထားတယ်၊ ကုသိုလ်လေးကရတယ်။ ငရဲကတစ်ပိဿာ ဖြစ်နေတယ်နော်။ အဲ့ဒီ ငရဲကိုအနတ္တနဲ့ နှလုံးသွင်းပြီးချေလိုက်။ အဲ့ဒါတစ်ခါတည်းပြတ်တာဘဲ။ ဝိပဿနာကိုကျင့်ကြပါ။ ကြံကြပါ။ အားထုတ် ကြပါ။

ဒီဝိပဿနာနဲ့ခင်ဗျားတို့တွေးကြည့်၊ ကျေးကုလား တစ်ဆယ့်ခြောက်တိုင်းပြည် ဝေဠုလုမနအကုန်လုံး သတ်ပစ်တာ။ သီလရှိတဲ့သူ တစ်ယောက်နဲ့တစ်ပိုင်းပဲရှိတယ်။ အဲ့ဒီထဲမှာ အရိယာမပါဘူး။ ခင်ဗျားတို့ကျေးကုလား တွေက ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊ သရဏဂုံသုံးပါး မတည်တဲ့ကောင်တွေ၊ မတည်တဲ့ ကောင်တွေ၊ ဒီလောက်ဆိုသိရောပေါ့ဗျာ။ (သာဓု၊ သာဓု၊ သာဓု)

ဝိသုဒ္ဓိမဂ်ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
ဖုန်း **09-250432050, 09-794506593**
**09-251620128, 09-447572355**

ပြောင်းမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သဒ္ဓာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သဒ္ဓာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၃၁.၇.၂၀၀၂)ရက်နေ့၊ ပြောင်းမြို့

ဝိသုဒ္ဓိမဟာမြိုင်ဓမ္မာရုံတော်ကြီးတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသဒ္ဓာတရားတော်

ဝိသုဒ္ဓိဓမ္မသဒ္ဓာတရားတော်အမှတ်(၁၄)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၁၁.၇.၂၀၀၂)ရက်နေ့၊ ပြောင်းမြဲမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း ဝိသုဒ္ဓိမဂ္ဂရုံတွင် တရားထိုင် သံဃာ၊ သီလရှင်၊ ယောဂီများအား ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ကံဆိုတာ သံသရာလည်တဲ့တရားနဲ့ သံသရာဖြတ်တဲ့တရားရှိတယ်။ သံသရာပြတ်တဲ့တရားက ဉာဏ်တရားတဲ့။ ဉာဏ်ဆိုတာက ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ မဂ္ဂင်နဲ့တိုက်ပြီးတော့စစ်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်တယ်တဲ့။

မနောက စလာတယ်။ မနောနဲ့ အာရုံငါးပါးနဲ့လာပြီးတော့ ပေါင်းလိုက်တဲ့အခါကျတော့ စိတ်။ စိတ်ကိုခေါ် သမုတ်လိုက်တယ်။ အာရုံငါးပါးနဲ့ မြင်လိုက်တဲ့အခါကျတော့ စက္ခုအာရုံကြောင့် မနောဘဝင်က သိတယ်။ နှံသာကြောင့် ဘဝင်ကသိတယ်။ ဒီလိုအသိလေးတွေကို ဟုတ်/မဟုတ် စမ်းစစ်ပါ။

သဒ္ဓါဗိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တာ။ ယုံကြည်ရင် ဝီရိယထူထောင်ရမယ်။ တရားထိုင်ကြမယ်။ "ဝင်လေ၊ ထွက်လေ ဆိုတဲ့အသိကို ကပ်ထားမယ်။ ကာယကံ သုံးပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါး ပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါးခေါ်တယ်။ ဒီဒုစရိုက်(၁၀)ပါးမှာ အာရုံနဲ့ မနောပေါင်းလိုက်တဲ့အခါကျတော့ ဗျာပါဒတွေ၊ အဘိဇ္ဈာတွေ၊ ကုက္ကုစ္စိတ်တွေ၊ ဝန်တိုမိစ္ဆာစိတ်တွေ၊ ဒေါသစိတ်တွေ၊ လောဘစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာမာနစိတ်တွေဖြစ်တယ်။ ဒါ အနုသယ။ သိပ်နုတယ်။

လမ်းလျှောက်တယ်။ အာရုံငါးပါးမလွှတ်တော့ မနောနဲ့ အာရုံနဲ့ပေါင်းပြီးတော့ လို/မလိုဖြစ်တယ်။ အဲဒီစိတ်ကလေးကို သတ်ပါ။ စိတ်ကလေးကို ဝိပဿနာ မဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန်လေးပါးနဲ့ နှလုံးသွင်းပါ။ အင်မတန် အကျိုးရှိတဲ့ အသိတရားတွေပါ။ သဘောပေါက်ကြလို့ အင်မတန်ထူးတဲ့တရားတွေပဲ။

ဒီတော့ ဦးပဋ္ဌင်းကြီးပြောမယ်။ ကာယကံ သုံးပါးဆိုတာ သူများအသက် မသတ်ဘူး၊ သူများပစ္စည်း မခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး။ ဒါ ပညတ်ရဲ့ ကံတွေခေါ်တယ်။ ဘုရားပညတ်တဲ့ ကံတွေခေါ်တယ်။ ဝစီကံက မုသာဝါဒ၊ ဖရုသဝါစာ၊ ပိသုနဝါစာ၊ သမ္ဖလာပဝါစာ၊ ဘုရားပညတ်တဲ့ ကံတွေခေါ်တယ်။ လက်ကလေးပိုက် တင်ပျဉ်ခွေပြီးတော့ တရားထိုင်တဲ့အခါကျတော့ ထိုင်နေရင်း

တွေးတယ်။ အဖေတွေးလိုက်၊ အမေ့တွေးလိုက်၊ လောကီအကြောင်းတွေ တွေးလိုက်၊ အထွေထွေ လောကီအကြောင်းတွေ တွေးတယ်။ ငါ ဒီနေ့ဘာလုပ်ရမယ်။ ဘယ်နှစ်နာရီထိုးပြီ၊ အုန်းမောင်း ဘယ်အချိန်ခေါက်မလဲ။ ဒါ လောကီရဲ့ အနုသယစိတ်တွေ။ သံသရာလည်တဲ့ လောကီစိတ်တွေ။ အစွဲဥပါဒါန်ခေါ်တယ်။ လျှောက်ပြီးတော့ တွေးနေတယ်။

တရားစဉ်မှာ တင်ပျဉ်ခွေပြီးတော့နေတာ မနောက တောင်တွေး၊ မြောက်တွေး တွေးတယ်။ နောက်နောင်က အာရုံနဲ့ အခုဖြစ်ပေါ်တဲ့ အာရုံနဲ့ ရှေ့ကိုလည်း မျှော်တယ်။ နောက်ကိုလည်း တွေးတယ်။ ဘဝင်က ဒီလိုဖြစ်နေရင် ခင်ဗျား အတွင်းသီလပျက်သွားပြီဗျို့။ အပြင်ကံသီလကတော့ လုံပါတယ်။ အတွင်းသီလ (၃၁)ဘုံလွတ်တဲ့ သီလကတော့ မလွတ်တော့ဘူးဗျို့။ ခင်ဗျားမှာ ငြိနေတယ်။ အနုသယ။ အပြင်သီလကတော့ မှန်ပါတယ်ဗျာ။ နတ်ဘုံရောက်မယ်။ ဗြဟ္မာဘုံရောက်မယ်။ ဒါကတော့ တဒင်္ဂ ခင်ဗျားစိတ်ကလေးဟာ သူများအသက် မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး။ ဒါလေးတွေ ခင်ဗျားရှောင်ထားတယ်။ ပညတ်ရဲ့သီလက ခင်ဗျားရှောင်ထားတဲ့ သီလခေါ်တယ်။ လုပ်မယ့်အလုပ်လည်း ခရီးပေါက်အောင် လုပ်ကြပါဦး။ ဦးပဥ္စင်းက မေတ္တာရပ်ခံတယ်။

ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ကုက္ကုစရယ်။ ဒါ အာရုံကြောင့်ဖြစ်တာပါ။ ဒါ အနုသယ။ ဒါကိုပဲ သိတယ်။ ဘေးက မသိပါဘူး။ သူကဘာ၊ ကျုပ်ကဘာ၊ သူက ဘာတွေလုပ်တာပဲ။ အဲဒါတွေဟာ သံသရာလည်တဲ့ စိတ်တွေခေါ်တယ်။ မဂ္ဂင်ရှစ်ပါးရဲ့ ဉာဏ်၊ ဝိပဿနာရဲ့ ဉာဏ်တွေဖြစ်တယ်။ ဉာဏ်ဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် ဉာဏ်ဖြစ်လို့ ဖြစ်မှန်းမသိဘူး။ ဘာဖြစ်လို့လဲ၊ တွေးတောတဲ့စိတ်၊ ကြံစည်တဲ့စိတ်၊ ပြုလုပ်တဲ့စိတ်၊ အထမြောက်တဲ့စိတ် မရှိတော့ဘူး။

တရားထိုင်တော့ ရှူး ရှူး ရှူး ရှူးနဲ့ ရှူတယ်။ နှာခေါင်းနှစ်ပေါက်က ဝင်တာ၊ ထွက်တာ သစ်ပင်ကြီးလွှဆွဲထားသလိုပဲ။ ရွှမ်း ရွှမ်း ရွှမ်း ရွှမ်းနဲ့ ထိုင်တယ်။ တွေးနိုင်သေးလား။ မတွေးနိုင်ပါဘူး။ ငယ်စဉ်က စာဝါတွေလိုက်တဲ့ ဆရာတော်မဟုတ်ပါဘူး။ ငယ်စဉ်က ဆိုးပေလာတော့ ဝိပဿနာလုပ်တော့လည်း ခပ်ကြမ်းကြမ်း သွားရပါတယ်။ ဘာကြောင့်ရှူရတာလဲ။ တွေးစိတ်မပေါ်နိုင်အောင်လို့ပါ။ ထိတာက ရုပ်၊ သိတာက နာမ်၊ မမှတ်နိုင်တော့ဘူး။ ဒီတော့ ရှူပြဦးမယ်။ ရှူး ရှူး ရှူး ရှူး ရှူး ရှူး ရှူး ရှူး အဲဒီလို ရှူရပါတယ်။ ဒီတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ် ငါးခုကတော့ မရှိပါဘူး။ စေတသိက်ကို သတ်နေတာ။ စေတသိက်ကို သတ်တဲ့အခါကျတော့ သူ မမှတ်နိုင်တော့ဘူး။ အနုသယစိတ်တွေဟာ ခင်းကြမ်းဝင်လာလို့ ပြင်းပြင်းရှူရပါတယ်ဗျာ။ ပြင်းပြင်းရှူတဲ့အခါကျတော့ ရှူတဲ့သဘောလောက်ပဲ သူဖြစ်နေပါတယ်ဗျာ။ တွေးတဲ့သဘော မရှိတော့ဘူး။ အဲဒီလောက် တရားကိုလိုချင်တဲ့ပုဂ္ဂိုလ် တစ်ယောက်ပါ။

ရုပ်မှာ တဏှာတွေရှိတယ်။ ကိလေသာရှိရင် တဏှာရှိမယ်။ ဒါပြင်းလို့မရတဲ့ တရားတွေ။ တဏှာသတ်တာ ဝိပဿနာ မဂ္ဂဝင်ရှစ်ပါးပဲ။ အဲဒါဉာဏ်။ အခုကျင့်နေတာ ဉာဏ်တွေ။ ခင်ဗျားတို့ လုပ်နေတာ ဉာဏ်တွေ။ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်။ ဒိဋ္ဌိသတ်ထားတာ ဉာဏ်ပေါ့။ စိတ် စေတသိက် သေရမယ်။ ဝမ်းမသာဘူး။ ကိုယ့်စိတ် ကိုယ်စစ်ဆိုတာ အပြင်အာရုံတွေ အတွင်းမှာလည်း တွေးတော ကြံစည်ပြုလုပ်တဲ့စိတ်တွေ ငါမှာရှိသေးလား။ အဲဒါစစ်ခိုင်းနေတာ။ အဲဒါ ဉာဏ်ခေါ်တယ်။ ကံမဟုတ် ဘူး။ ကံဝင်လာရင် ဉာဏ်ကသိတယ်။ ဒါတွေ သဘောလေးမှတ်ပါ။ ထိတာက ရုပ်၊ သိတာက နာမ်၊ မှတ်နေရင် ကြာနေဦးမယ်။ အမှတ်များတွေဖြစ်နေဦးမယ်။ တွေးစိတ်မဖြစ်အောင်လုပ်။ လုံးဝ မတွေးနဲ့။ အာရုံငါးပါးနဲ့ မပေါင်းနဲ့။ သတိ၊ အသိကပ်ထား။ တဒင်္ဂလေး ဓမ္မတရားတွေပေးနေတာ။

တဒင်္ဂလေးပေးတဲ့အသိနဲ့ တရားစဉ်ပေါ်မှာဖြတ်လိုက်တော့ ခင်ဗျားတို့ အာရုံငါးပါးနဲ့ ပြန် ပေါင်းတယ်။ ဒါ အနုသယရဲ့ ကံတရားကို ပောနေတာ။ အခုဖြစ်နေတာ ဉာဏ်တရား။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဒိဋ္ဌိသတ်တဲ့အတွက်ကြောင့် ဗျာပါဒရယ်၊ အဘိဇ္ဈာရယ် ကင်းဝေးနေတာ။ ခုနက ဦးပဏ္ဍိတ ရှုပြတာတွေ့လား။ ရှုပြတော့ တွေးသေးလား။ ငါ မတွေးတော့ပါဘူးကွာတဲ့။ သားမယား၊ သားသမီး အထွေထွေတွေ ငါတွေးသေးလားတဲ့။ မတွေးနိုင်ပါဘူးကွာတဲ့။ ဘာဖြစ်လို့လဲ။ ငါဟာ ဒီတရားကို ယုံကြည်တဲ့အတွက် တရားအားထုတ်တယ်။ လေကို ပြင်းပြင်းရှုတယ်။ နှင်းကန်ရှုတယ်။ အဲဒီလို ရှုပေါင်းများလာရင် တရားအားထုတ်တာ ကြာလာရင် နေတတ်ရမယ်။ ထိုင်တတ်ရမယ်။ သွားတတ်ရမယ်။ လာတတ်ရမယ်။ စားတတ်ရမယ်။ ဒါ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။

လုပ်တော့ လုပ်ပါရဲ့။ မနေတတ်၊ မထိုင်တတ်၊ မသွားတတ်ရင် ဒီအာရုံငါးပါးနဲ့ပေါင်းပြီးတော့ ခင်ဗျားတို့ ကံပဲဖြစ်ဦးမှာပဲ။ ကံဖြစ်သွားရင် (၃၁)ဘုံလည်မှာပဲ။ ခြင်းကြားနဲ့ ရေခပ်သလိုဖြစ်တယ်။ တစ်ခုပောဲ့ရှိတယ်။ ခင်ဗျားတို့ သူများအသက် မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး။ ဒါ ကိုယ့်စိတ် ကို စစ်၊ ပညတ်ရဲ့ ကံတွေလုံမှ ပရမတ်ဖြစ်မယ်။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင် ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အခု ခင်ဗျားတို့ ဉာဏ်စခန်းတွေ၊ ကံမဟုတ်ဘူး။ ခင်ဗျားတို့ သေသေချာချာမှတ်ထား။ တွေးတောနေရင် ကံဖြစ်သွားပြီ။ သိရမယ်။ သားအကြောင်း၊ သမီးအကြောင်း တွေးနေရင် ကံတွေပဲ။ အဲဒါ လောကီရဲ့ကံတွေ။ ခင်ဗျားလုပ်နေတာက အနတ္တ။ ခင်ဗျားပြောတာက အတ္တ။ သဘောလေးနာ။ ဒီနေရာမှာ သိပ်အရေးကြီးတယ်။ ဦးပဋ္ဌင်းကြီး ခုန

ရှုပြတယ်။ တွေးလား။ ဘာမှမတွေးဘူး။ ရှေ့လည်း မမျှော်ဘူး။ နောက်လည်း မတွေးဘူး။ အဲဒါ ဘဝင်လေးဟာ စေတသိက်မဖြစ်အောင် လေ့ကျင့်နေတာ။ သူ အမြဲလေ့ကျင့်နေတာ။ ကျင့်ပြီးရင် အာရုံငါးပါးနဲ့ မပေါင်းဘူး။ ကျင့်နေတဲ့အခါမှာလည်း အာရုံငါးပါးကို ဥပေက္ခာထားတယ်။ မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး။ တရားထိုင်နေတဲ့အခါမှာလည်း အာရုံငါးပါးနဲ့လည်း ပယ်ပြီ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ တွေ့လား။ ဘယ်နှစ်နာရီထိုးပြီလဲ။ ဘယ်လောက်အချိန်ရှိပြီလဲ။ ဒါ အတ္တတွေ၊ ပယ်နိုင်မှ တရားရမယ်။

ရှုပြတယ်၊ ရှူး ရှူး ရှူး ရှူး ရှူး ရှူး။ မပဟုတ်တရား ဆန္ဒသဒ္ဓါ တယ်ပြင်းထန်ပါလား။ မနေနိုင်တော့ဘူးဗျို့၊ တရား အမြဲအားထုတ်တယ်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ တကယ်လိုချင် တကယ်သိရပါလိမ့်မယ်။ ခင်ဗျားတို့စောင်းကြိုး တင်းလည်း မတင်းနဲ့၊ လျော့လည်း မလျော့နဲ့ဆိုတာ ရှိတယ်။ မလျော့မတင်း သွား။ သဒ္ဓါဆိုတာ ထူထောင်ရမယ်။ သဒ္ဓါဟာ စောင်းကြိုးလို လျော့နေရင်လည်း ဒုက္ခရောက်မယ်။ တင်းသွားပြန်ရင်လည်း သမာဓိလွန်ကဲသွားလိမ့်မယ်။ အသာလေးကြည့်နေ။ ခင်ဗျားတို့ အဲဒါ ဉာဏ်တရားတွေခေါ်တယ်။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိကို သတ်ထားတဲ့အတွက်ကြောင့် ကံက ချက်ချင်း လောလောဆယ်ပြတ်နေတာ။ ပြတ်နေတဲ့အတွက်ကြောင့် ငါသည်ကိုယ့်ကိုယ်ကိုယ် အားရှိလာတယ်။

တရားစဉ်ပေါ်မှာ တရားအားထုတ်တယ်။ ငါကျောင်းကနေပြီးတော့ လာတယ်။ ကျောင်းမှာ တောင်ပြောမြောက်ပြော။ ဒါတွေဟာ ကံတွေပါ။ ဒါဟာ အမှတ်ကြောင့် အာရုံငါးပါးနဲ့ မနောနဲ့ ပေါင်းနေတာ။ အဲဒါ ကံပဲ။ သူက အနတ္တလို့ပြောထားတယ်။ အနတ္တဆိုတာ တရားအားထုတ်တဲ့အခါမှာ ထိတာက ရုပ်၊ သိတာက နာမ်။ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ ထိတာက ဘာလဲ။ ကာယပသာဒ မွေးညှင်းနုလေးကို လေကထိတယ်။ အသားကိုထိတယ်။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ် နာမ်တွေ မမြဲဘူး။ ရုပ်နာမ်ကြောင့် ငါ ဒုက္ခတွေဖြစ်ပါလား။ ကံကြောင့် သွားစွဲတာ။ ဒုက္ခတွေဖြစ်နေတယ်။ ခန္ဓာက ဒုက္ခကို သိမှသာလျှင် ဥပါဒါန်ကံ ပြတ်မယ်ဗျို့၊ ခန္ဓာက ဒုက္ခကိုမှ မသိဘဲနဲ့ စာသိနဲ့ သိမယ်ဆို အကုန်ဆုံး သံသရာလည်မှာပဲ။ ခန္ဓာက ဒုက္ခကို သိမှသာလျှင် ဥပါဒါန်ကံတွေ၊ အစွဲတရားတွေ ပြတ်မယ်။ ခန္ဓာက ဒုက္ခကိုမသိရင် အစွဲတရားတွေ၊ ကံတရားတွေ မပြတ်ဘူး။ အနုသယကံတွေကို ဟောသွားတာပါ။

ခန္ဓာမှာ ဉာဏ်စိုက်၊ ဉာဏ်စခန်း ခေါ်တယ်။ ကံမဟုတ်တော့ဘူး။ သဘောလေးပဲ။ လောကီအကြောင်းတွေ အနုသယတွေ တွေးသေးလား။ တွေးရင် ကံဖြစ်မယ်။ ငါတွေးပါလား။ တွေးလို့ရှိရင် ငါမတွေးတဲ့နေရာ ရောက်အောင်လုပ်မှာပဲ။ တွေးလို့ရှိရင် တစ်သံသရာလုံး ငါမျောလိမ့်မယ်။ မတွေးတဲ့နေရာရှိတယ်။ တွေးရင် မတွေးတဲ့နေရာ ရောက်အောင်သွား။ အိပ်ချင်ရင် မအိပ်ချင်တဲ့နေရာ ရောက်အောင်သွား။ ထိနမိနတွေ ဝင်လိမ့်မယ်။ ထိနမိနဝင်ရင် တရားစဉ်ပေါ်မှာ ဉာဏ်မပေါ်တော့ဘူးဗျို့ အဲတော့ ထိုင်တော့တရားပါပဲ။ ထိနမိနဝင်မယ်။ ငိုက်သွားမယ်။ တော်ကြာ ဇက်ကြောတက်တယ်။ လက်ကြောတက်တယ်။ ခေါင်းတက်တယ်။ ပညတ်က နာမည်၊ နာမတွေမှတ်ပြီးတော့ ခင်ဗျားတို့စိတ်ကလေးက ဆင်းရဲနေတယ်။ စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေ။ စိတ်ဆင်းရဲတာက ရုပ်ရဲ့ဝေဒနာတွေကို သွားစွဲနေတာ။ အဲဒါ ကံတွေခေါ်တယ်။ ငါအားနာလို့သာကွာ ဒီအဖွဲ့ထဲရောက်နေတယ်။ ငါ မထိုင်ချင်ပါဘူးကွာ။ စိတ်ပျက်နေတယ်။ စိတ်ဆင်းရဲနေတယ်။ ဥပါဒါန်ကြောင့် ကံဖြစ်လို့။ အဲဒါတွေဖြစ်နေတာ။ ကိုယ့်ကိုယ်ကိုယ် အားပေး။ သူများအားမကိုးနဲ့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ အဓိ ဆိုတာ အခုလုပ်နေတာ။ အဲဒီ သီလဟာ အင်မတန်ထူးတဲ့သီလတွေ။ အာရုံငါးပါးလည်း ပယ်ထားတယ်။ သက္ကာယဒိဋ္ဌိလည်း ပယ်ထားတယ်။ မိစ္ဆာဒိဋ္ဌိလည်း ပယ်ထားတယ်။ အတ္တအစွဲ ဥပါဒါန်လည်း ပယ်ထားတယ်။ အဲဒါ ဉာဏ်။ အဲဒါကောင်းတယ်။ ကိုယ့်စိတ်ကိုယ်စစ်တတ်ဖို့လိုတယ်။ မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်သွားတဲ့လမ်းပဲ။ တစ်နှစ်၊ နှစ်နှစ် မကျင့်ရဘူး။ ခင်ဗျားမှန်ဖို့လိုတယ်။ သစ္စာရှိဖို့လိုတယ်။ သီလစစ်ဖို့လိုတယ်။ ခင်ဗျားပေါ်မှာ မူတည်တယ်။

ဦးပဋ္ဌင်းက စာမတတ်လို့ ဖွန်းကိုင်တော့ ဖွန်းကိုင်တဲ့အသိ၊ အိုး-ကိုင်တော့ ကိုင်တဲ့အသိ၊ အကုန်သိ။ ထမင်းစားလည်း အရသာကောင်း/မကောင်းသိ။ ဒါ လောကီအသိတွေ၊ ကိုင်တယ်-ကိုင်တယ်။ လှမ်းတယ်-လှမ်းတယ်။ စားတယ်-စားတယ်။ သိတယ်-သိတယ်။ အာရုံမှာ အသိကပ်ထား။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ အာရုံတွေကို ပယ်ရမယ်။ နားမှလည်း တဏှာရှိတယ်။ ဇိဝှါမှာလည်း တဏှာရှိတယ်။ နှံသာမှာလည်း တဏှာရှိတယ်။ အကုန်လုံး အနုသယတဏှာတွေ။ တဏှာဆို ကံဖြစ်သွားပြီ။ ကံဖြစ်ရင် ခင်ဗျား သံသရာလည်မှာပေ့ါ။

ကောင်းတဲ့ဆေးကို သောက်ပါ။ မမှန်တဲ့ဆေး၊ အတုဆေးတွေ မသောက်ပါနဲ့။ မှန်တဲ့ဆေးကို သောက်။ ငါ အကြောင်းမထူးပါဘူး။ ငါလုပ်မယ်။ ငါအနေထိုင်လည်း ပြောင်းလိုက်မယ်။ သွေးသား

ပြောင်းတော့ စိတ်ပြောင်းတယ်။ ဒါတွေကို အားကျပါ။ ဦးပဏ္ဍိတ က စာတတ်တာ မဟုတ်ဘူး။ အကုန်သိတယ်။ မပြောတတ်လို့။ ကံရဲ့အကြောင်းတွေ သိတာ။ သူ့မှာ ပညာရှိတယ်။ အဲလိုကျင့်ထားတဲ့ ရဟန်းတစ်ပါးပါ။ ဦးပဏ္ဍိတ ကို မတုနဲ့နော်။ ဖားတု ခရုခုန် အိုင်ပျက်မယ်။ သူ့မှာ ကျင့်ထားတဲ့ အကျင့်စရဏရှိတယ်။ ဉာဏ်ရှိတယ်။ သူနေချင်သလို နေနိုင်တယ်။ တစ်ဖက်က နာမ်ပုဂ္ဂိုလ်က သာသနာကို ပေးထားတဲ့အတွက်ကြောင့် ကျင့်ထားတဲ့စရဏရယ်၊ အပြင်ပညတ်ရဲ့ သာသနာရယ် တွဲပြီးလုပ်သွားတာဗျို့။

ကိုယ့်စိတ်ကလေး ကိုယ်စစ်။ ကိုယ့်ဘာသာကိုယ် နေတတ်ဖို့လိုတယ်။ အခုကျင့်နေတာက ဉာဏ်တရားတွေ၊ ကံဝင်လာရင် သိတယ်။ သားလေးတွေ၊ သမီးလေးတွေ ဘယ်လိုများနေလဲ။ စွဲရင် ကံခေါ်တယ်။ အဲဒါ ဖြတ်ပစ်တာ။ ဖြတ်ဖြတ်ပစ်တာ။ အခုနေတာ အာရုံငါးပါးလည်း ပယ်လိုက်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ မမြဲတာ အနတ္တပါလား။ အတ္တရဲ့အကြောင်း ငါသိပြီ။ အတ္တဆိုတာ အစွဲကံတွေ ထိတာက ရုပ်၊ သိတာက နာမ်၊ အဲဒါ အနတ္တ။ တိုတိုလေးပြသွားတာ။ တွေးတောကြံစည် ပြုလုပ်နေတာ ကံ။ အတ္တပါလား။ အတ္တဆို သံသရာလည် လိမ့်မယ်။ (၃၁)ဘုံလည်လိမ့်မယ်။ ခင်ဗျား အပယ်ကျတယ် မပြောဘူး။ (၃၁)ဘုံလွတ်တဲ့အကြောင်း လေးတွေ ပြလိုက်တာ။ ခင်ဗျားတို့ စိတ်ကလေးထားပုံထားနည်းလေးတွေ ပြလိုက်တာ။ လုပ်တာ မလုပ်တာ ခင်ဗျားအကြောင်း၊ ဦးပဍ္ဍင်းက ပြောပြပြီလေ။

တွေးတောကြံစည်နေတယ်။ အဖြူ ကြောင် ကျား သာယာတယ်။ စိတ်ဆင်းရဲတယ်။ စိတ်ချမ်းသာတယ်။ စိတ်ဘာလို့ဆင်းရဲလဲ။ သားသေလို့ ဆင်းရဲတယ်။ သမီးသေလို့ ဆင်းရဲတယ်။ စီးပွားရေး အခြေအနေမကောင်းလို့ ဆင်းရဲတယ်။ ခင်ဗျားကတော့ မလုပ်ဘူး။ သူများလုပ်တာ ခင်ဗျားက ပူတယ်။ အစွဲဥပါဒါန်၊ ကျောင်းကနေ ပူနေတယ်။ အဲဒါ ကံသွားပြန်ပြီ။ ခင်ဗျားတို့ အစွဲကံတွေ၊ အနတ္တဆိုတာ ထိတာက ရုပ်၊ သိတာက နာမ်၊ မနက်ဖြန်လည်း ပျက်တာပဲ။ သန်ဘက်ခါလည်း ပျက်တာပဲ။ ပျက်နေတာ။ အပျက်ကို ရှု၊ ရှုတတ်ဖို့လိုတယ်။ အမှိုက်ကစ ပြာသာဒ်မီးလောင်တယ်။ အာရုံနဲ့ မနှောပေါင်းရော။ ဥပါဒါန်ပေ့ါ။ အစွဲပေ့ါ။ ကံပေ့ါ။ သေရမှာပါလား။ ဖြစ်လာရင် ပျက်မှာပဲ။ ကံကုန်ရင် သွားကြမှာပဲ။ ကြိမ်းသေ သွားရမှာပဲ။ အဲတော့မှ သံဝေဂရမယ်။ အဲဒီတော့မှ မာန်ပြုတ်မယ်။ မာန်ကို ဖြုတ်ပစ်တဲ့ တရားခေါ်တယ်။ မာန်ပြုတ်မှ တဏှာပြုတ်မယ်၊ တဏှာမာန ဒိဋ္ဌိတဲ့။ ဝိပဿနာ မဂ္ဂင်နဲ့စစ်။ မဂ်ဉာဏ်ခေါ်တယ်။ ကံတွေက ပေါ်လာပါလား။ ကိုယ်သိရမယ်။ စိတ်ကလေး စစ်ခိုင်းနေတာ။ တွေးနေလား။ စေတသိက်တွေ ဝင်နေတာ။ ဝင်ရင် မဝင်အောင်လုပ်လိုက်။ ဝင်ရင် ကံ၊ အတ္တရဲ့ကံတွေ။ မဝင်အောင်လုပ်လိုက်။ ဝင်လာရင် ပြင်းပြင်းရှုလိုက်။ အမြဲတမ်းလေ့လာပါ။

သီလက ရှောင်ထားတာ။ ဘယ်သွားသွား ရှောင်ထားတယ်။ ဒါမလုပ်ဘူး။ ဟိုဟာမကိုင်ဘူး။ ဒါ ဝိနည်း(၂၂၇)သွယ်၊ ဒါမလုပ်ဘူး။ ဉာဏ်ကလေးနဲ့ ဖမ်းထားတာ။ မနောစိတ်ကလေးကို မဂ္ဂင်နဲ့ ဉာဏ်ကလေးနဲ့ ဖမ်းထားတာ။ အတ္တတွေလာပါလား။ ငါလုပ်တာ အနတ္တပါလား။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ်တွေ မမြဲပါလား။ မမြဲတာ အနတ္တ။ မြဲတာ အတ္တ။ ဒါလေး စစ်နိုင်းနေတာ။ ဒါလေးစစ်လို့ မှန်သွားရင် ခင်ဗျား လက်ခမောင်းခတ်ပေတော့။ ခင်ဗျားရဲ့နှလုံးသားကလည်း စင်ကြယ်တယ်။ အပြင်ကလည်း စင်ကြယ်တယ်။ မနောကလည်း စင်ကြယ်ပြီ။ အဲဒီတော့ ခင်ဗျားနေတတ်လာပြီ။ မနောနဲ့ အာရုံ၊ အပြင်မှာလည်း စင်ကြယ်တယ်။ အာရုံငါးပါးလည်း စင်ကြယ်တယ်။ မနောနဲ့ အာရုံ မပေါင်းတာလည်း ငါသိပြီ။ အာရုံငါးပါးနဲ့ မနောပေါင်းတာလည်း ငါသိပြီ၊ မနောနဲ့ အာရုံပေါင်းတဲ့နေရာရှိရင် မပေါင်းတဲ့နေရာရောက်အောင် ငါလုပ်မယ်။ ကိုယ့်စိတ်ကိုယ် အားကိုးပါ။ အခုတော့ အာရုံငါးပါးနဲ့ မနောနဲ့ ပေါင်းလို့ ကံတွေဖြစ်ကုန်ပြီ၊ အတ္တတွေ ဖြစ်ကုန်ပြီ။ အာရုံငါးပါးနဲ့ မနောပေါင်းတာလည်း ငါသိရမယ်။ မပေါင်းတာလည်း ငါသိရမယ်။ အဲဒါ ပညာတွေခေါ်တယ်။ ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

၁၃–၄–၂၀၀၃ ရက်နေ့ (သင်္ကြန်အကြိုနေ့)

ဝိသုဒ္ဓိမဟာမြိုင်(ကမ္မဋ္ဌာန်းကျောင်းတွင်)

ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတဟောကြားတော်မူခဲ့သော

ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မစာစဉ် (၁၅)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

(၁၃-၄-၂၀၀၃) ရက်နေ့ (သင်္ကြန်အကြိုနေ့)

မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင်

ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်းကစာပေကျမ်းဂန်မတတ်ဘူး နဂိုမူလကကျောင်းမနေတော့ စာမတတ်ဘူးတတ်တဲ့ပညာကို သူ့အလုပ်လုပ်ပါတယ်၊ အဲ့ဒီတော့ သူ့အလုပ်လုပ်တဲ့အခါမှာ ခန္ဓာကသိရမဲ့ကံတရား၊ ဉာဏ်တရား၊ ဈာန်တရားကို ခန္ဓာကသိရမယ် ဒါခန္ဓသိတရားခေါ်တယ်၊ ဒါဘဝလို့ခေါ်တယ်၊ မနောဘဝလို့ခေါ်တယ်၊ အဲ့ဒါတွေကို သစ္စာလို့ခေါ်တယ်၊ ဘာသစ္စာလဲ၊ အရိယာဓာတ်သစ္စာ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ ဒါရဟန်းတာသိ၊ အဲ့ဒါဟောတဲ့သစ္စာလေးပါး ခေါ်တယ် အဲ့ဒီတော့ ကံတရားကိုဟောတာ စွဲတရားကိုဟောတာဥပါဒါန်ကိုပြောတာ ဒါကြောင့်မို့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏အမှန် တရား ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာဆင်းရဲခြင်း၏အကြောင်းအမှန်တရား၊ နိရောဓသစ္စာ မဂ္ဂသစ္စာ နိရောဓ နှင့် မဂ္ဂကိုရရင် ဒုက္ခသစ္စနှင့် သမုဒယသစ္စာကို အပြန်အလှန် ဟောသွားတဲ့ ခန္ဓာသိတရားခေါ်တယ် အဲ့ဒါရှင်းရှင်း ပြောမယ် ဒါပင်မဲ့ အတ္တဆိုတဲ့တိုင်းပြည်မှာရှိကြတယ် စာလိုရေးထားတယ် ကံလိုအမည်ရတယ် အဲ့ဒီတော့ကံဆိုတာ မိမိပြုလုပ်တဲ့ကံရှိတယ် သံသရာဘယ်ကလည်လဲ အဲ့ဒီတော့ မနောကံကလည်တယ် မနောကံကလည်တယ် အဲ့ဒါမိမိမပြုလုပ်ဘူး ကာယကံနှင့် ဝစီကံကတော့ မိမိပြုလုပ်တယ် သွားရိုက်တယ် သွားဆဲတယ် အဲ့ဒါမိမိပြုလုပ်တာ မိမိပြုလုပ်တဲ့ကံက မနောကံက သံသရာဘာကြောင့်လည်လဲ မဏ္ဍာရိယစိတ် မနာလိုတဲ့စိတ် ကုက္ကုစ္စစိတ် ဗျာပါဒစိတ် အဘိဇ္ဈာစိတ် ဒိဋ္ဌိစိတ် တဏှာစိတ် မာနစိတ် အဲ့ဒါသံသရာလည်တဲ့စိတ်တွေဘဲနော် အဲ့ဒီတော့ ဒီလိုစိတ်တွေက ဘာကြောင့်ဖြစ်သလဲ အာရုံငါးပါးနော် အာရုံငါးပါးရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ခေါ်သမုတ်ထားတဲ့ကံလို့ အဲ့ဒီကံကအာရုံကိုသွားစွဲတာ စွဲတော့ အဲ့ဒါ ဥပါဒါန်ဖြစ်တာ အဲ့ဒါကံပဲ အဲ့ဒါသံသရာလည်တာပဲ အဲဒါကိုသစ္စာတဲ့ အရိယာဓာတ်သစ္စာ သမုဒယသစ္စာ မဟုတ်ဘူး သမုဒယသစ္စာ မတားနိုင်ဘူး ဒီနေရာမှာနော် ရဟန်းတော့ ရဟန်းဘဲ မတူဘူးပေးထားတဲ့ကံက သမုတိသစ္စာ ဝိရတိသစ္စာ သဘာဝသစ္စာ မရမတ္တသစ္စာ အရိယာဓာတ်သစ္စာ ဒါဘုရားဟောတာ ဘုရားဟောတာနဲ့ ခန္ဓာသိနဲ့ တစ်ထပ်တည်းရှိတာ အဲ့ဒါရဟန်းတာအစစ်ခေါ်တယ် အတုမဟုတ်ဘူး လူတော့လူပဲ လူမတူဘူးနော် ဟိုဟာက အကာ ပညတ်ခေါ်တယ် ဒီဟာက အနှစ် ပရမတ်ခေါ်တယ် အဲ့ဒါသဘောလေးဘဲနော တိုတိုလေးပဲတရားကနော် စာနဲ့သွားတိုင်းကြည့်စမ်း ဘာလဲအတ္တငါမြင်တယ် ငါကြားတယ် ငါသိတယ် ဒါတွေဟာ မောဟဖုံးလွှမ်းနေတယ်နော် မောဟဖုံးလွှမ်းလို့လောဘ ဒေါသ မနောကဖြစ်တာ တဏှာ မာနဒိဋ္ဌိလည်း မနောကဖြစ် မစ္ဆရိယစိတ် မနာလိုတဲ့စိတ် ကုက္ကုစ္စစိတ် မနောကဖြစ်တာ ဘာဖြစ်လို့ဖြစ်လဲ အာရုံငါးပါးမလွှတ်လို့ဖြစ်တာ အဲ့ဒါသံသရာလည်တယ် သံသရာဘယ်ကစလဲ ခန္ဓာကစလို့ဖြတ်တယ်နော် ဒါသီလကိုပြောမဟုတ်ဘူး သမာဓိကို ပြောတာမဟုတ်ဘူး အစွဲဥပါဒါန် ကိုယ့်စိတ်ကိုယ်စိတ် ဟော ထမင်းစာချည်းဘဲမနေနဲ့ တစ်ယောင်နဲ့တစ်ယောက် ခွန်းကြီး ခွန်းငယ်များကြတယ် ဘာတဲ့ သွားထမလုပ်ဘူး ကလေးက ကလေးကလုပ်တယ် ဟိုကလေးကလုပ်လာတော့ ပန်းကန်ထဲက ဟင်းရည်က မှောက်လာတယ် လက်ဖက်ရည်ကလေးနှပ်တာ မကောင်းဘူး ဒါဘာလဲ ကံတရားတွေပေါ့ အာရုံကိုသတ်လို့ မရနိုင်ဘူး အာသွက္ခယဉာဏ်မရနိုင်ဘူး ခံရတာပေါ့ အဲ့ဒါသံသရာလည်တယ် အဲ့ဒီတော့ သံသရာဘယ်ကစလဲ ခန္ဓာကစလို့ ဖြတ်တယ် ဒါဖြင့် ကောင်းပြီး ဒီအစွဲဥပါဒါန်ကိုကျွန်တော်သတ်မယ် ဘာနဲ့သတ်ရမလဲ မဂ္ဂင်ရှစ်ပါးနဲ့သတ် အဲဒီတော့

မဂ္ဂင်ရှစ်ပါးက စာကရေးထားတယ် သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ သမ္မာသိဋ္ဌိ သမ္မာသင်္ကပ္ပ အဲ့ဒီမနောနဲ့ မဂ္ဂင်နဲ့ အာရုံနဲ့ ကာယဝစီမနောနဲ့ ငါနဲ့ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ် ဉာဏ်ဘယ်လိုစင်ကြယ်လဲ ဟော စာတော့မတတ်ဘူး သဘောတော့ပြောပြမယ် ဘာတဲ့ စက္ခုဥဒပါဒိ ဉာဏဥဒပါဒိ ပညာဥဒပါဒိ အာလောကောဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ ရေးထားတာ စာရေးထားတယ် ဒါကြောင့်မို့ စာကမှန်၏ ဘာနဲ့ညှိမလဲ ဦးပဏ္ဍိတ ဉာဏ်နဲ့ညှိမယ် စာမှန်၏ ဉာဏ်မသိ ထိအောင်သူမသိ စာတွေငါတွေ အတွေနှစ်လီရှိတယ် စာတွေထက်ငါတွေ သာတယ် ဉာဏ်နဲ့ကြည့်တာ စက္ခုအာရုံမှာ ပညာဉာဏ်နဲ့ကြည့်တယ် နားသောတမှာပညာဉာဏ်နဲ့ကြည့်တယ် နှံ့သာမှ ပညာဉာဏ်နဲ့ကြည့်တယ် ဇိဝါမှာပညာဉာဏ်နဲ့ကြည့်တယ် အဲ ကိုယ့်အသားကိုထိလိုက်တာ ပညာဉာဏ်နဲ့ကြည့်တယ် ကြည့်ပြီး တော့ ကိုင်သာကိုင်မိအဲ့ဒါ တဏှာတွေဘဲဗျို့ တဏှာတွေဘဲဗျို့ အဲဒါကံပေါ့ဗျာ သူကဉာဏ်နဲ့ဘဲသိတာကို မိန်းမတွေကိုင်နေးတယ် နို့စို့တယ် ကိုင်ပြီးလုပ်ပြီး ခင်ဗျားတို့ဖွင့်မပြောခင် ဒီကပြောပြီး ဒါဘာတွေလဲ သစ္စာတွေ ဘယ်ကသစ္စာလဲ မနောတွေလား မနောသစ္စာ သမုတိသစ္စာကိုဖြတ်ပစ်လိုက်ပြီ ခင်ဗျားတို့ရှင်းအောင်ပြောပြတာ ခင်ဗျားတို့က အကာကိုစွဲတဲ့လူ အဲ အဲ့ဒီတော့ အကာစွဲတော့ဥပါဒါန်ကံတွေဖြစ်တယ်ဗျို့မှတ်ထား သေချာလေး သစ္စာနဲ့ဟောပေးလိုက်မယ် အဲ့ဒီတော့ ဦးပဏ္ဍိတကို ပေးကြို့ နဲ့မတိုင်းနဲ့ ကိုယ့်စိတ်ကိုကိုယ်စစ်ပေတော့ ဒီလူကလုပ်သွားတော့မယ် အဲ့ဒီရဟန်းကလုပ်တော့မယ်နော် အခုဆဲကာဘဲ တိုင်းတာဘဲ အခုခင်ဗျားတို့ကြားမယ်နော် သံဃာလေးလဲဆဲတာဘဲ လူလဲဆဲတာဘဲ မိန်းမတွေလဲဆဲတာဘဲ အဲသိပြီလေ လာချင်လာ မလာချင်နေ အဲသဘောလေး ဒီကပညာဉာဏ်ရှိတယ် သူကပညာဉာဏ်လိုခေါ်တယ် စက္ခုဥဒပါဒိ အာလောကော ဥဒပါဒိ ဟော ပညာဥဒပါဒိ ဉာဏဥဒပါဒိ စာလိုရေးထားတာ ရသွားပြီ ပဏ္ဍိတ သွေးသားပြောင်းရင်း စိတ်ပြောင်းတယ် နဂိုမူလ ဗီဇစိတ်မဟုတ်တော့ဘူးနော် မိရိုးဖလာစိတ်မဟုတ်တော့ဘူး တွေးမနေနဲ့တော့ အဲ့ဒါဝိပဿနာကျင့်ဖို့လမ်းကို ပြပေးလိုက်တာ ဒီလမ်းမှာ ဒီဘဝမလျှောက်ရင်တော့ သွားပြီး သူတော်ကောင်း သူမြတ်လောင်းနှင့် တွေ့ကြရပြန်တော့လဲ ကိုယ်ရဲ့ပေါ့ဆမှုတွေကြောင့်သွားပြန်ပြီ ခွေးဖြစ်မယ် ကြောင်ဖြစ်မယ် ကြက်ဖြစ်မယ် အပ္ပါယ်လေးဘုံ အသုရကာယ်ဘုံ၊ ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ အစကထဲကစာနဲ့ရေးထားတာ တကယ်သိတာကပဏ္ဍိတ ထုတ်ဖော်ပြလို့မရဘူး ဒီလူရဲ့စကားကို သစ္စာယူရတယ် အဲယူပြီး ဒီလူရဲ့အနေအထိုင် အဲ မြိုင်မာလာ (၂) လမ်းမှာနေတာ သူ့ရဲ့အနေကဘယ်လို အခုသူဝိသုဒ္ဓိ မဟာမြိုင်မှာနေတာ ဘယ်လို ဟိုတုန်းကစိတ်က ဘယ်လို အခုစိတ်ကဘယ်လို အဲသူများသွားမဝေဖန်နဲ့ ကြည့် သူ့ကို နမူနာကြည့် သူ့ကိုလာကြည့်နော် ခင်ဗျားတို့ ဒီတဏှာတွေက သောင်းကျန်းနေတယ် တဏှာကိုနိုင်တာ ဉာဏ်မှနိုင်တာ မှတ်ထားဘုရားကျင့်တာ အဲဒီတဏှာကို ကျင့်သွားတာ စက္ခုမှာ သာယာတယ် ဟော ဘယ်သူသိလိုက်လဲ နားသောတမှာ သာယာတယ် ဟော ဘယ်သူသိလိုက်လဲ အဲဒါ သစ္စာတွေပျက်တယ် အရိယာဓာတ်သစ္စာတွေပျက်တယ် ခင်ဗျားတို့ ကံသစ္စာတွေဖြစ်တယ် လည်အုံးမှာဘဲ သံသရာနော် စိတ်သာချ စာရေးထားတယ် ဧကောဓမ္မော ဧကောမမ္မော အေးလဲ အေးတယ် ဓမ္မော ဧကောမမ္မော စာရေးထားတယ် ဒါကြောင့်မို့ စာကမှန်၏ သူဉာဏ်မရဘူး ကံနဲ့ကြည့်တာ စာကမှန်၏ ဉာဏ်မသိ ထိအောင်သူမသိစာတွေငါတွေ အတွေနှစ်လီရှိတယ် စာတွေထက် ငါတွေကသာတယ် အဲ အဲ့ဒီတော့ ဦးပဏ္ဍိတ ယူသွားတာ ဒီအတိုင်းပဲ ဦးပဏ္ဍိတကိုကြည့် ဒီရုပ်ကလပ်ကြီးကိုကြည့် ဒီရုပ်ကလပ်ကြီးရှိတယ် ၃၂ကွပ်ဗွာရ ကေသာလောမာ စာတော့မတတ်ဘူး ဒါကိုမပူဇော်နဲ့ သူပြောတဲ့အသိကိုယူသွားလိုက် သူပြောတဲ့အသိကိုယူထားလိုက် သူပြောတဲ့အလုပ်ကို

လုပ်ထားလိုက် သူပြောတဲ့အလုပ်ကိုလုပ်ထားလိုက် အဲ သူကိုသွားပြီး ဖားစရာမလိုဘူး လုပ်စရာမလိုဘူး လျှုတဲ့အခါမှာလဲ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ် ညောင်ပင်ကြီးလောက်လှူရင်လဲ ညောင်စေ့လောက်ဖြစ်တယ် အဲ့ဒါစာရေးထားတယ် ဘာဖြစ်လို့ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်သလဲ ဟာ ဒုလ္လပတ် ငါးပါးအတွင်းက မဟုတ်ဘူး အပြင်စိတ်တွေ စာလိုရေးထားတော့ အဲ့ ဘယာအလှူပကာသနအလှူ ထက်ပေါ်ကျော်ဖော်ချင်လိုက်တာ အဲ တွေးကြည့်ပါ ဟိုးမှာမတွေ့ဘူးလား သမီးလေးကို နှစ်ထောင်နဲ့ အသပြာနဲ့ပေါင်တယ် နောက်တစ်နှစ်ပြီးတစ်နှစ်လုပ်တော့ ပိုက်ဆံလေးရတယ် နောက်တော့ သမီးသွားရွေး လမ်းမှာဆရာတော်တစ်ပါးတွေ့ ဟိုးထင်းခုတ်တဲ့သူက သူကထင်းခုတ်တယ် အဲ့ဒီလူက ဟာဘုန်းကြီးတော့ ဆွမ်းဝတ်တော့မှာပဲ အချိန်ကလဲနီးပြီ သူဖာသာဝေဖန်တာ မြင်တာမြင်တော့ ဘဝင်ကသိတာ အဲ သဒ္ဓါတရားကလဲကောင်း သားသမီးရွေးမဲ့ပိုက်ဆံ တစ်ခါထဲထမင်းထုပ်တွေဝယ်ပြီးတော့ သဒ္ဓါဘယ်လောက်ကောင်းလဲ ဒုလ္လပတ်ငါးပါးထဲက သဒ္ဓါခေါ်တယ် ဘုရားအစစ် တရားအစစ် သံဃာအစစ် သူစိတ်ထဲမှာ အစစ်လို့ထင်တယ် အဲ့ဒါ ဒုလ္လပတ် ငါးပါးခေါ်တယ် ဘယာသဒ္ဓါမဟုတ်ဘူး စေတနာမဟုတ်ဘူး ဟာ ခင်ဗျာတို့တော့ မိုးကျော့ခိုင်းပါပြီ စိတ်သာချ ဦးပဏ္ဍိတက တော့ ရှာကျွေးမှာပဲ ရလဲရပါတယ် တစ်ခါထဲအသေခံမယ် အခုမောနေတယ်နော် သကြားမင်းတွေ ဗြဟ္မာမင်းတွေ သာသနာ စောင့်နတ်မင်းကြီးလေးပါးရှိတယ် ပဏ္ဍိတကမကောင်းတာလဲသိတယ် ကောင်းတာလဲသိတယ် ပဏ္ဍိတစွဲတာလဲသိမယ် မစွဲ တာလဲသိမယ် နော် ဒီလူကြီးပြောမဲ့စကားကိုနားထောင် သစ္စာလေးပါးဆိုတာ ခန္ဓာသိပြောတာ ခင်ဗျားသွားစွရင် အဲဒါဘဲ ခုနကမတွေ့ဘူးလား ထမင်းမိဘတွေဝိုင်းစားကြတယ် ဟော ဘယ်သူမှမထဘူး ပျင်းနေကြတယ် တဏှာကကပ်နေတာ သူ့အလှည့်နဲ့ ကိုယ့်အလှည့်နဲ့ ကပ်နေကြတယ် ကလေးကထရတယ် ကလေးက ထပြီးတော့ ဟင်းတွေဘာတွေထည့်ပြီးပြီး အနားရောက်တော့ ပန်းကန်ကြီးက ဥပမာ မှောက်သွားရော အဲ့ဒီတော့မှ မှောက်တော့မှ အံကြိတ်တော့တာပဲ သူကကြိတ် လိုက် ငါကကြိတ်လိုက်နဲ့ ဒါဘာလဲ မြင်ပြီးဟုတ်လား အဲဒါဘာလဲ တဏှာ မာန ဒိဋ္ဌိလေ တဏှာကမီးမွှေးသွားတာ ကိုယ်တွင်း မှာရှိတဲ့တဏှာက မီးမွှေးသွားတာ အာရုံသတ်လို့မရဘူး မာန်ဖြစ်ကုန်ပြီး အဲ့ဒါ သီလပျက်တယ် ဝိသုဒ္ဓိသီလပျက်တယ် ဘာဖြစ်လဲ သံသရာလည်တဲ့စိတ်ဖြစ်သွားတယ် ဝတ်တော့သကိန်းကြီး လုပ်တော့လည်ပင်ပုတီးကြီးနဲ့ အဲဒါတွေကြည့် စိတ်က တဏှာနဲ့ ခယမစ္စက စိတ်သာရှင်စော ဘုရားဟော ဘုရားဟောတာ စိတ်ဟောတာ အဲ့ဒီတော့ ဒီစိတ်တွေကို ဟောရတာ အဲ့ဒီတော့ စာတွေနဲ့ခင်ဗျားတို့ အထပ်ထပ်ဆဋ္ဌသံဃာတွေတင်တာ တစ်ပွဲပြီးတစ်ပွဲတင်တာ အဲဒါတွေတင်တာပဲ ဘုရားမိတဲ့ သူက ပဋ္ဌာစာရိတို့ မဟာသောပန်ကြီးတို့ အဲဒီလူတွေစာ ကျွတ်တဲ့သူတွေ ကျွတ်တယ်ကျတဲ့သူတွေ ကျတယ် သုပ္ပဗုဒ္ဓတို့ အဲ့ဒီတော့ တွေးကြည့် အဲ့ဒါ ဘုရားရှင်ရှေ့တောင်ရှိသေးတာပဲ ဦးပဏ္ဍိတက စာပေကျမ်းဂန် တကယ်ရသွားတာ တကယ်ကို ရတာ ရလို့လဲတက်ဟောတာ သစ္စာလေးပါး ဒုက္ခဆိုတာဘာလဲ ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်း၏ အမှန်တရားဘာဆင်းရဲလဲ စိတ်ဆင်းရဲတယ် ဘုရားကဟောတော့ စိတ်မဆင်းရဲပါစေနဲ့ ရုပ်ဆင်းရဲပါစေ အဲဒါဘုရားဟောတာပဲ ရုပ်ဆင်းရဲပါစေ အဲဒါ ဘုရားဟောတာပဲ ရုပ်ဆင်းရဲပါစေ ရုပ်ဆင်းရဲပါစေ စိတ်မဆင်းရဲစေနဲ့ အခုဟာက စိတ်ဆင်းရဲတယ် သွားစွဲတာကိုဗျ ကြားတယ် ဆိုရင်သွားစွဲတာပဲ ဒါဥပါဒါန် စွဲချင်စွဲ သမ္မာနဲ့စွဲတာလား ဒိဋ္ဌိနဲ့စွဲတာလား သက္ကာယအယူနဲ့စွဲတာလား ခင်ဗျားပေါ်မှုတည်တယ် ဘာတဲ့ကုန်းလမိုင်း ရေလမိုင်း အာကာလမိုင်း လမိုင်းဆိုတာအစွဲသိပ်ကြီးတာ ချွတ်လို့မရတော့ဘူး အဲ့ဒီလမိုင်းလို့ခေါ်တယ်နော် ဘာဖြစ်ဖြစ်အော် အနတ္တပါလား အော် ဖြစ်လာရင် ပျက်မှာပဲကွဲ့ဖြစ်လာရင်ပျက်မှာပဲကွဲ့ ငါကလေးငယ်ငယ်က နို့စို့လာတယ်ကွဲ့

အခုငါနို့ပြတ်လာပြီကွဲ့ နို့ပြတ်လာရင် ကျောင်းနေတယ်ကွဲ့ ကျောင်းကနေပြီး ၁၀ တန်းအောင်တယ်ကွဲ့ အောင်လာလို့ရှိရင် ငါအလုပ်ရှာမယ်ကွဲ့ အောင် မိန်းမယူမယ်ကွဲ့ မိရိုးဖလာရဲ့ ကံတရားတွေ အဲဒီအပေါ်မှာ သာယာပြီးတော့ အော် ကံပေါ်မှာ ဉာဏ်ဆင့်သွားတယ် ဉာဏ်လိုချင်ရင်ဝီရိယကောင်းအောင်လုပ်ပါ ကံ၊ ဉာဏ်၊ ဝီရိယ ဟော ရေးထားတာ ခပ်ဗျားတို့ရဲ့ တဏှာက ကျောကပ်နေတော့ ဘယ်လိုလုပ်မလဲ၊ ကိုယ်တွင်းမှာရှိတဲ့ တဏှာဗျ နိဗ္ဗာန်အထိအောင် လိုက်လာတာ အဲ့ဒီတဏှာက နိဗ္ဗာန်ကိုဝင်တော့မဲ့ဆဲဆဲတောင် အဲဒီတဏှာက အဝမှာသူကအရင်ရောက်နေတာနော် ဒီတဏှာကိုသတ်သွားတာ စာတတ်တာမဟုတ်ဘူး သူသိတယ် (အေး အေး အေး)[၂] ပေးစရာရှိပေးတယ် ကျွေးစရာရှိ ကျွေးတယ် ဒကာ/ဒကာမတွေက ဦးပဏ္ဍိတကိုပါရမီဖြည့်တယ် လာပြီးတော့ ငါးသိန်းပေး၊ ဆယ်သိန်းပေး၊ သုံးသိန်းပေး အမြဲတမ်းပေးတယ် အမြဲတမ်းပေးတယ် ဦးပဏ္ဍိတသစ္စာဆိုရဲတယ်နော် သစ္စာဆိုရဲတယ် ကိုယ်မှန်တာကိုဗျ အော် ဒကာ/ဒကာမတွေရဲ့ သာသနာကြီးရဲ့တာဝန်ကို ငါဝင်ထမ်းတာပါကွာ သာသနာကြီးရဲ့တာဝန်ကိုဝင်ထမ်းတဲ့ ဒကာ/ဒကာမတွေက ငါ့ကိုဒီဘုန်းကြီးက သာသနာရဲ့ဝန်ထမ်းတယ် သူကပြောတာပဲ ရန်ကုန်မြို့မှာပြောနေပြီ ငါတို့လဲကြားရပြီး သိရပြီ ရဟန်းကြီးက သာသနာ့ဝန်ထမ်းဘဲ ငါကူညီမှပဲ ဆိုပြီး အလုပ်လိုက်ကို ပစ်ပစ်ချတာ အဲ့ဒီ နတ်သကြားတွေရှိတယ် မလိမ်ပါဘူး ဘာဖြစ်လို့လဲ့ မနော မနောလိမ်ရင်သူသိတာပဲ အဲ့ အဲ့ဒါ အရိယာတွေသိတဲ့ အဂ္ဂီတွေနတ်တွေ သကြားတွေ ဗြဟ္မာတွေက သိတယ် အဲ့ဒါကြောင့် အပြင်က အကာပါးစပ်က ပြောတာ အမလေး ပရိယာယ်နဲ့ ဖောက်ထိုး မြှောက်ထိုးလုံးကြီးတင် အဲ့ဒီတော့ လူသိတဲ့တရား ဟိုကနတ်သိတဲ့တရား၊ နတ်သိတဲ့တရားကနေပြီးတော့ သူကနေပြီးတော့ သူကြားလိုက်တာ သူလဲမသိဘူး သူကသဒ္ဓါသိပ်ကောင်းတာကို သူကသိပ် ယုံကြည်တာကို အဲဒါပဲဗျို့ အဲဒီပုဂ္ဂိုလ်က အဲဒီပုဂ္ဂိုလ်ကနောက်သိလာပါလိမ့်မယ် သိရမဲ့တရား ဒါပေမဲ့ ဦးဇင်းမြှောက်ပေးတာ မဟုတ်ဘူး သူ့ရဲ့သဒ္ဓါကိုကြည်ခြင်းအားဖြင့် ဦးဇင်းက အော် (အေး အေး အေး)[၃] ဒါသူပြောတာနော် ပဏ္ဍိတသစ္စာသိ ပဏ္ဍိတဆီ ခွေခေတ်ကောင်း မျိုးကော်ကောင်း နတ်တွေရောက်နေ နတ်တွေကနေပြီးတော့ ဦးပဏ္ဍိတကို နတ်ပြည်မှာစောင့်နေတာကို အပြာယ်လေးပါဝိတ်တဲ့သူတွေကိုဗျ နတ်ပြည်ရောက်တော့ နေမိတရောင်ပြန်မှာ တရားဟောပြီး တဏှာကိုဟောမှာ အဲ့ဒီတော့မှ သူတို့ရုပ်မရှိဘူး ရုပ်မရှိတော့မှ တဏှာကို သူတို့သိမယ် အဲ့ဒီနတ်တွေကသိမယ် ဟောတာလဲ ကြိုးတစ်လိုမ့်ဘဲအခုလူတွေက ရုပ်ရှိတယ် ရုပ်ရှိရင် တဏှာရှိတယ် မလွယ်ဘူး အဲ့ဒါ သူတို့ကဖြတ်လမ်းချတာ သူတို့သေရင် နတ်ပြည်ရောက်မယ် ဒီရုပ်ကြီးမပါတော့ဘူး ဒီရုပ်ကြီးမပါတော့ဘူး သူနာမ်ခွာသွားပြီး ရုပ်ပေါ်နာမ်ခွာသွားပြီ သွားပြီ နတ်ပြည်ကို ပန်းရထားနဲ့ နတ်ပြည်ကိုသွားပြီး ပဏ္ဍိတနဲ့တွေ့တရားနာ အဲ့ဒီတော့မှ သူတဏှာအကြောင်း သိပြီ အဲ့ဒီလိုလုပ်သွားတဲ့တရားတွေ ဒါကြောင့်မို့ ခွေတော်ပေါင်း မျိုးတော်ပေါင်းလို့ခေါ်တာ အဲ့ဒီပုဂ္ဂိုလ်တွေက ရသွားပြီး တရုတ်တွေက ရေပေါ်ဆီတွေကို ခပ်စားပြီး လှူလိုက်တဲ့တရုတ်တွေဆိုတာ ဦးဇင်းကြီး သစ္စာနဲ့ဟောတာ ဒါပင်မဲ့ ကျွန်မတို့ကျွန်တော်တို့ မရှိရင်ကော မလှူနဲ့ နင်တို့ကိုငါလှူပါလို့ မပြောဘူး ငါပြောတာ စေတနာပြောတာ စေတနာသဒ္ဓါကိုပြောတာ အဲ့ အဲဒီတော့ စေတနာနဲ့သဒ္ဓါကို ကမ္မဝတ္ထုကြည့်ခြင်းအားဖြင့် သူ့စေတနာ အတက်အကျကို ငါသိတယ် နင်တို့က ဝတ္ထုကမ္မမရှိပေမဲ့ သဒ္ဓါနဲ့စေတနာမှန်ဖို့ အသိရှိဖို့လိုတယ် လှူစရာမလိုပါဘူး နင်တို့စေတနာလဲမှန်ရမယ် သဒ္ဓါလဲမှန်ရမယ် ဝီရိယလဲကောင်းရမယ် ဒါနင်တို့အပေါ် မှာမူတည်တယ်နော် သဒ္ဓါဆိုတာ ယုံကြည်တာ စေတနာဆို ပေးကမ်းစွန့်ကြဲတာ အယုတ်အလတ်မရွေးဘူး အဲဒါဝိသုဒ္ဓိသိလ ခေါ်တယ် စေတနာဆိုတာ ပညတ်စေတနာဆိုတာရှိတယ် ပရမတ်စေတနာရှိတယ် စေတနာအမျိုးအစားရှိတယ် အဲ့ဒီတော့

ယူမဲ့ယူ ပရမတ်စေတနာ ယူစားပါစေ သောက်ပါစေ ဘယ်ကလေးဖြစ်ဖြစ် စားပါစေ ပောကြည့် ပော သူလှူသွားတာ ပိုက်ဆံကပ်မကဘူး ဖွန်းတွေရော ပန်းကန်တွေရော ခွက်တွေရော ဆန်တွေရော စားစရာတွေ ကျောင်းမှာလိုအပ်တာသူလှူပြီး ပြန်သွားတာ တစ်ခုတည်းမဟုတ်ဘူး လိုတာအကုန်ပေးတာ သူလည်းတတ်နိုင်တဲ့ဝန်ကို ထမ်းသွားတာ ဒါဘာလဲ သာသနာရဲ ပြုသွားတဲ့ ဆွေတော်မျိုးတော်ရဲ့ဦးပဏ္ဍိတရဲ့ သာသနာပြုနေပါလားဆိုတာကို သူလုပ်ပေးတာနော် ခင်ဗျားတို့ ဒီပေါ်မှာခင်ဗျား တို့ကလဲမှန်ရမယ် သမုတိသစ္စာမှာ လိုက်နိုင်အောင်ကြိုးစား ကိုယ့်စိတ်ကိုလဲ ဝိပဿနာနဲ့ကျင့် ဝိပဿနာနဲ့ထိုင် ထိုင်ရင်းအဲ့ဒါ ကံဖြတ်တယ် ကာယကံ(၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ(၃)ပါး အဲ့ဒါမဟုတ်ဘူး ဘဝင်အနုသယကံဖြတ်တယ် အဲ့ဒီတော့ ဘဝင်အနုသယကံဖြတ်တယ် အပြင်အကြမ်းစားကသူများအသက်မသတ်ဘူး သူများပစ္စည်းမခိုးဘူး သူများအတင်းမပြော ဘူး သူများအကြောင်းမပြောဘူး ပါးစပ်ကပိတ်သွားပြီး ကာယလဲပိတ်သွားပြီး အဲ့ အပြင်ကံတွေလုံသွားပြီး သူများအကြောင်း မပြောဘူး သူများအတင်းမပြောဘူး သူများမကောင်းကြောင်း မပြောဘူး သူများကိုစိတ်ဆိုးအောင်လဲ မလုပ်ဘူး ဝိပဿနာ တရားထိုင်နေတယ် ဘုရားကရော ခင်ဗျားတို့တည်ကြည်တယ်နော် ပါးစပ်ကမပြောဘူး သူများအကြောင်းလဲသူမပြောဘူး သူများအတင်းလဲသူမပြောဘူး ရေလဲမသောက်တော့ဘူး ဘယ်လောက်သစ္စာမှန်သလဲ အဲ့ဒီတော့ ဝစီကလဲမှန်လာပြီး ကာယကံကလဲမှန်လာပြီး အနုသယစိတ်နဲ့စေတသိတ်လဲ မြင်စိတ်ကြားစိတ်လဲပယ်ပြီး တွေးစိတ်လဲသူပယ်ပြီး အနတ္တကို သူမြင်ပြီး ထိတာရုပ် သိတာနာမ်ပော ဒီအသိပေးက ဗလစဉ် ဗလစပ် လုပ်နေပါလား အသိကပ်ထားတယ် အဲ့ဒီတော့ ထိတာရုပ် သိတာနာမ် သမာဓိကောင်းလာပြီး ခင်ဗျားသိလာလိမ့်မယ် အဲ့ဒီလိုလုပ်နေတဲ့အခါမှာ ခင်ဗျားရှေ့လဲ မမျှော်နဲ့ နောက်လဲမတွေးနဲ့ ပစ္စုပ္ပန်တည့်တည့်လေးထား၊ အနတ္တကိုယူ အတ္တအစွဲကိုပယ်လိုက် ဒါခင်ဗျားတို့အတွက် တွေ့ပါ ကျွဲကူး ရေပါတယ် ဒီကံ မနောကိုသတ်တာနဲ့ သီလ၊ သမာဓိ၊ ပညာ တစ်ပြိုင်ထဲရနေပြီ၊ တစ်ကာယ်လုပ်ရင် တကယ်ရတယ် ကံတရား ပြတ်နေပြီ၊ အနတ္တတရားကြီး အဲ့ဒီတော့ တဏှာပြတ်ပြီ၊ မာန်ပြတ်ပြီ၊ ဒိဋ္ဌိကိုလဲပြတ်ပြီ၊ အခုတော့ ခင်ဗျားတို့ တဏှာလဲ မပြတ်ဘူး တဏှာရှိရင်၊ မာန်ရှိမယ်၊ ဘာဖြစ်လို့လဲ၊ ဒိဋ္ဌိမှမပြတ်တာကို အဲ့ဒါအနုသယလိုခေါ်တယ်၊ အဲ့ဒါ သံသရာလည်တာ သူပဲ သံသရာဘယ်ကစလဲ ခန္ဓာစတယ်လို့ပြောနေတယ် အဲ့ဒီကိလေသာမှာ တဏှာကရှိတယ် အဲ့ဒီတော့ ဒီတဏှာရှိရင် ကံဖြစ်သွားလိမ့်မယ် ကံဖြစ်ရင် ခင်ဗျားတို့ မာန်ဘက်ကို ကူးသွားလိမ့်မယ် ဒိဋ္ဌိဘက်ကိုကူးသွားလိမ့်မယ် ဒါလေးကို လုပ်ကြပါ၊ ခင်ဗျားတို့ခုနကပြောသလိုမျိုး သဒ္ဓါနဲ့နော် သဒ္ဓါနဲ့စေတနာ နှစ်ခုထား၊ အဲဒါအဓိပ္ပါယ်ပိတ်လိမ့်မယ်၊ သူကတကယ်ယုံကြည်နေပြီ စေတနာကလဲ တကယ်သူ့မှာရှိနေပြီ၊ အယုတ်အလတ်မရွေးတော့ဘူး၊ သူလဲရှာရင်ရှာလို့ရတယ်၊ လှူလဲလှူသလောက်ဖြစ် နေပြီ၊ သူသွားမတုနဲ့ အတိတ်နဲ့ ပစ္စုပ္ပန်ပေါင်းထားတာ ဘယ်သူသိလဲ၊ ဟိုးတစ်ချိန်ကတော့ ဆင်းရဲမှာပေါ့ ဒီတစ်ချိန်ကျတော့ လုပ်သမျှဖြစ်နေပြီး အဲ့မတူဘူး၊ အိမ်မှာ (၁၀) ယောက်ရှိပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အသိမတူဘူး၊ သူကလိုက်ပေါင်း နေတာ၊ အသိမတူဘူး၊ ဘုရားဟောထားတာ အသိပေးထားတာ အပ္ပမာဒေနသမ္ပာဒေထ အသိပြောသွားတာ၊ သိရင်ပယ်မယ် ပယ်ရင် မဂ်ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ် သိမယ် ဆိုက်ပွားလို့ ဘုရားက ဟောထားတာဘဲ သိအောင်ကျင့်ကြပေတော့ ဒီလောက် ဆိုပြီးရော့ပေါ့ဗျာ . . . (သာဓု သာဓု သာဓု)

မြောင်းမြမြို့၊

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## (၁၄.၄.၂၀၀၃)ရက်နေ့ (သင်္ကြန်အကျနေ့)

## မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း

## ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ

## ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မစာစဉ်(၁၆)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့

အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

09-250432050, 09-794506595

09-251620128, 09-447572355

## (၁၄-၄-၂၀၀၃)ရက်နေ့ (သင်္ကြန်အကျနေ့)မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော "ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်"

ဦးဖင်းက စာပေကျမ်းဂန်မတတ်တော့ ဒီတော့ တောထွက်ကြီး ငယ်ဖြူမဟုတ်ဘူး။ ငယ်ဖြူ မဟုတ်ဘူး။ တောထွက်ကြီး။ သူလည်းနောင်တတရားတွေနဲ့ အင်မတန်မှဆိုးတဲ့သူတစ်ယောက် အစွဲဥပါဒါန် ကုန်းလမိုင်း ရေလမိုင်း အာကာလမိုင်းတွေ စာကရေးထားပါတယ်။ စာကတရားနဲ့ ကိုယ်သိတဲ့အသိနဲ့တင်ပြတာ အင်မတန်အစွဲကြီးတော့ စိတ်စွဲတဲ့အတွက်ကြောင့် လမိုင်းလို့ခေါ်ပါတယ်။ ကုန်းလမိုင်း၊ ရေလမိုင်း အာကာလမိုင်းဆိုတာက ထောင်ပိုင် ကွင်းပိုင် ယက္ခ ကုမ္ဘာ တံတပ္ပ ဒီလိုဟာတွေလို့ ခေါ်ပါလိမ့်မယ်။ သဘောလေးနဲ့သာနော်။ အဲဒီတော့ ဦးဖင်းကနေပြီးတော့ ဒီအစွဲ ဥပါဒါန်တွေဟာ တစ်ဘဝပြီးတစ်ဘဝ တစ်ဘဝပြီးတစ်ဘဝ ဖြစ်ပေါ်လာတဲ့အကျိုးကိုမသိတော့ အကြောင်းသတ်လို့မရဘူးဗျ။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ အဲဒီအကြောင်းတွေသတ်လို့မရဘူး။ သွားသွားစွဲတာ။ အကုသိုလ်ကံ ကုသိုလ်ကံ ဒါသစ္စာပဲ။ အရိယာဓာတ်သစ္စာပဲ။ ကျင့်ထားတဲ့ဉာဏ်တရားတွေ ဟောသွားတာနော်။ အခုနာကြတယ်။ သဘောလေးပဲနော်။ အဲဒီတော့ အားလုံးရှိကြတဲ့ ဆရာတော်၊ သမားတော်၊ သံဃာတော်အရှင်မြတ်တွေ အားလုံးကို ရှင်သာမဏေတွေ တပည့်တော်က စာပေကျမ်းဂန် မတတ်တဲ့အတွက် အားလုံး စာမတတ်တဲ့အတွက် ပြောတဲ့အခါမှာ ပညတ်မှာ မှားယွင်းသွားရင် သည်းခံပါတဲ့။ တခါ ဆရာလေးတွေ ယောဂီပုဂ္ဂိုလ်များ၊ သီလရှင်ပုဂ္ဂိုလ်များ အားလုံးရှိတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေရှိကြတဲ့ ပုဂ္ဂိုလ်များ ဦးပဏ္ဍိတက တောင်းပန်တယ်။ ပညတ်အသိနဲ့ ပရမတ်အသိ၊ ပရမတ်က ပညတ်နယ်ထဲမှာ ပြောတဲ့အခါမှာ စကားမှားယွင်းရင် သည်းခံတော်မူပါတဲ့။ တောင်းပန်ပါတယ်။ အဲဒီတော့ ခုနကပြောသလိုပေါ့။ ဦးဖင်းဟောသွားတာက ဉာဏ်အသိတွေဟောသွားတာ။ ဉာဏ်အသိတွေနာတဲ့ ပုဂ္ဂိုလ်တွေ ခင်ဗျားတို့အပေါ်မှာမူတည်ပါတယ်။ စာရေးကရေးထားတယ်။ သဗ္ဗေ အလုံးစုံသော သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တနော်။ သင်္ခါရပါတယ်။ အနိစ္စပါတယ်။ ဒုက္ခပါတယ်။ အနတ္တပါတယ်။ သင်္ခါရလည်းပါတယ်။ အဲဒါ ဘာခန္ဓာသိ ခေါ်မလဲ။ သတ္တဝါတွေမှာပါတဲ့ ရုပ်နာမ်ရှိတဲ့ သတ္တဝါတွေဟာ ဒါ ဦးဖင်းရဲ့ လူ့ဘုံကိုပြောတာ။ သဘောလေးပဲပြောတာပါ။ ရုပ်နာမ်ရှိတဲ့သတ္တဝါတွေဟာ ကိလေသာနဲ့တဏှာ မပယ်နိုင်တော့ ဖြစ်နေကြပါပြီ။ ကိလေသာက ရုပ်တရား၊ တဏှာကနာမ်တရား၊ အဲဒါသဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ အဲဒါ ကိလေသာနဲ့တဏှာကို မပယ်နိုင်ကြဘူးတဲ့။ ပညတ်ပေါ်မှာ ရောနေကြပြီတဲ့။ ပညတ်ပေါ်မှာမျောနေကြပြီတဲ့။ ပရမတ်ကို မသိကြဘူးတဲ့။ ကြားတော့ကြားဖူးတယ်တဲ့နော်။ သဘောလေးပဲနော်။ အဲဒီတော့ ပညတ်တရားနဲ့ ပရမတ်တရား၊ အဲဒီတော့ ကံတရားနဲ့ ဉာဏ်တရား။ အဲဒီတော့ ဉာဏ်ရသွားတဲ့ပုဂ္ဂိုလ်က ကံတရားကိုဟောတယ်။ အဲဒီတော့ ခင်ဗျားတို့ကံတွေပေါ့။ သွားစွဲနေတာ။ သားစွဲလိုက် သမီးစွဲလိုက်နဲ့ သောကပရိဒေဝဖွဲ့ရင်ပူတယ်။ အဲဒါ ဘယ်ကမလဲ မနောဘဝင်က အဲဒါကံနော်။ ကိုယ့်စိတ်ကိုစိတ် အဲဒီစကွဲအာရုံ၊ နားကြားတယ်။ အဲဒီတော့ နင့်အဖေ သေပြီ နင့်အမေသေပြီ၊ နင့်အဖေ ကားတိုက်ပြီ။ မင်းမိန်းမသေပြီဆိုရင် အဲဒီအသံကြားတာနဲ့ ပူတာပဲဗျို့။ အဲဒါကံတရား ဥပါဒါန်ကံတရားတွေနော်။ အဲဒီကံက အဲဒီကံလေးက ဥပါဒါန် မနောဥပါဒါန်လေးကို ဘာနဲ့ဖြတ်မလဲ၊ ဖြတ်တယ်ဖို့လိုတယ်။ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ မနောကံ ခန္ဓာကစတယ်။ မနောကံ အာရုံမလွတ်လို့ ကံဖြစ်တာ။

သင်္ခါရတွေဖြစ်နေတာနော်။ သဘောလေးပဲ။ သင်္ခါရဆို ပါဠိစကားတွေ အခုမြင်လိုက်၊ အခုကြားလိုက်၊ အခုထိလိုက်၊ အခုနာလိုက် အခုစကားတွေပြောလိုက် ကာယကံတွေ ဝစီကံတွေ မနောကံတွေ အဲပြောကြဆိုကြတယ်။ ဟုတ်တာပေါ့။ မှန်တာပေါ့။ အဲဒါကံတရားတွေပဲ။ ဉပါဒါန်ရဲ့ သောမနဿ ဒေါမနဿ အကုသိုလ်ကံ ကုသိုလ်ကံ အဲဒါ သံသရာလည်တဲ့ တရားတွေပဲ။ ဒါပညတ်ပေါ်မှာ ပညတ်ပေါ်မှာဖြစ်နေတဲ့ အာရုံပေါ်မှာဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေပေါ့ဗျာ။ အဲဒီတော့ ပရမတ်နဲ့ ပညတ်သိမှ လူထူးခေါ်တယ်။ အဲဒီတော့ ဦးပဏ္ဍိတက ဘာတွေသိလဲ။ ကိလေသာနဲ့တဏှာ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား၊ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်၊ ရုပ်နာမသိတာက အဝိဇ္ဇာဉာဏ်။ အဲဒါစာ အဝိဇ္ဇာဆိုတာက အာရုံ(၆)ပါးမလွတ်တာ။ ဟိုက မနောက မလွတ်တာနော်။ မနောကံအာရုံပေါ်မှာ အမှတ်အမှားတွေဖြစ်နေတယ်။ မှတ်ပြီးတော့ မှားနေတယ်။ မှတ်မှားတွေဖြစ်နေတယ်။ အဲဒါကံ အော်မြင်တာလဲ မမြဲပါလား။ ကြားတာလဲ မမြဲပါလား။ နံတာလဲမမြဲပါလား။ ကြားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ သိတာလဲ မမြဲပါလား။ မမြဲတော့ မစွဲဘူးပေါ့။ ဟောဒီ ပစ္စုပ္ပန်တည့်တည့်လေးမှာ မစွဲဘူး။ မစွဲတော့ အေးတာပေါ့။ သွားစွဲရင်ပူတယ်ဗျို့။ ပူရင်လည်တယ်ဗျို့။ သံသရာလည်ပြီ။ အဲဒါတွေ ခင်ဗျားတို့ပေါ်မှာ မူတည်ပါတယ်။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်တယ်။ အဲဒီတော့ ဒီကံတရားဖြတ်ချင်လွန်းလို့ သံသရာ ဘယ်ကစလဲ။ ခန္ဓကစတယ်။ သံသရာ ဘယ်ကလည်လဲ။ ခန္ဓာကစလို့ပြတ်တယ်။ အဲပြတ်အောင် ကိုယ်ကကျင့်မယ်။ ငါတရားအားထုတ်မယ်။ ဒါနတွေ၊ သီလတွေ၊ ဘာဝနာတွေ ဖယ်ထားလိုက်။ ငါ့ဟာငါ တင်ပလ္လင်ခွေပြီးတော့ ကာယကံ(၃)ပါး သူများအသက် မသတ်ဘူး။ သူများပစ္စည်းမခိုးဘူး။ သူများ သားမယား မဖျက်ဆီးဘူး။ ကာယကံလည်းငြိမ်ပြီ။ ဝစီမှုသားစကားမပြောဘူး။ နစ္စ ဂီတ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်းမလုပ်ဘူး။ ဟော ကာယ ဝစီက ထိန်းပြီဗျို့။ အဲဒီတော့ ထိန်းတဲ့အခါမှာ ဈေးလည်းမရောင်းတော့ဘူး။ ဘာမှမလုပ်တော့ဘူး။ အထွေထွေကိစ္စတွေကို အထွေထွေအလုပ်တွေကို ပယ်လိုက်ပြီဗျို့။ ဟော တင်ပလ္လင်လေးခွေနေတယ်။ ခွေနေပြီးတော့ ဘာကိုလဲ။ စိတ်နဲ့ စေတသိက်ကိုပယ်မယ်။ အဲဒီတော့ စိတ်ဆိုတာ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ်ဆို ဘယ်မှလည်း မသွားတော့ဘူး။ မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး။ ချင်တွေကိုရှောင်ပြီး အဲဒီတော့ ဒါတွေကို အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ဘယ်ကမစင်ပြုလဲ။ မနော အဲဒီတော့ မနောအသိကပ် မနောအသိကပ်တော့ ဘာနဲ့ထိန်းမလဲ ခင်ဗျား။ မဂ္ဂင်ရှစ်ပါးနဲ့ထိန်း။ မဂ္ဂင်ရှစ်ပါးက အဲဒါနိဗ္ဗာန်သွားမဲ့ လမ်း အစစ်ဘဲ။ အဲဒီ မဂ္ဂင်ကိုဖျောက်မပစ်နဲ့။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဆိုတာ မှန်သောအယူဘဲ ဝါစာဆိုတာ အလုပ်ခေါ်တယ်။ အလုပ်ကို အင်မတန်ဝီရိယစိုက်ပြီးတော့ လုပ်နေတာဘဲ။ အဲဒီတော့ ရှိတာလေးစားတယ်။ မရှိရင်မစားဘူး။ လှူတာတွေရင်စားတယ်။ မတွေ့ရင်မစားဘူး။ စားချင်စိတ်ကုန်သွားတယ်။ သူ့ဟာသူ တရားထိုင်နေတယ်။ အဲဒီတော့ ဒီမနောကံလေးဟာ ကံဘာကြောင့်ဖြစ်သလဲ။ ငါထပြီးတော့ အလုပ်မလုပ်ပဲနဲ့ ငါထပြီးတော့ စီးပွားမရှာဘဲနဲ့ ဘာကြောင့် ကံဖြစ်သလဲ။ ဝိပဿနာထိုင်နေစဉ်က ငါဘာကြောင့် ကံဖြစ်လဲ အသိကပ်၊ မနောကံ မနောကံ ဖြစ်တာ လောကီ အထွေထွေတွေကိုစွဲနေတာ။ ပူပင်သောကဖြစ်နေတာ ငြော် ဒီနေ့ အုန်းမောင်းခေါက်တော့ မယ်။ ငါ ဒီနေ့ဘာဖြစ်တော့မယ်။ ငါဒီနေ့ထမင်းစားရတော့မယ်။ သာယာတာ တဏှာ အဲဒီ အာရုံကို သာယာလိုက်တာ တဏှာ တဏှာကံကြောင့်ဖြစ်တာ။ ဘယ်လောက်နသလဲ။ ဒီတရားနော်။ အမလေး ဒီနေ့ ငါ့ကိုယ်ကြီးက တရားထိုင်လို့

မကောင်းလိုက်တာ။ အမလေး တံရားထိုင်လို့မကောင်းဘူး။ စိတ်ဆင်းရဲနေပါလား။ အဲဒါ တဏှာ ဘုရားက စိတ်မဆင်းရဲ ပါစေနဲ့တဲ့။ အခု စိတ်ဆင်းရဲနေပြီ။ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဒါ သမ္မုတိယာ သတိမရတော့ဘူး။ သူ့အသိနဲ့သူ သညာအသိနဲ့ လျှောက်လုပ်နေပြီ၊ လည်ပြီပေါ့။ သံသရာနော်။ ဒါပေမဲ့ ကာယ ဝစီတော့ မလုပ်တော့ဘူး။ အဲဒီနှစ်ချက်ကတော့ မလုပ်ဘူး။ သိလား။ မနောကတော့ ဖြစ်နေပြီ။ ဒီမနောစိတ်ကလေးကို ဥပါဒါန်လေးကို ဥပါဒါန် မဖြစ်အောင် စိတ် စေတသိက်တွေနဲ့ စိတ်ကိုလည်းပယ်ပြီ။ စေတသိက်ကိုလည်းသတ်ပြီ။ တွေးစိတ်တွေ တွေးစိတ်တွေ လောကီစိတ်တွေ လောကီအကြောင်းတွေကို မနောက လျှောက်တွေးနေတာ။ အဲဒါတွေလည်းပယ်။ အဲဒီတော့ မြင်စိတ် ကြားစိတ်တွေကိုလည်းပယ်။ အဲဒီနှစ်ခုပယ်သွားနိုင်ပြီဆိုရင် ခင်ဗျား အလင်းဓါတ်ရပြီ။ သမာဓိသိပ်ကောင်းလာပြီ။ အဲ အဲဒီတော့ ခင်ဗျားလုပ်ချင်တာတွေ မလာတော့ဘူးနော်။ ဒါတွေမလာတော့ဘူး။ မိစ္ဆာအယူတွေမလာတော့ဘူး။ သမ္မာ အယူတွေဖြစ်ကုန်ပြီ။ အဲနောက် စိတ်ကိုကျင့်တယ်။ အင်္ဂါင်ရှစ်ပါးနဲ့ ခင်ဗျားစိတ်ကိုကျင့်တယ်။ ဘာရင်စပယ်မလဲ။ ကာယ သတိပဋ္ဌာန်၊ ကာယသတိပဋ္ဌာန် ကိုယ်ကာယမှာရှိတဲ့ အသိ ကိုယ်ကာယမှာရှိတဲ့ အာရုံ(၆)ပါးက ကာယကံ၊ ဝစီကံ၊ မနောကံတွေ၊ ကာယသတိပဋ္ဌာန်မှာ ရုပ်သဘော ခြောက် ထိန်းစမ်းပါ။ ခြောက် ဒါ သတိပဋ္ဌာန်ပဲ။ စာမတတ်လို့နော်။ ကာယမှာရှိတဲ့အသိ၊ နောက်ကိုယ်မှာရှိတဲ့အသိ။ အဲဒီတော့ ကံတရားတွေ ကာယကံ ဝစီကံ မနောကံ စင်ကြယ်အောင် သာ ဆေးကြောပါတဲ့၊ အဲဒါ ကာယသတိပဋ္ဌာန်ဘဲ။ ဒီလိုစင်ကြယ်သွားပြီ။ မင်း စင်ကြယ်သွားပြီ၊ နှင့်စိတ်ကိုစစ်၊ စင်ကြယ် သွားပြီလား။ အေး စင်ကြယ်ရင် မင်းပဲသိတယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ဒုစရိုက်(၁၀)ပါး မိစ္ဆာ အယူဝါဒတွေ ပယ်ကုန်ပြီ။ စင်ကြယ်သွားပြီ၊ ကာယသတိပဋ္ဌာန် စင်ကြယ်သွားပြီ။ တစ်ခါတက်လိုက်အုံးမယ်။ ဝေဒနာသတိပဋ္ဌာန် အဲဒီ နှင့်ရုပ်က အကျိုးတရားကြီးက အကြောင်းတရားပေါ်လာမယ်။ သူ့ဟာသူ ပေါ်လာလိမ့်မယ်။ အဲ ကာယ သတိပဋ္ဌာန်မှာ စင်ကြယ်သွားပြီ။ ဝေဒနာ သတိပဋ္ဌာန်မှာ အာရုံပြုပေတော့။ အဲ တင်းတာကလည်း ဝေဒနာ၊ တွန်းတာကလည်း ဝေဒနာ၊ ဆွဲတာကလည်း ဝေဒနာ၊ ပူတယ်၊ ကိုက်တယ်၊ တောင့်တင်းတယ်၊ ခြေကျင်တယ်၊ ခေါင်းကိုက်တယ်၊ ဗိုက်နာတယ် ဒါမျိုးမဟုတ်ဘူး။ ဝေဒနာ အဲဒီတော့ ဒီဝေဒနာတွေကို မခံသာမှန်ပါဘိ။ ဒီတရားခံ သာလျှင် သံသရာကြော မျောလိမ့်အများ စာရေးထားတယ်ဗျ။ ဆရာတော် ဦးကောဝိဒ ပြောသွားတာနော်။ အဲဒီတော့ ဒါတွေကို ဝေဒနာပဲသိတော့ စိတ်မဆင်းရဲဘူးလား။ စိတ်ဆင်းရဲတယ်။ စိတ်ချမ်းသာချင်တော့ တဏှာပေါ့။ အဲဒီတဏှာ ဘက်ကို လိုက်ချင်တယ်။ ဝေဒနာကို မရှုချင်ဘူး။ ဝေဒနာ နိရောဓ တဏှာ နိရောဓော ဝေဒနာမှာ တဏှာပါလာပြီ။ အဲဒီနေရာမှာ ကာယသတိပဋ္ဌာန်မှန်လာပြီ။ ဝေဒနာသတိပဋ္ဌာန်မှာ မှန်ဖို့လိုတယ်။ ဝေဒနာသတိပဋ္ဌာန်ကနေ မာတ် သတိပဋ္ဌာန်ရောက်လိမ့်မယ်နော်။ တစ်ဆင့်ပြီးတစ်ဆင့်တက်သွားတာ။ ကျော်တက်လို့မရဘူး။ အဲဒီတော့ ကိုယ်က သိရမယ်။ သိရင်ပယ်မယ်၊ ဘာတွေပယ်မလဲ။ မကောင်းတဲ့ မိစ္ဆာအယူတွေ မကောင်းတဲ့ကံတွေကို အကုန်ပယ်ပစ်မယ်။ သူသိပြီ၊ စိတ္တ သတိပဋ္ဌာန်ကိုရောက်လာပြီ၊ စိတ္တ သတိပဋ္ဌာန်မှာ ဟိုတုန်းက ကာယသတိပဋ္ဌာန်နဲ့ ဝေဒနာသတိပဋ္ဌာန်မှာ သညာ သင်္ခါရ ဥပါဒါန် ကံ မလွတ်သေးဘူး။ စိတ်ဓာတ်မှာ ဓာတ်(၄)ပါး ပေါ်လာပြီ၊ သဘာဝ အဲဒါ အနတ္တ အတ္တ မဟုတ်တော့ဘူး။ သူ့ဟာသူ သိရမယ်။ အနိစ္စ ဒုက္ခ အနတ္တ။ အနတ္တတစ်လုံးပိုင်တော့မယ်။ အော် ဒီရုပ်တွေ ဒီနာမ် တွေဟာ အနတ္တပါလား။ ရုပ်တရား နာမ်တရား ငါ့ကိုဒုက္ခပေးတာသူပါပဲလား။ ပညာနဲ့ပတ်သက်တာတွေ သိနေရပြီ။

ပညာနဲ့ရှုမှ ဒုက္ခမှန်းသိတာ။ သံယောဇဉ်အကြောင်းမှန်းသိတာ။ အဲဒါယောကျ်ားလည်းမဟုတ်ဘူး။ မိန်းမလည်း မဟုတ်ဘူး။ အဲဒါဓာတ် ဓာတ်ကောင်းကြီးအပြင်က အုပ်ထားတယ်။ ဟောဒီအခွံ မယားခွံနော်။ ခင်ဗျားတို့ စာကရေးထားတယ်။ စေတနာ လောက သန္တာတို့ ပညတ်တွေပဲ အတုရှိတဲ့ဓာတ်ကိုမမြင်ကြဘူး။ ဓာတ်ကိုမသိကြဘူး။ ဓာတ်ပါအောင်ယူ။ သတိပဋ္ဌာန်မှာလည်း မှန်အောင်လုပ်။ မဂ္ဂင်ရှစ်ပါး ဘုရားဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးက ကိုယ့်မနောကိုယ်စစ်၊ မနောကို စစ်နေတာ ထိုင်တာ သွားတာ လာတာ ပြောတာ ဆိုတာ။ အဲဒီတော့ ဗုဒ္ဓရဲ့ယဉ်ကျေးမှုတွေလုပ်။ အပြင်မှာ ဗုဒ္ဓရဲ့ ယဉ်ကျေးမှုတွေကိုလုပ်မှ အပြင်မှာစင်ကြယ်မှ ခန္ဓာမှစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ ဉာဏ်ရသွားရင် (၃၁)ဘုံလွတ်ပြီ။ အခု ခင်ဗျားတို့ ဖြတ်လမ်းကနေလိုက်တာ အကယ်၍များ ဦးပဏ္ဍိတက တကယ်ပေါက်ရောက်သွားရင် မဂ်ဉာဏ် ဖိုဉာဏ်ရသွားပြီ။ တကယ်သူရသွားပြီဆိုရင် အရိယာဓာတ်ရဟန္တာခေါ်တယ်။ သူကဘာမှ စွဲတာမဟုတ်ဘူး။ ခင်ဗျားတို့က အင်မတန်မှ သဒ္ဓါကောင်းတယ်။ သဒ္ဓါဆိုတာ ယုံကြည်တာ။ ပါဠိလို သဒ္ဓါ။ သဒ္ဓါလည်း အလွန်ကောင်းတယ်။ သဒ္ဓါသိပ်ကောင်းတဲ့အတွက်ကြောင့် ခင်ဗျားစေတနာက တကယ်ဖြစ်လာပြီဗျို့။ ကျွေးချင်တဲ့ စေတနာ၊ လှူချင်တဲ့စေတနာ၊ ပေးချင်တဲ့စေတနာ ဟောဒီလူကြီးကို သူစေတနာသိပ်ရှိတာပဲ။ ဘာဖြစ်လဲ။ သူယုံကြည်တာကို အဲဒီတော့ သူစေတနာ သူအကျိုးပေးတယ်။ ဒီကလည်း ဖမ္မ ဟိုကလည်း စေတနာကံ၊ အဲဒီတော့ ကံနဲ့ဖမ္မနဲ့ ပေါင်းတော့မှာကိုးဗျ။ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော ဝေဒနီယဒိဋ္ဌ လက်ငင်းမျက်မှောက် အကျိုးပေးတယ်။ နောက် သူစေတနာ သူအကျိုးပေးတယ်။ သူ့ရဲ့ယုံကြည်မှု သူ့ရဲ့နှလုံးသားကဖြစ်လာတဲ့စေတနာနဲ့ အံကိုက်ဖြစ်သွားတာပဲဗျို့။ အဲဒါဘဲဗျို့ အဲဒီတော့ လှူတတ်ဖို့လိုတယ်။ ဒါနစစ် ဒါနမှန်ဖြစ်ဖို့လိုတယ်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မှန်လည်း ဖြစ်ဖို့လိုတယ်။ အဲဒီတော့ သစ္စာနဲ့လှူတာနဲ့တော့ အံကိုက်ဖြစ်နေပြီဗျို့။ တချို့များ ဘယာနဲ့လှူတယ်။ ပကာသနနဲ့လှူတယ်။ မပြောလို့သာ လှူလိုက်တယ်။ ဘာမှ ဘုမှန်းလည်းမသိဘူး။ ဘမှန်းလည်းမသိဘူး။ အဲ ဟိုက တဖြည်းဖြည်းသိလာတယ်။ ဒါကြောင့်မို့ အဲဒါတွေက အရေးကြီးပါတယ်။ အဲဒါ ခင်ဗျား ဖြတ်လမ်းပဲ။ အဲဒီပုဂ္ဂိုလ်တွေက စေတနာနဲ့လှူတဲ့ပုဂ္ဂိုလ်တွေက အပါယ်ပိတ်ပြီ၊ နတ်ပြည်တက်မှာပဲ။ နတ်ပြည်ကို ကျိန်းသေတက်လိမ့်မယ်။ နတ်ပြည်မှာက ရှိဆို ပန်းရထားနဲ့ပါ ရောပါပြီးတော့ နတ်ပြည်ကနေပြီး နေအိတဘုရား နတ်ပြည်မှာဟောလိမ့်မယ်။ ဟောတော့ သူက အဲဒီတရားကိုနာရမယ်။ နတ်ရဲ့ သက်တမ်းကုန်လည်းကုန်ရော သူက အထက်ကိုကူးမှာ။ သူတော်ကောင်း သူမြတ်လောင်းအစစ်ကို လိုက်ရှာနေတာ။ သူတို့က အစစ်ကိုလိုက်ရှာနေတာ။ တွေ့လည်းတွေ့ သဒ္ဓါကလည်းကောင်း စေတနာကလည်းကောင်း အဲဒါသူ့အပေါ်မှာ အဲဒီရဟန်းကလည်း စစ်ရမယ်။ ရဟန်းပေါ်မှာမူတည်တယ်။ အပြင်မှာနေတာထိုင်တာကို သွားမကြည့်နဲ့။ နှလုံးသားက သူ့ရဲ့နှလုံးသားက ခန့်မှန်းပြီးကြည့်ပေတော့။ အနားကပ်တဲ့သူတောင် မသိပါဘူး။ ဘယ်သူမှမသိပါဘူး။ အဲဒီတော့ ဦးပဏ္ဍိတက ကြမ်းတာပဲ။ ဆဲတယ်၊ ဆိုတယ်၊ တိုင်းတယ်၊ တုတ်တယ်၊ မှန်တယ်၊ ဆဲလိုက်တယ်၊ ဥပမာ ဟဲ့နွမလိုးတွေ ငါလိုးမသားတွေ ဆဲတယ်။ ကဲ မင်းဆဲတာကြားသလား အဲဒီအသံကကောင်းလား။ မကောင်းဘူးလား။ မကောင်းဘူးတဲ့။ မကောင်းရင် မင်းဘာဖြစ်လို့ယူရသလဲ။ မင်းဘာလို့ယူလဲ။ မကောင်းမှန်းသိရင် မင်းဘာဖြစ်လို့ယူလဲ။ ဆူးပေါ်မှာဖက်ကျရင် ဖက်ပေါက်တယ်။ ဖက်ပေါ်မှာ ဆူးကျရင် ဖက်ပဲပေါက်တယ်ကွ။ တစ်နေ့လုံး ကြက်ကလည်း တစ်နေ့လုံး ကတော်ကတော် တက်နေတာပဲ။ ဥတော့ တစ်လုံးထဲကွ။ မင်းတို့နားလည်သလား။ တစ်နေ့လုံး ကတော်နေတာပဲ။ ဥတော့

တစ်လုံးတည်း။ အဲဒီတော့ မင်းတို့တွေက အာရုံတွေပေါ်မှာ ကျက်စားပြီးတော့ မင်းတို့ရဲ့ဝေဒနာတွေ ပျက်ကုန်တာပဲ။ ငါကဉာဏ်ရှိတယ်ကွ။ ဆဲပြတယ်ကွ။ မင်းကဘာဖြစ်လို့ ဒီအယူကိုယူရသလဲ။ မကောင်းမှန်းသိရင် မင်းဘာဖြစ်လို့ယူသလဲ။ အော် မင်းကိုတရားလှူလိုက်တာကွ။ စာမတတ်တဲ့ကောင်က မင်းကိုဉာဏ်နဲ့ပေးလိုက်တာကွ။ မင်းကယူတာ ကံနဲ့ယူတော့ ငါဘယ်လိုလုပ်ပြောမလဲကွ။ ဆူးပေါ်ဖက်ကျတော့ ဖက်ပေါက်တယ်ကွ။ ဒါကြောင့်မို့ ကျောင်းမှာရေးထားတယ်။ အေး ဘာတဲ့ စာမတတ်ရဟန်းပဏ္ဍိတ အဲ တံခါးကပိတ်ထားတယ်ကွ။ မင်းတို့တက်တက်လာတာကွ။ မင်းရဲ့ မာန်နဲ့ မာန်ကိုချိုးတာကွ။ မင်းမာန်ကျိုးမှ တရားကို လက်ညှိုးထိုးပြမယ်ကွ။ မင်းတို့ ဥပါဒါန်တွေကွ။ ရေးထားတယ်ကွ။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ သဗ္ဗေ အလုံးစုံသော သင်္ခါရ သင်္ခါရ ဒုက္ခ သဗ္ဗေ အလုံးစုံသော အဲဒါအကုန်လုံး လှူလိုက်။ ကိလေသာ တဏှာ မင်းမှာလည်းရှိတယ်။ ငါ့မှာလည်းရှိတယ်။ ဒါရေးထားတာ မဟုတ်ဘူး။ ဒါ ဥပါဒါန်တရား တွေကွ။ အဲဒီဥပါဒါန်တရားတွေကို အဲဒီတော့ မင်းတို့ကြာလာရင် မင်းတို့သိလိမ့်မယ်ကွ။ အဲဒီပုဂ္ဂိုလ်စစ်ပါစေကွာ။ အဲဒါမင်းတို့ သိရောပေါ့။ သိလို့ရှိရင် မသိဘူးလို့မရှိရဘူး။ မင်းပုဆိုး အင်္ကျီသာချွတ်ချမယ်။ ဒီအသိက မကျွတ်ဘူးကွ။ မင်း တကယ်လို့ သဒ္ဒါနဲ့စေတနာမှန်လာရင် အဲဒီရဟန်းစစ်မယ်ဆိုရင် ဆုမတောင်းနဲ့ကွ။ မင်း ပုဆိုးသာကျွတ်ကျမယ်။ ဒီအသိမကျွတ်တော့ဘူးကွ။ မကောင်းတဲ့ ဒုစရိုက်တွေ မင်းအကုန်သိတယ်ကွ။ သူကလမ်းရသွားပြီကွ။ မင်းတို့အတွက် ငါကျင့်ထားပြီကွ။ ကျင့်ထားတာ ငါသိထားပြီ။ သမုတိသစ္စာ ပိရတိသစ္စာ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ အရိယာစေတ် သစ္စာ။ အခုခင်ဗျားတို့တွေ သင်္ကန်းတွေလာဆီးတယ်။ သင်္ကန်းဆီးတာသိတယ်။ မှန်တာပေါ့။ ဒါအကာပေါ့ဗျာ။ အကာ ဟုတ်တာပေါ့။ ခင်ဗျားစိတ်အေးချမ်းပြီလား။ ခင်ဗျားစိတ်ငြိမ်ပြီလား။ ရတဲ့သူက သိလာလိမ့်မယ်။ ဟော အသိတရား ရတဲ့သူက သိလာလိမ့်မယ်။ ခင်ဗျားမသိပေမဲ့ ဟိုကသိနေပြီ။ အဲဒီလို လူတစ်ထောင်ထဲမှာလိုက်ပြီးတော့ ပဋ္ဌာစာရိက ဒီအသိရတာတဲ့။ သားလည်းသေတယ်။ လင်လဲမြွေကိုက်တယ်။ ဟော သူအသိရတယ်တဲ့။ ဒီတဏှာက သိပ်ကြောက်ဖို့ ကောင်းတယ်တဲ့။ ဝေသန္တရာမင်းကြီးတောင်မှ သားတွေ သမီးတွေ လှူလိုက်တယ် မဟုတ်လား။ အဲဒီတော့ ပုဏ္ဏားက ဆီးရိုက်တယ်။ သံလျက်ဘာလို့ခွဲသလဲတဲ့။ အပြင်မှာ မြင်တယ်မဟုတ်လား။ ပညတ်ကိုမြင်တော့ သွားဖွဲ့တာပေါ့။ အဲဒါ ဘာလဲဆိုတော့ အမှတ်မှားတဲ့။ ဒီအမှတ်က ဘာကြောင့်ဖြစ်လဲ။ သားသမီးတွေကိုဖွဲ့တာ တဏှာကြောင့်ပေါ့၊ တဏှာကြောင့် သံလျက်ခွဲတာ မှတ်မှားတဲ့ အဲဒါဘာလဲ ဒိဋ္ဌိအကြောင်းကို မသတ်လို့ပေါ့တဲ့။ ဒါအနုသယ စိတ္တာနုပဿနာကိုဟော တာပါ။ ဒါ ရဟန္တာတွေ ဟောတဲ့တရားတွေ ဒါပုထုဇဉ်ရဟန်းတွေ မဟောနိုင်ဘူးတဲ့။ ဟောခိုင်းကြည့်ပါတဲ့။ စိတ်ပိုင်းနဲ့ ပတ်သက်တဲ့ ဟောသွားတာ ရဟန္တာအစစ်တွေတဲ့။ အတုမဟုတ်ဘူးတဲ့။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ နိရောဓသစ္စာ နဲ့ မဂ္ဂသစ္စာ၊ ဒါ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဥပါဒါန်ကံတွေကို ဟောသွားတာ။ အဲဒါမှ အဲဒီကံကိုပြတ်သွားလို့ နိရောဓနဲ့ မဂ္ဂကိုရလို့ လာဟောတာတဲ့၊ အဲဒါရဟန္တာအစစ်တွေတဲ့။ အထင်လည်းမသေးနဲ့။ အထင်လည်းမကြီးနဲ့တဲ့။ သူများ မြှောက်တိုင်းလည်း မမြှောက်ဘူး။ သူများခြောက်တိုင်းလည်းမကြောက်ဘူး။ အလယ်ကသွားတယ်။ အစွန်းနှစ်ပါး လွတ်အောင်သွားတဲ့။ ဟော အကုသိုလ်ကံနဲ့ ကုသိုလ်တော့လုပ်တယ်။ မစွဲဘူး။ အကုသိုလ်တော့လုပ်တယ်။ မစွဲဘူး။ လုပ်လည်းမလုပ်ဘူး။ သိလည်းမသိဘူး။ ဒီသဘောပဲ အဲဒါဘာလဲ နိဗ္ဗာန်ရပြီပေါ့ဗျာနော်။ အဲဒီတော့ ဒီဒုက္ခသစ္စာ

သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ခင်ဗျားတို့ဘုန်းကြီးတွေ တက်ဟောနိုင်းပါတဲ့။ ဘယ်သူမှ မဟောနိုင်ဘူးတဲ့နော်။ ဒီက မင်္ဂလာ ... ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ လောကမှာ လူတိုင်းရှိနေတယ်တဲ့။ ဥပါဒါန်တွေ အစွဲရှိတဲ့ ပုဂ္ဂိုလ်တွေပဲ အခု ခင်ဗျားတို့ သင်္ကန်းချွတ်သွားပြီတဲ့။ ခင်ဗျားအိမ်ပြန်ရောက်သွားပြီ၊ ကိလေသာနဲ့ တဏှာပေါင်းလိမ့်မယ်။ အဲဒီ ကိလေသာမှာ တဏှာရှိတယ်တဲ့။ ခင်ဗျားစဉ်းစားပါတဲ့။ ဒီဥပါဒါန်ဟာတွေရှိတယ်။ ဒါပေမယ့် ဒီရုပ်ရှိရင်ရပါပြီတဲ့။ အဲဒီရုပ်ရှိရင် စိတ်ပြောင်းသွားပြီတဲ့။ လူပြောင်းသွားလိမ့်မယ်နော်တဲ့။ သားအဖ လင်မယားတောင်မှ တွေးကြည့်ဗျ။ အဲ လင်မယားတောင်မှ လင်ကမုဆိုး၊ မယားက အမဲသားရောင်းရတယ်။ ရတော့ မိန်းမကရတာ။ ဟိုကောင်က သတ်တာ။ အဲ ဘယ်သူသိလဲ။ နောက် ခင်ဗျားတို့သိပါလိမ့်မယ်။ သိကိုသိရလိမ့်မယ်။ သိတော့မှ ခင်ဗျားတို့ ဝမ်းနည်း ပက်လက်တွေဖြစ်ကုန်ပြီ။ အယူမှား အမှတ်မှားနဲ့ တဏှာ မာန ဒိဋ္ဌိတွေက လွှမ်းမိုးထားတာ။ တဏှာက အုပ်ချုပ်ထားလို့ မှန်တယ်ဖြစ်နေတာ။ ဘယ်သူကျေးဇူးဆပ်ရမလဲ။ မင်းကဘယ်လောက်သိသလဲ။ ငါကဘယ်လောက်သိသလဲနဲ့ မနောက ဖြစ်နေတာ။ သွားတော့မမေးဘူး။ သူတို့ဟာနဲ့သူတို့ ပေတံနဲ့တိုင်းနေတာ။ ငါ တိုက်ရှိတာပေါ့။ မင်းကဘာရှိတာ တို့ အဲဒါတွေဖြစ်ကုန်တာ။ အဲဒါတွေက ကံတရားတွေပဲ။ အဲဒီကံတရားတွေက ဘာဖြစ်လို့ ကံဖြစ်ရတာလဲ။ လောကီကို အားကိုးလို့ဗျ။ လောကီတဏှာကိုအားကိုးလို့ဗျ။ ဘဝတဏှာတွေ ဟင် အဲဒါ ဘယ်သူဟောနိုင်သလဲ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အဲဒါ ရဟန္တာအစစ်တွေမှ ဟောတာ။ ဘုရားတွေဟောတာ မယုံရင်တက်ဟော ကြည့်ပါလား။ မပြောချင်လို့ ခင်ဗျားတို့ဟောနိုင်တာစာပဲ။ စာနဲ့ ပါးစပ်နဲ့ရော ဟုတ်တာပေါ့၊ အကာတွေဟောတယ်။ အခု ဟောသွားတာ အနှစ် ဥပါဒါန်နဲ့ ကံကိုဟောတာ။ ပြတ်လို့လာဟောတာ။ ဒီလောက်ဆို ပြီးရောပေါ့။ (သာဓု...သာဓု...သာဓု)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၉.၁၀.၂၀၀၁)ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊
ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာ
မိုးကောင်းရန်အောင်မြင်ဘုရားတွင်
ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော
ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၇)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၄.၁၀.၂၀၀၁) ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် အစုကြီးကျေးရွာ၊ မိုးကောင်းရန်အောင်မြင်ဘုရား၌ ဝိသုဒ္ဓိဆရာတော်ကြီးဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးပဥ္စင်း က စာမတတ်ဘူး။ ငယ်စဉ်တောင်ကျေးက မအေက ကျောင်းမထားနိုင်လို့ စာမတတ်တာ။ မူလတန်းစာတွေမတတ်တာ။ အဲဒီတော့ စာမတတ်တဲ့အတွက်ကြောင့် ဦးပဥ္စင်း က ခန္ဓာကသိတဲ့အသိ၊ ခုနက စာသိနဲ့ ခန္ဓာသိ။ ဒီနေရာမှာသဘောလေးပေါ့ဗျာ။ အဲဒီတော့ ဦးပဥ္စင်း က စာမတတ်တဲ့အတွက်ကြောင့် ဆရာတော် သမာတော်တွေ၊ ကိုရင်လေးတွေ တပည့်တော်က တောင်းပန်ပြီးတော့ တပည့်တော်စာမတတ်ပါဘူးဘုရား။ အပြစ်ရှိရင် ခွင့်လွှတ်ပါ။ ဘုရားတပည့်တော် တောင်းပန်တယ်။ နောက် ဒကာ၊ ဒကာမများလည်း တရားနာတဲ့ပရိတ်သတ်အပေါင်းလည်း ဦးပဏ္ဍိတ က စာပေကျမ်းဂန်မတတ်တော့ ပြောမှားဆိုမှားရှိခဲ့သော် ခွင့်လွှတ်ကြပါလို့ ဦးပဥ္စင်း က တောင်းပန်တယ်။ ခန္ဓာကသိတဲ့အသိ၊ သိ-ပယ်-ဆိုက်-ပွား လို့ ရေးထားပါတယ် စာက။ အဲဒီတော့ ကိုယ်ကသိရမယ်။ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ အနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ ဒီသင်္ခါရတရားဟာ အားလုံးရှိနေကြပါတယ်။ အတ္တကိုဗျ။ အတ္တဆိုတာ အာရုံ(၆)ပါးခေါ်မှာပေါ့။ အဲဒီအာရုံ(၆)ပါးမှာ အယူမှား၊ အမှတ်မှား၊ အစွဲမှားတယ်။ အဲဒါ ခန္ဓာသိကပြောတာ။ အစွဲမှားတယ်။ ငါလို့ ယူထားပါတယ်။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်၊ ငါနံတယ်၊ ဒါက သစ္စာနဲ့ဟောတဲ့တရားတွေနော်။ အဲဒီတော့ ခုန ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ အတ္တတရား၊ အနတ္တတရားရှိတယ်။ သဘောလေးပြောသွားတာ။ ဘယ်သူမှ ဦးပဥ္စင်း ပြောတာမဟုတ်ဘူး။ ခန္ဓာကသိတဲ့အသိကိုပြောတာပါ။ အဲဒီတော့ ပညတ်နယ်ထဲမှာ အတ္တရဲ့အသိတွေက ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့နားကြားတယ်၊ ငါမြင်တယ်၊ ငါသိတယ်၊ ဒါ ငါ့မိန်းမပဲ၊ ဒါ ငါ့သားပဲ၊ ဒါ ငါ့သမီးပဲ၊ ဒါ ငါ့ပစ္စည်းတွေပဲ။ အဲဒီလိုအယူမှားတယ်နော်။ သဘောလေးပဲ။ အယူမှားတယ်။ ငါလို့ယူထားတယ်။ ပြီးတော့ အယူမှားပြီးတော့ သွားပြီမှတ်လိုက်တယ်။ ဟောဒါ ငါ့သမီးကွာ။ ဟောဒါ ငါ့သမီးမဟုတ်ဘူး။ ဟော့ဒါ ငါ့ပစ္စည်းကွ။ ဟောဒါ ငါ့ပစ္စည်းမဟုတ်ဘူး။ ကိုယ့်ပစ္စည်းကို လူတစ်ဦးတစ်ယောက်က ရိုက်ချိုးတယ်။ ပစ္စည်းပိုင်ရှင်က စိတ်ထဲ ဘယ်လိုနေမလဲ။ ဟာ ပစ္စည်းကလည်း တန်ဘိုးရှိတယ်။ သူ့ရှေ့မှာ ရိုက်ချိုးပစ်လိုက်တယ်။ ဥပမာ ဥပမာ အဲဒီလိုရိုက်ချိုးပစ်ပလိုက်လို့ရှိရင် ပစ္စည်းပိုင်ရှင်က "တောက်" တက်ခေါက်တယ်။ ဘာဖြစ်လို့လဲ။ ငါ့ပစ္စည်းကို မြောက်မြားစွာတန်တဲ့ပစ္စည်းကို မင်းကလုပ်ပစ်တယ်ဆိုတာ ပစ္စည်းကိုစွဲတာ။ ပိုင်ရှင်က သူ့ပစ္စည်းကိုစွဲတာ။ တဏှာခေါ်တယ်။ တဏှာကြောင့် မာန်ဖြစ်တယ်။ ခုနက

တက်ခေါက်လိုက်တာနော်။ ဝေသန္တရာတောင် မလွက်ဘူး။ ဝေသန္တရာ ဟာ သူ့သားတွေ ပုဏ္ဏားက ဆင်းပြီးတော့ ကလေးတွေကိုရိုက်တယ်။ ဖအေ့ရှေ့မှာရိုက်တယ်။ လှုတော့ လှုလိုက်တယ်။ အဲဒီတော့ ပစ္စုပ္ပန်တည့်တည့်လေးရယ်။ တည့်တည့်လေးဟောတာ။ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်း မတွေးနဲ့။ အဲဒီလို တည့်တည့်လေးကိုဖြစ်သွားတဲ့ကိစ္စလေးကို သားလေးကိုရိုက်တာဟာ သူကသွားပြီးတော့ သူကစွဲတာ။ ငါ့ရဲ့သံယောဇဉ်ကိုကွာ။ ဒီလောက်တောင်ရက်စက်ရသလားပုဏ္ဏားရယ်ဆိုပြီးတော့ ဟော အဲဒါတဏှာပဲ။ တဏှာကြောင့် ဘာဖြစ်သလဲ။ မာန်ဖြစ်တယ်ဗျို့။ အဲဒီနှစ်ခု ဘယ်သူကလုပ်သလဲ။ “ဒိဋ္ဌိ” ကဲ “ဒိဋ္ဌိ”တဲ့။ စာလိုရေးတာနော်။ “ဒိဋ္ဌိ”။ အဲဒါမာန်ဖြစ်တယ်။ ဟောဒီဘဝမှာ ၃၁ ဘုံမလွတ်ဘူးဗျို့နော်။ ၃၁-ဘုံလွတ်တဲ့တရားနဲ့ ၃၁-ဘုံမလွတ်တဲ့တရားရှိတယ်။ ကြိုးစားရင်ကိုယ်သိမယ်။ သိရင်ကိုယ်ပယ်မယ်။ ဘာတွေပယ်မလဲ။ ကံတွေပေါ့ဗျာ။ သိ-ပယ်-ဆိုက်-ပွားတဲ့။ ဒါက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတသစ္စာနဲ့ သမုတိသစ္စာက ကွာခြားမှုရှိတယ်နော်။ ရဟန်းတော့ ရဟန်းပဲ။ အသိမတူဘူး။ ဟိုက စာသိ၊ ဒီက ခန္ဓာကသိတာ။ ဒီက “ကံ”ကိုသိတာ။ အစွဲဥပါဒါန် “ကံ”ကိုသိတယ်နော်။ သွားစွဲတာ။ အဲဒါက ခန္ဓာကသိတဲ့တရားခေါ်တယ်။ ဒီတော့ ကံပြတ်တရားဆိုတာ စာကရေးထားတယ်ဗျာ။ အဲဒါ ကံတရားတဲ့။ ဈာန်တရားတဲ့။ ဉာဏ်တရားတဲ့။ အဲတော့ တွေးသာကြည့်။ အဲဒါစာကရေးတာ။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခံစားရတာကို ထုတ်တော့မပြတတ်ဘူး။ ယုံကြည်ပါဗျာ။ ငါလည်း အင်မတန်ဆင်းရဲနွမ်းပါးပြီးတော့ လူ့ဘဝမှာ ကျောင်းတောင်မနေနိုင်တာကြည့်ပါ။ ဘယ်လောက်ဆင်းရဲသလဲ။ ဖအေနာမည် ဦးချိုးတိုး၊ မအေနာမည် ဒေါ်အုံးမေ။ အိမ်မဲမြို့နယ်၊ သီးကွင်းသရက်ကုန်းတောရွာ ဆင်ခြေဖုံးလေးမှာ ကရင်ရွာတွေပါ။ ဖအေ၊ မအေတွေတကောက်ရိတ်တယ်၊ ကောက်စိုက်တယ်။ သူများရဲ့ခွက်ကောက်မှာ လုပ်စားတဲ့လူစားတွေ။ မြေတကွက်လည်းမရှိ၊ ဥယျာန်တကွက်လည်းမရှိ။ ဖအေ၊ မအေတွေက ဆင်းရဲတော့ သားသမီးလေးတွေလည်း ဒုက္ခအကြီးအကျယ်ရောက်တာပေါ့ဗျာ။ ဒါ ဖအေ၊ မအေကို အပြစ်မပြောပါဘူး။ ဆင်းရဲတဲ့အကြောင်း၊ ဆင်းရဲတော့ ကျောင်းလည်းမနေရ ဘာလည်းမနေရ။ ကရင်ရွာတွေ ငယ်စဉ်တောင်ကျေးကနေပြီးတော့ မိဘကို လူလားမြောက်တဲ့အချိန် ထမင်းချက်တယ်၊ ရေခပ်တယ်၊ ဖအေ၊ မအေက ကောက်ရိတ်သွားတယ်။ ထမင်းတွေ၊ ဟင်းတွေချက်တတ်တယ်။ ကလေးဆိုတော့ (၁၀)နှစ်သားကျော်ကျော်လောက်က အလုပ်လုပ်ရတယ်။ ခြေ၊ ထမင်းချက်ရတယ်။ ၄ လုံးဝင်အိုး၊ ဟိုတုန်းကတော့ မြေအိုး ထမင်းချက်။ မိဘကို ဆွဲခြင်းလေးနဲ့ သွားပို့ရတယ်။ ဒါဘာလဲဆိုတော့ စာတော့မတတ်ဘူးပေါ့ဗျာ။

မိရိုးဖလာရဲ့အယူတွေ။ ကံရဲ့အယူတွေ။ အဲဒီလိုပဲပြောရမှာပဲ။ ကံရဲ့အယူတွေ စွဲတာကိုးဗျာ။ ဖအေ၊ မအေစွဲ၊ အကုန်စွဲ။ စွဲရင် ဥပါဒါန် ကံ သံသရာလည်တဲ့တရားတွေ။ သူလည်းမသိဘူး။ ဩော် ဖအေ၊ မအေသွားစွဲတော့ ကောင်းတာ။ သမ္မာဒိဋ္ဌိကံ နဲ့ မိစ္ဆာဒိဋ္ဌိကံ။ အဲဒါပါပဲဗျာ။ သမ္မာအယူယူတော့ ကောင်းတာပါပဲ၊ မိစ္ဆာဒိဋ္ဌိယူတော့ ဉာဏ်တရားတဲ့။ ဉာဏ်ဆိုတာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာသဝေါ ဥဒပါဒိ၊ ဉာဏဥဒပါဒိတဲ့။ အာသွက္ခရာဉာဏ်။ စာကရေးထားတယ်။ စာကမှန်၏။ သူကျင့်တယ်လေ။ အဲဒီတော့ တံစဉ်လေးကိုင်တယ်။ ကာယကကျူးလွန်ပြီး မျက်စေ့စက္ခုအာရုံက ဒါတွေကို သွားပြီးတော့သာယာတယ်။ ကဲရိတ်တော့တာပဲဗျို့ အဲဒါတွေရတဲ့အခါကျတော့ ဖအေ၊ မအေကလည်း သိတယ်။ ထမင်းစားပြီးတော့ ငါ့သား ဒါတွေလုပ်တယ်ဆိုတာသိတယ်။ မဆုံးမဘူးဗျာ။ ဒါသဘော ပြောတာဗျို့ မဆုံးမဘူး။ သားရေ မလုပ်နဲ့ကွဲ့ သူများပစ္စည်းတွေ မလုပ်နဲ့မပြောဘူး။ သူရိတ်တော့တာပဲဗျို့ ရိတ်ပြီးတော့ ထမင်းထည့်တဲ့ဆန်တောင်းထဲမှာ အဲဒီစပါးနှံတွေထည့်တယ်။ အဲတော့ ခေါင်းခုလေးကို စပါးနှံတွေကိုအုပ်တယ်။ ပိုင်ရှင်သိမှာစိုးလို့ လယ်ပိုင်ရှင်သိမှာစိုးလို့အုပ်တယ်။ သူခိုးနော်။ ဘယ်လောက်ဉာဏ်များလဲလို့ အဲဒါပေါ့ဗျာ။ ကံရဲ့ လောကီရဲ့ဉာဏ်တွေပေါ့။ လောကုတ္တရာ ဉာဏ်မဟုတ်ပါဘူး။ အဲဒီလိုအုပ်ပြီးတော့ သွားတော့တာပဲ။ ဖအေ၊ မအေ ထမင်းဝတယ်ဆို သူက တောင်းလေးယူပြီးသွားရော။ အိမ်ရောက်တော့ ရေအိုးစင်ဆိုတာကတော့ ရှိတာပေါ့ဗျာ။ ဝါးအိမ်ကိုဗျာ။ ရေအိုးစင်က ဖိနပ်ချွတ်နားမှာလုပ်ထားတော့ ခြေထောက်နှစ်ချောင်းရှိမှာပေါ့။ အဲဒီရေအိုးစင်အလယ်မှာ ဝါးတိုင်လေးကိုင်ပြီးတော့ ခြေထောက်နှစ်ဖက်မွှေတော့တာပဲဗျို့ ဆာလာအိတ်လေးခင်ပြီး မွှေတော့တာပဲ။ စပါးနှံတွေ စပါးတွေဖြစ်ကုန်ရောဗျာ။ ဒါ အစွဲဥပါဒါန်ကိုဟောတာနော်။ အစွဲဥပါဒါန် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ သံသရာလည်တဲ့သဘာဝပြီး သဘောဝဥပါဒါန်တရားတွေ၊ အစွဲတရားတွေ ဒါအရိယာသစ္စာခေါ်တယ်။ ဒါတွေခိုးဟာယ်၊ လုပ်ဟာယ်နဲ့ စပါးနှံက စပါးရလာပြီး အိမ်မှာဆန်ချိန်တဲ့နို့ဆီခွက်လေးနဲ့ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး၊ အလုံး ၂၀၊ အလုံး ၄၀ ဖြစ်ရောဗျို့ အဲဒါတွေကိုထုပ်ပြီးတော့ အဲသလို စပါးကိုဝယ်တဲ့သူရှိတယ်။ သရက်ကုန်းမှာ ကျင်မကွီး တရုတ်ဆိုင်၊ ကုန်ခြောက်တွေရောင်းတယ်။ ဒီနေ့(၅)ပြည်ရတယ်။ တစ်ပြည်ဘယ်လောက်။ ဆိုင်မှာရှိတဲ့ ပဲကြော်လေးဝယ်သွားတယ်။ မြေပဲလည်းဝယ်တယ်။ ကြံသကာလည်းဝယ်တယ်။ လှက်ခြောက်လည်းဝယ်တယ်။ ဖအေ၊ မအေ ညနေပြန်လာရင် သောက်ဖို့ ကိုယ်ကလည်းဝယ်တယ်။ ပိုက်ဆံပိုတာလေးကို မျှင်ငါးပိလေးတွေဝယ်တယ်။ ဒီလိုလုပ်တော့ အဲဒါတွေအားကျတယ်။ မကောင်းတဲ့ဒုစရိုက်တို့မှာ စိတ်ဝင်စားလာတယ်နော်။ ဒါတွေက အမိအဖကလည်း မဆုံးမဘူးဗျ။ ဒါစွဲတဲ့ဥပါဒါန်။ အဲဒါတွေ

ကံတွေပေါ့ဗျာ။ ကံဘယ်ကစလဲ။ မနောကစတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောကံဟာ အာရုံမလွတ်လို့။ စက္ခုအာရုံမှာ သာယာတာတဏှာ၊ နားသောတမှာ သာယာ တာ တဏှာ။ နံ့သာမှာ သာယာတာ တဏှာ။ ဇိဝှါမှာ သာယာတာ တဏှာ။ ဒါ သိပ်နုတဲ့တရားတွေ။ အဲဒါ အရိယထသိတဲ့ အသိတွေဟောသွားတာ။ အတ္တကိုပြောသွားတာ။ စက္ခုမှာ သာယာတာ တဏှာ၊ နားသောတမှာ သာယာတာ တဏှာ။ ဒီတဏှာတွေ ဒီတဏှာက ကိုယ့်ကိုနှိပ်စက်နေတာ။ နှိပ်စက်လို့ နှိပ်စက်မှန်းလည်းမသိ။ ဦးပဥ္စင်းမှာ ဒါတွေဝယ်ခြမ်းပြီးတော့ မအေ၊ ဖအေကလည်း ဘာမှ သားသမီးကို မခုံးမဘူးဗျာ။ အဲဒါနဲ့ပဲ ရက်ပေါင်း၊ လပေါင်း။ တစ်နေ့သောအခါမှာ တိုင်းပြည်ပျက်သွားတယ်။ ကရင်-ဗမာ အဓိကရုဏ်းဖြစ်တော့ တိုင်းပြည်ပျက်။ အင်္ဂလိပ်အစိုးရတွေလည်းပြေး။ ကျောကော့ပြီးတော့ ပြေးတော့တာပဲ။ တောသားတွေဘယ်ပြေးလဲ။ ပုသိမ် နယူလိုင်းကို။ ရဲတွေနေတဲ့လိုင်းကြီး။ အဲဒါ တက်နေတော့တာပဲဗျို့။ ပုသိမ်မြို့သူ၊ မြို့သားတွေက ဆန်ဝေတယ်ဗျို့။ တောပြေးတွေကို တပတ်ပြီး တစ်ပတ်ပဲ။ သူပျော်နေတာပဲ။ သူ့နာမည်က ဦးမြမောင် တဲ့။ ဒါတွေကို သာယာနေတာ။ ခိုးတာလည်း သူခိုးရမလား၊ လိမ်ရမလား။ ဒါကိုကြည့်မယ်ဆိုရင် ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ကာယကံ။ ဝစီကံတွေက အကုန်ပျက်တယ်။ ဘာဖြစ်လို့ပျက်လဲ။ မနောကံက မလုံလို့ပေါ့ဗျာ။ မနောကံ က အာရုံငါးပါးကို သူမထိန်းနိုင်တော့ဘူး။ ဥပါဒါန် ကံတွေဖြစ်ပြီးတော့ အပါယ်(၄)ဘုံသွားမှာပေါ့။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊ နတ်ဘုံ(၆)ဘုံ၊ ဗြဟ္မာ့ဘုံ(၂၀)။ ဝါစာကရေးထားတာ။ လူ့ဘုံ(၁)တုံ လူ့ဘုံကနေသွားမှာ ကြည့်စမ်း။ ဘာမှမသိဘူး။ ဒါတွေ နောက်ဆုံးတော့ပေါ့ဗျာ။ နောက်ဆုံးတော့ ရက်ကိုလစားတယ်။ လကို နှစ်စားတယ်။ တဖြည်းဖြည်းကြီးလာရော။ အသက်(၂၄)နှစ် အရွယ်ရောက်တော့ ရဲထဲဝင်တာပဲဗျို့။ သွားလျှောက်ရတာပေါ့ဗျာ။ စာမှမတတ်တာ။ လက်မှတ်ထိုး လိုက်ရင် မြမောင် ဆိုရင်ရတာပဲ။ ရဲထဲမှာတော့ ရက်ပေါင်း၊ လပေါင်း။ ဟော လူကြီးတွေက သင်ပေးတဲ့ ဗျ။ သူတို့ကရှင်းပြတယ်။ အနောက်က အဲဒီ မြမောင် ကနေပြီးတော့ သူတို့ဘာတွေလုပ်တယ်။ ဘာတွေ လုပ်တယ်။ ဘာတွေကိုင်တယ်ဆိုတာကို သူကကြည့်တယ်မပြောဘူး။ အဲသူတို့ အတုမြင် အတတ် ခိုးထားတယ်။ ကြည့်စမ်း။ ဒီဥပါဒါန် ဒီဥပါဒါန်ဟာ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား ပြတ်တဲ့တရားကိုမသိဘူး။ လည်တဲ့တရားကြီးလုပ်နေတယ်။ သံသရာ ဘယ်ကစလဲ။ ခန္ဓာကစတယ်။ အဲ ဘယ်ကံလဲ မနောကံ။ အာရုံငါးပါးမလွတ်ဘူး။ ဒါဘယ်လိုအသိတရားတွေခေါ်လဲ။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်ကို သစ္စာထားရမယ်နော်။ သစ္စာထား ရမယ်။ သစ္စာထားမှ လောကီမှာထူးမှာ။ သစ္စာပျက်ရင်တော့ လူးသွားလိမ့်မယ်၊ ခင်ဗျားပေါ်မူတည်

တယ်နော်။ ဒါက သစ္စာ၊ ဒီသစ္စာတွေမှန်ကန်တော့ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ ဘုမ္မိက သိုက်တွေ မနေနိုင်တော့ဘူးဗျို့၊ ဦးမြမောင် ခပ်တိုတိုပဲပြောကြစို့ရဲ့၊ အဲဒီတော့ ဒီဝိပဿနာတရားတွေ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ သတိပဋ္ဌာန်(၄)ပါးကို ကိုယ်ကဘာလုပ်ရမလဲ။ လက်ပိုက်ပြီးတော့ စာမှ မတတ်တော့ လက်ပိုက်၊ အာနာပါန ထိမှု၊ သိမှု။ ဒါဘဲ ထိသိ သတိ။ ထိတာ မိမိသတိထားပါတယ်။ ဘာကိုထိသွားတယ်။ ဘာကိုသိသွားတယ်။ သတိထား။ အဲဒီတော့ ဒီဘဝင်စိတ်ကလေးဟာ စိတ်လို့သာခေါ်သမုတ်တာ။ ဒီစိတ်ကလေးကို ငြိမ်နေရမယ်။ စေတသိတ်တွေ၊ စိတ်တွေမဖြစ်ရဘူး။ မြင်စိတ်တွေပယ်ရမယ်။ တွေးစိတ်တွေကိုလည်း ဉာဏ်လေးနဲ့နှလုံးသွင်းထား။ ဩော် ဒါတွေကို လက်ကလေးပိုက်ပြီးတော့ ရှူတော့တာပဲဗျို့၊ ပြင်းပြင်း ရှူတယ်။ ရှုး-ရှုး ရှုး-ရှုး ရှုး-ရှုး ရှုး-ရှုး ရှုး-ရှုး ရှုး-ရှုး ရှုး-ရှုး ရှုး-ရှုး။ အဲလို ရှူတော့ အဲတော့ ကိုယ်နားကကြားတော့ သစ်ပင်ကြီး လွှဖြတ်နေသလို ရွှမ်း-ရွှမ်း-ရွှမ်း-ရွှမ်း နဲ့၊ မတွေးနိုင်တော့ဘူးဗျို့၊ အဲလိုကြီးပဲလုပ်နေတာ။ တောထဲမှာ၊ ဒါတရားအားထုတ်နေပြီပေါ့၊ အေး မိန်းမတွေလည်းရတယ်။ ဆင်းရဲနွမ်းပါးတော့ သမီးတွေ၊ သားတွေထားပြီးတော့ သူလုပ်တော့တာပဲဗျာ။ စာမှမတတ်တော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း သူလုပ်နေတဲ့အခါ မနောကလေးက ငြိမ်လာ တယ်။ မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်တွေကလည်း ငြိမ်လာတယ်။ တွေးစိတ်ကလေးကလည်း ခေါင်းပါးလာတယ်။ ဟာ အောက်ခြေက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတာ ဒါပါလား။ အေး အေး အေး အေး အေး တောထဲမှာနေတာ။ သူပုန်တွေခေတ်တုန်းက အဲဒါတရားအားထုတ်တာ။ အဲလိုပဲ ရှူတာ။ ပြင်းပြင်းပဲ ရှုး-ရှုး-ရှုး-ရှုး-ရှုး-ရှုး-ရှုး။ အဲလိုရှူရတယ်။ တရားသမားကိုး။ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား။ ဒုက္ခတွေဖြစ်ကုန်ပြီ၊ ဥပါဒါန်ကြောင့် အစွဲကြောင့် ဒုက္ခတွေဖြစ်နေတာ။ အခုစွဲရင် အဲဒါ ဒုက္ခပဲ။ မင်းအခု ရှေ့ကသွားစွဲရင် မင်းအခု ကိလေသာကြီးက ဒုက္ခကွ။ ကံကြောင့် ဒုက္ခကွ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ ရမှာကိုး။ အဲဒီသစ္စာလေးပါးရရင်တော့ ထူးပြီ။ (၃၁)ဘုံလွတ်တယ်ဆိုတာလည်း သိပြီ။ မလွတ်ဘူးဆိုတာလည်း သိပြီ။ အကုန်သိ၊ စာတောမတတ်တာအမှန်ပဲ။ ဥပါဒါန်တရားတွေ အစွဲတွေ ပါလား။ ဩော် အေး အေး အေး ဩော် အေး အေး ဩော် အေး အေး။ ဒါပဲပြောတယ်။ ရဟန်းတော့ ရဟန်းပဲ။ ရဟန်းတော့ အသိမတူဘူး။ သူကစာသိ၊ ကိုယ်က စာမတတ်တော့ မဖတ်တတ်ဘူး။ အခု ခင်ဗျားတို့ ရေစက်ကလေးချပေးပါ။ ၅-ပါးသီလလေး ပေးပါ။ ၈-ပါးသီလလေး ပေးပါ။ ဘာမှမပေး တတ်ဘူး။ လူသေကိုလဲ သပိတ်ကလေးသွတ်ပါ။ ဘာမှမပေးတတ်ဘူး။ ဒါဖြစ်ရင် ခင်ဗျားဘာစားမလဲ။

တောထဲမှာနေတာ။ ဟာ မင်းလာကြည့်စမ်း။ လာကြည့်လှည့်။ ငါနောက်လိုက်ခဲ့။ ငါ့ပါးစပ်နဲ့မပြောဘူး။ မင်းတွေ့ရလိမ့်မယ်။ တွေ့လိမ့်မယ်ကွာ။ သိုက်ကယ်၊ နတ်ကယ်၊ မါတ်ကယ်၊ မဂ်အောင်တော့ မဂ္ဂင် (၈)ပါး။ လမ်းဆုံးတော့ရှာတွေ့တယ်။ သမ္မာဝါစာ၊ သမ္မာကမန္တ၊ သမ္မာအာဇီဝ။ အဲဒါသီလမဂ္ဂင်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ ကို ဟိုတလုံး သွားတိုက်တော့ သမ္မာသင်္ကပ္ပ၊ ဒိဋ္ဌိသိသွားပြီ။ ဒိဋ္ဌိသိသွားရင် တဏှာပြတ်တော့မယ်နော်။ ကိုယ်တွင်းမှာရှိတဲ့ တဏှာ။ ကိုယ်တွင်းမှာရှိတဲ့တဏှာကို မသတ်ကြဘူး။ အပြင်တဏှာ မထွက်တော့ဘူးဗျို့။ ဟော စက္ခုအာရုံနဲ့ မနောနဲ့ပေါင်းတယ်။ အမလေး ငါးသလောက်ဟင်းလေးပါ။ အမလေး ငါးမွေးနီ ဟင်းလေးပါ။ အဲဒါလေးကို ဇိဝှါမှာစားတော့ သာယာတာ တဏှာ။ ကြည့်စမ်း အရသာကိုခံစားနေကြ တယ်။ ကံ စိတ် ဥတု အာဟာရတဲ့။ ကံ ကံတွေနဲ့ချည်းစားနေကြယ်။ ကြည်စမ်းပါဦးဗျာ။ ဒုက္ခသစ္စာ လို့ပြောထားတယ်။ ကံကြောင့် ဒုက္ခတွေကိုပြောနေတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ရေးထားတာပဲ။ စာကမှန်၏ ဉာဏ်မမိ၊ ထိအောင် သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ ကသာတယ်။ သိသွားပြီ။ အဲဒီတော့ ခုဏက ငါမွေးနီဟင်းလေး၊ ငါးသလောက်ဟင်းလေး။ အဲဒါလေး တော့ စက္ခုက မျက်စေ့ကမြင်တာပေါ့။ နှလုံးက မှတ်တယ်။ မျက်စေ့ကမှတ်တာမဟုတ်ဘူး။ နှလုံးက မှတ်တာ။ မျက်စေ့ကမြင်တာမှာ မြင်တတ်မှ မနော။ အဲဒါသညာခေါ်တယ်။ ပညာမဟုတ်ဘူး။ သညာဆိုတာ မင်းသိတဲ့အသိတွေခေါ်တယ်။ မင်းသတိထားတဲ့။ အဲဒါပညာကိုရောက်အောင်လုပ်ရ မယ်။ သညာကို ပညာရှင်းရမယ်။ အဲဒါမှ သင်္ကာကင်းမယ်။ သဘောလေးပဲ။ အဲဒါ ဝိသုဒ္ဓိခေါ်တယ်။ ကြည့်စမ်း၊ အဲဒီကံတွေကို သူဖြတ်တာ။ အစွဲဥပါန်ဖြတ်တာ။ ခင်ဗျားတွေးကြည့်၊ အခုခင်ဗျားတို့ အင်္ဂလိမာလ အစွဲပေါ့ဗျ။ သူစွဲနေတာ။ လက်ညှိုးပေါင်းတစ်ထောင် သူစွဲလို့ လိုက်လုပ်နေတာ။ ဘုရားက အဲဒီအစွဲကို သူချတ်တာ။ ဟိုဆင်ကြီးလည်း အရက်ကိုးမောင်းသောက်တာ စွဲလို့ပေါ့ဗျ။ ဘုရားကချွတ် တာ။ ဘုရားကလည်း အောင်တော်မူတယ်နော်။ အောင်ခြင်း(၈)ပါးလေ။ ဒီအစွဲတွေပဲ။ ဒီအစွဲတွေ ကြည့်စမ်း ဟိုမှာမြင်ပြီး အဲဒါကို သစ္စာထားရမယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထ သစ္စာ၊ အရိယသစ္စာ၊ အရိယသစ္စာက သစ္စာခေါ်တယ်။ သစ္စာမှန်မှ မေတ္တာတွေအောင်မြင်မယ်။ ရေပုလင်းကဆေးဖြစ်တယ်။ လက်ဖက်ခြောက်က ဆေးဖြစ်တယ်။ မြွေဟောက်လေးကိုက်တယ်။ ဒီနေ့ ပျောက်တယ်။ ခဏလေးပဲပျောက်တယ်။ အဲဒါဘာလဲ ပယောဂတွေ။ သွေးသားနဲ့ဖြစ်တဲ့ရောဂါရှိတယ်။ ပယောဂရောဂါရှိတယ်။ တောင်ပိုင်၊ ကွင်းပိုင်၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ စာနဲ့ရေးတာဟုတ်သလား။ ဟုတ်တယ်။ ဟုတ်ရင်မြင်လား။ မမြင်ဘူး။ ဘာကြောင့်မမြင်လဲ။ အဝိဇ္ဇာကိုးဗျ။ ဝိဇ္ဇာတွေကသိတယ်။

ထုတ်တော့မပြတာတ်ဘူး။ မင်းတို့ယုံကြည်ပါကွာ။ ဘာကိုယုံကြည်ရမလဲ။ အဲဒါခန္ဓာက သိတဲ့ အသိတွေကွာတဲ့။ အဲဒါ ခန္ဓာကသိတဲ့အသိလေးကို မင်းယုံကြည်ရင် အပါယ်ပိတ်တယ်ကွတဲ့။ မလုပ်နဲ့။ ငါပြောတဲ့အသိဟုတ်၊ မဟုတ် လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ၊ မေးမြန်းပါ။ မှန်ရင် အဲဒီအသိလေး ယူထားလိုက်။ သိရင် ပယ်လိမ့်မယ်။ ပယ်ရင် မဂ်ဖိုလ်မင်းရနိုင်တယ်။ ကြည့်စမ်း မင်းဘာတွေပယ် မလဲ။ တဏှာနဲ့ မာန်ပယ်မယ်။ အခုဖြစ်နေတာ ဒီတဏှာက အတွင်းတဏှာပြတ်မှ အပြင်တဏှာပြတ် တော့ မာန်ဆိုတာလည်းသိပြီဗျို့။ အောက်က နေနေတာ။ အထက်စီးကိုမတက်ဘူး။ သိသိတယ်။ အဲဒီတော့ တဏှာနဲ့ မာန်က မာန်ဆိုတာက ပောဒီဟာကတော့ ဒိဘဝမှာ နိဗ္ဗာန်မရမီ နိဗ္ဗာန်မရမီ အဲဒီကောင်တွေရှိတယ်။ ဖြစ်နေတဲ့အတွက်ကြောင့် မရတာ။ ကြည့်စမ်း မာန်ရာထူးကိုအားကိုးတဲ့မာန်။ ပညာကိုအားကိုးတဲ့မာန်။ ဗလငါးတန်ကို အားကိုးတဲ့မာန်။ ဟာ သားသမီးဂုဏ်ကိုအားကိုးတဲ့မာန်။ ဟာ ဒီမာန်ဘာလဲ။ တဏှာ ကြောင့် မာန်ဖြစ်တာပေါ့ဗျ။ ကဲတော့ ကိလေသာငုပ်နေတာ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား၊ ရုပ်-နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်-နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ပညတ်နဲ့ ပရမတ်ကို မြင်သွားပြီ။ အဲတော့ ကိလေသာငုပ်နေတာ။ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ ရုပ်-နာမ်မသိတာ အဝိဇ္ဇာ။ ရုပ်-နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ပညတ်နဲ့ ပရမတ် ကိုမြင်သွားပြီ။ အဲတော့ ပရမတ်ဆိုတာ တရားစစ်၊ တရားမှန်၊ ဓါတ်တရားတွေ။ အနတ္တတရားတွေ။ ပညာတ်ဆိုတာ မင်းအခု မြင်တဲ့သဘောလေးပဲ။ အဲပညတ်ကို ယူလည်းယူတယ်။ ယူပြီးစွဲတယ်။ အဲဒါပေါ့။ အဲ့တော့ ပရမတ်ကို မြင်ပြီးရသွားတော့ ပညတ်ကိုသိပြီး ငါ့ပညတ်က အောက်ခြေကလာတာ။ ငါသိပြီ။ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ကြည့်စမ်း သူဘာလုပ်ရမလဲ။ အပြင်မှာ စင်ကြယ် အောင်နေပါ။ အပြင်မှာ စင်ကြယ်မှ အတွင်းမှာ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ် ရမယ်။ အပြင်မှာက ဟာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေရင် မနောက ဖြစ်နေတာ။ မနောကံလေးက ဖြစ်နေတာ။ အာရုံမှာလိုက်စားတယ်။ ကျက်စားတယ်။ အဲဒီမနောကို တော့ ဥပါဒါန်တရားကို ပောနေတာ။ ဘယ်ကံပောလဲ။ မနောကံ၊ အာရုံ(၅)ပါးမလွှတ်ဘူး။ ကဲ ဘုရားပညတ်ထားတာ အာရုံကို ပညတ်ကို ပညတ်ကိုတော့ မင်းမစွဲနဲ့။ ကံ၊ ကဝ္ဗား၊ ကြိယာနဲ့ယူထား လိုက်။ သဘောလေးကျင့်။ တရားကိုတော့နှလုံးသွင်း။ ထိတာကရုပ်၊ သိတာက နာမ်။ မင်းဆိုလည်း မနေနဲ့။ ထိသိ ထိသိ ထိသိ သတိ သတိဆိုတာလေ။ အဲဒီစိတ်ကလေးငြိမ်အောင်ထား။ မြင်စိတ်၊ မြင်စိတ်ကလေးပယ်လိုက်၊ မြင်စိတ် မှ မပယ်ရင်တော့ဖြင့် သူများ၊ အိမ်သူများအကြောင်း၊ သူများ အတင်းတွေလျှောက်ပြောကုန်ကောဗျာ။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ သံသရာဘယ်က

စလည်း။ မနောကံကစတယ်။ သံသရာ ဘယ်ကပြတ်တယ်။ မနောကံက စလို့ပြတ်တယ်။ အဲဒီ ကံပြတ်တာ။ မဂ်ဉာဏ်တော့ မဂ်ဉာဏ်ရသွားပြီ။ ဒါကြောင့်မို့လို့ ကံတရား၊ ဈာန်တရား၊ မဂ်တရား ဆိုတာရှိတယ်။ မနောကိုပဟာသွားတာ။ အဲဒီတော့ အပြင်မှာစင်ကြယ်အောင်နေပါ။ အတွင်းမှာ စင်ကြယ်ပါလိမ့်မယ်။ အဲဒီတော့ ဒီဉာဏ်တွေရဖို့ရာ ဒီဉာဏ်တွေရရင် လောကကိုလဲတွေးမိပြီး သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဖြစ်သွား ပြီ။ ကြည့်စမ်း ခင်ဗျားတို့လည်းပြန်ရမှာ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာ။ ဦးပဏ္ဍိတ လည်း ပါးစပ်ထဲသွားတောင်မရှိတော့ဘူး။ ရက်ကို လစားမယ်။ လကို နှစ်စားမယ်။ အိုလာမယ်၊ နာလာမယ်၊ သေလာ မယ်။ ရုပ်ပဟာတာ တဏှာ၊ မာန၊ ဒိဋ္ဌိကို မင်းသတ်မယ်။ ရုပ်က မမြဲဘူး။ စိတ်က မအိုဘူး။ အခုစိတ်က မင်းကိုဒုက္ခပေးနေတာ။ အဲဒီ စိတ်ကလေးက မင်းကို ဒုက္ခပေးနေတာ။ ပေါ့ဆဆနဲ့။ အလုပ် လုပ်နေကြတယ်။ စိတ်ကို အနတ္တက သိတယ်။ အဲဒါ ဓါတ်ကြီး သွေး သည်းခြေ၊ လေ၊ သလိပ်။ မင်းအသက်ကြီးသွားရင် ဘာဖြစ်မလဲ။ သွေးအားနည်းမယ်။ သည်းခြေက လည်း ကယောင်ချောက်ချားဖြစ်မယ်။ လေနဲ့ သလိပ်ကလည်း နှောက်ယှက်မယ်။ အဲဒါက ဘုရားကျင့် တာက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အပူကြီးရင် အအေးကြီးတယ်။ အအေးကြီးရင် အပူ ကြီးမယ်။ အဲဒါ ဓါတ်ဖို၊ ဓါတ်မ။ အဲဒီတော့ ဒီလိုအသိတရား တွေ ခင်ဗျားတို့။ သြော် ဘုရားရှိတယ်။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ ရှိတယ်။ ဓမ္မစေတီကိုရှာမယ်။ တို့ခန္ဓာမှာ ရှိတယ်။ တို့ဒီနေ့ကစ၍ ကာယကံတွေလည်း မသောင်းကျန်း တော့ဘူး။ ဝစီကံတွေလည်း မဖောက်ပြန်တော့ဘူး။ ဘယ်လူခေါ်ခေါ် မစားတော့ဘူး။ ဝိစိကိစ္ဆ တွေလည်း ပယ်မယ်၊ အဲ့ ပယ်တော့မယ်။ ကာမဿဝ၊ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ။ အဝိဇ္ဇာသဝ ဆိုတာ အာရုံခြောက်ပါး။ ဒီအာရုံ ခြောက်ပါးကိုသတ်မယ်။ အာရုံခြောက်ပါးကို သတ်မယ်ဆိုရင် ဘယ်လိုသတ်မလည်းဆိုတာ တောင်ပို့ မှာ ဂယ်ခြောက်ပေါက်ရှိတယ်။ တောင်ပို့ တောင်ပို့။ အဲဒီအယူ ပညတ်ဂယ်ငါးပေါက်ကိုပိတ်။ အဲ မနောရဲ့ကံကို အဲဒီကံကိုတောင့်ပြီးတော့ ငါးပေါက်ပိတ်လိုက်တယ်။ တောင်ပို့ထဲက ဖွတ်ထွက်လာတယ်။ အဲဒီကံပဲ၊ မနောကံပဲ။ အဲဒီကံက အာရုံနဲ့ပေါင်းပြီးတော့ လောဘ၊ ဒေါသ သတ်တယ်။ ဘာတွေဖြစ်လည်း သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေ အတ္တဒိဋ္ဌိ တစ်ယောက်နဲ့ တစ်ယောက် ကံငြိ၊ ကံရောသွားတယ်။ အစွဲတရား ဉာဏ်တွေပဟာသွား။ တစ်ဘဝပြီး တစ်ဘဝ။ မိုးကျော်ခိုင်းတော့ မယ်။ ပြပါ ဆရာတော်ကြီးတွေ မေးပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရှိတယ်။ အဲဒီမဂ်ဉာဏ်၊ ဖိုဉာဏ် ဘာကြောင့်မရလည်း။ တဏှာ၊ မာန၊ ဒိဋ္ဌိက သုံးခွ ရင်ဝမှာစိုက်နေတယ်။ အဲဒီကောင်ကြီးက မဂ်တား၊ ဖိုလ်တားတဲ့ကောင်ကြီး။ ဟာ ထောင်းကနဲ့ဆို ပြစ်လိုက်။ တောက် တက်ခေါက်တယ်။ ဘာလဲ

အဲဒါ တဏှာပေါ့ဗျာ။ တက်ခေါက်တာက တဏှာဗျာ။ တဏှာဆိုတာ ပြောပြမယ်။ သူသားလေးကို သွားရိုက် တော့ ဖအေကမြင်တာ။ အဲဒီဒိဋ္ဌိမသတ်လို့ ဒိဋ္ဌိကိုမသိလို့ အယူမှား၊ အပြောမှားဖြစ်နေတာ။ အဲဒါ ဒိဋ္ဌိမသိလို့ အယူမှားတာ။ ငါလို့ယူထားတယ်။ ငါ့သားလို့ယူထားတယ်။ အဲဒါဒိဋ္ဌိကိုမသိဘူး။ ဒါကြောင့် မို့လို့ စာကမှန်၏ ဉာဏ်မသိ ထိအောင်သူမသိ။ စာကသိပ်မှန်တယ်။ စာက မိုးပျံအောင် တတ်ထားတယ်။ ဂုဏ်တော်တွေရွတ်တတ်တယ်။ ဗုဒ္ဓဝင်တွေ ပါးစပ်နဲ့ရွတ်တတ်တယ်။ ပရိတ်ရွတ် တတ်တယ်။ အကုန်စာတတ်တယ်။ အတွင်းတွေအကုန်ရွတ်ထားတယ်။ ဒီကဘာစာမှမတတ်ဘူး။ မတတ်တာပဲ မဟုတ်ဘူး။ ကိုယ်မတတ်တာ သဘောမှာပြောနေတယ။ အနုသယတဏှာနဲ့ မာန် ခေါ်တယ်။ ပယ်တာ မဟုတ်ဘူး။ မှန်တာ သစ္စာနဲ့ဟောလိုက်တာ။ စာကိုဘေးချထားတယ်။ ခန္ဓာ သိမေ့ပြီး ချထားလိုက်လေမယ်။ ဝါတွေ ဘာတွေချထားလိုက်တဲ့။ အဲဒါ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာသုံးရပ်ရှိ တယ်။ မေးတဲ့ငါကလည်း ငါကလည်း မင်းကိုပြန်မေးမယ်၊ ငါကလည်း မင်းလို ပါးစပ်ရှိတာပဲ။ မင်းက ကံလား၊ ဉာဏ်လား၊ ငါကကံလား ဉာဏ်လား။ မင်းစဉ်းစားပေတော့။ အဲဒါ မျက်မှောက်အကျိုးပေးတယ်။ မြမောင် ဟိုတုန်းကခိုးတာပေါ့ဗျာ။ လိမ်တာပေါ့ဗျာ။ အရက်သောက် တာပေါ့ဗျာ။ ရဲထဲမှာလုပ်တယ်။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းဘူး။ လစ်ရင်ခိုးတယ်။ မကောင်းမှုဒုစရိုက်တွေလုပ်တယ်။ အခု နိုင်းလည်းမလုပ်ဘူး။ အဲဒီတော့ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ဝိပဿနာတရားကျင့်တော့ ပေါက်သွားတယ်။ အောင်တယ်။ ဒါကြောင့်မို့လို့ စာကရေးထားတယ်။ အတုတစ်ထောင် အရောင်တစ်သိန်း၊ အပလိမ်းအနတ္တပဲ။ အဲဒီတော့ ရေးထား တယ်။ အဲဒါပါဠိအနက်အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ပြန်လိုက် ပါဠိကတော့ ဆရာတော် သမတော် တွေတတ်တယ်။ အဲဒီတော့ အနက် အနက် နဲ့ပြန်မှ သဘောကိုသိမယ်။ သဘောကိုသိမှ သဘာဝကို သိမယ်။ အဲဒီတော့ ပါဠိအနက်အဓိပ္ပာယ်။ ဘန္တေ-အရှင်ဘုရား တပည့်တော် ဘာသိမှလဲ။ ကရင်မကြီး က ဗမာလိုပြော၊ ဒါဘာလဲ။ ဖြစ်တယ်၊ ဖြစ်တယ်။ ဖြစ်တော့ မသိဘူးလား။ သိပါတယ်ဘုရား။ သွေးခဲလေး။ အဲဒီသွေးခဲလေးကို နင့်စိတ်ထဲမှာ မခွဲခြားဘူးလော။ မမှတ်ဘူးလား။ တပည့်တော် မှတ်ပါတယ်ဘုရား။ မှတ်တာနင်သိတယ်။ သညာခေါ် တယ်။ သညာတဲ့ ကောင်းတာ ပညာရှာ ဟော သူမှတ်တာ ကံဖြစ်ပြီ။ အစွဲဥပါဒါန်ဖြစ်ပြီ။ (၃၀)ဘုံ နင်မလွတ်ဘူး။ သက္ကာယဒိဋ္ဌိအယူ၊ အတ္တအယူ၊ အယူမှားရင် အပယ်ထဲသွားဦး။ ဟာ လူ့ဘုံ။ လူ့ဘုံက ခင်ဗျားရဲ့ တွေးစိတ်၊ ဇိန္နမာနဖြစ်တော့လည်း လူ့ဘုံပဲ။ ဒေဝဒတ်ဖြစ်တော့လည်း လူ့ဘုံပဲ။ လူဘဲကြီးပဲ။ အဲဒါ ဘုရားအစွဲ ဥပါဒါန်တွေ။ လက်သီးလက်မောင်းတွေဖြစ်နေတာပဲ။ ဘီလူး၊ ယက္ခ၊ ကုမ္ဘာန်၊ ဘီလူး နတ်မင်းကြီးတွေ ပေးတာလဲ

အဲဒီကောင်တွေပဲ။ အဲဒီလမိုင်းတွေခေါ်တယ်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း၊ ချွတ်လို့ မလွယ်တော့ဘူး။ စာကရေးထားတယ်။ အော် အေး အေး အေး အေး အေး ကိုယ့်ကိုယ်ကို မာန်ချိုးပြီး တဏှာကိုပယ်။ မာန်ကိုချိုးပြီး ဒီမာန်ဟာ နိဗ္ဗာန်တံခါးပိတ်ထားတာ။ သူပဲ။ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကြည့်ပေါ့။ သီလသည် သီလပင့်တော့ ခင်ဗျား ဘုရားရှေ့မှာသွားပြီး ကာယကံ သုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး၊ ကာယကံသုံးပါးကတော့ စာနဲ့ရေးထားတယ်။ ဦးဇင်း ဆိုပြ မယ်။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ အဲတာ ကာယကံပေါ့ဗျာ။ အဲဒီကာယကံ ပါဏာတိပါတာ သူများအသက် ဟော သူများအသက်သတ်တာ သွားရင်းလာရင်းနဲ့ ကိုယ်က ခရီးကြုံကြိုက် သွားရင်းလာရင်းနဲ့ လမ်းမှာတွေ့တယ်။ ဥပမာ ဥပမာ ကိုယ်က ဒါကိုစိတ်ကူး သွားတာမဟုတ်ဘူး။ ကိုယ့်ကိစ္စနဲ့ ကိုယ်သွားတာ။ အဲဒီတော့ မိုးတွေဘာတွေရွာတော့ အဲ လယ်ကွက် ထဲမှာရေတွေ၊ ငါးတွေ၊ ငါးရစ်တတ်တယ်။ ဟာ အဲဒီလူက သွားတွေ့တယ်။ အို အိုး ငါးဒန်တွေ၊ ငါးသလောက်တွေပါလား။ မှတ်တာ ငါးတွေကိုမှတ်တာ။ အောင်မလေး ကောင်းလိုက်တဲ့ငါး။ တောက် တုတ်သွားရှာတယ်။ ဝါးသွားရှာတယ်။ အဲဒါ သညာဥပါဒါန်ဖြစ်တော့မယ်။ သူများအသက်။ အဲဒါ မျက်စိကမြင်တယ်။ နှလုံးသားကနေပြီးတော့ သောမနဿဖြစ်တယ်။။ အာ ခုတ်တော့တာပဲ၊ ထစ် တော့တာပဲ။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ အဲဒါဘာလဲ။ သစ္စာပျက်တယ်။ ဟာ အဒိန္နာဒါနာ သူများပိုင်ဆိုင်တဲ့ရေတွင်းမှာချထားတဲ့ နားကပ်ကလေး နည်းတယ်လို့တောင်ပြောဦးမယ်။ လူမရှိတော့ တစ်ခါတည်းဖွဲ့သွားရော။ ကလေးမလေးက ခေါင်းလျှော်ရင်းနဲ့ နားကပ်ကလေး ချွတ်ထား မိတယ်။ သွားကြည့်လိုက်တော့ မရှိတော့ဘူး။ ယူတာကိုလည်းသိတယ်။ မပြောရဲဘူး။ ဟော အဲဒါ ကြည့်စမ်းနော်။ အဲဒါလည်း သစ္စာပျက်တယ်။ ဒါတွေပြောတာပါဗျာ။ ဥပါဒါန်တွေ ပြောတာပါဗျာ။ သစ္စာမှန်မှ မေတ္တာအောင်မြင်မယ်။ ရေပုလင်းက ဆေးဖြစ်တယ်။ လက်ဖက်ခြောက်က ဆေးဖြစ်တယ်။ နိုင်းစားကြည့် စာတော့မတတ်ဘူး။ အဲဒါ ပိုက်ဆံတွေရတယ်။ ရပြီးတော့ ဘုရားတွေ၊ ပရိဘောဂ အကုန်လုံးလျှောက်ထည့်တော့တာပဲ။ တောင်ပိုင်တွေကပင့်တယ်။ ကွင်းပိုင်တွေကပင့်တယ်။ ကွင်းပိုင်တွေက အဲ သစ်ပင်မှာနေတယ်။ ဟာ ဒီသစ်ပင်ခုတ်ရင်သတ်မယ်။ ရွာသူရွာသားတွေက ကြောက်တယ်၊ မခုတ်ရဲဘူး။ ခုတ်ပစ်လိုက်။ အာဏာစက်ရှိတယ်နော်။ ခုတ်ပစ်လိုက် တကယ်ဖြစ်တာ မှန်ရင် ခုတ်သာပစ်လိုက်၊ ဘုရားနဲ့မလွတ်တော့ဘူးနော်။ ဒီလိုရှိပါတယ်။ ဘုရားနဲ့မလွတ်ရင် ခုတ်ပေ တော့အရှင်ဘုရားတဲ့၊ ဘုရားနဲ့မလွတ်ကင်းဘူးကွာ။ ဘုရားနဲ့ သစ်ပင်က တစ်ဝက်ရောက်နေတယ်။

ဟာ ခုတ်ထစ်လိုက်ကွာ။ သူက စာမှမတတ်ပဲကိုး။ ခုတ်ပစ်လိုက်တယ်။ အဲဒီတော့ အဲဒါဘာဖြစ်လို့လဲဆိုရင်တော့ ဒီလိုခုတ်ပစ်လိုက်တယ်။ အဲ ခုတ်ပစ်လိုက်တယ်ဆိုတော့ ဘာဖြစ်လို့ခုတ်သလဲ။ ကွင်းပိုင်တောင်ပိုင်က ယက္ခ၊ ကုမ္ဘဏ္ဍ က ဟော့ကောင် မင်းနေရာက ငါဘုရားကြီးတည်တယ်။ မင်းအတွက်လုပ်ပေးတာ။ ဟာ မှန်တာပေါ့ဗျာ။ အဲဒီတော့ ဟိုဟာက ခါတ်ကူပေးတာ။ ဒီဟာက ဘုရားကြီးဆောက်ပေးတာ။ သိန်းပေါင်း သိန်းပေါင်းမြောက်များစွာကုန်ကျခံပြီး ဆောက်ပေးတာ။ ဟာ အဲဒီတော့မှ တောင်ပိုင်၊ ကွင်းပိုင်တွေ သဘောပေါက်တယ်။ ကဲ ဘုရားရပြီ။ မင်းလည်း အဲဒီမှာနေ။ ငါလည်းပြန်တော့မယ်။ မင်းတော့လိုတာ ဘုရားပြောပေါ့ကွာ။ ဘုရား ကောက္ကသံ ကို ကောဏဂုံ၊ ကဿပ၊ ဂေါတမ တို့ ဘာတို့ ညာတို့ပေါ့ဗျာ။ နောက်ဆုံးဘုရားတွေ အဲဒီကနေပြန်သွားပေတော့ နာမ်ကောင်တွေ ရုပ်တော့မရှိဘူး။ ငါမှန်ရင်တော့ ငါတရားဆီသွားမယ်ကွာ။ လမ်းတဝက်ကနေသွားမယ်နော်။ ဘယ်လောက်ဒီတရားတွေ တကယ်သိတာပါ။ သိလို့လဲ ရဲရဲကြီးဝန်ခံပြောတာပေါ့။ မသိရင်ဘယ်ပြောရဲမှာလဲဗျာ။ ခင်ဗျားတို့ ခင်ဗျားဒီအတွေးက နတ်ကြိုက်တဲ့ စိတ်စေတနာမမှန်ရင် ခင်ဗျားဆွဲထုတ်ပြီး ထောင်ထဲဆွဲထည့်လိုက်။ ကဲ အဲဒီတော့ ခင်ဗျားတို့ ဦးဇင်း က အဘိုးလို၊ အဖေလို၊ အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်ဆရာတော်လို၊ ကိုယ်ရဲ့အပေါင်းအသင်းမိတ်ဆွေတွေတွေ့ရင်ကြုံရင် ကွဲရလိမ့်မယ်။ အဲဒီတော့ အနတ္တတရား။ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။ အတ္တကသမ္မာအယူနဲ့ပါ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ မလုပ်နဲ့။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ့်စိတ်ကို ဘာနဲ့စစ်မလဲ။ မဂ္ဂင်နဲ့စစ်။ အဲဒီတော့ မဂ္ဂင်နဲ့စစ်တဲ့အခါ တရားနဲ့နှလုံးသွင်းပြီး တွေးစိတ်၊ မြင်စိတ်လာသေးလား။ စွဲလို့ရှိရင် မြင်စိတ်ကိုကြည့်။ ပေါ်လာပါလိမ့်မယ်ဗျာ။ ပေါ်လာရင် မပေါ်အောင်လုပ်။ အဲဒါကံတရားတွေပြီးသွားပြီ။ လုံးဝတွေးစိတ်ကိုမလာစေနဲ့။ စေတသိတ်ကိုမပေါင်းနဲ့။ ဒါကိုပြောတာပါ။ အဲဒီတော့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်နော်။ စိတ်၊ ဒီစေတသိတ် ဆုံးဖြတ်ချက် အဲတာ မိတ္တပေါ့ဗျာ။ ရုပ်မှာ တဏှာရှိတယ်ဗျာ။ ဒါပေမယ့် မလုပ်ရင်မိုးကျောခိုင်းသွားလိမ့်မယ်။ ဦးဇင်း လည်း ပြန်ရမှာပဲ။ ဦးဇင်း က ပြီးသွားပြီ။ အဲဒီတော့ ခုဏကပြောသလို အလှူခံတာပေါ့။ ခင်ဗျားတို့ရဲ့ အဲဒီဒါနက (၃၁)ဘုံလွတ်တဲ့။ ဒါက လှူတဲ့လူကလည်းကိုယ်လှူချင်တယ်။ တို့တော့ တို့ရဲ့ အဝိဇ္ဇာလုံးကြီးဟာ ဒါက ဒါနမှန်နဲ့ဆေးကြောမယ်။ သီလစစ်၊ သီလမှန်နဲ့ ဆေးကြောမယ်။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ သွားပွားမယ်။ ဦးပဏ္ဍိတ ရဲ့အဝဇ္ဇာတုံးကြီးကို အဓိသီလနဲ့ဆေးကြောမယ်။ အဓိစိတ်ဓါတ်နဲ့ ဆေးကြောမယ်။ အဓိပညာနဲ့ ဆေးကြောမယ်။ အဲဒီတော့ တရားဟောလို့ပြီးပြီ။ ခင်ဗျားတို့ ဒါနမျိုးစေ့ ခင်ဗျားတို့ ကာမဝတ္ထု၊ ခင်ဗျားတို့ လှူလိုက်တဲ့

ကာမဝဋ္ဋ။ ဦးပဏ္ဍိတ မှဖြစ်နေတာကလည်း အောက်ရောက်မယ်။ နင်ဟာ ငါမစွဲဘူး။ အဲမစွဲဘူး ဆရာတော် ပေးပစ်လိုက်မယ်။ နင်ကြိုက်မှလှူ မကြိုက်ရင်မလှူနဲ့။ ငါအောက်မှဆင်ပြီး အလှူခံပယ်။ အဲဒါ (၃၁)ဘုံ လွတ်တဲ့မျိုးစေ့ခေါ်တယ်။ အဲဒီတော့ ဒီမျိုးစေ့မှန်ရင် နင့်ရဲ့ စိတ်ကလေးကို မဂ္ဂင် စစ်ပေးပါ။ ဒါဆောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၆.၁၂.၁၉၉၅)ရက်နေ့

ပုသိမ်မြို့၊ တကောင်းဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## (၆.၁၂.၁၉၉၅) ပုသိမ်မြို့၊ တကောင်းဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဦးဇင်း က စာမတတ်တော့ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါလို့ ခွင့်တောင်းပါတယ်။ ရှိကြတဲ့ သံဃာတော်အရှင်သူမြတ်တွေလည်း တပည့်တော်သိတဲ့အသိလေးတွေ ပြောပြတဲ့အခါမှာ စာမတတ်တော့ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါလို့ ခွင့်တောင်းပါတယ်။ စာကရေးထားတယ်။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတဲ့ ကြားတော့ကြားဖူးတယ်။ မသိဘူး။ သုတ္တန်ဆိုတဲ့သဘောလေး၊ ဝိနည်းဆိုတဲ့သဘောလေး၊ အဘိဓမ္မာဆိုတဲ့သဘောလေး ပြောပြပါမယ်။ စာပေကျမ်းဂန်မတတ်တော့ သဘောလေးသာ နာကြပါ။ သဘာဝကိုသိလို့ သဘောလေးလို့ပြောတာပါ။ ခန္ဓာသိဆိုတာ ကံအကြောင်းကိုပြောတာပါ။ ဒီကံဟာ မိမိပြုလုပ်တဲ့ကံရှိသလို မိမိမပြုလုပ်တဲ့ကံရှိတယ်။ ကာယကံသုံးပါးရှိပါတယ်။ ဗမာလိုပြန်မယ် ဆိုရင် သူများအသက်ကို မသတ်ပါနဲ့။ သူများပစ္စည်းကို မခိုးပါနဲ့။ သူများသားမယားကို မပြစ်မှားပါနဲ့တဲ့။ ပါဠိလိုဆိုရင် ပါဏာတိပါတာ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရာ လို့ ခေါ်သမုတ်ထားပါတယ်။ ပါဠိရှိရင် အနက်ရှိနယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ရှိရင် အဓိပ္ပါယ်ကိုပေါက်သွားအောင် မနောမှာ အသိရှာပါ။ ပါဠိအနက်အဓိပ္ပါယ်ရှိတယ်။ ပါဠိလိုမတတ်တော့ အနက်အဓိပ္ပါယ်ကို သဘောလေးနဲ့ နာပါ။ သဘောလေးဆိုတာ မနောကိုပြောတာပါ။ ကံသုံးကံရှိပါတယ်။ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖလာပဝါစာ ဒါပါဠိလိုရေးထားတာ။ ဗမာလိုဆိုရင်တော့ မဖွယ်မရာသောစကားတွေမပြောနဲ့။ ဒီကံတရားတွေ ဘယ်ကံက သံသရာလည်သလဲ။ ကိုယ်ကမခိုးပါဘူး။ သူများအတင်းမပြောပါဘူး။ ဘာကဖြစ်လဲ။ မနောကံကဖြစ်တယ်။ မနောကံဆိုတာက ခေါ်သမုတ်ထားတာ။ မနောကံဆိုတာက ဥပါဒါန်၊ ဥပါဒါန်ဆိုတာက သူ့သားလေးရေနစ်တယ်။ သူ့သားလေး ပျောက်သွားတယ်။ ကိုယ့်စီးပွားရေးမှာ ရောင်းရ ဝယ်ရတာအဆင်မပြေတာတို့၊ ကိုယ်လုပ်ချင်တဲ့ လုပ်ငန်းလေးတွေ အဆင်မပြေတာတို့ ဥပါဒ်မနောမှာရှိတယ်။ ဘာလို့ဖြစ်တာလဲ။ မနောမှာ အာရုံ ငါးပါးကြောင့်ဖြစ်တယ်။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံတွေဟာ အင်မတန်နုတဲ့ အနုသယ၊ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ။ အဲဒါလေးတွေကို ခန္ဓာမှာရှာ။ အဲဒီနုပဿနာလေးခုဟာ ဘယ်သူ့အပေါ်ရှိလဲ။ ရုပ်ပေါ်မှာရှိတယ်။ ရုပ်ရယ်၊ စိတ်ရယ်၊ စေတသိတ်ရယ်။ အဲဒီသုံးချက်ကိုလွှတ်ရင် နိဗ္ဗာန်ပဲ။ နီးနီးလေးပဲ။ အဲဒီလိုဖြစ်နေတဲ့ ရုပ်၊ စိတ်၊ စေတသိတ် အဲဒီသုံးခုကိုမစွဲဘူးဆိုရင် သဘောပေါက်လာလိမ့်မယ်။ ဒီဘဝမှာ။ အဲဒါကြောင့် ဘုရားကဟောပါတယ် သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ ဓမ္မအနတ္တတဲ့။ ဒီသင်္ခါရဆိုတာ

ပါဠိစကား။ ဗမာလိုဆိုရင်တော့ အာရုံနဲ့ မနောနဲ့ပေါင်းပြီးတော့ ဟိုကတစ်မျိုး၊ ဒီကတစ်မျိုး၊ လောကီကြောင်းတွေ၊ လောကုတ္တရာမဟုတ်ဘူး။ အဲဒီလောကီကြောင်းမှာ သမ္မာဒိဋ္ဌိရှိတယ်။ မိစ္ဆာဒိဋ္ဌိရှိတယ်။ သမ္မာဒိဋ္ဌိဆိုတာ လုပ်ပြီးတော့ မွေးယူရတယ်။ ပုပ္ပ၊ မုစ္စ၊ ပရဆိုတဲ့ စေတနာတွေနဲ့လှူကြတယ်။ လှူလိုက်တဲ့ ဝတ္ထုကာမပေါ်မှာ မိမိနှလုံးသားက စေတနာစစ်ရမယ်။ ဒီစေတနာက မှန်ဖို့လိုတယ်။ ဝတ္ထုက ဒါနဝတ္ထု ကိုယ့်ဆီမှာရှိနေတာက ကိလေသာကာမ၊ ဝတ္ထုကာမနှင့် ယှဉ်တွဲမိပါက အများကြိုက်၏၊ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်ဘူးတဲ့။ မစွဲဘူး။ ဒီအစွဲပဲ။ ကိုယ့်စိတ်ကိုယ်စစ်။ ငါ အာရုံခြောက်ပါးလွတ်ပြီလား။ မလွတ်သေးရင် ရုပ်၊ နာမ်နှစ်ပါးကို မသိဘူး။ ဘာကြောင့်မသိလဲ။ ခန္ဓာငါးပါးကို မကျင့်မကြံနိုင်ဘူး။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ ကာယသတိပဋ္ဌာန်ဆိုတာ အင်မတန်နုတဲ့ ကာယမှာထိသွားတာ သိတယ်။ ပူတာသိတယ်။ အေးသွားတာသိတယ်။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်။ ဒါ့အပြင်ရဲ့အကြောင်းလေးပါးအတွင်းမှာတော့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော။ ဒါဘုရားကျင့်တဲ့အသိတွေ။ သဘောလေးနဲ့ပြောသွားတာ။ ဒါအင်မတန်မှ အရေးကြီးပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ပါး။ ဘယ်ကံက သံသရာလည်သလဲ။ မနောကံကလည်တယ်။ မနောနဲ့ အာရုံနဲ့ပေါင်းတော့ သခၤါရခေါ်တယ်။ ဒီသခၤါရဟာ သညာကြောင့်ဖြစ်တာ။ သညာဆိုတာ ဗမာလို အမှတ်လို့ခေါ်တယ်။ ရေနွေးအိုးနဲ့ ခါတ်ဘူး မတူဘူး။ မှတ်တာက ခွဲခြားတာသညာခေါ်တယ်။ အဲဒီအပေါ်မှာ သာယာတာ တဏှာခေါ်တယ်။ ဒါလေးကို သွားနှစ်သက်တယ်။ မနောက အာရုံနောက်ကိုလိုက်ပြီ။ အဲဒါကံပဲ။ အင်မတန်နုတယ်။ ၃၁-ဘုံအထွက်နိုင်ဘူး။ ၃၁-ဘုံထွက်တဲ့အသိကတစ်မျိုး။ မထွက်တဲ့အသိက တစ်မျိုး။ ဥပမာဘုရားဟောတယ်။ သဗ္ဗေသခၤါရအနိစ္စတဲ့။ သဗ္ဗေဆိုတာပါသွားပြီ။ စာတော့မတတ်ဘူး။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်။ ဒီကလည်း သဘောလေးနဲ့ပြောလိုက်တာ။ သဗ္ဗေအလုံးစုံသော သခၤါရ အနိစ္စဆိုတာ ကံကိုဟောတာဗျို့ ဗြဟ္မာ့ဘုံ(၂၀)ပါတယ်။ နတ်ဘုံ(၆)ဘုံပါတယ်။ အပါယ်လေးဘုံ ပါတယ်။ လူ့ဘုံ(၁)ဘုံပါတယ်။ ပေါင်းလိုက်(၃၁)ဘုံပဲ။ (၃၁)ဘုံမှာ လူ့ဘုံကအမြတ်ဆုံးပဲ။ လူ့ဘုံက ကျင့်ရင်ရမယ်။ ကျင့်ရင်ရမယ်။ ရရင်ပယ်မယ်။ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်ပဲ။ ဦးပဏ္ဍိတ ရတယ်။ မပြောဘူး။ ကြိုးစားရင် ကြိုးစားသလောက်ရတယ်။ သီလဆိုတာ ခန္ဓာမှာရှိတယ်။ သမာဓိဆိုတာ ခန္ဓာမှာရှိတယ်။ ပညာဆိုတာ ခန္ဓာမှာရှိတယ်။ ဉာဏ်ဆိုတာ ခန္ဓာမှာရှိတယ်။ ဈာန်ဆိုတာ ခန္ဓာမှာရှိတယ်။ ကံဆိုတာ ခန္ဓာမှာရှိတယ်။ အဲဒါရှာတတ်ဖို့လိုတယ်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဟောဒီရုပ်နဲ့ ရင်းရှာမှ သိမယ်။ သိရင် ပယ်မယ်။ ပယ်မှ မဂ်ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ ခန္ဓာသိခေါ်တယ်။ ပစ္စုပ္ပန်တည့်တည့်

မှာ ခင်ဗျားမျက်စိမြင်လိုက်တယ်။ မြင်လိုက်တော့ မသိဘူးလား။ အဲဒါသိစိတ်ပဲ။ ခင်ဗျားနားက မကြားဖူးလား။ အဲဒါကြားစိတ်ပဲ။ ကြားစိတ်ကို ကြားတဲ့အတိုင်းထားပါလား။ ခင်ဗျားသွားမှတ်တယ်။ ငါ့ဆဲတာပဲ။ ငါ့တိုင်းတာပဲ။ ဆဲတဲ့သူကဘာလဲ။ မိစ္ဆာအယူ။ ကိုယ်ကလည်း မိစ္ဆာအယူ ယူတော့ ကိုယ်ပါ မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ ဒီအကြောင်းတရားမှာ ပစ္စုပ္ပန်အကြောင်းသတ် အတိတ်ကအကြောင်းရပ်မယ်။ အတိတ်အကြောင်းပြတ်မှ ပစ္စုပ္ပန်အကြောင်းရပ်မယ်။ ဒီလိုသဘောလေးတွေရှိတယ်။ အတိတ်ရဲ့ အကျိုးတရားကဘာလဲ။ ရုပ်တရား။ အတိတ်က ဘာနဲ့ရလဲ။ မနုတဿဘာဝေါ ဒုလ္လဘော။ လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏။ အဲဒီရုပ်က ဘာလဲဆောက်လုပ်ထားလဲ။ ကိလေသာနဲ့ ဆောက်လုပ်ထားတယ်။ ကိလေသာဆိုတာ သဘောလေးပေါ့ဗျာ။ သဘောလေးသာနာ။ တဏှာကြောင့် ကိလေသာဖြစ်တာ။ ဒါကြောင့် တဏှာနဲ့ ဒိဋ္ဌိကိုသတ်ပါတဲ့။ ဒိဋ္ဌိက အယူများတယ်။ အမှတ်များတယ်။ အစွဲများတယ်။ ငါလို့ယူထားတယ်။ ငါ့သမီး၊ ငါ့သား၊ ငါ့စက်ဘီး၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့တိုက်ဆိုပြီး လောကီကိုအားကိုးထားတဲ့ တဏှာမာန၊ ဒိဋ္ဌိကဖြစ်နေပြီ။ မနောမှာဖြစ်နေပြီ။ အင်မတန်နုတယ်ဗျို့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ အာရုံပေါ်မှာကျက်စားနေတယ်။ အာရုံငါးပါးနဲ့ မနောနဲ့၊ မနောရဲ့ ကံက အတိတ်ကရလာတဲ့ကံ။ ပစ္စုပ္ပန်သွားစွဲရင် ကံဖြစ်နေတယ်။ ကြားလိုက်တယ်။ ဆဲလိုက်တယ်။ ခြော် အေး., အေး .. သူဒါမျိုးမလုပ်ဘူး။ ဘယ်သူပဲပျက်ပျက် မင်းစေတနာမပျက်ပါနဲ့တဲ့။ စေတနာဟာ ဝိသုဒ္ဓိသီလ၊ ဝိသုဒ္ဓိသီလလေးမျိုးလောက်ရှိလိမ့်မယ်။ ရဟန္တာသီလနဲ့ အနာဂါမ်သီလမတူဘူး။ အနာဂါမ်သီလနဲ့ သဒ္ဒါဂါမ်သီလ မတူဘူး။ သဒ္ဒါဂါမ်သီလမတူဘူး။ သဒ္ဒါဂါမ်သီလနဲ့ သောတပန်သီလ မတူဘူး။ သောတပန်သီလနဲ့ ပုထုဇဉ်ကလျာဏသီလ မတူဘူး။ ဒီသီလတွေပဲ။ ဒါနဆိုတာ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ သာသနာမဆိတ်သုဉ်းသေးဘူး။ သာသနာ(၂၅၀၀)ကျော်လာပြီ။ သာသနာ(၅၀၀၀)ဘက်ကူးလာပြီ။ အိပ်နေရင်းနဲ့လည်း ငိုက်ပြီးတော့ သေရင်သေမယ်။ ရောဂါအမျိုးမျိုးဖြစ်မယ်။ ဆရာဝန်တောင် စမ်းသပ်လို့မရဘူး။ စမ်းသပ်လို့ရတဲ့ရောဂါရှိသလို စမ်းသပ်မရနိုင်တဲ့ရောဂါတွေရှိတယ်။ ခုနစ်လသေမယ်၊ ခြောက်လ သေမယ်။ ဘုန်းကြီးရဲ့ကျောင်းမှာ အများကြီးရောက်နေတယ်။ စာကရေးထားတယ်။ အာရောဂျံ ပရမံ လာဘံ။ ကျန်းမာရေးလာဘ်တဲ့။ လာဘ်ထဲမှာ သူအကြီးဆုံးပဲ။ နဘာယ် ဘေးမရှိတဲ့။ အဲဒါ ပါဠိစကားတွေ။ သိရမယ်။ ဘာမှမသိတော့ အဲဒီလိုဖြစ်ကြတယ်။ ဆရာကောင်းမတွေ့ဘူး။ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ဝါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက်

ငါတွေ့ကသာ၏တဲ့။ အေးနေပြီ။ ဗိုက်ထဲမှာရေခဲတုံးကြီးထည့်ထားသလိုပဲ။ အာရုံနောက်မလိုက်ရင် ဥပါဒါန်မရှိဘူး။ ဥပါဒါန်မရှိရင် ကံပြတ်ပြီ။ မနောကံပြတ်သွားပြီ။ အင်မတန်မှ ထူးပါတယ်။ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောမလဲ။ သီလစစ်၊ သီလမှန်နဲ့ ဆေးကြောပါ။ ဒါနစစ်၊ ဒါနမှန်နဲ့ ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ ပွားများပါ။ (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်တွေရှိတယ်။ ကြည့်တတ်အောင် ကြည့်ပါ။ ဒီလိုပုဂ္ဂိုလ်ကိုလှူရင် ကိုယ်ကလည်း စေတနာစစ်ရမယ်။ ရဟန်းကလည်း မဂ္ဂအစစ်ဖြစ်ရမယ်။ ဒါကြောင့်မို့လို့ ကုသလာနံ၊ မဂ္ဂါနံ၊ ဟေတုပစ္စယော။ အဲဒါဘုရားဟောအရပဲ။ အင်မတန်မှထူးတယ်။ ခင်ဗျားတို့လည်း မမြဲဘူး။ ဦးပဏ္ဍိတလည်း မမြဲဘူး။ ခင်ဗျားတို့အသိလေးနဲ့ လုပ်ကြပါ။ မိစ္ဆာနဲ့မလုပ်ကြနဲ့။ မိစ္ဆာဆိုတာ ငါ့သမီး၊ ငါ့သား၊ ငါ့ဥစ္စာ၊ ငါ့ကား၊ ကားကြီးသူများရိုက်ချိုးတော့ စိတ်ဆိုးတာပေါ့။ စိတ်ဆိုးတော့ ကားကိုစွဲကာတဏှာခေါ်တယ်။ တဏှာကြောင့် သူ့မှာ ဥပါဒါန်ဖြစ်သွားတယ်။ မနောထိခိုက်တယ်။ ဒေါသဖြစ်သွားတယ်။ ကားသိန်းလေးဆယ်တန်တယ်ဗျ။ မှန်ကိုရိုက်ခွဲတယ်ကွ။ မတော်တဆထိတာမဟုတ်ဘူး။ မူးမူးရူးရူးနဲ့ ရိုက်ခွဲတာကွ။ ငါမြင်တယ်ကွ။ အဲဒါမိစ္ဆာအယူ၊ သမ္မာကလုပ်ယူရတာ။ ကမ္မသာဝ၊ ဘဝသာဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာသဝဆိုတာက အာရုံခြောက်ပါး။ အာရုံကိုယူထားတာက မိစ္ဆာဒိဋ္ဌိ။ စေတသိက်ခေါ်တယ်။ ဟောဒီကံကို နှစ်သက်နေပြီ။ မျှော်ပြီပေါ့။ ဟိုဟာကိုလည်း သူမသိပြန်ဘူး။ ကမ္မဝဋ္ဋ၊ ဘဝဝဋ္ဋ၊ ဝိပါကဝဋ္ဋတဲ့။ ဘုရားကဟောထားတယ်။ ခင်ဗျားတို့အသိလေးကို သေသေချာချာနာပါ။ မြင်တာက သိစိတ်၊ အဲဒီအရာဝတ္ထုလေးကို မမှတ်ဘူးလား။ ဒါ ကျွန်မသမီးပါ။ ဒါ ကျွန်မသမီးမဟုတ်ဘူး။ အဲဒါခွဲခြားတာ၊ မှတ်တာ။ သညာခေါ်တယ်။ ဒါကြောင့် ဘုရားကဟောတယ်။ သဗ္ဗေသင်္ခါရအနိစ္စတဲ့။ သင်္ခါရနဲ့ယူတဲ့သီလရှိတယ်။ သင်္ခါရပြတ်ပြီး ယူတဲ့သီလရှိတယ်။ သင်္ခါရနဲ့ဖြစ်နေတဲ့ အာရုံခြောက်ပါးနဲ့မလွတ်တဲ့သီလရှိတယ်။ အာရုံခြောက်ပါးလွတ်တဲ့သီလရှိတယ်။ အဲဒါကွာနေတယ်။ ကိုယ့်စိတ်ကိုယ်စစ်။ ပြန်ကြတာပဲ။ ခင်ဗျားတို့ပြန်မလား။ ဦးပဏ္ဍိတ ပဲ အရင်ပြန်မလား။ အနတ္တပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ တစ်နေ့ကံကုန်ရင် သွားရမှာပဲ။ ဘုရားတောင် အာယုသင်္ခါရလွှတ်တာပဲ။ အဲ ဦးဇင်းတို့က ကျောက်ခဲ၊ သလဲတွေ။ ကံကုန်ရင် သွားရမှာပဲ။ ရောဂါအမျိုးမျိုးနဲ့ စိုးရိမ်ကြောင့်ကြနေရတယ်။ အဲဒီရုပ်ကြီးဟာ အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်။ အဲဒီရုပ်မှာ တဏှာတွေရှိနယ်။ တဏှာကို စက္ခုဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ အလောကော ဥဒပါဒိနဲ့ရှာမှ တဏှာကိုသိမယ်။ အဲဒီတဏှာက ကိုယ့်ကိုဒုက္ခပေးနေတာ။ တဏှာမပြတ်တော့ ကာမဝဋ္ဋဖြစ်နေပြီ။ ဘဝဝဋ္ဋလည်း မလွတ်တော့၊ ဝိပါကဝဋ္ဋလည်ပြီ။ ဘာဖြစ်ဖြစ် မကောင်းတာ မလုပ်နဲ့။ ကိုယ့်အိမ်မှာနေကြတယ်။ ကိုယ့်အိမ်နီးချင်းတွေ တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊

ကိုင်းကျွန်းမှီနေပါ။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို လေးစားပါ။ ကိုယ့်အောက်က လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ မြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ဘယ်သူပဲ ပျက်ပျက် မိမိမပျက်ပါနဲ့။ မိမိစေတနာမပျက်ပါနဲ့။ သူတစ်ပါးဘာပဲပြောပြော မိမိစေတနာ မပျက်ပါနဲ့။ ဝိသုဒ္ဓိသီလဖြစ်ပါစေ။ အာရုံကိုထိန်းတဲ့သီလ။ အဲဒီအာရုံကို စေတနာထားတဲ့အတွက် အပါယ်လေးပါးတံခါးပိတ်တယ်။ မြေလျှောက်ရဟန္တာက (၃၁)ဘုံလွတ်နေပြီ။ ရုပ်၊ နာမ်ကိုလွတ်နေပြီ။ အဲဒီလို ပုဂ္ဂိုလ်ကို ကိုယ်မှာရှိတာလေ။ ရေလေးလှူလိုက်တယ်။ ဖျာလေးခင်းပေးလိုက်တယ်။ ကိုယ့်ရဲ့စေတနာ ကိုယ့်အကျိုးပေးလိမ့်မယ်။ ဝေဒနီယဒိဋ္ဌ ဒီစေတနာအကျိုးပေးတယ်။ အဲဒီလိုလှူတတ်ဖို့လိုတယ်။ သာသနာမဆိတ်သုဉ်းသ၍ကာလမှာ မြေလျှောက်ရဟန္တာတွေရှိတယ်။ မရှိဘူးလို့ သွားပြောလို့မရဘူး။ မရှာတတ်လို့။ ပြောတိုင်းမယုံပါနဲ့။ လေ့လာပါ။ စုံစမ်းပါ။ သုံးသပ်ပါ။ မေးမြန်းပါ။ ကိုယ်လည်းလုပ်ပါ။ သတိပဋ္ဌာန်တရားကို မဂ္ဂင်ရှစ်ပါးနဲ့လုပ်ပါ။ မဂ္ဂင်ရှစ်ပါးက ဘုရားဟောအရ နိဗ္ဗာန်ကိုပို့တာသူပဲ။ ဘယ်လိုပို့လဲ။ သမာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ။ အဲဒါ သီလမဂ္ဂင်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ အဲဒါ သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ အဲဒါ ပညာမဂ္ဂင်။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ်က မိစ္ဆာတွေဖြစ်နေတာ။ သမ္မာဆိုတာ နိဗ္ဗာန်သွားမယ့်သီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့်သမာဓိ ခေါ်တယ်။ နိဗ္ဗာန်သွားမယ့်ပညာခေါ်တယ်။ အဲဒီသုံးပါးကို အဆီညှစ်ထုတ်တော့ ဘာအဆီတွေကျလဲ။ ဧကောဓမ္မော အဆီတွေကျတယ်။ ဧကောဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်၊ နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်ပြီး ကံသီလကို ဉာဏ်သီလက ချုပ်ထားတာ။ အဲဒီသဘောလေး အင်မတန်အားကျဖို့ကောင်းပါတယ်။ မရှိတာ ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ အသိလေးတစ်လုံးယူထား။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့။ ကိုယ်လည်း ကျင့်လည်း မကျင့်နိုင်တော့ဘူး။ ကိုယ့်မှာလည်း ကိလေသာတွေကနှိပ်စက်နေတယ်။ အဲဒါ ကာမဝဋ်၊ ဘဝဝဋ် မလွတ်တော့ဘူး။ ဝိပါကဝဋ်လည်းဖြစ်နေပြီ။ အဲဒီကောင်းကံကလုပ်လိုက်တာ။ တဏှာ၊ မာန၊ ဒိဋ္ဌိက လုပ်လိုက်တာ။ တဏှာဆိုတာ သာယာတာ။ ကောင်းကောင်းလေးစားချင်တာ ဇိဝှါမှာ။ ကောင်းကောင်းလေး ရုပ်ရှင်ကြည့်ချင်တာ။ စက္ခုအာရုံမှာ သာယာတာ။ နားသောတမှာ သာယာတာ။ နှာသာမှာ သာယာတာ။ ကိုယ်မှာ သာယာတာ။ မနောမှာလည်း အယူမှား၊ အမှတ်မှား၊ အစွဲမှားနေပြီ။ အယူက ယူထားပြီ။ အမှတ်ကလည်း ငါသိတယ်။ ငါမြင်တယ်။ အမှတ်လည်း မှားပြီ။ စွဲတာကလည်း ကိုယ်ကလုပ်တော့ လုပ်တယ်။ စေတနာပျက်တယ်။ ရပ်ကွက်လူကြီးတွေကြောက်လို့။ ပေါက်တူးလေးကိုင်ပြီးတော့ သွားပြီးမြက်ရှင်းတာပဲ။ အဲဒါသာတွက်ကြည့်။ ကိုယ့်စိတ်ကိုယ်စစ်ဗျို့။ ဪ ပြည်သူအများသွားလာ

တဲ့လမ်း။ တို့တင်လုပ်ရတာမဟုတ်ဘူး။ အများလုပ်ရတာပဲကွာ။ တို့တွေလုပ်မှပဲ။ စေတနာသန့်သန့် ရှင်းရှင်းနဲ့လုပ်ရင် အင်မတန်ထူးတဲ့သီလတွေ။ စေတနာကလည်း အလွန်ကောင်းတယ်။ လုပ်ချင်တဲ့ စေတနာကလည်းပေါ်လာပြီ။ ကာယ၊ ဝစီကလည်း ကြိုးစားပြီးလုပ်တယ်။ ဒါကြောင့် ဝီရိယထူထောင် ပါ။ ဝီရိယ ဘာ့ကြောင့်ဖြစ်တာလဲ။ သဒ္ဓါကြောင့်ဖြစ်တာ။ သဒ္ဓါဆိုတာ ဘုရားကိုလည်း ယုံကြည်ပါတယ်။ ယုံကြည်တာ သဒ္ဓါ၊ သဒ္ဓါက ဝီရိယလုပ်ပြီ။ တရားတွေအားထုတ်ပြီ၊ တရားတွေအားထုတ်တဲ့အခါမှာ သဒ္ဓါကနေ ဝီရိယတွေတင်ပေးလိုက်တယ်။ သီလဗိုလ်တွေဖြစ်လာပြီ။ သမာဓိဗိုလ်တွေဖြစ်လာပြီ၊ ပညာဗိုလ်တွေဖြစ်လာပြီ။ အဲဒီတော့ ခင်ဗျားတွေးကြည့်။ ဒုစရိုက်(၁၀)ပါးလုံနေပြီ။ ဝိပဿနာလုပ် တော့ ကာယကံတွေမယူတော့ဘူး။ ဝစီကံတွေပိတ်နေပြီ၊ ဘယ်သူလာလာ ဆေးလိပ်လည်းမသောက် တော့ဘူး။ ရေလည်းမသောက်တော့ဘူး။ ခန္ဓာကိုယ်ချုပ်ထားလိုက်တာ။ အဲဒါကို မသိလိုက်ဘူးဗျို့၊ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်ဖြစ်ရော။ တရားမထိုင်တဲ့ အသိအိမ်တွေကိုလည်တယ်။ ညှို့သည်လာရင် ကုက္ကုစ္စစိတ်ဖြစ်တတ်တယ်။ ဗျာပါဒစိတ်ဖြစ်တတ်တယ်။ ဝန်တိုမိစ္ဆာစိတ်ဖြစ်တတ်တယ်။ ဒေါသ၊ မောဟ စိတ်ဖြစ်တတ်တယ်။ တရားမထိုင်တော့ အာရုံနဲ့ပေါင်းတာကိုးဗျ။ တရားထိုင်တော့ လောဘ၊ ဒေါသ၊ မောဟစိတ်လည်းမရှိပါဘူး။ မစ္ဆရိယစိတ်၊ ဝန်တိုမိစ္ဆာစိတ်လည်းမရှိပါဘူး။ တရားထိုင်တာ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲ၊ သိတာလည်း မမြဲ။ မမြဲတာ အနတ္တ။ စွဲရင် အတ္တ။ အတ္တကို ပယ်၊ အနတ္တကိုမြင်အောင်ရှု။ လေကဝင်တယ်၊ ထွက်တယ်၊ ဝင်တာလည်းသိတယ်။ ထွက်တာလည်း သိတယ်။ မနောက နှာခေါင်းမှာ ဝင်တာထွက်တာအာရုံကို အသိကပ်ထား။ အသိကပ်ထားရင် ဝန်တို မိစ္ဆာစိတ်၊ ကုက္ကုစ္စစိတ်၊ ဗျာပါဒ၊ လောဘ၊ ဒေါသ၊ မောဟစိတ်မရှိဘူး။ အနုသယစိတ်တွေ၊ တွေးစိတ် တွေမရှိဘူး။ မနောက နှာခေါင်းမှာဝင်တယ်၊ ထွက်တယ်၊ အာရုံကို အသိကပ်ထားရင် ငြိမ်သွားပြီ။ မနောအာရုံမှာ ငြိမ်သွားပြီ။ အဲဒါက အဓိသီလခေါ်တယ်။ အဓိဆိုတာ ဝိပဿနာ။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုပြောပါတယ်။ မှန်တာကိုကျင့်ပါတယ်။ မှန်တာကို အသက်မွေးဝမ်း ကြောင်းပြုပါတယ်။ ဒါသမ္မာတွေ။ ဒါလေးတွေနဲ့ လူ့ဘုံမှာ အနာခံရင် အသာစံရမယ်။ ဒါလေးတွေ လုပ်ပါ။ ခင်ဗျားတို့ကျောခိုင်းသွားရင်တော့ အပါယ်လေးဘုံတွေ၊ ရပ်ပြစ်ရှစ်ပါးတွေ ကြောက်ဖို့ကောင်း တယ်ဗျာ။ ဦးဇင်းက ကိုယ့်ဖအေလို၊ မအေလို၊ အစ်ကိုကြီးလို၊ ညီလေးလို၊ ညီမလေးလိုအောက်မေ့ လို့ပြောပြပါတယ်။ ဦးဇင်းရဲ့ဘဝက သရက်ကုန်းကျေးရွာ၊ အိမ်မဲမြို့နယ်အပိုင်မှာနေပါတယ်။ လမ်းသုံးလမ်းရှိတယ်။ ကမ်းနားလမ်းရယ်၊ အလယ်လမ်းရယ်၊ နောက်ဖေးလမ်းရယ်။ အလယ်လမ်းမှာ နေပါတယ်။ ဦးဇင်းမိဘတွေက ဦးချိုတိုးနဲ့ ဒေါ်အုန်းမေ တဲ့။ ဦးချိုတိုး နဲ့ ဒေါ်အုန်းမေ က အပျို လူပျို၊

သူတို့စတွေ့တုန်းက ဦးဖင်းပြောပြပါမယ်။ ဒေါ်အုန်းမေ က ဦးချိုးတိုး ကို ကြည့်လိုက်တဲ့အခါကျ ရုပကာယကိုသွားစွဲတယ်ဗျို့။ ဦးချိုတိုး ကလည်း ဒေါ်အုန်းမေ ကို ရုပ်ရည်လေးက လှလိုက်တာ၊ ကိုယ်လုံးကိုယ်ပေါက်ကလေးက လှလိုက်တာ။ မျက်ခုံးလေးက ဖင်ယော်တောင်လေး။ အာရုံနဲ့ မနှောပေါင်းတာ။ ကြာတော့ ညားရောဗျို့။ ညားတော့ မြမောင် ဖြစ်လာတယ်ဗျို့။ မြမောင် က လူ့ပြည်ရောက်လာတဲ့အခါကျတော့ ငယ်သေးတာကိုးဗျ။ ၁၄-နှစ်အရွယ်ရောက်။ စာမတတ်၊ ပေမတတ်။ ဆင်းရဲနွမ်းပါးတော့ ဖအေ၊ မအေက ကောက်ရိတ်တယ်။ သူများလယ်တွေမှာ ခွက်ကောက်ရိတ်တယ်။ လယ်ပိုင်၊ ဥယျာဉ်ပိုင်မရှိပါဘူး။ သားလေးက ဆွဲခြင်းလေးနဲ့၊ ဇလုံလေးနဲ့ ငပိပန်းကန် ထမင်းပန်းကန်လေးထဲမြှုပ်ပြီးတော့ သွားပို့ရတယ်။ သူကဘာလုပ်လဲ။ ကောက်သင်းကောက်တယ်။ ကောက်သင်းကောက်စပါးနှံဟာ ပက်ကြားအက်ထဲမှာ တစ်ချို့လည်းကျတယ်။ တစ်ချို့လည်းတင်တယ်။ အဲဒါလေးတွေကောက်တော့ သိပ်ပြီးတော့မရဘူး။ မရတော့ သူဘယ်လိုလုပ်လဲဆိုတော့ မိဘရဲ့တံစဉ်ကိုယူတယ်။ အဲဒီကောက်လှိုင်းအဖျားတွေကိုဖြတ်တော့တာပဲဗျို့။ သူများပစ္စည်းကို ခိုးပြီဗျို့။ အဲဒါစွဲလို့ ခိုးတာပေါ့ဗျ။ အဲဒါတွေယူလာပြီးတော့ တောင်းထဲထည့်ပြီး အဲဒါတွေကိုအုပ်တာ။ လယ်ပိုင်ရှင်မြင်မှာစိုးလို့။ အဲဒါတွေကို ခြေထောက်နဲ့ပွတ်တော့တာပဲဗျို့။ ပွတ်တော့ စပါးစေ့လေးတွေပြုတ်ပြီးတော့ စပါးတွေဖြစ်တော့တာပဲဗျို့။ ပြီးတော့ ရောင်းစားရော။ ခိုးတာပေါ့လေ။ မြောင်းမြကအမျိုးတွေလာခေါ်တော့ လိုက်သွားတယ်။ တဖြည်းဖြည်းကြီးလာတော့ ရဲထဲဝင်တာပဲဗျို့။ ရဲထဲဝင်တော့ အဖွဲ့ကောင်းတယ်။ မြမောင်မကောင်းဘူး။ လစ်ရင်ခိုးတာပဲ။ ရေနံဆီတွေခိုးလိုက်၊ သူတာဝန်ကျတာ ရဲသဘော် ယူဘီ(၁၂၉)မှာကျတယ်။ ဆလင်ကခိုင်းလိုက်၊ စက်ဆရာကခိုင်းလိုက်၊ စလင်တွေ၊ စက်ဆရာတွေ ကုန်းပေါ်တက်တုန်း ရေနံဆီပိုက်ဖွင့်ပြီးတော့ ပုလင်းထဲထည့်။ အဲဒါကိုရောင်း။ ရောင်းပြီးတော့ ဘုံဆိုင်မှာအရက်သောက်။ ဒါမိစ္ဆာအယူတွေပဲဗျို့။ မသိနားမလည်တော့ လုပ်တာပဲဗျို့။ အသက်(၂၄)နှစ်အရွယ်မှာ ရဲထဲဝင်တာ။ လူကြီးလစ်လင် လစ်သလိုလုပ်တယ်။ ရဲထဲကနေပြီးတော့ နားလေးတော့ ပင်စင်ယူတယ်။ ရပ်ကွက်ထဲမှာ ဘာဖြစ်လဲဆိုတော့ ထောင့်မကျ၊ ပြားမကျပေါ့ဗျာ။ ဥပဒေလေးက နည်းနည်းတတ်တော့ မာန်လေးပေါ့ဗျာ။ မာန်ကြောင့် ဒိဋ္ဌိ၊ ဒိဋ္ဌိကလုပ်တာ။ အာရုံနဲ့ ဒိဋ္ဌိပေါင်းတယ်။ ဒါကြောင့် အယူမှား၊ အမှတ်မှား၊ အစွဲမှား။ အဲဒီဒိဋ္ဌိကြီးက အင်မတန်မှကြောက်ဖို့ကောင်းတယ်။ တစ်နေ့သောအခါမှာ မြောင်းမြမြို့ ဦးချစ်အေး ရုံးမှာ ဒလာဝမ်လုပ်တယ်ဗျို့။ ဒလာဝမ်လုပ်ရင်းနဲ့ စီမံကိန်းပြီးတော့ သူတို့မရှိတော့ဘူး။ ဘယ်မှာပြန်လုပ်လဲဆိုတော့ မိုးလေးဝသမှာပြန်လုပ်တယ်။ မိုးလေဝသမှာ ဒလာဝမ်ပေါ့။ တစ်ယောက်တည်း နေ့လည်းစောင့်၊ ညလည်းစောင့်နေရင်းနဲ့ တစ်ဖြည်းဖြည်းစိတ်က ပျက်ပျက်လာတယ်။ အနိစ္စရဲ့

သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ သူညမအိပ်တော့ဘူး။ ဒါတွေပဲတစ်ကုပ်ကုပ်လုပ်နေတယ်။ ဝိပဿနာတွေပဲလုပ်နေတယ်။ ထိတာကရုပ်၊ သိတာက နာမ်။ ဆရာလည်းမရှိပါဘူးဗျာ။ ဟိုတုန်းက နင်းကန်ရှုနေတာ။ သားတွေးလိုက်၊ သမီးတွေးလိုက်၊ မယားတွေးလိုက်၊ အိမ်ဆန်ချက်စရာရှိသလား။ ညစာရှိလား။ ဒီအစွဲဥပါဒါန် တယ်ပုတာပဲဗျို့ အဲဒါနင်းကန်ရှုတော့ အဲဒီစိတ်ကလေးတွေ ခေါင်းပါးလာတယ်။ မိုးလေဝသမှာ အလုပ်ထွက်မယ်ပြောတော့ ဘာလို့ထွက်မှာလဲ။ မထွက်နဲ့တဲ့။ ထွက်မယ်ဗျာ။ မလုပ်တော့ပါဘူးဗျာ။ နည်းနည်းသိလာပြီ။ အဲ ဇေဒါတွေမျှောတယ်။ အဲဒီဇေဒါဘုတ်က မရှိပါလား။ ဩော် မော်တော် (ဘုတ်ချက်)[၂] အသံကြားတယ်။ ဒီအသံမရှိပါလား။ စိတ်ကဖြစ်ချင်လာတော့ တစ်မျိုးဖြစ်လာတယ်။ မိုးလေဝသကထွက်ပြီး အိမ်ပြန်လာတယ်။ အိမ်ပြန်လာတော့ မိန်းမကကိုမြမောင် ရှင်သွားချင်ရာသွားပေတော့။ ရှင်ကတော့ လူဆိုးတစ်ယောက်ပါပဲ။ အေး ဟုတ်ပါတယ်ဗျာ။ လူဆိုးပါ။ အခုသွားတော့မယ်လို့။ သူ့သမီးတွေဆီလိုက်သွားတယ်။ လပွတ္တာအောက်ဘက် ဟိုးအညာကိုလိုက်သွားတယ်။ သူ့သမက်က ဆည်မြောင်းမှာလုပ်တယ်။ အဲဒီကနေ ကုန်းသာကိုသွားတယ်။ သူ့သမက်က ဆည်မြောင်းမှာလုပ်တယ်။ အဲဒီကနေ ကုန်းသာကိုသွားတယ်။ အဲဒီမှာ ဇောတိမြိုင်ဆရာတော်ရဲ့ ရုပ်ကလာပ်ကို ဖူးလိုက်သေးတယ်။ အိတ်ထဲမှာလည်း ဝေဘူဆရာတော်ရဲ့ စာအုပ်ကလေးထည့်ထားတယ်။ တစ်ခြားဘာမှမပါဘူး။ ညောင်ပင်ကြီးသွားပြီး ဒီနေရာက လူသူလေးပါးကင်းမဲ့တဲ့နေရာပဲ။ ငါတရားအားထုတ်မှပဲဆိုပြီး စဥ့်ကူးနားက ညောင်ပင်ကြီးမှာနေတယ်။ တစ်နေ့သောအခါ ကရင်လူမျိုးတစ်ယောက်ကလာတယ်။ ခင်ဗျားဘယ်ကလဲတဲ့။ ကျွန်တော် မြောင်းမြကပါလို့။ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ။ မြမောင် လို့။ ဘာလို့ ခင်ဗျားဒီကိုလာသလဲတဲ့။ တရားအားထုတ်ဖို့လာတယ်လို့။ ခင်ဗျားတို့မြောင်းမြမှာ တရားစခန်းပွဲတွေမရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ ဘာလို့ အဲဒီမှာမလုပ်သလဲတဲ့။ ဦးဇင်း က ဝတ်တာစားတာစုတ်ပြတ်နေတော့ ခင်ဗျားအမြင်ပဲလို့။ ထမင်း၊ ဟင်းဖိုး ဝတ္တုတွေမကပ်နိုင်ဘူးတဲ့။ ခင်ဗျားဒီမှာ ဘယ်သူကျွေးမလဲတဲ့။ မကျွေးလည်း သေပြီးတာပဲပေါ့။ ခင်ဗျားဒီလိုမပြောနဲ့ ခန္ဓာရုပ်ကြီးကနေမှာမဟုတ်ဘူးတဲ့။ ဒါပေမယ့် ကျုပ်ကျွေးမယ်တဲ့။ သူ့နာမည်က ဦးပေါ်လု တဲ့။ သူကကျွေးတယ်။ ဒီကကျင့်တယ်။ ညညကျ မကျင့်ရဲဘူး။ သရဲကြောက်လို့။ ဟိုကချွတ်ချွတ်၊ ဒီက ချွတ်ချွတ်၊ ဟိုကဘုတ်၊ ဒီကဘုတ်နဲ့။ ကြောက်စိတ်ကဝင်လာတယ်ဗျို့။ လေးနာရီလောက်ကျတော့ ကြွဲသံ၊ နွားသံတွေကြားမှ ထကျင့်ရတယ်။ တစ်နေ့လုံးကျင့်တာပဲ။ အဲဒီတော့မှ အကျိုးပေါ်မှာ အကြောင်းပေါ်လာတယ်။ အကျိုးပေါ်မှာ အကြောင်းဆိုတာ ဝေဒနာတွေပေါ့ဗျာ။ ဒီရုပ်တရားကြီးဟာ ဖောက်ပြန်နေတာ။ ကြာလာတော့ သမာဓိအားကောင်းလာတယ်။

အားကောင်းလာတော့ ဖောက်ပြန်လာတယ်။ ညောင်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ ယိမ်းတာလည်း ဝေဒနာ၊ သီလ၊ သမာဓိအားကောင်းလာတော့ ဟိုနားကျင့်လိုက်၊ ဒီနားကျင့်လိုက်။ ပဲခူးနားက ကျိုက်ပတိုင်ဆိုတဲ့ရွာတစ်ရွာက ဘုရားနားမှာကျင့်တော့မှ တရားသဘောလေး နည်းနည်း သိသွားတယ်။ သနပ်ပင်ကျိုက်ပတိုင်ကျမှ သဘောပေါက်တယ်။ ရွှေလောင်းမှာက သဘောမပေါက်ဘူး။ အတွင်းသဒ္ဓါတွေကောင်းလာတော့ အပြင်သဒ္ဓါတွေလင်းလာတယ်။ ခန္ဓာမှာ ရှာတာ။ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ဖြူးမှာလည်း သွားကျင့်တာပဲ။ ဦးပဏ္ဍိတက ခင်ဗျားတို့ရဲ့ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ဘာဝနာစစ်၊ ဘာဝနာမှန်တွေကိုလာပေးတာ။ ခင်ဗျားတို့မခြဘူး။ ဦးပဏ္ဍိတလည်း မခြဘူး။ ကံကုန်ရင်ပြန်ရမှာပဲ။ ဘယ်သူပျက်ပျက် ကိုယ်မပျက်ပါနဲ့။ ဩော် (အေး)[၄] ဒါ ဝိသုဒ္ဓိသီလလို့ခေါ်တယ်။ နိဗ္ဗာန်ကိုသွားမယ့်သီလလို့ခေါ်တယ်။ ဦးဇင်းက သဘောလေးသိလို့ပြောတာ။ ဦးဇင်း ပြောတာကိုမယုံနဲ့ဦး၊ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ ခင်ဗျားတို့အလုပ်ကို လုပ်ကြည့်ပါ။ လုပ်ကြည့်မှ သဘောလေးကိုသိမယ်။ ပါဠိ၊ အနက်၊ အဓိပ္ပါယ်ကို သိလာလိမ့်မယ်။ ဒီအလုပ်တွေကို လုပ်ကြပါ။ ဥပမာ ဈေးရောင်းနဲ့ ဈေးဝယ် တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ သမ္မာလေးနဲ့ယူကြပါ။ မိစ္ဆာအယူကို မယူကြပါနဲ့လို့ ဦးဇင်း ရဲ့ အသိလေးကို ပြောပြတာပါ။ ဒီလောက်ဆိုရင်တော်ပြီပေါ့ဗျာ။

( သာဓု .... သာဓု ..... သာဓု .... )

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

## အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၄.၄.၂၀၀၄)ရက်နေ့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

## (၁၄.၄.၂၀၀၄) ရက်နေ့၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

အခု ဦးဖင်း က စာပေကျမ်းဂန်အတတ်ဘူး။ ကျောင်းထိုင်ဆရာတော်ကြီးလည်း မဟုတ်ဘူး။ ငယ်ဖြူဆရာတော်ကြီးလည်း မဟုတ်ဘူး။ သူ့ရဲ့အသိတရားများကို ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ သိတဲ့ ဉာဏ်အသိနဲ့ ဟောတဲ့တရားတွေ ကံကို ဉာဏ်အသိနဲ့ဟောတဲ့တရားတွေ ခင်ဗျားတို့နှလုံးသွင်းတတ်ဖို့လိုတယ်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ အဲသည်တော့ တရားဟောပြီ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဟောတဲ့အခါမှာ အားလုံးပဲ တရားနာကြတဲ့ပရိတ်သတ်အပေါင်းများ အများကြီးပဲ။ ဘုရားဟောတဲ့တရားကို နားကကြားတယ်။ ကြားပြီး နာတာလည်းရှိတယ်။ ပဒါစာရီ က အသိဝင်သွားတယ်။ အသိဝင်သွားတယ်။ သူမှာ ဒုက္ခတွေအမျိုးမျိုးရောက်နေတယ်။ ကလေးမလေးတစ်ယောက်သားသေ၊ လင်သေ၊ မိဘတွေသေ။ သူ့မှာ ဗျာပါဒ အဘိဇ္ဈာ ဆိုတဲ့ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကိုမပယ်နိုင်လို့ ဇွဲလန်းတဲ့ဥပါဒါန်ကို အာရုံငါးပါးကိုမလွတ်ကြဘူး။ အဲဒီကံကိုဟောတာ။ သေချာလေး သတိထား။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ ဘုရားဟောတာနော်။ ဒုက္ခသစ္စာကံ ဆင်းရဲခြင်း၏ အမှန်တရားတဲ့။ နောက် သမုဒယသစ္စာတဲ့ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရားပဲတဲ့။ အဲဒါ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ ဒါ ဥပါဒါန် တရားတွေဟောတာ။ ဒုက္ခဆိုတာ ဘာကြောင့်ဖြစ်ရတယ်။ ဘာကြောင့် သံယောဇဉ်တွယ်သလဲ။ အဲဒီတော့ အဲဒါ အဲဒီနှစ်ခုကိုဟောပြမယ်။ ဦးပဏ္ဍိတရဲ့အခြေခံက သီလကနေပြီး ပြောပြပါမယ်နော်။ သီလဆိုတာ ဘယ်လိုဆောက်တည်ရတယ်။ ဘယ်လိုနှလုံးသွင်းရတယ်။ ဘယ်လိုပယ်ရတယ်။ ဘယ်လိုသိရမယ်။ ပယ်အပ်မည့်တရား၊ သိအပ်မည့်တရား၊ ကျင့်အပ်မည့်တရား ကိုယ်ကသိရမယ်။ အဲဒါ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ ဒီဥပါဒါန်တရား ကံတရား ကာယကံ၊ ဝစီကံ၊ မနောကံဆိုတာ အကုန်လုံး သတ္တဝါတွေမှာရှိတယ်။ ဘယ်ကံလည်း မနောကံ။ ဒါ အနုသယ ကာယကံနဲ့ ဝစီကံကိုရှောင်လွှဲလို့ရတယ်။ မနောကံက ရှောင်လွှဲလို့မရဘူး။ သံသရာလည်တာလည်း မနောကံက လည်တာပဲ။ သံသရာပြတ်တာလည်း မနောကံက ပြတ်တာပဲ။ အဲဒါ ကိုယ်ပဲသိတယ်။ ကိုယ်သိတာ သစ္စာ အရိယမဂ်သစ္စာလို့ခေါ်တယ်။ အရိယာမဂ်သစ္စာတဲ့ ဘုရားဟောထားတာပဲ။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။ အဲဒါ သမုတိသစ္စာနဲ့ အရိယာသစ္စာနဲ့ ကွာနေပြီ။ အများကြီးကွာနေပြီ။ ရဟန်းတော့ ရဟန်းတွေပဲ၊ ဝါဝါဝတ်တိုင်း အသိမဟုတ်ဘူး။ သူသိတဲ့ စာအသိကို ဒီက ခန္ဓာက မသိဘူး။ ဒီက ခန္ဓာကသိတာကို သူသိနိုင်ပါ့မလား။ တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုတွေလက်တွဲပြီးတော့ ဒီဘဝမှာ ပြန်ကြဖို့လိုတယ်။ အခုတော့ မနောက ဗျာပါဒ၊

အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ကုက္ကုစ္စ ဝန်တိုမစ္ဆာစိတ်။ ဒါတွေဖြစ်နေကြတယ်။ မနောအကြောင်းကိုပြောတာ။ မနောကံကိုပြောတာ။ ကာယကံနဲ့ ဝစီကံက ရှောင်လွှဲလို့ရတယ်။ မနောကံက ရှောင်လွှဲလို့မရဘူး။ ဘာဖြစ်လို့မရသလဲ။ ဟော ပြောကြပြီ။ မနောကံရှောင်လွှဲလို့မရဘူး။ ဥပမာ မင်းကလေး ၄-၅-၆ နှစ်ကလေးကို ခြေရင်းကသော်လည်းကောင်း၊ ခေါင်းရင်းကသော်လည်းကောင်း ဟော မင်းကလေးကို ရိုက်မယ်။ အဖေကလည်း မြင်တယ်။ ကလေးပိုင်ရှင် အမေကလည်းမြင်တယ်။ ကလေးပိုင်ရှင်မြင်တော့ အဲဒီကလေးကို စွဲတာ တဏှာ။ သားသမီးလေးကိုစွဲတာ တဏှာ။ တဏှာကြောင့် မာန်ဖြစ်တယ်။ ဒေါသဖြစ်သွားတယ်။ ဒါက သီလပျက်တယ်။ ကိုယ့်စိတ်ကို မထိန်းနိုင်ဘူး။ ဒါ ဝိပဿနာနဲ့ကျင့်ရမယ်။ အသိတွေ စာနဲ့ထိန်းလို့မရဘူး။ ခင်ဗျားတို့မို့ ကျောခိုင်းသွားလိမ့်မယ်။ ဒါက ရှာဖွေပြီးတော့ ဦးပဏ္ဍိတ ကျောင်းထဲမှာကြည့်။ ခင်ဗျားတို့ နွားတွေကြည့်၊ ကြက်တွေကြည့်။ ပဏ္ဍိတ မွေးတာမဟုတ်ဘူး။ ပဏ္ဍိတ က ဒါတွေပေါ်စားတာလည်းမဟုတ်ဘူး။ ပဏ္ဍိတ က ဒါတွေရောင်းစားတာလည်းမဟုတ်ဘူး။ အဲ ပဏ္ဍိတ ရဲ့ စေတနာ ဘယ်သူသိမလဲ။ အဲ စေတနာရှိလို့ ဒီအကောင်တွေမွေးတာ။ စေတနာမရှိရင် သတ်စားမှာပေါ့ဗျာ။ ရှင်းရှင်းလေးပဲ။ စေတနာမရှိ ရောင်းစားမှာပေါ့ဗျာ။ ဦးပဏ္ဍိတ ရဲ့စေတနာ ဘယ်သူလိုက်မလဲ။ သူက အတိတ်နဲ့ ပစ္စုပ္ပန် လောကီနဲ့ လောကုတ္တရာ။ လောကုတ္တရာကို သိလို့ လောကီမှာ စေတနာ။ မင်းဉာဏ်နဲ့ စေတနာထားတာ သူရသွားပြီ။ ဦးပဏ္ဍိတ ရသွားပြီ မင်း။ ဦးပဏ္ဍိတ ကို မကပ်နဲ့။ မင်းတို့ရအောင်ပြောတာ။ ငါ့ကိုယ်ငါ ကိုယ်ရည်သွေးပြီးပြောသွားတာမဟုတ်ဘူး။ ငါလည်း မမြဲဘူး။ အနတ္တ။ မင်း ဒီတရားကို ထိုင်ပုံ၊ ထိုင်နည်း ငါပြောပြမယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ဒါ အနုသာသယ ကံတွေပယ်ရမယ်။ မနော တောင်ပို့မှာ ဂလိုဏ်ခြောက်ပေါက်ရှိတယ်။ ဂလိုဏ်ခြောက်ပေါက်ရှိတဲ့ အခါမှာ အဲဒီတော့ အပြင်ဂလိုဏ် ငါးပေါက်ကိုပိတ်လိုက်ပေတော့။ မင်းမဖွင့်နဲ့နော်။ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ ပါးစပ်တံခါး၊ ကိုယ်တံခါး အတွင်းက ဖွတ်ကထွက်လာလိမ့်မယ်နော်။ ထွက်လာရင် မင်းသိလိမ့်မယ်။ တောင်ပို့ထဲမှာ ဖွတ်ရှိတယ်။ ဒီငါးပေါက်မှ မပိတ်ရင် အဲဒီဖွတ်ကို မင်း ဖမ်းလို့မလွယ်တော့ဘူးကွ။ စိတ်-စိတ်။ ခင်ဗျားတို့ခေါ်တာစိတ် ဟုတ်တယ်။ ဦးဇင်း လည်း စိတ်ပဲ။ သူများ စိတ်ခေါ်လို့ ငါလည်း စိတ်ပဲ။ သူများ ခါတ်ဘူးခေါ်ရင် ငါလည်း ခါတ်ဘူးပဲ။ သူများခွေးခေါ်ရင် ငါလည်း ခွေးပဲ။ မတူဘူး။ ပဏ္ဍိတနဲ့သွားမယှဉ်နဲ့တော့။ သူကကျင့်ထားပြီ။ ဟိုဘက်ကမ်းရောက်ထားပြီ။ ဟိုဘက်ကမ်းရောက်လို့ ဒီဘက်ကမ်းမှာ သစ္စာနဲ့ လာသိထားတာနော်။ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို အစားကျွေးပြီး တရားပေးနေတာ။ ကြည့်စမ်း ခင်ဗျားတို့။ အေးပေါ့ဗျာ။ ငါလည်းထုတ်မပြတတ်တော့ ခက်နေပြီကွာ။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီတော့

ဘယ်ကံကိုသတ်မလဲ။ နှလုံးသားရဲ့ ကံလို့ခေါ်သမုတ်တယ်။ ကံဆိုတာ ဘာကြောင့်ဖြစ်သလဲ။ ဟော အဲဒီအာရုံငါးပါး ပိတ်လိုက်လို့ရှိရင် ဒီကံက ဒီစိတ်ကလေးကို ငါသိလိမ့်မယ်။ ဒီစိတ်ကို ငါသိမယ်ဆိုတော့ အာရုံငါးပါးပိတ်လိုက်မယ်။ တရားထိုင်နေတယ်။ တရားထိုင်တဲ့အခါကြတော့ ဥပမာ ဦးဖင်းလည်း မောနေတယ်နော်။ နည်းနည်းပါးပါးတော့ ပြသွားမယ်။..........

ဘာဖြစ်လို့ ဦးပဏ္ဍိတ တဲ့။ နှာခေါင်းနှစ်ပေါက်ရဲ့ မိမ္မေးတိုင်း၊ ဖမ္မေးတိုင်း မှန်မှန်လေးရှုပါလားလို့ ဆရာတော်ကြီးကပြောတယ်။ အရှင်ဘုရားတဲ့ ကမ္မဋ္ဌာန်းနည်းပေါင်း ဘယ်လောက်ရှိသလဲတဲ့။ အရှင်ဘုရားက ရတဲ့ကမ္မဋ္ဌာန်းအသိနဲ့ တပည့်တော်ရတဲ့ ကမ္မဋ္ဌာန်းအသိမတူဘူးတဲ့။ ဘာဖြစ်လို့ တပည့် ဘယ်သူဘေးကသိသလဲ။ ဩော် ငါ့အစွဲက တော်တော်ပြင်းထန်ပါလားကွာ။ အေး အေး အေး။ ထုတ်တယ်။ ဒီအစွဲ ဥပါဒါန်ကိုသတ်တာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မနောသတ်တာ။ ကာယကံနဲ့ ဝစီကံ က အပြင်ကံတွေလုံတယ်ဗျို့ သူများအသတ် မသတ်ဘူး။ သူများပစ္စည်း မခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ သေရည်သေရက်မသောက်ဘူး။ ဝိကာလဘောဇနာ မစားဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓါရဏ၊ မဏ္ဍန။ ကခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ ဒါအပြင် ကံ အခုနက မနောကံကြတော့ ဩော် ခနိမှ မမိုးရသေးဘူးလား။ ဩော် ဘယ်လိုများနေကြ။ ဆန်အိုးထဲမှာ ဆန်မှရှိပါ့မလား။ ငါသွားတုန်းကမရှိဘူး။ ပူတာပူတာ။ ဖျာပါဒ။ ဒါအစွဲ ဘယ်သူသိမလဲ။ အဲ ဘုံဆိုင်မှာ အရက်သောက်ရင်းသိတယ်။ ဒီအစွဲကို ဘယ်သူမှမသိပါဘူး။ အဲဒါ သစ္စာပဲဗျို့နော်။ အဲဒါ သစ္စာ မှတ်ထား။ နောက်ဆုံး သွားမှာက သွားမှာပဲ။ ဦးပဏ္ဍိတ လည်း သွားမှာပဲ။ ခေါင်းဝယ်ထားတယ်။ အဲဒီလို သီလတွေ ပြည့်စုံအောင်လို့ ဆောက်တည်တယ်။ သူ့စိတ်ကို သူစစ်တယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ တဲ့။ အာသဝက္ခယဉာဏ်ဘက်ကူးပြီဗျ။ အသေခံပြီ။ ဒီသီလအုတ်ပန္တက်ရအောင် အမိသီလရအောင် သူလုပ်ပြီ။ အဲဒီတော့ ဝိစိကိစ္ဆာတွေပယ်ပြီ။ သားမယားတွေပယ်ပြီ။ ရွာသူတို့ရဲ့ အိမ်ပေါ်မှ တက်ခြင်း၊ ပြုခြင်း၊ လည်ခြင်း၊ ပတ်ခြင်း တစ်ခါတည်းပယ်ပြီ။ သူ့မှာရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ အစွဲဥပါဒါန်တွေ တဖြည်းဖြည်း ငြိမ်းအောင် သူလုပ်တယ်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများလာတဲ့ အခါကြတော့ အဲဒီတော့ အပြင်မှာစင်ကြယ်လာတယ်။ လျှောက်ခြင်း၊ ပြုခြင်း၊ တစ်ရွာနဲ့တစ်ရွာ လည်ခြင်း၊ ပြုခြင်း၊ သွားခြင်းမလုပ်ဘူး။ လူအတွေ့မခံဘူး။ လူလာရင် ရှောင်တယ်၊ ပြေးတယ်။ ကိုယ့်နှလုံးသွင်းတာက ပညတ်ကို နှလုံးမသွင်းဘူး။ ပရမတ်ကို နှလုံးသွင်းထားတယ်။ အတွင်းနှလုံး

သွင်းထားတယ်။ ဟောတွေ့လား။ မနောနှလုံးသွင်းထားတယ်။ မြင်ချင်လား မမြင်ချင်ဘူး။ ကြားချင်လား မကြားချင်ဘူး။ သိချင်လား မသိချင်ဘူး။ အဲဒီတော့ အကြောင်းသတ်ပြီဗျို့ အကြောင်းသတ်တယ်။ အကျိုးပေါ်က အကြောင်းကိုသတ်တယ်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံ့လိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ ဒါ အနုသယတွေ။ မနောဟောဒီမနော ငါမြင်တာ သညာ နဲ့မြင်သလား၊ ပညတ်နဲ့ ပရမတ် ခွဲတယ်။ ငါသိတာ အတ္တနဲ့ သိသလား။ အနတ္တနဲ့ သိသလား။ ဟောကြည့်စမ်း။ အဲဒါစိတ်တွေ စစ်သွားတယ်။ ဩော် အေး အေး။ အဲဒီတော့ လူတွေအတွေ့မခံဘူး။ ထင်းခုတ်သမားတွေလာရင် ဟိုးဘက်ထွက်ပြေး။ ဟိုးက ဓနိသမားတွေ အရောင်းအဝယ်လာလုပ်ရင်လည်း သူက ထွက်ပြေးတယ်။ တစ်ခါတည်း တောထဲမှာနေတယ်။ အဲဒီလိုပဲကျင့်တယ်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများလာတော့ စိတ်ကလေး ငြိမ်လာတယ်။ အဲဒီတော့ အပြင်မှာစင်ကြယ်ရင် အပြင်မှာ အာရုံနောက် မလိုက်တော့ဘူး။ အဲဒီတော့ အပြင်မှာ စင်ကြယ်ရင် မနောခန္ဓာမှာလည်း စင်ကြယ်လာတယ်။ ဟော သူစင်ကြယ်လာပြီ။ အပြင်သီလက လည်းမှန်လာပြီ၊ အတွင်း အဓိစိတ်ဓါတ်ကလည်း မှန်လာပြီ။ ဟောအချက်နှစ်ချက်ရပြီ။ ရပြီလား၊ ငါပြည့်စုံပြီလား၊ ပြည့်စုံပြီ။ အေး ပြည့်စုံသထက်ပြည့်စုံအောင် ငါ့သီလ၊ ငါ့အဓိသီလနဲ့ အဓိစိတ္တ ငါပြည့်စုံအောင်လုပ်မှပဲ။ ဟိုပညာပိုင်းကို ဉာဏ်ပိုင်းမတတ်နိုင်ဘူး။ အဲဒါပဲရအောင်လုပ်တယ်။ အဲဒါ လည်းရရော အဲဒါပဲကျင့်နေတာပဲ။ အခုနက ရှုရတယ်၊ ပြင်းပြင်းရှုရတယ်။ အခုတော့ ပြင်းပြင်းမရှုရ တော့ဘူး။ မှန်မှန်လေးရှုရတယ်။ တက်လာပြီ။ အဲဒီတော့ စိတ်နဲ့ စေတသိတ် နီဝရဏတွေ မပေါ်တော့ ပါဘူးဗျာ။ အဲ အဲဒီလိုဖြစ်လာပြီဆိုရင် အဓိသီလ၊ အဓိစိတ္တ ငြိမ်ဝပ်ပိပြားလာရင် ဒီကောင်နှစ်ကောင် ငြိမ်လာရင် ငါပညာပိုင်းကိုတက်မှပဲ။ ပညာက ငါသိတဲ့ အသိ။ သညာမှ ပညာကိုတက်မှပဲ။ ငါအခု နေတဲ့ အတ္တနယ်မှ အနတ္တနယ်ကိုတက်မှပဲ။ သူစဉ်းစားတယ်။ ဩော် အေး အေး။ အဲဒီတော့ အယူများ၊ အမှတ်များ၊ အစွဲများ။ အဲဒီတော့ ဒါတွေကို တဖြည်းဖြည်းသိလာတယ်။ ဩော် ဒီကံတရား ခုနက အိမ်မှာ ဆန်အိုးထဲမှာ ဆန်ရှိသလား။ ဩော် ဓနိမှ မိုးရသလား။ သားသမီးတွေ ဘယ်လိုနေကြသလဲ။ ငါထွက်သွားတုန်းက ဘယ်အရွယ်လောက်။ တွေးတာ တွေးတာ။ ဒီအစွဲ သိပ်ကြောက်ဖို့ကောင်းတယ်။ ဟိုဘက်အထိရောက်ပြီးမှ သစ္စာနဲ့ပြန်ပြောတာ။ အဲဒါ လူမျိုးမရွေး၊ ဘာသာမရွေးဖြစ်နေတာ။ ဖြစ်နေတာ ကိလေသာငုပ်နေတာ။ အကြောင်းပေါ်တော့ ရင်ခေါင်းကဖြစ်တာပဲ။ အဲဒါကို မဂ္ဂင်ရှစ်ပါးနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဒိဋ္ဌိ။ ဟိုဘက်ကူးတော့မယ်။ တွေ့လား။ သမာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိမဟုတ်ဘူး။ မိစ္ဆာဒိဋ္ဌိမဟုတ်ဘူး။ အတ္တဒိဋ္ဌိမဟုတ်ဘူး။ သမ္မာဒိဋ္ဌိကနေပြီးတော့

သမ္မာသကီပ္ပကူးပြီဗျို့ ဓမ္မကိုကူးပြီ။ ဟာ ကျင့်ဖွယ်ကိစ္စ ငါသိသွားပြီ။ အဲဒီတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ။ အကျိုးနဲ့အကြောင်းမသိတာ အဝိဇ္ဇာပဲ။ လည်ဦးမှာပဲတဲ့ သံသရာ။ မင်းလည်ဦးမှာပဲ။ ၃၁-ဘုံ မလွတ်ဘူး။ ပဏ္ဍိတ က ပြောသွားပြီ။ မင်းတို့ နတ်ဘုံရောက်မယ်။ ဗြဟ္မာ့ဘုံရောက်မယ်။ ရုပ်ပြစ်ရှစ်ပါး၊ အပါယ်လေးဘုံရောက်မယ်။ တစ်ယောက်နဲ့တစ်ယောက် အသိမတူလို့ ဘုံချင်းလည်းမတူးဘူး။ ကွာတယ်။ မင်းတို့ပေါ်မူတည်တယ်။ ဒီဘဝမှာ အင်မတန်မှ ကိုယ်ရတဲ့အသိ လူ့ဘဝက အင်မတန်မှ အမြတ်ဆုံးပါ။ မရှုံးပါစေနဲ့။ မရဏသေမင်းကို အပြုံးနဲ့မပြန်ပါနဲ့ကွာတဲ့။ မင်းလည်း သေမယ်ကွ။ ငါလည်း သေမယ်ကွ။ မင်းရုပ်က ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းဆို အိုလာမယ်ကွ။ အဲဒီရုပ်က အိုမယ်၊ နာမယ်၊ သေမှာကို အခုတခဏလေး ဘာဝနာပွားကြည့်စမ်း။ မင်း တဏှာနဲ့ မာနလျှော့ပါးတယ်ကွ။ တဏှာရှိလို့ မာန်ရှိတာကွ။ အဲဒီနှစ်ခုက ယခုကာလအချိန်မှာ နိဗ္ဗာန်ကိုပိတ်တာ မာန်ပဲကွ။ မင်းပြောချင်တဲ့ ဆရာတော်ကို ပြောပေးတော့၊ အဲဒီမာန်ကွ။ အဲဒီမာန်ကိုလည်း မင်းတို့ကြားတော့ ကြားဖူးတယ်။ မသိဘူး။ တဏှာကိုလည်း ကြားတော့ကြားဖူးတယ်။ မင်းတို့မသိဘူး။ မင်းတို့ဘယ်သိမလဲတဲ့။ ဉာဏ်မှမရတာပဲ။ ဟော ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ အာသဝက္ခယဉာဏ်တွေ။ အဲဒီတော့ တပြည်လုံး ဘုန်းကြီး ငါ့စစ်တဲ့။ မဟုတ်တာ့တော့ မလုပ်နဲ့။ စာတော့မတတ်ဘူး။ ငါပြောတာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ။ ဘုရားဟောတဲ့ ပဒါစာရီ ကို ဟောသွားတာ။ အဲဒီတရားတွေကွ။ အဲဒီကံတွေကွ။ ပစ္စုပ္ပန်တည့်တည့်လေးဟောသွားတာ။ ရှေ့လည်း မမျှော်နဲ့၊ နောက်လည်း မတွေးနဲ့ကွ။ မင်းတို့ ဒိဋ္ဌဓမ္မဖြစ်နေတယ်ကွ။ ရှေ့လည်းတွေးမယ်။ နောက်လည်းတွေးမယ်။ အဲဒါ ဒိဋ္ဌဓမ္မကွ။ တိဟိတ်ကွ ဖြတ်ချလိုက်ပြီနော် မင်းတို့ကောင်းဖို့ငါပြောတာပါ။ ငါ့ကိုတော့ မင်းတို့ဘာပြောပြော ပြောချင်တာပြော။ ငါကတော့ သဘောပေါက်နေပါပြီနော်။ စာတော့မတတ်ဘူးကွ။ အဲဒီတော့ တဏှာကဘာလဲ။ မာန်ဘာလဲ။ ဒိဋ္ဌိဘာလဲ။ အဲဒီတဏှာဟာ ကိလေသာမှာရှိနေတယ်။ အဲဒီရုပ်မှာရှိတယ်။ အဲဒီရုပ်မှာရှိတဲ့တဏှာကို မင်းသိပါ့မလားတဲ့။ မင်း အခုကွာ ကိုယ်အရေပြားယားတယ်ကွာ။ ကုတ်လို့ကောင်းလိုက်တာကွာတဲ့။ အဲဒီစိတ်ကလေးက ခံစားတယ်ကွာ။ အဲဒီယားတဲ့ဟာလေးကို သက်သာလာတဲ့စိတ်ကလေးက ခံစားတယ်ကွာ။ ဟော အဲဒါ တဏှာပေါ့ကွာတဲ့။ မင်း အဲဒီယားနေတဲ့ ကုတ်နေတဲ့အသိက လောကီအသိတဲ့ကွ။ သညာအသိတဲ့ကွ။ မှတ်ထားဦး။ ငါလမ်းပြလိုက်မယ်။ ဟော အဲဒီဟာလေးကိုရှောင်ကြဉ်ပါ။ ရှောင်ကြဉ်ပါ့မယ်ဟု အရိယာပုဂ္ဂိုလ်ကပြောသွားတာ။ အဲဒါ တဏှာကွ။ အဲဒီတော့ မင်းကိုယ်တွင်းမှာရှိတဲ့ တဏှာကို မပယ်နိုင်ဘူး၊ မသိဘူး။ သူများသားသမီး၊ မင်းရဲ့သားသမီး။ အဲဒါသွားစွဲတာလဲ တဏှာကွ။ အဲဒါအကြောင်းကွ။ ဟိုက အကျိုးကွ။

အဲဒီအကြောင်းနဲ့အကျိုးကို မင်းတို့မသိတာက အဝိဇ္ဇာတဲ့။ လည်ဦးမယ်။ ဒါငါဟောတာ။ အနုသယတဲ့။ စိတ်တနုပဿနာ ဟောသွားတာနော်။ ဒီစိတ်က နုပဿနာအခြေခံကွ။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နဲ့ မင်းစိတ်ကိုစစ်ပြီးတော့မှ တောအရပ်မှာ မင်းဆောက်တည်ပြီးတော့မှ မင်းစိတ်မင်းစစ်ပြီးမှ စင်ကြယ်လား၊ မစင်ကြယ်လား။ မင်းဟာမင်းသိလိမ့်မယ်။ သူများသွားမမေးနဲ့။ အဲဒီတော့ မင်းစိတ်ကလေး မစင်ကြယ်ရင်တဲ့ စိတ်ရဲ့စေတသိတ်က ကျိုကြားကျိုကြားတွေးလိမ့်မယ်။ ပေါ်လာပါလိမ့်မယ်။ အဲဒီတော့ စိတ်ကိုလည်း မင်းမပယ်ဘူးတဲ့။ စိတ်မပယ်ရင် မြင်စိတ်၊ ကြားစိတ်၊ စားစိတ်အကြောင်းလည်း မင်းမပယ်ဘူးတဲ့။ အကြောင်းမပယ်ရင် မင်းရဲ့နှလုံးသွင်းတဲ့ဘဝင်စိတ်ကလေးကလည်း မပယ်ဘူးတဲ့။ ဟော အဲဒီမိန်းမ ငါနဲ့ဟိုးတုန်းကတွေ့ခဲ့တယ်ကွာ။ သူဘယ်မှာပေါ့ဗျာ။ ငါနဲ့တွေ့ခဲ့တယ်။ အဲဒါ တရားထိုင်ပြီးတော့ အဲဒါတွေးနေတာပဲ။ တွေးတော့ တွေးတာပဲ။ မိန်းမတွေကို အဲဒါငါ့ကို ဘယ်သူက ဘယ်လို ဘယ်အကြောင်းတွေက ပြောတာပဲ။ ဘယ်လိုအကြောင်းတွေက ဟော အဲဒီအာရုံငါးပါးကို မဖြတ်တော့ မနောကလည်း စွဲလမ်းပြီးတော့ ကံတွေဖြစ်နေတယ်။ စွဲတာကို ကံဖြစ်တယ်။ အဲဒါ ဒုက္ခသစ္စာပဲ။ အဲဒါကံကြောင့် ဒုက္ခတွေဖြစ်နေတယ်။ အဲဒီအာရုံငါးပါးကို မင်းက သွားယူလေ။ အရိယာက အာရုံငါးပါးကို မြင်လိုက်တာ သဘောပေါက်သွားပြီ။ ဉာဏ်နဲ့မြင်တယ်။ မစွဲဘူး။ ကံက စွဲတယ်။ ဟော တွေ့လား။ ဉာဏ်က ဘင်္ဂီရဉာဏ် မြင်တော့ မြင်တာပဲ။ ဘယ်သူသိမလဲ မစွဲဘူးလို့ဖွင့်လဲမပြောဘူး။ သူက မင်းမေးရင်တော့ ငါဖွင့်ပြောမယ်။ ငါနားလည်းကြားတယ်။ အမလေး သူများကိုတဲ့ ဦးပဏ္ဍိတ က ဘာကဘာတဲ့ ကြားတယ်။ ငါမစွဲဘူးတဲ့။ အဲဒီအယူကို ငါမယူဘူးတဲ့။ မစွဲလို့ မယူတာ။ မှတ်ထား မင်းတို့အတ္တသမားတွေဟာ အဲဒီအတ္တနယ်ထဲက ဦးပဏ္ဍိတ လာတာ စာမတတ်၊ ပေမတတ် ရဟန်း ပဏ္ဍိတ ဆိုတာ ငါပဲ။ စာပယ်တာမဟုတ်ဘူး။ အစွဲကိုပြောတာ။ မင်းဖြစ်နေတဲ့အစွဲ ငါဖြစ်နေတဲ့အစွဲ အစွဲပြတ်မှ ဥပါဒါန်ပြတ်မှ မင်း အသညာတ္တနိဗ္ဗာန် ချက်ချင်းရမှာ။ နိဗ္ဗာန်ဆိုတာ မဂ်ဉာဏ်တို့ ဖိုလ်ဉာဏ်တို့ ပါးစပ်က ကလေးတောင်ရွတ်တတ်တယ်။ အဲဒါ အာရုံငါးပါး ငါမစွဲဘူးတဲ့။ မြင်တော့ မြင်တာပေါ့ကွ။ ငါ့သမီးတွေ၊ ငါ့သားတွေ၊ ငါ့မိန်းမတွေ မြင်တာပေါ့ကွ။ ငါမြင်တာပေါ့။ အဲဒီတော့ ဆရာတော်ကြီး ထိုင်လိုက်၊ အိပ်လိုက်နဲ့ဟော ဒကာမရေ ငါ့ဘာတွေကျွေးစမ်း။ မင်းတို့ကြားသားပဲ။ သူကတောင် မကပ်သေးဘူး။ ငါက တောင်းစားနေပြီ။ ဟော တွေ့လား ဘယ်လောက်ကောင်းတဲ့ ဉာဏ်လဲ။ အဲဒါ မင်းတို့မသိဘူးတဲ့။ တွေ့သွားပြီ။ မင်းတို့တွေ ဆရာမကြီးတောင် မကပ်သေးဘူးတဲ့။ သူက တောင်းစားနေပြီ။ ပြောချင်တာပြော မင်းတို့ပြောလို့ရတယ်။ ငါ့အနားကပ်တဲ့အကောင်တောင် မသိပါဘူးတဲ့။ မင်းနတ်တွေလည်း မသိပါဘူးတဲ့။ နတ်သိတာက စိတ်၊ စေတသိတ်တွေသိတာကွ။

ဉာဏ်ကျတော့ မသိဘူးကွ။ စိတ်နဲ့ စေတသိတ် မင်းတွေးနေတာ။ မင်းတွေးတော့မယ်။ ကြံစည်မယ် ပြုလုပ်မယ်။ အဲဒါနတ်သိတယ်။ တွေးမယ်။ တစ်ယောက်ထဲ ခြင်ထောင်နဲ့ ကျွန်တော် ခြင်ထောင်ချပြီး တော့ ကြက်သတ်တာ။ အဲဒါ မင်းသတ်ပြီးတော့ ဟင်းကိုဘုဉ်းကြီးကပ်တယ်။ ကပ်တော့ ဘယ်သူ သိလဲတဲ့။ ဘယ်သူမှမသိဘူးတဲ့။ မင်းမသိဘူးလားတဲ့။ ကျွန်တော်တော့ သိတာပေါ့တဲ့။ အဲဒါဘာလဲ ကိုယ်စောင့်နတ်တွေလား။ ကိုယ်မှာစောင့်တဲ့နတ်က သိသွားပြီ။ အဲဒီသစ္စာတွေကို မှန်မှ မင်းအရိယာ ခါတ်သစ္စာဖြစ်မယ်။ သီလအခြေခံတယ်။ သမာဓိအခြေခံတယ်။ သီလ၊ သမာဓိအခြေခံလို့ အခြေခိုင် မှ ပညာကိုရှာ။ ပညာဆိုတာ ရုပ်မှာရှိတဲ့ကိလေသာ ကိလေသာမှာ တဏှာရှိတယ်။ တဏှာကို လွယ်လွယ်လေးသတ်တယ်။ စိတ်နဲ့ စေတသိတ်က သေနေမှပဲ။ ဒီမှာအာရုံရသွားပြီလေ။ လောကီ အာရုံမဟုတ်တော့ဘူး။ သဘောလေးပဲ။ အဲဒီတော့ ကြိုးစားကြပါ။ ခင်ဗျားတို့ ၄-၅ နှစ်လောက် အနေမှန်ဖို့လိုတယ်။ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ ဗိုလ်လို့ထည့်ထားတယ်။ သဒ္ဓါဆိုတာ ခိုင်မြဲအောင်၊ ဝီရိယဆိုတာလဲ သေသေကြေကြေ စိတ်ကို တစ်ခါတည်း အံကြိတ်ပြီးတော့လုပ်မထားနဲ့။ ဖြည်းဖြည်းချင်းနဲ့ လိုက်ရမယ်။ အံကြိတ်ပြီးတော့ မလုပ်ရဘူး။ အဲဒါ ခင်ဗျားတို့မာန်ပါနေတယ်။ ဩော် အေး အေး ။ အဲဒီတော့ ဒီလိုတရားထိုင်တဲ့ အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီမနောကံ အနုသယတွေးစိတ်တွေကို ငါပယ်မှပဲဆိုပြီးတော့ သဒ္ဓါကိုယုံကြည်ပြီးတော့ သဒ္ဓါရှိတယ်။ ဒီကမ္မဋ္ဌာန်းကို ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ ကမ္မဋ္ဌာန်းတွေကို ငါလိုက်မယ်။ သဒ္ဓါပဲ။ ကိုယ်မှန်ဖို့လိုတယ်။ ကာယသတိပဋ္ဌာန်ဆိုတာ စာလိုရေးထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ပယ်နိုင်အောင်သတ်။ အဲဒါ ကာယ။ ကိုယ်ကာယမှာရှိတဲ့ ကံတရားတွေပယ်ရတော့မယ်။ အဲဒီအကောင်တွေ ပယ်နိုင်လို့ မှန်ကန်ရင် ကာယသတိပဋ္ဌာန်မှ ဝေဒနာသတိပဋ္ဌာန်ကိုကြည့်ပေတော့။ အဲဒီတော့ ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ။ ပူတာလည်း ဝေဒနာ။ အေးတာလည်း ဝေဒနာ။ ဝေဒနာအာရုံ တစ်ခုပဲရှိတယ်။ ကျန်တာဘာယ်အာရုံမှမယူဘူး။ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ကြာတော့ အဲဒီတော့ ဒီဝေဒနာဟာ ငါလုပ်တာမဟုတ်ဘူး။ သူဖြစ်နေတာပဲ။ အဲဒီတော့ ဝေဒနာကနေ ဓါတ်ကူး သွားပြီ။ ဟော စိတ်ဓါတ်။ စိတ်ပယ်ပြီး ဓါတ်ဖြစ်သွားတယ်။ စိတ်က လောကီနယ်ထဲမှ စိတ်ကြောင့် ဓါတ်ဖြစ်သွားတယ်။ အဲဒီဓါတ်တွေချုပ်အောင်လုပ်ရှယ်။ ဓါတ်တွေချုပ်မှ ငြိမ်းမယ်။ ဘယ်လိုဓါတ်တွေ လဲ။ ဒါဖြင့်ကောင်းပြီ။ ခင်ဗျားတို့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ အကြောင်းနဲ့အကျိုး ဘုရားဟောတာတဲ့။ ငါကတော့ သဘောပဲပြောမယ်တဲ့။ အဲဒီအကြောင်းတရားတွေကို မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်

တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့ အကြောင်းတွေမှာ ဟိုက ငါ့ကိုဆဲတယ်။ ငါနားကြားတယ်တဲ့။ အဲဒီအကြောင်းတဲ့။ အဲဒီငါ့နှလုံးသားက ဒီဟာကို ငါစွဲနေတာ။ နှလုံးသားက လှုပ်ရှားနေတာ။ ဩော် အဲဒီအကြောင်းကြီးဟာ ဟိုကဆဲတာလည်း ငါ့သဘောပေါက်ပြီ။ ငါ့နှလုံးသားအသိလည်း ငါသဘောပေါက်ပြီ။ အဲဒီအကြောင်းပြတ်ပြီ။ အကျိုးတရားကိုလည်း ရုပ်တရားကြီးမှာ အရေပြားယားတာကိုလည်း ဘာဖြစ်သေးတယ်၊ ညာဖြစ်သေးတယ်။ ဘယ်လိုလဲသူက အဲဒီအကျိုးတရားကိုလည်း သူက တဏှာသတ်တယ်။ အဲ သူဘာယူတာလဲ။ အာရုံလုပ်ကြည့်။ အာရုံလုပ်ပစေ။ လောကုတ္တရာ ချက်ချင်းပဲ လက်တစ်ဖြောက်ပဲ။ အဲဒါရတာ။ အဲဒါမှမရရင် လုပ်လို့မရဘူး။ လောကုတ္တရာအာရုံတွေ ခင်ဗျားတို့ရရင် သိလရမယ်။ အဲဒါတွေက ဉာဏ်တံခါးတွေ။ ဉာဏ်ပိုင်းတွေ။ ကံမဟုတ်ဘူး။ ကံဆိုတာက အဲဒီရုပ်မှာယားတော့ ကံရှိတာကို ကုတ်တာပေါ့ဗျ။ မြင်လိုက်တာလဲ ကံရှိတော့ မှတ်တာပေါ့။ အင်မတန်ရှာဖွေပြီးတော့ ခင်ဗျားတို့ကို ဒီသစ္စာတရားတွေကို အဲဒီတော့ ထုတ်ပေးဖြစ်ခဲ့တာ။ တစ်နေ့သောအခါမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနတ္တက အုပ်ချုပ်သွားမယ်။ အနိစ္စနဲ့ ဒုက္ခက ခံနေရတဲ့သတ္တဝါတွေ။ ဘုရားက အနိစ္စကို မမြဲပါဘူးလို့ပြောနေတာကို ခင်ဗျားတို့က သွား အမှတ်နဲ့နေတာကို ဒုက္ခကို အစွဲကြောင့် မင်းတို့စွဲနေတာကို ဘာစွဲစွဲ အဲဒါဒုက္ခတဲ့။ ကဲ အဲဒါကံပေါ့။ စာမဟုတ်ဘူး။ အဲဒါ ခင်ဗျားသွားစွဲရင် ကံကြောင့်ဒုက္ခတဲ့။ အဲဒီပညတ်က မမြဲပါဘူးလို့ ဘုရားက ပညတ်ထားတဲ့ဟာကို မင်းတို့က အမှတ်နဲ့သွားယူကြတော့ ငါဘယ်လိုလုပ်မလဲတဲ့။ ဒါ အနုသယတဲ့။ စာသမားတွေ မဟောနိုင်ဘူးကွ။ စာသမားတွေ ဟောနိုင်တာက စာနဲ့ပတ်သက်တဲ့ ဝိပဿနာတဲ့။ ခန္ဓာက တဏှာနဲ့ ကိလေသာသတ်တဲ့အကြောင်းနဲ့ အကျိုးဒါခန္ဓာသိ ဝိပဿနာ။ အဲဒါကြောင့် ရုပ်တယ်လို့ပြောတာ။ မင်းတို့က ရုပ်တာ။ ငါက ရုပ်တာမဟုတ်ဘူး။ အကြောင်းနဲ့အကျိုး အကျိုးက ဒုက္ခသစ္စာ၊ အကြောင်းက သမုဒယသစ္စာ။ အဲဒီနှစ်ခုကို မဂ်ဉာဏ်နဲ့ ပယ်မယ်ဆိုရင် ဟောဒီကာလရသွားပြီ။ မသေနဲ့ဦး။ မင်းရပြီ။ မင်းဟာမင်းသိလိမ့်မယ်။ သိရင် အတိတ်ရဲ့ မင်းရဲ့ဆုတောင်းလာကြတဲ့ ဘာလဲ ပါရမီတွေပေါ့ကွ။ ရလည်းရတာပဲ။ ဘုရားက ဗျာဒိတ်ပေးခဲ့တယ်။ မင်းဟောပြီးနေ့ာ်။ ဘယ်သူသိလဲ။ အဲဒါဟောပြီ။ ရဟန္တာတွေကြတော့ရတယ်။ ကိုယ်ဖောင် ကိုယ်ဖက်ပြီးသွားတာ။ ကိုယ့်ဖောင် ကိုယ်ဖက်ပြီးသွားတာ လူတောင်မသိလိုက်ဘူး။ ဦးပဏ္ဍိတ က လူ-လူချင်း လူတောထဲကလာတာ။ ကြက်တွေမွေး၊ ဝက်တွေမွေး၊ ငှက်တွေမွေး၊ နွားတွေမွေး၊ ကျွဲတွေမွေး၊ ဝက်တွေမွေး။ ဒါဘာတွေလဲ ရောင်းစားတာလဲမဟုတ်ဘူး။ အဲဒီမွေးတဲ့သူတွေကို ဦးပဏ္ဍိတ က ပိုက်ဆံပေးတယ်။ မေးကြည့် ပိုက်ဆံပေးတယ်။ အဲဒီအကောင်တွေကို ကျွေးပါ၊ မွေးပါ။ မင်းလိုသလောက်

ဝတ္ထု ငါပေးမယ်။ ကောင်းပါပြီဘုရားတဲ့။ ကျွေးတယ်၊ ဟော မွှေးတယ်။ ဒါ ဦးပဏ္ဍိတ က ရောင်းစားဖို့လား။ ခင်ဗျားတို့စဉ်းစားပေတော့။ ဘာဖြစ်လို့လဲ စေတနာ၊ စေတနာနဲ့သွားတဲ့ရဟန်းခေါ်တယ်။ ဒါကြောင့် အများတကာလိုက်နိုင်အောင် ဟိုရဟန္တာတွေက ဖောင်ဖက်သွားတာ။ အဲဒီကောင်တွေ နှမလိုးတွေ ငါက ဖောင်ဖက်တာမျိုးမဟုတ်ဘူး။ မင်းတို့လို ပုထုဇဉ်မျိုးမပြောနဲ့ ရဟန္တာတောင် ဆဲတယ်။ ငါလိုးမသားတွေ။ တစ်ကိုယ်ကောင်းစားတာ ကြည့်စမ်း။ တိရစ္ဆာန်တွေရော ဝက်တွေရော စေတနာရှိလို့ သူ့ရှာဖွေကျွေးတာ။ ပရိတ်သတ်လည်း တရားရတာ၊ မရတာ သူ့အကြောင်းပဲ။ ငါကျွေးမယ်။ ဒါ စေတနာပေါ့။ ဦးပဏ္ဍိတ ရဲ့စေတနာကို ဘယ်သူတားနိုင်သလဲ။ ခင်ဗျားတို့ကျင့် ပစ္စုပ္ပန်မှာစစ်။ ငါဝက်တွေရောင်းစားသလား။ ငါသတ်စားသလား။ ဝက်မွေးတဲ့သူတွေ ဝက်ကျွေးတဲ့သူတွေကို ငါပိုက်ဆံပေးရတယ်။ မင်းကြည့်စမ်း။ အဲဒါစေတနာပေါ့။ ငါစေတနာမှ မရှိရင် ဝက်သတ်စားမှာပေါ့။ ကြက်သတ်စားမှာပေါ့။ ငါဒီဟင်း စေတနာရှိလို့ပေါ့။ စေတနာရှိလို့ ငါဒီ ငါးအသား၊ ဖားအသား မစားတာပေါ့။ သူက ဒိဋ္ဌဝေဒနီယအကုန်သိတာ။ ဟိုးတုန်းက လာတဲ့ အဝတ္ထုနယ်ကနေပြီးတော့ သိပြီကွ၊ အဝတ္ထုဆိုတာ အစွဲဉာဏ်ရတော့ အဲဒီအစွဲကို ငါအကုန်သိပြီကွ။ ငါတော့ ရှောင်လို့ရပြီကွ။ ဒါပဲရှိတယ်။ ဒီ ဝိပဿနာကို ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ တစ်ချက်တော့ရှိတယ် အပြင်မှာ စင်ကြယ်ရင် အပြင်မှာ အာရုံအပြင်မှာ ပညတ် အာရုံတွေ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ မာန်နော် မစွဲနဲ့။ မင်းဒီ ဝိပဿနာလုပ်ကြည့်ရင် တဏှာနဲ့ မာန်ကို ချိုးပစ်လိုက်ပြီ။ ချိုးမှ မင်းသိလာလိမ့်မယ်။ မာန်ကိုချိုးမှ တဏှာသိလာလိမ့်မယ်။ မင်းတို့က အခုတော့ စားကောင်းသောက်ကောင်းတော့ လုပ်ကြတာပေါ့ဗျာ။ အဲမာန်မလျော့ဘူး။ အဲဒီတော့ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ ဦးပဏ္ဍိတ ပြောသွားတဲ့ ဝိပဿနာက ခန္ဓာသိ၊ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ဟောသွားတာ။ အစွဲဥပါဒါန်ကို ဟောသွားတာ။ ဘယ်ကံကိုဟောလဲ။ မနောကံကိုဟောသွားတာ။ မနောကံဟာ အခုကာလအချိန်မှာ အာရုံမလွတ်လို့ဟောရတာ။ မင်းတို့အာရုံမလွတ်တော့ အာသဝက္ခယဉာဏ်ရလို့ ပြောပြတာ။ ဒါပဲကြည့်ကြ။ ပြီးရောပေါ့ဗျာ။

သာဓု .... သာဓု .... သာဓု .... ။

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၀၂.၂.၁၉၉၆)ရက်နေ့

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၂၀)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၁၂.၂.၁၉၉၆)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ ဘာမှ မတတ်ဘူး။ ဒါကြောင့် အားလုံးရှိတဲ့ သံဃာတော် အရှင်မြတ်၊ ဒကာ၊ ဒကာမတွေ ဦးဇင်းကစာမတတ်တော့ သဘောအသိလောက်ပြောပြပါ့မယ်။ မှားယွင်းရင် စာပေကျမ်းဂန်နဲ့ပတ်သက်လို့ သူဘာမှမသိဘူး။ စိတ်ပိုင်းနဲ့ပတ်သက်လို့ သဘောလေး ပြောသွားမှာပါဘုရား။ ဟောတဲ့တရားက သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ တဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး(၃)ပါး ခေါ်တယ်။ သဗ္ဗေဆိုတာက (၃၁)ဘုံဟောတဲ့တရားခေါ်တယ်။ ဘာကိုအကြောင်းပြုဟောသလဲ။ ကံကို အကြောင်းပြုဟောတယ်။ ဘယ်ကံလဲ မနောကံ၊ ကာယကံ က မိမိရှောင်ထားလို့ရတယ်။ ဝစီကံ က မိမိရှောင်ထားလို့ရတယ်။ မနောကံက မိမိရှောင်ထားလို့မရဘူး။ ဦးဇင်းပြောတာ ဒီကံ စာကရေးထား တယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန် ကံခေါ်တယ်။ ဟိုး အတိတ်ကဘဝ အနန္တရကပါလာတဲ့မျိုးစေ့ကို ကံခေါ်တယ်။ ဒီဘဝ အာရုံငါးပါးနဲ့လာပေါင်းတော့ ဘဝ အသစ်ပေါ့ဗျာ။ အတိတ်ရဲ့ပါလာတဲ့ ကံနဲ့ပေါင်းတာ ဦးဇင်းကတော့ စာမတတ်ဘူး။ ဒါပေမယ့် သဘော တော့ ပြောပြပါ့မယ်။ အဲဒီတော့ မကောင်းတဲ့ကံအကြောင်းကို ဦးဇင်း ပြောပြပါ့မယ်။ မကောင်းတဲ့ ကံဟာ အာရုံခြောက်ပါးနဲ့ပေါင်းပါတယ်။ ဦးမြမောင် ဟာ သရက်ကုန်းကျေးရွာမှာနေပါတယ်။ သူလုပ် ချင်တာတွေ လျှောက်လုပ်ပါတယ်။ သူဘာမှ မတတ်ဘူး။ သူများပစ္စည်းတွေကို လစ်ရင်ခိုးတယ်။ ဒါစွဲလို့ခိုးတာ ဒါကံတွေပဲ။ ဒါဘာလဲ စာလိုဆိုရင် မိစ္ဆာကဲ မိစ္ဆာဆိုရင် သွားတာပေါ့ အပါယ်လေးဘုံ။ ကြက်သတ်မယ်၊ ဝက်သတ်မယ်၊ အိုင်ပက်မယ်၊ ငါးမျှားမယ်၊ သူများပစ္စည်းတွေ့ရင်ယူမယ်။ ဒါ အာရုံ ခြောက်ပါးနဲ့ ပစ္စုပ္ပန်ရဲ့ အာရုံ။ ကံနဲ့ပေါင်းတာ ပဋ္ဌာန်းဆက်က ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ သပ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော။ အဲအကြောင်း၊ အကျိုးဆက်သွားတာ။ သဘောလေးပဲ နော။ အဲဒီတော့ မကောင်းတဲ့ ဒုစရိုက်(၁၀)ပါးကို သူလုပ်တယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ (၃)ပါး အဲဒါဒုစရိုက်(၁၀)ပါးခေါ်တယ်။ အဲဒါ မိစ္ဆာအယူနဲ့ အတ္တအယူနဲ့ သူလုပ်ပါတယ်။ အတ္တဆိုတာ အာရုံခြောက်ပါးကို မပယ်ဘူး။ ဒါကြောင့် ဒီက အာရုံခြောက်ပါး။ သိတိုင်းမြင်တိုင်းလျှောက်လုပ်တယ်။ ဒါဘာလဲ သူများပစ္စည်းတွေခိုးတယ်။ ဖဲလိမ်ရိုက်တယ်။ အရက်သောက်တယ်။ လုပ်ချင်တာ သူလုပ် တာပဲ။ အတ္တလို့ပြောထားတာ။ ဒါမိစ္ဆာအယူ ငါလို့ယူထားတာ။ အဲဒီလိုယူပေါင်းများတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း အဲဒီမကောင်းတဲ့ကံတွေကိုယူထားတာ။ အဲဒီတော့ သူတဖက်သားကိုလည်း

သူ့အိတ်ထဲကပိုက်ဆံကို ကိုယ်ရအောင် မကောင်းတာ ကြံစည်တယ်။ သူ့ရဲ့စေတနာမရှိလို့ ကိုယ့်ရဲ့ စေတနာမရှိလို့ သူ့ရဲ့ပစ္စည်းကိုလိမ်လည်ပြီးတော့ယူတာ။ အဲဒီတော့ ဥပမာ မိစ္ဆာကံတွေ၊ သမ္မာကံတွေ မဟုတ်ဘူး။ ငါသိတယ်။ ငါတတ်တယ်။ ငါနားလည်တယ်။ ဒီကြက်ကြီးရရင် သတ်တာပဲ။ ဘုရားက ဟောတာ။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ အဲဒါတွေသူမသိဘူး။ သူလုပ်ချင်တာ လျှောက်လုပ်တယ်။ သူက စာမတတ်၊ ပေမတတ်နဲ့ တစ်နေ့သောအခါမှာ သူရေထမ်းတယ်။ ဘာဖြစ် လို့ထမ်းလဲ စွဲလို့ထမ်းတာ။ လိမ်လိုက်တယ်။ ဦးမြမောင် ရေဘယ်မှာထမ်းလဲ။ (၁)ထမ်း။ (၂)ထမ်းထည့် ပြီးတော့ (၃)ထမ်းလို့ပြောတယ်။ (၆)ထမ်းလောက်ထည့်ပြီးတော့ (၁၀)ထမ်းလို့ပြောရင်ပြောတယ်။ ဟိုကတော့ ပိုက်ဆံပေးတာပဲ။ ဒီကလိမ်တာ။ ဒါဘာတွေလဲ မိစ္ဆာကံတွေ။ ဒါနဲ့များ သေသွားရင် တွေးသာကြည့်ပေတော့။ ဘုရားကဟောထားတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ၊ ဘဝလို့လဲပြောမှာပေါ့။ ကံလဲရေးမှာပေါ့။ အပြစ်တစ်ခုခု ကိုလုပ်လိုက်မှ ကံလို့သတ်မှတ်တာ။ အစွဲဥပါဒါန်ဖြစ်ပြီးမှ ကံလို့တက်ပေးတာ။ အာရုံခြောက်ပါးကို အဝိဇ္ဇာခေါ်တယ်။ ဒီအာရုံပေါင်းပြီး ချနေတာ။ စေတသိတ်ကို သင်္ခါရလို့ခေါ်မယ်။ ဒီစေတသိတ် ရှိနေ သရွေ့ကံနဲ့ပေါင်နေသရွေ့ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ သံသရာလည်တာ သူပဲ။ မနောကံကို သူအကုန်လုံးလုပ်ခဲ့တယ်။ သမ္မာကံ ဘာမှမလုပ်ဘူး။ လှူတာ၊ တန်းတာလည်း မရှိဘူး။ ဥပုဒ်သွားစောင့်ရင် မိန်းမကသွားတယ်။ ဟိုက မုန့်ကျွေးတယ်။ တစ်ပန်းကန်မဝရင် တစ်ပန်းကန်စားပြီးတော့ ထပြန်တယ်။ သီလလည်းမယူဘူး။ အင်မတန်မှ ဆိုးတဲ့လူတစ်ယောက်ပါ။ ဒါတွေဟာ မိစ္ဆာကံတွေပါ။ ဒါနဲ့များ ဘဝတစ်ပါးကိုသေသွားရင် ရုပ်နာမ်လဲမသိ၊ ခန္ဓာငါးပါးလဲမကျင့် မကျင့်တော့ မသိ။ အဲဒါ အဝိဇ္ဇာပဲ။ အဲဒါ မကောင်းတဲ့ကံကိုပြသွားပြီ ကောင်းတဲ့ကံကို သူလုပ်တော့ မှာကိုးဗျ။ ငါသည် လူပြည်မှာနေရတာ အင်မတန်ဆင်းရဲဒုက္ခ၊ သောက၊ ပရိဒေဝ အဘက်ဘက်မှာ လည်း ငါမြင်နေပါလား။ ရင်ဝမှလုံ့စိုက်နေတယ်။ အဲဒီတော့ သတိရလာပါတယ်။ ဘယ်လိုသတိရလဲ ဆိုတော့ ဆရာတော် သဲအင်းဂူ ကက်ဆက်ကိုနာလိုက်ရတယ်။ ဘယ်လိုနာရလဲဆိုတော့ အမြဲလင်း ဖွဲ့တင်း၊ သဲအင်းဆိုတာ ငါပဲကွ။ မှော်ဘီ၊ တိုက်ကြီးခရိုင်မှာ အောင်ရွှေမြေဆိုတာ ငါပဲကွ။ ငါတော့ မြေတော့မတိုက်ဘူး။ ငါတော့ ကျင့်ရင်ရမှာပဲဆိုပြီး မြောင်းမြမြို့ မြိုင်မာလာ(၂)လမ်းကနေပြီးတော့ သူထွက်သွားတာပဲ။ သားမယား၊ သားသမီးတွေက အရင်ထွက်တာ။ ကိုယ်က နောက်မှထွက်ရတယ်။ သူတို့ရှိရင် မထွက်သေးဘူးဗျ။ ဒီကိလေသာရဲ့ တဏှာတွေဟာ ဒီလောက်အထိကြောက်မက်ဖွယ် ကောင်းပါတယ်ဗျာ။ သူတို့ရှိရင် မထွက်သေးဘူး။ သားလည်းမရှိ၊ မယားလည်းမရှိ၊ သမီးလည်းမရှိ

ဆန်အိုးထဲမှာလည်း ဆန်မရှိ။ လောကီမှာ အားကိုးစရာရှိရင် သားလေးက ကျောင်းဆရာ၊ သမီးက ကျောင်းဆရာမဖြစ်ရင် သူတို့အိမ်မှာကပ်စားအုန်းမယ်။ လောကီမှာ အားကိုးစရာမရှိတော့မှ ဆင်းရဲဒုက္ခ အဖန်ဖန်တလဲလဲဖြစ်တော့မှ သူမြိုင်မာလာ(၂)လမ်းကနေ ထွက်သွားတာ။ ထွက်သွားပြီးတော့ သူဘယ်ရောက်သွားလဲဆိုတော့ ကျေးသာတောင်ကိုရောက်သွားတယ်။ ရောက်တော့ လူတွေက သွားကြလာကြနဲ့။ ဒီနေရာဟာ လူရှုပ်တာပဲ။ မရှုပ်တာကို ငါသွားမှပဲဆိုပြီး သွားတော့ ညောင်ပင်ကြီးတောင်ကို ရောက်သွားတယ်။ ရောက်တော့ သူတရားအားထုတ်ဖို့ စဉ်းစားတယ်။ ဩော် ဒီနေရာဟာ တဲအိုတဲပျက် အမိုးလဲမရှိ၊ အကာလဲမရှိ၊ ကြမ်းခင်းတော့ရှိတယ်။ အဲဒီမှာပဲ ငါကျင့်တော့မယ်။ ဒီတောင်မှာ ဘယ်သူမှမရှိဘူး။ အိမ်ခြေနဲ့လည်း ဝေးတယ်ဆိုပြီးတော့ ဒီမှာသူထိုင်နေတယ်။ မကျင့်သေးဘူး။ ထိုင်နေတဲ့အခါမှာ များမကြာမီ ကရင်တစ်ယောက်ကလာတယ်။ ခင်ဗျားဘယ်ကလဲတဲ့။ ကျွန်တော်မြောင်းမြကလို့။ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ။ ကျွန်တော့နာမည် မြမောင် ခေါ်တယ်။ ခင်ဗျားဒီကို ဘာလုပ်ဖို့လာလဲ။ ဒီကိုတရားအားထုတ်ဖို့လာပါတယ်။ ခင်ဗျားတို့ တရားအားထုတ်တာ မြောင်းမြမှာ မရှိဘူးလား။ ရှိပါတယ်။ ဒါဖြင့် ဘာကြောင့်ဒီလာရသလဲ။ မြောင်းမြမှာ အားထုတ်တယ်ဆိုတာက ဦးဖင်းတို့ မိုးကုတ်တို့၊ မဟာစည်တို့တွေ့တယ်။ အဲဒီနေရာဟာ အဆင့်အတန်းမြင့်တဲ့နေရာဖြစ်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာပါတယ်ဗျာ။ ဒါဖြင့် ခင်ဗျားဘယ်သူထမင်းကျွေးမလဲ။ ကျွေးရင်လဲ ကျွေး၊ မကျွေးရင်လဲနေပေါ့ဗျာ။ အေးကောင်းပြီ။ အကယ်၍မစားရခဲ့သော် ကျုပ်လာကျွေးမယ်တဲ့။ ခင်ဗျားနေပေတော့ဆိုတော့ အဲဒီမှာ တရားထိုင်တာပဲ။ ပိုဆရာတော်ကြီးပြောသလို အာရုံခြောက်ပေါက် ပိတ်ကိုတုန်းက အာရုံနောက်လိုက်တဲ့ လူတစ်ယောက်။ မကောင်းတာတွေကို အာရုံနဲ့၊ မနောနဲ့ပေါင်းပြီးတော့ သူများကြက်တွေသတ်လိုက်၊ ဘဲတွေသတ်လိုက်နဲ့ အခု သူမသတ်တော့ဘူး။ ဒီအပေါ်မှာ သူအာရုံငါးပါး၊ မျက်စိတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး အားလုံးသူပိတ်တာပဲ။ အကုန်ပိတ်ပြီးတော့ မနောကို သူဖွင့်တယ်။ မနောဟာ အင်မတန်နူးညံ့သိမ်မွေ့တဲ့ အနုသာယစေတသိတ်လေး။ မယားအကြောင်း၊ သားအကြောင်း၊ သမီးအကြောင်း၊ ကိုယ့်ရဲ့ထမင်းစားဖို့ နေရေး၊ အိပ်ဖို့နေရေးအကြောင်း ဒီအကြောင်းတွေက အားကြီးပဲ။ သူမှာ သားမယား၊ သားသမီးမတွေးပြန်တော့လည်း ကိုယ်ရဲ့ ဒီနေရာမှာ ဘယ်လိုနေရမယ်။ ဘယ်လိုထင်ရမယ်။ ပူနေတယ်၊ ဒါစွဲလို့ပူတာပေါ့။ စိုးရိမ်ကြောင့်ကြတဲ့စိတ်တွေ သူ့မှာဖြစ်နေတယ်။ အဲဒီတော့ ဒီလိုထိုင်လို့မရတော့ဘူး။ သူမှာ ရိုးရိုးသားသားထိုင်ရင် ဒီအကြောင်းတွေဝင်လာတယ်။ အဲဒီတော့ ဒါတွေဝင်လာရင် မနောအနုသာယစိတ်ကလေးက ကံကလေးဖြစ်နေပါလား။ ငါစွဲလို့ ပူနေပါလား။

ကြောင့်ကြနေပါလား။ ဗျာပါဒဖြစ်နေပါလား။ ငါဒီစိတ်ကလေးကို သတ်မှပဲဆိုပြီးတော့ ရှုတယ် .... ပြင်းပြင်းရှုတယ်။ ဥပမာ ဦးဇင်း ရှုပြပါ့မယ်။ ..................။ ဒီလိုရှုလိုက်တဲ့အခါမှာ မတွေးနိုင်တော့ဘူး။ တရားရယ်လို့လဲ မပြောနိုင်တော့ဘူး။ မနောသတ်နေတာဗျ။ အဲဒီမနောမှာ ဗျာပါဒစိုးရိမ်ကြောင့်ကြ၊ စားဖို့နေရေး၊ အိပ်ဖို့နေရေး။ အဲဒီတော့ ရုပ်ပေါ်မှာရှိတဲ့ တွေးစိတ်ကလေးကို ခန္ဓာမှာ စားဖို့နေရေး၊ ခြင်ထောင်တို့ဘာတို့ ပုပန်သောကဖြစ်နေတယ်။ ခြင်ကိုက်လိုက် ဘာကိုက်ကိုက်ဟာ သေပစေ။ အဲဒါတွေက စိုးရိမ်ကြောင့်ကြတဲ့စိတ်။ ဒါတင်မကသေးဘူး သားမယားတွေကို ဒီကနေ လှမ်းပြီးတော့တွေးနေတယ်။ ငါ့သမီး အိမ်ထောင်ကျပြီလား။ သားတွေဘယ်လိုနေသလဲ။ မယား ဘယ်ကိုရောက်သလဲ။ ဒါတွေလည်းပူနေတယ်။ စွဲလို့ပူတာ။ ဒါ ဥပါဒါန်တွေ။ အဲဒါ ဒီအနုသယတွေ ဒီအနုသယကို သတ်တဲ့အခါမှာ ကံယကံနှင့် ဝစီကံ ကံအကြီးတွေက ကုပ်နေရတယ်။ မနော အနုသယကလေးကို သတ်လိုက်တာ။ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာတော့ ဒါတွေက ဘယ်မှလဲမသွားတော့ဘူး။ ကြားချင်လား မကြားချင်ဘူး။ မြင်ချင်လား မမြင်ချင်ဘူး။ သိချင်လား မသိချင်ဘူး။ ဒီအာရုံငါးပါးကို မဖွင့်ဘူး။ ပိတ်ထားတယ်။ မနောနဲ့ ပြန်ပြန်ပေါင်းနေတယ်။ ပြန်လုပ်လိုက်၊ ပြန်ကျင့်လိုက်နဲ့ အပြင်မှာစင်ကြယ်တယ် အာရုံနောက်မလိုက်တော့ဘူး။ အပြင်မှာစင်ကြယ်တော့ သီလ မြင်လာပြီ။ အတွင်းမှာလည်းစင်ကြယ်တယ်။ တွေးစိတ်ကလေးတွေ ခေါင်းပါးလာတယ်။ အပြင်မှာစင်ကြယ်တာက သီလမဂ်ခေါ်တယ်။ အတွင်းမှာစင်ကြယ်တာက အဓိစိတ္တခေါ်တယ်။ စာလို သင်ပေးလိုက်တာ။ သီလဆိုတာက လောဘ၊ ဒေါသ ဘယ်သူမှမရှာတော့ သူမဖွေတော့ဘူး။ ရုပ်အကျိုးတရား၊ နာမ်အကြောင်းတရားကိုလည်း သူသမာဓိနဲ့သတ်ထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနဲ့ သတ်ထားတယ်။ ဒါဘုရားကျင့်တဲ့တရားတွေ။ မှန်တာကိုပြောတယ်။ မှန်တာကိုလုပ်တယ်။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုတယ်။ ခန္ဓာနဲ့ရင်းရှာတာ။ အဲဒီလိုရှာပြီးတော့ သီလမဂ်ကနေပြီးတော့ ငါဟာ သီလမဂ်ကနေပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အာဇီဝ ဆိုတာ မှန်သောအလုပ်။ သမ္မာအာဇီဝ ဆိုတာ သူများလာပေးတာကို စားတာ။ မှန်တာကိုလုပ်ပြီးတော့စားတာ။ အတ္တနဲ့ သူများအိမ်တက်ပြီးတော့စားတာမဟုတ်ဘူး။ သူများဆီတွေမှာ သွားစာတာမဟုတ်ဘူး။ ထမင်းချက်တာမဟုတ်ဘူး။ ထိုင်နေတာ။ အဲဒီကရင်က လာကျွေးတာပဲ။ အဲဒါ သမ္မာအာဇီဝခေါ်တယ်။ သူလုပ်နေတာက ခန္ဓာမှာ ထိတယ်။ သိတယ်။ ထိတာ အနတ္တ။ သိတာ အနတ္တ၊ သစ္စာပြုတ်နေတယ်။ ကံတော့ ကံပဲ။ ဝိပဿနာကံဟာ ဘယ်ကံနဲ့မှ မတူဘူး။ ဝိပဿနာကံနဲ့ ခင်ဗျားတို့ရဲ့ ပုပ္ပ၊ မုဋ္ဌ၊ ပရဆိုတဲ့ စေတနာကံနဲ့ မတူဘူး။ ဒါဝိပဿနာလုပ်သွားတဲ့ကံခေါ်တယ်။ ဒါ

သမ္မာကံခေါ်တယ်။ အဲဒီသမ္မာကံကနေ သူတက်တာ သမ္မာဝါယမ၊ သမ္မာသမာဓိ၊ သမ္မာသတိ၊ သမ္မာဆိုတာ ကောင်းသောအလုပ် ဝါယမဆိုတာ နေ့ရော၊ ညရော သူလုပ်တာပဲ။ နေ့မဆဲ၊ ညမဆဲ လုပ်တော့ ဝီရိယကိုတင်လိုက်တော့ သမာဓိကောင်းလာတယ်။ အတွင်းသမာဓိ အပြင်သမာဓိ တည်ကြည်ငြိမ်သက်တယ်လို့ခေါ်တယ်။ ဘယ်ဟာမှ ဒါဆိုဒါပဲ၊ ဟိုဟာမပြောင်းဘူး။ အဲဒါပဲကျင့်လာတာ။ ဒီအာရုံငါးပါးပိတ်ထားတယ်။ ဥပမာ ဦးဖင်းပြောမယ်။ ဒီ ဦးပဏ္ဍိတ နားကကြားတယ်။ ဟိုက ဟော့ မြမောင်၊ မအေလိုး၊ ဟော့ဆိုတာ အသံခေါ်တယ်။ အဲဒီအသံမှာ မြမောင် မအေလိုး ဆိုတာလေး ပါလာတယ်။ သညာ၊ သင်္ခါရ ဥပါဒါန် အမှတ်ကလေးပါလာတယ်။ ဦးမြမောင် က မှတ်လိုက်တာပေါ့။ ဒါ ငါ့ဆဲတာ။ ဉာဏ်တရားတွေ ဉာဏ်နဲ့ ကံနဲ့မတူဘူး။ ဒါသိပ်အရေးကြီးတယ်။ ပညတ်တရား၊ ပရမတ် တရား၊ ပညာ၊ သညာတရား၊ အတ္တတရား၊ အနတ္တတရား ဒါတွေသိဖို့လိုတယ်။ ဒါတွေသိမှ ဂဏာကျေမယ်။ ဒါတွေ သိပ်အရေးကြီးပါတယ်။ အဲဒါတွေကို ကိုယ်ကကျင့်လာတာ။ အော် .. အေး .. အေး။ အဲဒီလိုကျင့်တော့ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ ကာယနုပဿနာ ဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ။ နုပဿနာဆိုတော့ စိတ်၊ အင်မတန်နုတာ ဘဝင်အာရုံ။ ဒီရတဲ့အာရုံကို သမာဓိဖြစ်အောင်လုပ်ထားတယ်။ စေတသိတ်ဖြစ်အောင် မလုပ်ဘူး။ ဘဝင်ရဲ့ အာရုံ၊ စက္ခုအာရုံ၊ နားသောတအာရုံ၊ အဲဒါ အာရုံခေါ်တယ်။ အာရုံပေါ်မှာ ကံနဲ့ဖြစ်တာ။ အာရုံပေါ်မှာ ဉာဏ်နဲ့ဖြစ်တာ။ အာရုံပေါ်မှာ ကံနဲ့ဖြစ်တာက မြမောင် မအေလိုး၊ ဟိုကဆဲလိုက်ပြီ။ မြမောင် ကြားတော့ ဒီကစွဲတာ ကံဖြစ်ပြီ။ ဒါတွေက သိပ်အရေးကြီးပါတယ်။ ဒီဘဝမှ ခင်ဗျားတို့ပြန်ရမယ်။ ဦးပဏ္ဍိတ လည်း ဒီဘဝမှာပြန်ရမှာပဲ။ ကံနဲ့ပြန်တာနဲ့ ဉာဏ်နဲ့ပြန်တာ ပြန်တတ်ဖို့အရေးကြီး တယ်။ အဲဒီတော့ ကံနဲ့ပြန်ရင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး။ မကျင့်ရင် သူများပြောတာပဲယုံရမယ်။ ကာယ သတိပဋ္ဌာန်မှာ ကာယကံ၊ ဝစီကံ၊ မနောကံကို သူသတ်တယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါးအပြင် သီလကလုံနေပြီ၊ ကာယကံ က လုံနေပြီ၊ ဝစီကံ က လုံနေပြီ၊ မနောကိုသတ်တဲ့အတွက် အဓိစိတ္တ ခေါ်တယ်။ အဲဒီ အဓိစိတ္တလေး အားကောင်းလာတော့ ဝေဒနာကိုရှုတယ်၊ သမာဓိတင်ပြီးတော့ သဘာဝဒုက္ခဝေဒနာကိုရှုတယ်။ ကိုယ်ဖြစ်တာ မဟုတ်ဘူး။ အခုလူတွေက အောင်မလေးကျင့်လိုက်တာ။ ကိုယ်လိုက်တော့၊ အောင့် လိုက်တာ။ ပညတ်ကို သညာက အောင့်တယ်လို့မှတ်ပေးတာ။ ပရမတ် မဟုတ်တော့ဘူး။ ပညတ်ကို သညာကမှတ်ပေးတာ၊ အဲဒါစာ၊ အောင်မလေး နားကိုက်လိုက်တာ ရုပ်တရား၊ နာမ်တရား။ နားကိုက် တာကို ပညတ်ကို သညာကမှတ်ပေးလိုက်တော့မှ စိုးရိမ်ကြောင့်ကြတော့တာပဲ။ သဘောလေးပဲနော။ အဲဒီတော့ ဒီနေရာမှာ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်။ ဒီနေရာ စိတ္တ

သတိပဋ္ဌာန်မှာ စိတ်ပါလာပြီ။ စိတ်ခါတ် သတိပဋ္ဌာန်။ အဲဒီတော့ ဓါတ်လေးပါးရဲ့ သဘာဝကိုသိသွားတယ်။ ဩော် တွေးစိတ်ပါလား။ ကြားစိတ်ပါလား၊ နံစိတ်ပါလား။ မြင်စိတ်ပါလား။ စားစိတ်ပါလား။ သိစိတ်ပါလား။ အဲဒီမှာ စိတ်ဓါတ်ဘက်ကို ရောက်သွားတာသဘာဝ သဘောတရားဓါတ်ဘက်ရောက်မှ စိတ်အကြောင်းသိပြီ၊ နေထွက်တာ ဘယ်သူပြုလုပ်တာလဲ။ အဲဒါသူ သဘာဝဖြစ်တာ။ နေဝင်တယ်။ သူ့သဘာဝ ဝင်တာ၊ နွေဥတု၊ ဆောင်းဥတုတွေကလည်း သူ့သဘာဝပြောင်းလဲနေတာ။ ဥတုတွေကလည်း ပြောင်းလဲတယ်။ ရုပ်ကလည်း ဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ အကျိုးနဲ့ အကြောင်း၊ အကြောင်းနဲ့ အကျိုး ဒါပဲရှိတယ်။ ခင်ဗျားတို့လုပ်နေကြတာပဲ။ ဘုန်းကြီးကတော့ ဩော်.. အေး .. အေး .. ဘာမှလည်းမပြောတတ်ဘူး။ ထုတ်လဲမပြတတ်ဘူး။ ပရမတ်တရားကလည်း ထုတ်ပြလို့မရတော့ဘူး။ ပညတ်တရားကပြောလို့ရတယ်။ သညာကလေးက ပြလို့ရတယ်။ ပရမတ်တရားက ပညတ်နဲ့သညာက လိမ်နေလို့ သညာက လိမ်လိုက်၊ ပညတ်က သွားစွဲလိုက်။ ဘုရားက ပညတ်ထားတာ။ အဲဒါကိုသွားစွဲနေတာ။ ဘာဖြစ်လို့စွဲလဲ။ သညာက လုပ်ပေးနေတာ။ အဲဒီတော့ အဲဒါတွေက သံသရာလည်တာပဲ။ ဒါဘယ်ဘဝကဖြစ်တာလဲ။ တကယ်တော့ မေးမယ်ဆိုရင် ကိလေသာပေါ်ကနေ တဏှာဖြစ်နေတာ။ ကိလေသာဆိုတာ ဘာကိုခေါ်တာလဲ။ ကိလေသာဆိုတာ ရုပ်ကြီး၊ ကိလေသာနဲ့ဆောက်လုပ်ထားတဲ့ ရုပ်ကြီး။ ကိလေသာထည့်ထားတယ်။ ကိလေသာကို မသိဘူး။ ငါလို့ထင်တယ်။ ငါမြင်တာပဲ ငါသိတယ်။ ငါကြားတာပဲ မိရိုးဖလာရဲ့ အစဉ် အလာအတိုင်း လျှောက်ပြီးတော့ ဒါတွေသုံးနေတယ်။ နတ်ကိုးကွယ်တာတို့ ဘာညာတို့ ဦးရှင်ကြီး ကိုးကွယ်တာတို့ ဒါမိရိုးဖလာရဲ့ ကံတရားတွေပဲ။ ဦးပဏ္ဍိတ လာခိုင်းကြည့်ပါလား။ လွှင့်တောင်ပစ်လိုက်ဦးမယ်နော်။ ဒီလိုပုဂ္ဂိုလ်မျိုး ကိုယ့်ကိုကိုယ်ယုံကြည်တယ်။ ဒီလိုပုဂ္ဂိုလ်မျိုး ကိုယ့်ဟာကိုသိရမယ်။ ဒါတွေဟာ ကံတရားတွေကောင်းတယ်။ ဒါဟာ လောကီအကျိုးပေးတဲ့ဟာတွေ။ အုန်းသီးလေးစွဲတာတို့၊ ယပ်ကလေးများ ခတ်ပေးနေ။ ဘိုးမင်းခေါင်ကြီး စီးကရက်သောက်နေတယ်။ ရွှေစာရံဘုရားမှာ လုပ်နေကြတယ်။ အေးကောင်းတယ်ကွာ။ အသိတလုံး အရေးကြီးတယ်။ မြင်တော့မသိဘူးလား။ သိပါတယ်။ မြင်တော့ မင်း ဒီအရာဝတ္ထုကို မမှတ်ဘူးလား။ မှတ်ပါတယ်။ အေး မင်းသွားပေတော့ အခုထိ မင်းအထီး၊ အမမှတ်နေတာပဲကွ။ ပရမတ်ကပြောပြပြီ။ ပညတ်ကိုပြောတာ။ ဒါတွေအရေးကြီးတယ်။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ သူများစိတ်ကို မစစ်နဲ့။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ သူများအကြောင်း ကိုယ့်အကြောင်းလုပ်ရင် မိစ္ဆာစိတ်၊ မနာလိုစိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ် ဟာဖြစ်ကုန်ပြီ။ ညှို့သည်လာတယ်ဆိုရင် ပိုက်ဆံပေးတယ်ဆိုရင် မောင်ရင်လာပါ

ဟာယ်နဲ့။ တစ်ပြားမှမပေးတဲ့ညော့်သည် (၁၀)ရက်၊ တစ်လလောက်စားရင် အိမ်ရှင်က မျက်နှာကို ရှုနေတာပဲ။ ဒါဘာလဲ စေတနာပျက်တယ်။ စေတနာဆိုတာ နှလုံးသားကိုခေါ်တာ။ အဲဒီစေတနာ အကြောင်း ဥပမာပြောပြပါ့မယ်။ သူများပြောအရ စာအရပြောတာ။ အဲဒီလူကြီးက သူ့သမီးလေးကို အသပြာနှစ်ကောင်နဲ့ပေါင်ထားတယ်။ အဲဒီတော့ သူဌေးအိမ်မှာသွားပေါင်တာ။ ဟိုးရှေးရှေးတုန်း ကတော့ လူပေါင်လို့ရတယ်။ အဲဒါ အသပြာနှစ်ထောင်ရမယ်။ အဲဒီလူက စားသောက်ပြီးတော့ ငါ့သမီး ကတော့ (၃)နှစ်(၃)မိုးရှိပြီ။ ငါသူများရပ်ရွာမှာ စားရင်းငှားလုပ်မှပဲဆိုပြီး သွားလုပ်တယ်။ လုပ်တော့ ငွေနှစ်ထောင်ရတယ်။ ငါ့သမီးလေးရွေးမယ်ဆိုပြီး ခါးပိုက်ထောင်ထဲထည့်လာတယ်။ တစ်နေ့သော အခါမှ လမ်းလျှောက်လာတဲ့ ရဟန်းတစ်ပါးသွားတွေ့တယ်။ သူလဲလမ်းလျှောက်တယ်။ အချိန်ကလည်း ဆွမ်းစားတဲ့အချိန်ဖြစ်နေပြီ။ နေကျော်တော့မယ်။ (၁၂)နာရီဆို မစားရတော့ဘူး။ နေကျော်တော့ မည့်အတွက်ကြောင့် သူ့ဆီမှာ အသပြာနှစ်ထောင်ပါတယ်။ အဲဒီနေရာမှာ ထင်းခုတ်တဲ့သူတွေ တွေ့တယ်။ အဲဒီမှာ ထမင်းထုပ်ကို သူဝယ်တယ်။ ကျွန်တော်တို့တစ်ယောက်စာပဲပါတယ်တဲ့၊ ကျွန်တော် မရောင်းပါရစေနဲ့။ ကျွန်တော် ဒါရောင်းရရင် ကျွန်တော်မစားရတော့ဘူး။ ဘယ်သူ့ဆီမှ ဝယ်လို့မရဘူး။ အဲဒီမှာ ငါ့မှာသမီးရွေးမည့် ငွေနှစ်ထောင်ပါပါတယ်။ အဲဒီထမင်းထုပ်နဲ့ လဲရအောင်ကွာ။ လဲမယ်ဆိုပြီး ထမင်းထုပ်တွေ ပစ်ပေးတယ်။ သူလည်းလျှောက်၊ ကိုယ်လည်းလျှောက်။ သင်္ကန်းဝတ်တော့ ဗုဒ္ဓရဲ့ ဓမ္မရဲ့ သံဃာရဲ့ဆိုပြီး သူ့နှလုံးသားကနေ စေတနာကနေ အာရုံဖြစ်သွားတယ်။ မြင်လိုက်တယ်ဆို မနော။ သမီးရွေးမည့်ပိုက်ဆံတွေနဲ့ အဲဒီထမင်းထုပ်တွေလဲပြီး အဲဒီရဟန်းကိုကျွေးတယ်ဗျို့။ အဲဒီ ရဟန်းက ဘာရဟန်းလဲ။ သူမသိဘူး။ အဲဒီရဟန်းကလည်း သူပေးတဲ့ထမင်းကို တောစပ်ကလေးမှာ ဘုဉ်းပေးတယ်နော်။ သမီးရွေးမည့်ပိုက်ဆံ သူ့စေတနာမြင်တာနဲ့ သူ့စေတနာတွက်သာကြည့်။ အချိန်ကာလ မွန်းတည့်တော့မယ်။ ဒိုကလူသား။ ကမ္မဝတ္ထုကလည်း သမီးရွေးမည့်ပိုက်ဆံ အဲဒီ သုံးခုမြောက်မှ ထူးမယ်။ အဲဒါ ဒါနကိုပြောတာ။ အဲ ကျွန်မတို့၊ ကျွန်တော်တို့လှူတာ မထူးဘူးလား။ ထူးတယ်။ ကံပဲဖြစ်မယ်။ နောက်လည်း ကံလုပ်ဦးမှာကို။ လှူပြီးရင် နောက်ကံပဲ သတိအမြဲ နှလုံး သွင်းရမယ်။ ငါလှူလိုက်တဲ့ ဝတ္ထုကမ္ဘသည် ဘာလေးလှူလိုက်၊ လှူလိုက် ငါ့ရဲ့စေတနာသည် ငါမိစ္ဆာ အယူပယ်မယ်။ သမ္မာအယူကိုယူမယ်။ တဏှာကိုမပယ်ဘူး။ မိစ္ဆာကိုပယ်မယ်။ သမ္မာကိုယူထားရင် အဲဒီလူက တန်ဖိုးရှိတယ်ဗျို့။ အလှူခံတဲ့ရဟန်းကလည်း စစ်နေလို့၊ သီလကလည်း ရဟန်းသီလနဲ့ ပုထုဇဉ်သီလရှိတယ်။ ပုထုဇဉ်သီလနဲ့ သောတာပန်သီလ မတူဘူး။ သောတာပန်သီလနဲ့ သကဒါဂါမ် သီလတို့ မတူဘူး။ သကဒါဂါမ်သီလနဲ့ အနာဂါမ်သီလမတူဘူး။ ဒါကြောင့်မို့ ပုဂ္ဂိုလ်စရိုက်ရှိတယ်။

သုဂေါ်ကောင်း အစားစာရှိတယ်။ လူ့ပြည်တော့ ပြန်ကြမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာပဲ။ ဦးပဏ္ဍိတက မပြန်ခင်မှာ ငါဒီအာရုံနောက် လိုက်သေးလား။ အာရုံခြောက်ပါးတော့ ငါလွတ်ပြီလား။ ကျင့်ဖွယ်ကိစ္စ ခါတ်လေးပါး ငါ့ဖောက်ပြန်သေးလား။ အသေအချာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာကိုစစ်တာ။ ခန္ဓာငါးပါး ငါဖောက်ပြန်သေးလား။ အာရုံခြောက်ပါးနောက် ငါလိုက်သေးလား။ ဖြစ်ပြီးတော့မှ ဘယ်ရောက်ပြီ၊ ငါဘယ်နေရာကနေ ဘယ်လိုလာတယ်ဆိုတာ သိပြီ၊ သိတာကို ခင်ဗျားတို့သစ္စာနဲ့ ပြန်ပြောတာ။ အာရုံငါးပါးလည်း မဖောက်ပြန်တော့ဘူး။ အကြောင်းတရားက ရုပ်ခေါ်တယ်။ အကျိုးတရားက နာမ်ခေါ်တယ်။ ခြောက်ပါးကလည်း မနှိပ်စက်တော့ဘူး။ ငါးပါးကလည်း မနှိပ်စက်တော့ဘူး။ အဲဒီနေရာမှာ ဖိုလ်ဝင်တာပဲ။ အဲဒါ ရုပ်နာမ်လွတ်သွားတာပဲ။ အဲဒီအချိန်ကလေးကနေ ဒီပြန်လာပြီးပြောတာ။ ဘာဖြစ်လို့ပြောလဲဆိုတော့ ခင်ဗျားတို့လုပ်ကြပါ။ ငါလိုစာမတတ်တဲ့လူတစ်ယောက်သည် ဒီလိုလုပ်၊ ဒီလိုဖြစ်တာပဲ။ ကြိုးစားပြီး လုပ်ပါ။ အာရုံခြောက်ပါးနောက် မလိုက်ပါနဲ့။ မနောအာရုံ ကံ အဲဒါက အလိုအလျောက်ဖြစ်နေတာ။ သမီးအတွက် စိုးရိမ်ကြောင့်ကြ၊ သားအတွက် စိုးရိမ်ကြောင့်ကြ၊ စီးပွားရေးအတွက် စိုးရိမ်ကြောင့်ကြ၊ မနက်စားပြီးတော့ ညစာ ဆန်ကလေးမရှိတော့ စိုးရိမ်ကြောင့်ကြ၊ ထင်းမရှိလို့ပူရ၊ ရေမရှိလို့ ပူရ၊ အမျိုးမျိုး အတ္တတွေပဲ။ အတ္တဆိုတာ အာရုံခြောက်ပါးမလွတ်ဘူး။ အနုသယခေါ်တယ်။ အဝိဇ္ဇာဆိုတာ အာရုံခြောက်ပါးခေါ်တယ်။ အတ္တဆိုတာ ငါသိတယ်၊ ငါယူမယ်၊ ငါလုပ်မယ်၊ ငါကိုင်မယ်၊ အခုနက ဦးပဏ္ဍိတ က လူနာမည်။ မြမောင် အကုန်လုပ်သွားတာ၊ အကုန်လုပ်တယ်။ ခိုးတာပဲ၊ လိမ်တာပဲ၊ ညာတာပဲ။ တစ်ဆယ် နှစ်ကျပ်တိုးနဲ့ချေးတာပဲ။ ချေးပြီး ပြန်မပေးဘူး။ ဟော ဘယ်လောက်ဆိုးသလဲလို့ လုပ်ချင်တာလုပ်တာပဲ။ အဲဒီတော့မှ ငါစွဲ၊ အတ္တနဲ့ အနတ္တ။ အနတ္တဆိုတာဘာလဲ။ သဘာဝသဘောတရားကို အမည်မှည့်ပေးတာ။ အနတ္တလို့ သူ့သဘောသူဖြစ်နေတာ။ မမြဲတဲ့သဘောပါလား။ ခါတ်သဘောပါလား။ ယောကျ်ားလည်း မဟုတ်ပါလား။ မိန်းမလည်း မဟုတ်ပါလား။ ဘာမှလည်း မရှိပါလား။ အလုံးလည်း မရှိဘူး။ အပြားလည်း မရှိဘူး။ ခါတ်သဘောပဲ။ သဘောလေးပဲ။ လူမှာ(၃၂)ကောဋ္ဌာသရ ရှိတယ်။ လူ့ပြည်မှာ တရားရသွားတဲ့သူက မရဏသေမင်းကို ငါ့မှာ (၃၂)ခုရှိတယ်။ ငါ (၃၁)ဘုံမှာနေတဲ့အတွက် ငါ (၃၁)ခုပေးသွားမယ်။ (၁)ခုကျန်တယ်။ အဲဒါ အောက်ဆုံးက တက်တာပဲ။ ဘယ်လောက် အားကျဖို့ကောင်းလဲ။ အခု မရဏသေမင်းက အယုတ်၊ အလတ်၊ အမြတ် မရွေးဘူး။ အချိန်ကျရင် ခေါ်မှာပဲ။ သွားပြီ၊ လာတ်ထိုးလို့လဲမရဘူး။ ရုပ်နာမ်နားမလည်ရင် (၃၁)ဘုံမလွတ်ဘူး။ အစွဲတွေ။ သမီးစွဲ၊ သားစွဲ။ ခင်ဗျားတို့မတွေးဘူးလား။ စောမွန်လှဘုရားတည်တာလည်း စွဲနေတယ်။ သိုက်တွေ တစ်ပုံတစ်ခေါင်းကြီးပဲ။ လူ့ ပြည်မှာလည်းရှိတယ်။

လူ့ပြည်မလာနိုင်တဲ့ နာမ်ကောင်တွေလည်းရှိတယ်။ ဒါတွေကိုသိပြီးတော့ ဩော် ဘုရား ... ဘုရား ... ငါဒါတွေကို လူ-လူချင်းပြန်ပြောမှပဲ။ ဩော်... သည်းခံကြပါ။ စေတနာမပျက်နဲ့။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြူစင်မှုစိုရီတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်တွေ၊ ခနမာန်တွေ၊ ဥစ္စာမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ။ စိတ်ပါတဲ့အလုပ်နဲ့ စိတ်မပါတဲ့အလုပ်ကလေး။ ဩော် ... အေး .. အေး ..။ မိစ္ဆာနဲ့ မလုပ်နဲ့။ သမ္မာနဲ့လုပ်။ ဒါခင်ဗျားတို့အဖို့ ကံတရားတွေ။ ကံဆိုတာ ဥပမာ ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောကံ ဆိုတာ ကိုယ်မလုပ်ပဲမြင်တယ်။ သမီးလေး ရေထဲနစ်သွားရင် ပူတာပဲ။ ဗျာပါဒ။ ဒါစွဲလို့ကံခေါ်တယ်။ ကံကြောင့် ဥပါဒါန်ဖြစ်သွားပြီ။ စိုးရိမ်ကြောင့်ကြသွားတယ်။ ကိုယ်ဒီမနက်ယူထားတဲ့သီလကို ပျက်လိုက် ပြီ။ အဲဒီအပူကို ဘာနဲ့မှသတ်လို့မရဘူး။ မဖြစ်သေးလို့ ကိလေသာလေး ငုတ်နေလို့ ဆင်ခြင်လို့ရတာ။ ကိလေသာ ဖြောင့်တန်းပေါ်ရော ဗျာပါဒဖြစ်ရော။ အဲဒါ ဒီကံတွေကိုသတ်ရမှာ။ အခုတော့ ခင်ဗျားတို့က ကာယကံ၊ ဝစီကံကို သတ်လို့ရတယ်။ မနောကံကို သတ်လို့မရဘူး။ မနောကံကျန်နေတယ်။ အဲဒီ မနောကံကို မဂ်ဉာဏ်နဲ့မှသတ်လို့ရမှာ။ အဲဒီမဂ်ဉာဏ်က မဂ္ဂင်ရှစ်ပါး။ အဲဒီမဂ်ဉာဏ်နဲ့ ခင်ဗျားရဲ့ဘဝင်စိတ်ကို စစ်။ စစ်မှ ကိုက်မှသိမယ်။ သိမှ အဲဒီမဂ္ဂင်ရှစ်ပါးကို မိမိသန္တာန် စိတ်မှာစစ်ပါတဲ့။ စစ်မှ မိစ္ဆာ ထွက်ပြေးပြီ။ အဲဒီမှာ သူထိုင်နေပြီ။ အဲဒီလိုလုပ်ပါလို့ ဦးဇင်းကပြောနေတာ။ မဂ်ဖိုလ်ရအောင် ဘာရအောင် ခင်ဗျားတို့လုပ်ပါ။ ကိုယ်ရဲ့ဘုံ(၃)ပါးသိရမယ်။ သူများသွားမမေးနဲ့။ သိအပ်မယ့်တရား၊ ကျင့်အပ်မယ့်တရား၊ ပယ်အပ်မယ့်တရား ကိုယ်မှပယ်တာ။ ကိလေသာမှ တဏှာကြီးကပ်နေတယ်။ တဏှာဆိုတာ သာယာမှု။ ဘာလေးဖြစ်ဖြစ် ကောင်းတာလေး ကို ဇိဝှါမှာခံစားတယ်။ နံ့သာမှာ ခံစားတယ်။ ရုပ်မှာ ခံစားတယ်။ နာမ်မှာ ခံစားတယ်။ အဲဒါ အနုသယတွေ။ ရုပ်ကုဋ္ဌေငါးထောင်၊ နာမ်ကုဋ္ဌေတစ်သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင် မှာပဲ။ ကိုယ့်စိတ်ကိုစစ်တာ မဂ်နဲ့စစ်။ စစ်တာ သီလမဂ်၊ သမာဓိမဂ်၊ ပညာမဂ်၊ မဂ်သုံးပါးကို အဆီညှစ်ထုတ်လိုက်။ ဘာကျမလဲ။ ဇကောဓမ္မောကျမယ်။ ဘယ်ကကျမလဲ၊ ရုပ်ပေါ်၊ နာမ်ပေါ် ကလာမယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ အေးသွားပြီ။ အနာဂတ်နိဗ္ဗာန်မဟုတ်ဘူး။ အခုအေးနေတဲ့နိဗ္ဗာန်။ အေးသွားပြီ။ သမီးသေလည်း စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိ၊ သားသေလည်း စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိ။ ပိုက်ဆံ ရ-မရ စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိ။ စေတသိတ်သေနေမှပဲ။ အာရုံနောက်မလိုက်တော့ဘူး။ ဝတ္ထုကမ္မ အာရုံ။ အဲဒါကိုမြင်နေတာပဲ။ သူထုတ်ပြနေတာပဲ။ လက်ကောက်တွေထုတ်ပြ၊ ဆွဲကြိုးတွေထုတ်ပြ။ အဲဒီအာရုံပေါ်မှာ ငါစွဲသေးလား။

သာယာသေးလား။ သာယာရင် တဏှာပဲဗျို့။ အဲဒါလုပ်ပေတော့ဗျို့။ အဲဒါတွေကို လိုလားတောင့်တတဲ့ အဲဒီအပျိုမလေး။ ငါလိုသေးလား။ မနောက သာယာသေးလား။ စက္ခုအာရုံကနေမြင်ပြီးတော့ သောမနဿဖြစ်သေးလား။ ကိုယ့်စိတ်ကိုစစ်တော့ မဂ်နဲ့စစ်။ စစ်တော့ ရှုတယ်၊ ရှုတော့ ကာယကံ (၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ဒုစရိုက်(၁၀)ပါး။ အဲဒါလုံတော့ ဘယ်လောက်ကောင်းသလဲ။ ခင်ဗျားဝိနည်းထက်တောင် ကောင်းသေးတယ်။ ဝိနည်းက သိက္ခာပုဒ် (၂၂၇)သွယ်ထိန်းရသေးတယ်။ အနတ္တနဲ့ထိန်းထားတာ ထိတာကရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ ဒါ အနတ္တတရား။ အတ္တက ပျော့ပျော့လာတယ်။ ဒီအတ္တနဲ့ အနတ္တကို ခွဲတတ်ဖို့လိုလိမ့်မယ်။ ဘယ်သူကခွဲမလဲ။ မဂ္ဂင်ရှစ်ပါးက ခွဲလိမ့်မယ်။ အဲဒါ တရားတော့ထိုင်ပါတယ်။ အောက်က ဂျပိုးကိုက်တော့ ဂျပိုး ဖိသတ်၊ အကိုက် သန်းကိုက် ဖျစ်သတ်၊ အဲ ပါဏာတိပါတာ။ အဲဒီ သီလလုံပါ့မလား။ ခေါင်းမှာ ရွရွ-ရွရွနေတော့ ပုတ်ပက်လုပ်တော့ တရားရပါ့မလား။ အဲဒါတွေက သီလပျက်သွားပြီ။ နတ်၊ သိကြားတွေက ဝိုင်းကြည့်နေတာ။ အဲဒါတွေကို သင်ပေးလိုက်မယ်။ လူမသိပေမယ့် နတ်သိကြား သိတယ်။ ဒါကြောင့်မို့ မနော ကိုယ်ကာယ။ ဘာဖြစ်တယ်၊ ဘာဖြစ်တယ် နတ်တွေကဝိုင်းနေတယ်။ သူတို့ရှိတယ်။ ခင်ဗျားတို့က ကံမှမလွတ်သေးတာ။ ကံလွတ်တဲ့သူက အားလုံးသိတယ်။ အဲဒါကြောင့် ကံပြတ်သွားတာ။ ဒါကြောင့် ခင်ဗျားတို့ကို သမုဒိသစ္စာ၊ အရိယာမဂ်တ်သစ္စာ။ ခင်ဗျားတို့ ဒီနေ့(၃)ည ဟောတယ်။ သဘောလေးပြောပြပါ့မယ်။ ခင်ဗျားတို့လှူတာတွေ တစ်ပြားမှ မယူပါဘူး။ ဦးပဏ္ဍိတ အေးရွာမှာတည်မယ်။ သူ့ဟာသူလုပ်သွားမယ်။ တပြားမှမယူဘူး။ လိုက်ပေးလည်း မယူဘူး။ ကဲ ဒကာကြီး ကျုပ်ကိုမပေးနဲ့တော့။ ကျုပ်အကြံဉာဏ်ပေးမယ်။ သံဃာ ကာယကံ သိမ်တော်ကြီး လုပ်နေတယ်။ ညနေ(၅)နာရီက ဦးဇင်းသွားတယ်။ အသက်ကြီးပြီ။ သူကခေါ်လို့ သွားပါတယ်။ သိမ်အတွက်ပြောတယ်။ အဲဒါကြောင့် ရတဲ့ပိုက်ဆံတွေ အဲဒီမှာ ခင်ဗျားသွားလှူပေတော့။ အကုန်လုံး လှူ။ နားထောင် ခင်ဗျားတို့က ကျော်မတက်နဲ့။ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဒီလို ဓမ္မက သဘောလေးနဲ့ပြောသွားတယ်။ ဓမ္မဆိုတာ ခန္ဓာခေါ်တယ်။ ဓမ္မစေတီခေါ်တယ်။ ကောဓမ္မော ခေါ်တယ်။ ခင်ဗျားတို့ကို မလိမ်ဘူး။ ခင်ဗျားတို့က ဆရာတတ်နေတယ်။ ဘယ်လောက် ခင်ဗျား တို့တတ်နေလဲ။ သူ့ဆီက အသိတစ်လုံးယူရမယ်။ သူတိုင်ပင်မယ်။ ဒို့ဘာလုပ်လုပ် သူတိုင်ပင်မယ်။ အဲဒီလိုတိုင်ပင်ရမယ့်အသိရှိရမယ်။ သိမှ ပယ်မယ်။ ပယ်မှ ဆိုက်မယ်၊ ကိုယ့်မှာ အတ္တမပြုတ်သေးဘူး။ တစ်ပြုံတစ်ခေါင်းကြီး အကုန်လုံးရှိတယ်။ ဒါကြောင့်မို့ ခင်ဗျားတို့အလှူငွေရတဲ့ပစ္စည်းတွေကို အကုန် တားမြစ်ခဲ့မယ်။ ဘယ်ရွာမှ ဦးဇင်း မယူဘူး။ ဦးဇင်း အနေနဲ့ ဦးဇင်း ဖာသာထွက်ရှာတယ်။

သိန်းမြောက်များစွာရတယ်။ တရုတ်ကလေးမေးပါ။ ကိုယ်ရည်သွေးပြီးပြောတာမဟုတ်ပါဘူး။ ဒါလည်း ဝါးခယ်မမှာရှိတဲ့ ဆရာတော်ကြီးကျောင်းမှာ သူ့ခင်ဗျာ ပူနေတယ်။ နေလို့လည်းမကောင်းဘူး။ ဒါနဲ့များ သေသွားရင် ဒီသိမ်မှာသွားစွဲဦးမယ်။ အဲဒီတော့ ရတဲ့ပိုက်ဆံတွေ အကုန်ပေးလိုက်၊ ဦးပဏ္ဍိတ ကိုင်ပြီးတော့ပေးလိုက်ပြီ။ ဘာမှမယူဘူး။ အဲဒီတော့ ဒီလိုတရားတွေကိုဟောပြီးတော့ ဒကာ၊ ဒကာမ တွေက လှူတဲ့ပိုက်ဆံကို ဘာလုပ်။ အဲဒီဆရာတော်ပေး သူမှမစွဲတော့တာ။ ပကာသနအနေနဲ့ပြောတာ မဟုတ်ဘူး။ သစ္စာနဲ့ပြောတာ။ သူ့လိုကျင့်ပါ။ သူ့လိုလုပ်ပါ။ ကတိတစ်လုံးမဖျက်နဲ့။ ခင်ဗျားတို့ သမုဒ္ဒ သစ္စာနယ်မှာ အတ္တမလွတ်သေးတဲ့အတွက် မိစ္ဆာကိုမယူနဲ့။ သမ္မာကိုယူ။ ဒါက၊ သမ္မာ အတ္တမပြုတ်လို့ ပြောတာ။ အတ္တပြုတ်တဲ့သူက သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ သူကအလယ်ကသွားတာ။ ဘေးအစွန်းနှစ်ပါး လွတ်သွားပြီ။ သေသေချာချာနားထောင်။ ကိုယ်လုပ်တာကို ခြင်းကြားကြီးနဲ့မခံနဲ့။ ရတဲ့ရေသောက်။ ယူ ဘာလုပ်မလဲဗျာ။ အခုခေတ်က ကပ်တွေကဆိုက်ကုန်ပြီ။ အဲဒါတွေက ပြောလို့မကောင်းဘူး။ အဲဒီတော့ ခင်ဗျားတို့ ဒီကပ်ကလွတ်ရင် ဒီပွဲကိုကြည့်ရမယ်။ အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့ ဦး၊ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦး ....။ အဘိုးကြီးအိုတဲ့ သူ့ခေတ်ကုန်ပြီ။ အခုလူငယ်တွေ ခေတ်ဖြစ်နေပြီ။ ဒါကြောင့် နားထောင်ကြပါ၊ နားထောင်ကြပါ။ ဘာဖြစ်ဖြစ် ဘုရား၊ တရား၊ သံဃာကို အဘိုးကြီးတွေက အရိုးစွဲနေပြီ၊ မိရိုးဖလာအစွဲတွေဖျောက်ပစ်။ သမ္မာနဲ့သုံး၊ မိစ္ဆာနဲ့မသုံးနဲ့။ သုံးတတ်ဖို့ လိုတယ်။ ဒါတွေ သိပ်အရေးကြီးပါတယ်။ ဦးပဏ္ဍိတ ရှိရင် ဗမာပြည်ကို အကုန်လုံးရောက်လာတာပဲ။ လားရှိုး၊ တရုတ်၊ မူဆယ်၊ ထိုင်ဝမ် တို့ အကုန်ရောက်တယ်။ ကြည့်တယ်။ ဩော် ... အေး .. အေး .. စောမွန်လှ နေတဲ့နေရာတွေ အကုန်ရောက်တယ်။ ဟိုတုန်းက မြမောင် ရေထမ်းတဲ့ မရောက်ပါဘူးဗျာ။ မအူပင်လဲ မရောက်ဘူး။ ဘာမှမရောက်ဘူး။ အဲဒီတော့ ဒီဟာဘာလဲ တရားကိုနတ်စောင့်တယ်။ ကိုယ့်စေတနာမှန်တာကိုဗျ။ လူမျိုးမရွေး၊ ပုဂ္ဂိုလ်မရွေး စေတနာအကုန်ထားတယ်။ ပါးရိုက်လဲ စေတနာ ဟော့ စက်ရုံကနေ ကလေးချိုပြီးတော့ ဖနောင့်နဲ့ကန်တာ။ မေးရိုးကန်တာ၊ ဘေးကလူတွေ ထရိုက်မလို့ မရိုက်နဲ့၊ ခင်ဗျားတို့သွားမရိုက်နဲ့။ ကန်ပစေ၊ ဦးပဏ္ဍိတ သည်းခံထားတယ်။ ကန်ပစေ။ လောကဓံကို ခံထားလိုက်တယ်။ ဉာဏ်ရှိလို့ခံတာ။ ဉာဏ်မရှိရင် ထရိုက်မှာပေါ့။ ဒါတွေက သိပ်အရေးကြီးပါတယ်။ အခုတော့ ညည်းကဘာလဲ၊ ကျုပ်ကဘာလဲ။ သီလရှင်တွေ မနောပေါက်နေတယ်။ အပြင်မှာကတော့ ဟန်ဆောင်နေတယ်။ မနောမှာတော့ ပေါက်နေတယ်။ သွားပြီပေါ့။ မနောတလုံး စေတနာပိုင်အောင် လုပ်ပါ။ ဘယ်သူ့အပေါ်မှ စေတနာမပျက်ပါနဲ့။ အဲဒီစေတနာက ဝိသုဒ္ဓိသီလခေါ်တယ်။ နိဗ္ဗာန်သွားမယ့် သီလခေါ်တယ်။ ကိုယ့်စိတ်ကိုယ်စင်။ အဲဒီလူက ခင်ဗျားပစ္စည်းလွှင့်ပစ်တယ်၊ ချိုးပစ်တယ်။ လုပ်ပစ်

တယ်။ ခင်ဗျားကို ကရော်ကမော်လုပ်တယ်။ ခင်ဗျားစေတနာပျက်တယ်။ မပျက်စေနဲ့။ ဒီစေတနာ ပျက်ရင် သီလပျက်မယ်။ ဒါ ဦးပဏ္ဍိတ ယူတဲ့သီလခေါ်တယ်။ အဲဒီတော့ အခုနကပြောတဲ့ သညာ ဘာလဲ သင်္ခါရဘာလဲ၊ ဥပါဒါန ဘာလဲ သေသေချာချာ ကိုယ့်စိတ်ကိုယ်စစ်တယ်။ စစ်ပြီးမှ ခင်ဗျား တို့ကိုဟောတာ။ ဒါကြောင့်မို့ သိုက်တွေကော၊ ဓါတ်တွေကော၊ မနက်ကျရင် ခင်ဗျားတို့တွေ့ပါလိမ့် မယ်။ ဟိုဘက်ကမ်းမှာ ရုပ်မရှိဘူး၊ နာမ်အကောင်တွေအားကြီးပဲ။ သိတာပေါ့။ ဒီကကျင့်ထားတာကိုး။ မသိချင်ယောင်ဆောင်နေတာ။ အရှုးလိုနေတာ။ ဘယ်လောက်ကောင်းတဲ့တရားလဲလို့။ ဒါတွေကို ထိထိမိမိနဲ့ ခန္ဓာနဲ့ရင်းရှာမှ ရုပ်နာမ်နှစ်ပါးသိမယ်။ ရုပ်နှင့် နာမ်နှစ်ပါး လွတ်တဲ့နေရာရှိတယ်။ ရုပ်၊ နာမ်နှစ်ပါးသိရင်တော်သေးတယ်။ ရုပ်နာမ်နှစ်ပါးလွတ်တဲ့နေရာက ၃၁-ဘုံလွတ်သွားပြီ။ ဒါကြောင့်မို့ မိမိရဲ့ စိတ်ကလေးတွေက မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ထိစိတ်၊ သိစိတ်တွေ။ စိတ်ကလေးတွေဟာ စိတ်လို့ခေါ်ထားပြီ။ ဓါတ်ဘက်ကိုရောက်အောင်ကျင့်ပါ။ ဓါတ်လေးပါးတွေ့ရင် သဘာဝသဘောတရား စိတ်၊ အဲဒီမှာ အတ္တပြုတ်ပြီ။ သူသိပြီ။ သွေးသားပြောင်းရင် စိတ်ပြောင်းတယ်။ စိတ်ကဘာလဲ။ အတ္တ ကနေ အနတ္တပြောင်းပြီ။ သွေးသားကဘာလဲ။ ကိလေသာကို ဒေါ်အုန်းမေ နဲ့ ဦးချိုတိုး တို့က မွေးဖွား တဲ့ မြမောင်။ အဲဒါ ကိလေသာခေါ်တယ်။ သေသေချာချာလေးတွေး။ ကိလေသာရဲ့ သွေးသားတွေ ကို သတိပဋ္ဌာန် ၄-ပါးနဲ့ တိုက်ထုတ်တာ။ ဓမ္မသတိပဋ္ဌာန်ရောက်မှပဲ ဒီသွေးသားကုန်မှပဲ သဘော ပေါက်တယ်။ ဒီသွေးသားက အာရုံပေါ်မှာသွားနေတာ။ စက္ခုပေါ်မှာ သွားနေတာ။ နံ့သာပေါ်မှာ သွားနေတာ။ ဇိဝှါပေါ်မှာ သွားနေတာ။ ကိုယ်မှာ သွားနေတာ။ အဲဒီကိလေသာသွေးသားတွေက သွားနေတာ။ ခင်ဗျားတို့ စာလေးနဲ့ရေး။ ကျင့်တဲ့ဘုန်းကြီးကိုပြ။ ခင်ဗျားတို့ဘုရားဖူး သာမညသွားတယ်။ အဲဒီတော့ ဘယ်သူပြောလဲ ဦးပဏ္ဍိတ ပြောတယ်လို့ပြော။ ကိလေသာရဲ့သွေးသားတွေက အာရုံ ခြောက်ပါးပေါ်မှာလိုက်နေတယ်။ ဒါကြောင့် မောဟလို့ခေါ်တာ။ ဒါတွေ စာနဲ့ စိတ်နဲ့၊ စာနဲ့ သညာ ဇမာလိုမှတ်တာ။ ဟောဒါ ရေခွက်။ ဟောဒါ ရေအိုး။ ဟုတ်တာပေါ့။ အဲဒါ မိရိုးဖလာအသိ။ အဲဒါကို အော် မမြဲပါလား။ ဒီလိုးလည်း မမြဲပါလား။ ငါ့ရုပ်လည်း မမြဲပါလား။ ငါ့နာမ်လည်း မမြဲပါလား။ မမြဲ ပါလား။ မမြဲပါလား။ အဲဒီလိုမမြဲပါလားမှတ်နေရင် သမာဓိကောင်းလာလိမ့်မယ်။ ဒါခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ကိလေသာအပေါ်မှာ တဏှာကပ်နေတော့ မလုပ်နိုင်ဘူး။ အပေါင်းအသင်းနဲ့ လက်ဖက် ရည်ဆိုင်လိုက်သွားမယ်။ ချဲအကြောင်းပြောမယ်။ ချဲထိုးမယ်။ ဒီအပြင်အကြောင်းတွေပြောမယ်။ လုပ်ချင်တာလုပ်မယ်။ အင်မတန်နေတာနော်။ ကန်စွန်းရွက်တွေ့လည်း ကန်စွန်းရွက်သိတယ်။ ရေဒီယို တွေ့လည်း ရေဒီယိုသိတယ်။ နေတယ်။ ဟော ကွမ်းသမားက ကွမ်းအကြောင်းပြောမယ်။ ရေဒီယို

သမားက ရေဒီယိုအကြောင်းပြောမယ်။ ရုံးသမားကလည်း ရုံးအကြောင်းပြောမယ်။ ဒါတွေပဲ။ ခံနေရပြီ။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ လယ်သမားကလည်း လယ်အကြောင်းပြောမယ်။ ပိုက်ချတဲ့သူကလည်း ပိုက်အကြောင်းပြောမယ်။ ဒါတွေဟာ လောကီအကြောင်းတွေ အနုသယတွေ။ ဘာမှမသိနိုင်ဘူး။ ဒါတွေဟာ အရေးကြီးတယ်။ နောက်ဆုံးဘာမှမရှိတော့ဘူး။ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ အော် ငါမတွေးပါလား။ အာရုံခြောက်ပါးနဲ့ မပေါင်းပါလား။ မနောကလည်း စေတသိတ်လည်းမရှိတော့ဘူး။ ဘာမှမရှိတော့ဘူး။ အဲဒီတော့ အာရုံနဲ့ပြန်ပေါင်းတော့ သွားပြီပေါ့။ လယ်သမားကလည်း လယ်စိတ်ပဲ။ လက်ဖက်ရည်ဆိုင်သမားကလည်း ဖျော်ဖို့ပဲဖြစ်နေတာ။ ရုံးသမားကလည်း ရုံးစိတ်ကလေးဖြစ်နေတာ။ ဖဲသမားကလည်း ဖဲစိတ်ကလေးဖြစ်နေတာ။ ငါးရောင်းတဲ့သူကလည်း ငါးစိတ်ကလေးတွေဖြစ်နေတာ။ အဲဒီစိတ်ကလေးတွေကို သတ်ပစ်လိုက်ရမှာနော်။ အနတ္တနဲ့သတ်ပစ်။ အတ္တနဲ့တော့ မလုပ်နဲ့။ အဲဒီလောက်ဆို သဘောပေါက်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၃.၂.၁၉၉၆)ရက်နေ့

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၂၁)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# (၁၃.၂.၁၉၉၆) ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့တွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်းက မြန်မာစာမတတ်ပါဘူးဗျာ။ စာမတတ်တဲ့အခါကျတော့ ရဟန်းဘောင်ကို အသက် (၃၄)နှစ်အရွယ် ရဟန်းဘောင်တက်လာပါတယ်။ တောထွက်ကြီးပါ။ တောထွက်ဆိုတာ မြန်မာလို ရဟန်းမစီးခင်တုန်းက သားတွေ၊ မယားတွေနဲ့ သူလုပ်ကိုင်ပြီးတော့ မပယ်နိုင်အစွဲတရားတွေ သူစွဲမိပါတယ်။ ကောင်းတဲ့ကံလည်း သွားစွဲမိပါတယ်။ မကောင်းတဲ့ကံကတော့ အမြဲစွဲနေတာပါ။ တစ်နေ့ တစ်နေ့ သူများလိမ်ဖို့။ သူများပစ္စည်းခိုးဖို့၊ သူများဟာတွေ ဖဲလိမ်ရိုက်ဖို့၊ ဆေးခြောက်သောက်ဖို့၊ ဘိန်းတွေရှူဖို့။ ဟိုးအချိန် ဦးဇင်းတို့အသက်အရွယ်တုန်းက ဘိန်းတွေရှိတယ်၊ ဆေးခြောက်တွေရှိတယ်။ အဲဒါတွေရှူတယ်။ အဲဒါတွေ သောက်တယ်။ အစွဲတရားပေါ့။ စွဲလို့လုပ်တာပါ။ မကောင်းမှုတွေ လုပ်ခဲ့မိပါတယ်။ အဲဒါဘာလဲ မိစ္ဆာအယူလို့ခေါ်ပါတယ်။ ငါ့အိမ်ငါလုပ်တာ မင်းတို့နဲ့ဘာဆိုင်လဲ။ မာန်မာန တွေ။ (မာန်တွေ)ပါ။ အိမ်နီးချင်းကလည်း ဆေးဖက်ကြောဖက်မလုပ်ဘူး။ မြမောင် ဟာ အင်မတန် ပွေတယ်။ အင်မတန်ရှုပ်တယ်။ လူမလေး ခွေးမခန့်သူ။ သူကလျှောက်ပြီး လမ်းမမှာ မိုက်ကြေးခွဲနေ တယ်။ မြမောင် ရဲ့ ဘဝမှာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ အဲဒါစာ။ စိတ်ပိုင်းနဲ့က ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီကံသုံးပါးမှာ ဘယ်ကံက သံသရာလည်လဲ။ မနောကံက ကြီးတယ်။ မနောကံကြီးတဲ့အတွက် အာရုံနဲ့ မနောနဲ့ပေါင်းတာ ကိုယ်ပဲသိတယ်။ အာရုံပေါ်မှာ သာယာတယ်။ အာရုံပေါ်မှာ အကုသိုလ်ကံဖြစ်တယ်။ အာရုံပေါ်မှာ ကုသိုလ်ကံဖြစ်တယ်။ အာရုံပေါ်မှာ ဘယ်လို အကုသိုလ်ကံဖြစ်လဲဆိုရင် ဥပမာပေါ့။ သူ့အိမ်ရှေ့မှာ စပါးလေးတွေလှန်းထားတယ်။ စက်ဘီးလေးကို စီးသွားတော့ စက်ဘီးက စပါးကိုရှောင်ရမှာ။ မရှောင်ဘူး။ ဖြတ်စီးသွားတာ။ ပိုင်ရှင်ကတွေ့တော့ ဓါးနဲ့ တုတ်တယ်။ ဒါစွဲလို့တုတ်တာပေါ့။ ဘာကြောင့်တုတ်တာလဲ။ သူပြောသွားတာ တဏှာ။ တဏှာကြောင့် ဒေါသဖြစ်တာ။ အဲဒါမာန်။ သီလပျက်တယ်။ အဲဒါမိစ္ဆာအယူခေါ်တယ်။ အာရုံမှာမြင်လိုက်တာ။ ကိုယ့်နားလေးကကြားနေတယ်။ မြမောင် ဆိုပြီး လူတစ်ယောက်ကအော်ပြီးတော့ဆဲတယ်။ မြမောင် ဆိုတဲ့အသံ သူ့နားကကြားတယ်။ အဲဒါမှတ်တာ။ သညာ။ ငါ့ဆဲတာပဲဆိုပြီး ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန် ဆိုတာ မနောကံဖြစ်တာ။ ဒီအသံကြားမှာဖြစ်တာ။ အဲဒါ ဒေါသဖြစ်တယ်။ သီလပျက်တယ်။ အဲဒါကြောင့် စာကရေးထားတယ်။ သီလ၊ သမာဓိ၊ ပညာ။ ကိုယ့်ရဲ့မနောက လောဘ၊ ဒေါသ၊ မောဟ ဒီလိုခေါ်ပါ တယ်။ အဲဒီတော့ ဒီအာရုံခြောက်ပါးမှမလွတ်ရင် သာသနာဝဲသြဂမှာ လည်မှာပဲ။ ဒီအာရုံခြောက်ပါးကို လွတ်နိုင်အောင် ဘယ်လိုကြံဆောင်ရမလဲ။ ဒါ ခင်ဗျားတို့တွေးပါ။ စာနဲ့လွတ်သလား။ ခင်ဗျားတို့မေးပါ။

စာနဲ့ကတော့ အပြင်မှာရှောင်ထားတဲ့တရား။ အတွင်းမှာ ဆောင်ထားတဲ့တရား။ အပြင်မှာ ဘာတွေ ရှောင်ထားသလဲ။ သီလမဂ္ဂင်ခေါ်တယ်။ အပြင်မှာ သမ္မာအယူ ကိုယ်ရဲ့နှလုံးသားက သမ္မာဖြစ်ရတယ်။ သမ္မာဖြစ်ရင် အပြင်မှာပြောတာဆိုတာ သစ္စာဖြစ်ရမယ်။ ဘာသစ္စာလဲ။ သမုတိသစ္စာ။ သမုတိသစ္စာနဲ့ သမ္မာနဲ့ပေါင်းတော့ အပါယ်ပိတ်တယ်။ သမုတိသစ္စာရဲ့ အလုပ်ပြောပြမယ်။ စာတော့မတတ်ဘူး။ ဥပမာ ဦးမြမောင် ဟာ ဆန်လေးအိတ်ဝယ်လာတယ်။ အိမ်ရောက်တော့ လေးအိတ်စလုံးသွန်ချလိုက်တယ်။ သွန်ချလိုက်ပြီးေတာ့ ဆန်ကွဲပြည်(၂၀)လောက်ကိုထည့်ရောလိုက်တယ်။ ဆန်ကောင်း ပြည်(၂၀)ကို နုတ်ယူထားလိုက်တယ်။ အဲဒါနဲ့ သမတာပဲဗျို့ အိမ်ထဲမှာသူလုပ်နေတော့တာပဲ။ ဆန်ကွဲနဲ့ သမတာ ပဲဗျို့ အိမ်ထဲမှာ သူလုပ်နေတော့တာပဲ။ ဆန်ကွဲနဲ့ ဆန်ကောင်းနဲ့ရော။ ပြီးတော့ ဖလားထဲထည့်ပြီး တော့ သူများပေါက်ဈေးပဲရောင်းတယ်။ ကိုယ်လုပ်တာ သစ္စာမမှန်ဘူး။ အဲဒါ ခင်ဗျားတို့တွေးပါ။ သမ္မာခေါ်မလား။ မိစ္ဆာခေါ်မလား။ ငါလုပ်တာ ငါသိတာ။ ငါတက်တာ။ စားတော့အများ။ ခံတော့ တစ်ယောက်တည်း။ ဆန်ကောင်း ပြည်ပေါင်း(၂၀)ကို နုတ်ယူထားတယ်။ ဆန်ကွဲပေါင်း ပြည်ပေါင်း (၂၀)ကိုထိုးလိုက်တာ။ အဲဒါကိုရောင်းလိုက်တာ။ သစ္စာလည်းမမှန်ဘူး။ သမ္မာလည်းမဖြစ်ဘူး။ အဲဒါတွေ ခံရလိမ့်မယ်ဗျို့ စာတော့မတတ်ဘူး။ စောစောကပြောတဲ့ သမ္မာအယူ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ သီလလို့ပြောတယ်။ ဒီသီလဟာဖြစ်နိုင်ပါ့မလား။ သီလက ဗွက်ပေါက်နေပြီ။ ငါဆိုတဲ့ အတ္တ။ အယူမှား၊ အစွဲမှား၊ အမှတ်မှား။ လောကီရဲ့အာရုံကိုယူထားတယ်။ အဲဒါအယူမှားတယ်။ အမှတ်မှားတယ်ဆိုတာက ဟောဒါက ငါးရာတန်၊ ဟောဒါက ကျပ်တန်။ ဘယ်ဟာယူမလဲ။ ငါးရာတန် ယူမှာပေါ့။ အဲဒါအမှတ်မှားတယ်။ အမှတ်မှားတယ်ဆိုတာ ဥပါဒါန်။ ဥပါဒါန်ဆိုတာ ကံ၊ ချက်ချင်းပူတာ ပေါ့ဗျာ။ အေးတာအေး။ ပူလည်းပူ။ ခဏပဲ။ တရားဟာအေးနေရမယ်။ ကံတရားရှိတယ်။ ဉာဏ်တရား ရှိတယ်။ ဈာန်တရားရှိတယ်။ ဈာန်ဆိုတာ သမ္မထတွေ။ အဲဒါဈာန်တရားပဲ။ ကံတရားက မနောကံ မပြင်ဘူး။ အဲဒါ ကံတရားပဲ။ ဉာဏ်တရားကတော့ ပေါက်သွားပြီ။ သဘောလေးပဲနော်။ တိုင်းပြည်မှာ အဲဒီပုဂ္ဂိုလ်မျိုးတွေရှိတယ်။ စာကရေးထားတယ်။ ဝိဇ္ဇာမိုလ်၊ ဝိဇ္ဇာပေါက်ရှိတယ်။ အရိယာဝိဇ္ဇာရှိတယ်။ မျောတရား၊ ပေါ်တရား၊ မြုပ်တရား။ မျောတာပေါ့။ သံသာရာလည်တာပေါ့။ မြုပ်တရားက အပါယ် သွားတာပေါ့။ ပေါ်တရားက (၃၁)ဘုံလွတ်သွားတာပေါ့။ ဒါတွေ သိပ်အရေးကြီးပါတယ်။ ကိုယ်လာတာ တစ်ယောက်တည်း။ ပြန်တော့လည်း တစ်ယောက်တည်း။ ဘုရားကဟောထားတယ်။ အဝိဇ္ဇာတဲ့။ အဝိဇ္ဇာဆိုတာ အာရုံခြောက်ပါး။ စာလို အဝိဇ္ဇာ။ မြန်မာလို အာရုံခြောက်ပါး။ စက္ခုအာရုံ၊ နားသောတ အာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ၊ မနောအာရုံ၊ အာရုံခြောက်ခု၊ ဘယ်စိတ်ဖြစ်လဲ။ အနုသယ

စိတ်ဖြစ်တယ်။ အနုသယကံဖြစ်တယ်။ ဒီအနုသယကံကိုမှ မပယ်နိုင်ရင် ခင်ဗျားတို့တွေးကြည့်ပေါ့ဗျာ။ ကိလေသာကြမ်းကြီးတော့ ပယ်ထားတယ်။ အနုသယတော့ မပယ်နိုင်ဘူး။ အကြမ်းကြီးပယ်ထားတော့ စိတ်ချရပါ့မလား။ ပယ်မယ့်ပယ် အနုသယကိုပယ်ရမယ်။ အနုသယပယ်ရင်းနဲ့ သမ္မာဖြစ်လာတယ်။ သမ္မာဖြစ်လာရင် သမုဒယသစ္စာကိုက်လာလိမ့်မယ်။ အဲဒီတော့ အနုသယကိုပယ်မှ ကိလေသာကြမ်းက လည်း သေတယ်။ ကိလေသာကြမ်းကဘာလဲ။ ပါဏာတိပါတ သူ့အသက်မသတ်ဘူး။ အဒိန္နာဒါနာ သူများပစ္စည်းမခိုးဘူး။ သူများသားမယား မပျက်ဆီးဘူး။ မြမောင် က ရုံးမှာသွားပြီးလိမ်တယ်။ ရှေ့နေ လို သက်သေလိုက်တယ်။ အာမခံတယ်။ အခုငါမလုပ်တော့ဘူး။ ဟိုတုန်းကလုပ်တယ်။ လိမ်တယ်၊ ညာတယ်။ ခိုးတယ်တဲ့။ အခုဒါတွေမလုပ်တော့ဘူး။ ဒါကိုယ်ဘာသာသိတာ။ သိမှပယ်မယ်။ ပယ်မှ ဆိုက်မယ်။ ဆိုက်မှ ပွားမယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ ဘာတွေပယ်မလဲ။ မိစ္ဆာတွေပယ်မယ်။ သမ္မာကို ယူမယ်။ ဒါတွေ ကိုယ့်စိတ်ကိုယ်စစ်။ ပြန်ရမှာပဲ။ နေထွက်လာရင် နေဝင်မှာပဲ။ အစွဲတရားကိုဟောတာ။ ဘုရားက အစွဲကိုဟောတာ။ ဘုရားက အစွဲကိုသတ်နိုင်းတာ။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တ။ လက္ခဏာရေးသုံးပါးကိုရှု။ မြင်အောင်ရှု၊ မုန်းအောင်ရှု။ အဲဒါတွေမြင်အောင်လုပ်။ အဲဒီလို တင်ပျဉ်ခွေလေးထိုင်လိုက်တော့ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး ပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါး။ အဲဒီလိုထိုင်လိုက်တော့ အပြင်ရဲ့ကံတွေလုံ့ပြီ။ အဲဒါ အစွဲသတ်တာ။ ငါစားချင်တဲ့ စိတ်ကလေးရှိသေးလား။ လိုချင်တဲ့စိတ်ကလေးရှိသေးလား။ အိပ်ချင်တဲ့စိတ်ရှိသေးလား။ သွားချင်တဲ့စိတ်ရှိသေးလား။ တရားစက်က အုန်းမောင်းခေါက်ပြီး တရား ထွက်ချင်တဲ့စိတ်ကလေးရှိသေးလား။ တဏှာနိရောဓော။ ဘိက္ခုနံ ရဟန်းကြီး ဝေဒနာမှာ တဏှာ မရောစေနဲ့တဲ့။ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ တရားဟာ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်။ ခန္ဓာက ကျင့်မှသိမယ်။ သိမှပယ်မယ်။ ပယ်မှ ဆိုက်မယ်။ ဦးဇင်း က စာတတ်တာမဟုတ်ဘူး။ ဘုံသုံးပါးကြည့် ဟောတာ။ ဘုံသုံးပါးကြည့်ဟောတဲ့အခါကျတော့ မင်းယုံရင် ငါပြောမယ်ကွာ။ မယုံရင် ငါမပြောဘူး။ အတိတ်ကို ငါကြည့်လိုက်တယ်ကွာ။ အတိတ်ကြည့်လုက်တဲ့အခါကတော့ ဘုရား၊ ဘုရား ဩော် မအေး... အေး ... ဟာ မလွတ်တော့ဘူးဗျို့၊ အဲဒီလိုမလွတ်တော့တဲ့အခါကျတော့ ဩော် အတိတ်က ဆွေတော်မျိုးတော်အပေါင်းတွေပါလား။ ဩော် ငါ ဖအေတွေပါလား။ ငါ့မအေတွေပါလား။ ဟိုဘဝက ငါ့အစ်မကြီးတွေပါလား။ ငါ့အမျိုးချည်းပါလား။ ပစ္စုပ္ပန်နဲ့ အတိတ်နဲ့တွေ့တော့ ကုသလာနံ ကုသလာန် ဟောတုပစ္စယောတွေဖြစ်ကုန်ရော။ အကြောင်းအကျိုး သူကသိပြီ၊ ငါ့မအေပါလား။ ငါ့အစ်မကြီးပါလား။ ငါ့အစ်ကိုကြီးပါလား။ သူက စေတနာမပျက်တော့ဘူးလေ။ အယုတ်အလတ်မရွေးတော့ဘူး။ ပစ္စုပ္ပန်

သိတဲ့ သညာသိ။ အတိတ်ကိုသိတာ ပညာသိ။ အဲဒါမှတ်ထား။ အဲဒါကိုရအောင်ရှာ၊ ကိုယ်ကျင့်ရင် ကိုယ်ရမှာပဲ။ ဪ ဒါတွေဟာ အတိတ်ကအမျိုးတွေ။ မြမောင် ဆိုပြီး မအေး၊ နှမနဲ့ဆဲတယ်။ ဪ အေး ... အေး ... အတိတ်ဘဝက ငါ့အစ်ကိုကြီးပဲ။ ငါသည်းခံမယ်။ အတိတ်ပြန်ကြည့်တော့ ပစ္စုပ္ပန်မှာ သည်းခံတယ်။ အတိတ်ကိုမသိတော့ အကန်း။ အကန်းဆိုတော့ ပစ္စုပ္ပန်မှာ သညာသိနဲ့ ထထိုးရောဗျို့ တွေးသာကြည့်ပေါ့။ ဘုံသုံးပါးမြင်ရမယ်။ အနာဂတ်ကိုလည်းသိရမယ်။ အတိတ်ကိုလည်း သိရမယ်။ ပစ္စုပ္ပန်ဘုံကကြည့်။ လူမျိုးမရွေး၊ ဘာသာမရွေး သူ့မှာ ဪ (အေး အေး အေး)၊။ သူ အေး အေး အေး ပဲ။ ခင်ဗျားတို့ အင်မတန်မှထူးပါတယ်ဗျာ။ ကြိုးစားကြပါ။ ကျင့်ကြပါ။ ကြံကြပါ။ မျောတရား ယူရင်မျောမှာပဲ။ မြုပ်တရားယူရင် မြုပ်မှာပဲ။ ပေါ်တရားယူရင် ပေါ်မှာပဲ။ အဲဒီဒါနက အစစ်ခေါ်တယ်။ လှူတတ်ဖို့လိုတယ်။ ဥပမာ အလှူလေးပေါ့ဗျာ။ အဲဒီလူကြီးက သမီးကိုပေါင်ထားတယ်။ သုံးနှစ်သုံးမိုး ပေါင်ထားတဲ့အခါကျတော့ သူမရွေးနိုင်ဘူး။ ငါ့သမီး ငါမရွေးနိုင်ပါလား။ သူများအိမ်မှာ ပင်တိုင်သွား လုပ်မယ်ဆိုပြီး သွားအလုပ် လုပ်တယ်။ သွားလုပ်တဲ့အခါကျတော့ သမီးရွေးဖို့ပိုက်ဆံရလာတယ်။ ပိုက်ဆံရလာတော့ သူ့သမီးသွားရွေးတယ်။ တစ်ရွာတစ်ကျေးမှာ သမီးသွားရွေးတော့ လမ်းခုလတ်မှာ ရဟန်းတစ်ပါးတွေ့တယ်။ ရဟန်းတစ်ပါးတွေ့တော့ ယုံကြည်သွားပြီ။ အဲဒီရဟန်းအိုကြီးကို သူဆွမ်းကပ် ချင်တာကိုးဗျ။ အင်း အချိန်ကတော့ နေမြင့်ပြီ။ ဒီရဟန်းကြီးကတော့ ဆွမ်းမစားရသေးဘူး။ တုန်တုန် ချိချိနဲ့သွားနေတာ။ သူ့သမီးရွေးမယ့်ပိုက်ဆံကို အဲဒီရဟန်းကြီးတွေ့တော့ သဒ္ဓါကဖြစ်လာတယ်။ အပြင်အာရုံက သဒ္ဓါခေါ်တယ်။ မနောအာရုံက စေတနာခေါ်တယ်။ စေတနာဖြစ်တာပဲဗျို့ သူသမီး ရွေးမယ့်ပိုက်ဆံကို မရွေးတော့ဘူးဗျို့ အဲဒီအနီးအနားက ထင်းခုတ်တဲ့သူတွေဆီက ထမင်းထုပ်ဝယ် တယ်ဗျို့ ထင်းခုတ်တဲ့သူတွေကလည်း ဘယ်လိုပြန်ပြောလည်းဆိုတော့ အဲဒီထမ်ငးဟာ ကျွန်တော် တစ်ယောက်စာပဲရှိပါတယ်တဲ့။ ကျွန်တော် မရောင်းပါရစေနဲ့။ ဟိုလူ့မေးလည်း ဒီလိုပဲ။ ဒီလူ့မေးလည်း ဒီလိုပဲ။ အဲဒီလူကြီးက ပြန်ပြောတယ်။ ရောင်းပါဗျာ။ ကျွန်တောလက်ထဲမှာကြည့်ပါဗျာ။ အသပြာတွေ အများကြီးပဲတဲ့။ ထမင်းထုပ်ကလေးသာပေးပါ။ ငွေတွေလည်း အကုန်ပေးပါ့မယ်ဗျာဆိုတော့ ဟိုလူ တွေက အဲဒီတော့မှ ထမင်းထုပ်တွေပေးတယ်ဗျ။ အဲဒီဇတော့ အသပြာတွေအကုန်ပေးလိုက်တယ်။ ထမင်းထုပ်ကလေးကိုယူပြီးတော့ အဲဒီတုန်တုန်ချိချိ ရဟန်းကြီးကို သွားကပ်တယ်။ မြင်တာနဲ့ သဒ္ဓါ ဖြစ်နေတာ။ အပြင်ကသဒ္ဓါဖြစ်နေတာ။ အတွင်းစေတနာက လှိုက်လှဲစွာဖြစ်နေတာ။ အဲဒါနဲ့ ဆွမ်းကပ် တာပဲ။ ရဟန်းက ဆွမ်းတွေဘုဉ်းပေး။ ဆုတွေပေးလား မပေးလားမပြောတတ်ဘူး။ ရဟန်းကြီးလည်း ဘုဉ်းပေးပြီးပြီ။ ပြန်လည်ကြွပြီ။ အဲဒီလူကြီးလည်း ပြန်ပြီ။ ရဟန္တာကလည်း စစ်နေပြီ။ ဒီလူကြီးရဲ့

စေတနာကလည်း ထူးနေပြီ။ ဝဏ္ဏကလည်း စင်ပြယ်တယ်။ သူ့သမီးရွေးမယ့်ပိုက်ဆံ အဲဒီအချက် သုံးချက်ကိုခေါ်တာဖျို့ အဲဒါနိဗ္ဗာန်ကိုသွားနိုင်တယ်ဖျို့ စေတနာကလည်း ဝိသုဒ္ဓိ။ မနောကလည်း စင်ကြယ်တယ်။ အာရုံငါးပါးပေါ်မှာကြည့်လိုက်တော့ သူဟာ သဒ္ဓါယုံကြည်ချက်တွေဖြစ်ပြီးတော့ ဘဝင်စိတ်က စေတနာမှန်တယ်။ အဲဒီစေတနာဟာ ဘုရားကဟောတယ်။ နိဗ္ဗာန်ကိုရောက်မယ်တဲ့။ ဘာဖြစ်လို့ရောက်နိုင်လဲ။ ရဟန်းက သစ္စာလေးပါးရထားတဲ့သူ။ သူလည်းမသိဘူး။ မသိဘဲနဲ့ ကပ်လိုက်တာ။ အဲဒါထူးတာပေါ့ဗျာ။ အဲဒါကြောင့် (အေး အေး အေး)၂။ ဒါဘဲပြောတတ်တယ်။ ဒါယကာ၊ ဒါယိကာမများက သာသနာပြုတာ ရှေ့ကရဟန်းကစစ်ရမယ်။ အဲဒီလိုစစ်တဲ့အခါ နောက်ကလိုက်လာတဲ့ သာသနာပြုတဲ့သူတွေက စေတနာစစ်ရမယ်။ အဲဒီတော့မှ ကုသလာနံ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော။ အဲဒါအကျိုးပေးရောဗျ။ အတိတ်က ရှေးဘုန်းရှေးကံတွေပါရင်တော့ ကျန်းမာရေးလာဘ်ရတယ်။ အပါယ်လေးပါးတံခါး ပိတ်တယ်။ အပါယ်လေးပါးတံခါး ပိတ်ချင် ဘယ်သွားမလဲ။ နတ်ပြည်သွားမှာပေါ့။ ရဟန္တာလုပ်ထားတဲ့မျိုးစေ့ နတ်ဘုံအထက်ကိုသွားမှာပေါ့။ အောက်ဆင်းမှာမဟုတ်ဘူး။ အဲဒါတွေ သဘောပေါက်ဖို့လိုတယ်။ အဲ ခုနက ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ဒါသဘောလေးပဲ ဟောလိုက်တာ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ပညတ်ကိုလည်း မပယ်ဘူး။ ပရမတ်ကိုလည်း မကွယ်ဘူး။ ပရမတ်ဆိုတာဘာလဲ။ ဓါတ်လေးပါးခေါ်တယ်။ အရိယာမဝင်သေးဘူး။ ဓါတ်ကိုရှုထားပြီ။ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်။ ဓါတ်တွေ။ သုံးဆယ့်နှစ်ကောဋ္ဌာသမဟုတ်တော့ဘူး။ ဓါတ်တွေ၊ ပညတ်ရဲ့သဘော။ ပရမတ်ရဲ့သဘော။ အလယ်ကသွားတာ။ အရိယာက အဲဒီလိုရှိတယ်။ ဓါတ်အောင်တယ်။ ဓါတ်ပေါက်သွားတာ။ ရေကသိုင်း၊ ကုန်းကသိုင်း၊ အာကာသသိုင်း၊ ကသိုင်းတွေမှန်တာပေါ့။ ဝိဇ္ဇာသွားတဲ့လိုင်း၊ ဓါတ်ပေါက်သွားတဲ့ဘုန်းကြီးက သိုက်တွေလာတယ်။ နတ်တွေလာတယ်။ သူများအားကိုးစရာမလိုဘူး။ အဲဒါမှ ထူးတာ။ သေသေချာချာ လေ့လာပါ၊ စုံစမ်းပါ၊ မေးမြန်းပါ။ ဦးပဏ္ဍိတ ပြောတာကို မယုံနဲ့ဦး။ သူ့ဆီကယူဖို့လည်း ပြောတာမဟုတ်ဘူး။ ခင်ဗျားတို့ အကျင့်တရားတွေ၊ အသိတွေရဖို့ပြောတာ။ အဲဒီအသိတရားဟာ ရသွားရင် မိစ္ဆာကိုပယ်ပြီး သမ္မာကိုယူပြီ၊ အခု မိစ္ဆာကများနေတယ်။ သမ္မာက နည်းနေတယ်။ ဒါကြောင့် အတ္တတရားရှိတယ်။ အနတ္တတရားရှိတယ်။ ဘုရားကဟောထားတယ်။ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဒါအစွဲကိုအကြောင်းပြုပြီး ဟောထားတာ။ ခင်ဗျားပယ်နိုင်ပါ့မလား။ ခင်ဗျားတို့ အစွဲကိုအကြောင်းပြုပြီးဟောထားတဲ့တရား။ သဗ္ဗေသင်္ခါရ အနိစ္စ။ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တ။ အဲဒါ အစွဲသမားကိုပြောတာ။ ဝိနည်း

သမားကို မပြောပါဘူး။ ခင်ဗျားကြိုက်တာလုပ်။ ကောင်းတယ်တဲ့။ ဒါတော့ သူပြောတယ်။ ငွေရရင် ငွေနဲ့မတင်းတိမ်နဲ့။ ငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့မတင်းတိမ်နဲ့ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ ကြိုးစားပါ။ ဒီတရားတွေဟာ အင်မတန်မှ ထူးမြတ်ပါတယ်။ ဒီ ဦးမြမောင် ဟာ စာမှာဆိုရင် နှစ်တန်းပဲတတ်တယ်။ လူဆိုး၊ လူမိုက်၊ လူလိမ်။ အကုန်လုပ်ခဲ့တယ်။ ခင်ဗျားတို့ အကုန်မေး၊ အကုန်ပြောမယ်။ သစ္စာကိုးဗျ။ ခိုးခဲ့တယ်။ လိမ်ခဲ့တယ်။ ရဲထဲမှာလည်း လုပ်ခဲ့တယ်။ ရဲအဖွဲ့က ကောင်းတယ်။ မြမောင် က မကောင်းဘူး။ ကလိမ်ကကျစ်။ လူကြီးကခိုင်းလိုက်တယ်။ မြမောင် က အိမ်မှာသွားဟောက်တယ်။ ဟောက်တော့ အိမ်ရှင်ကကြောက်တာပေါ့။ ဆန်လေးယူလာတယ်။ ဟိုက ကြောက်တောပေါ့ဗျာ။ ကြက်ဥတွေပေး၊ ဘဲဥတွေပေး။ အဲဒါ လိမ်တာပေါ့ဗျာ။ လူကြီးကတော့ ဘယ်သိမလဲ။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းဘူး။ အဲဒါတွေအရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ရွယ်တူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ မြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ဒီတရားတွေထားရမယ်။ စိတ်ထဲမှာထားရမယ်။ ရပ်ကွက်က လူကြီးက တစ်အိမ်တစ်ယောက်ထွက်ရမယ်။ ထွက်ပါမယ်။ အစ်ကိုကြီးရယ်။ စေတနာနဲ့လုပ်။ ကြောက်လို့သာလုပ်ရတယ် စေတနာမရှိဘူး။ ကြောက်လို့သာလုပ်ရတယ်။ တို့ချည်းဖိခိုင်းတာပဲ။ အဲဒါ မိစ္ဆာအယူ။ လုပ်လည်းလုပ်ရသေးတယ်။ စေတနာလည်းမရှိဘူး။ ဘယ်အလုပ်ဖြစ်ဖြစ် ကျွန်တော့်ကို ခိုင်းပါဗျာ။ စေတနာနဲ့လုပ်ပါ။ ဘုရားက ပုဗ္ဗ၊ မုဉ္စ၊ ပရဆိုတဲ့ စေတနာကိုဟောသွားတာ။ မဟာဒုက်။ ဘုရင်တွေ၊ ဗိုလ်မှူးတွေ၊ ဝန်ကြီးတွေ ဒေါသကပ်နေရတယ်။ မဟာဒုက်က ရှင်မရေ ဘုရားကြွသွားပြီလား။ မသွားသေးဘူးဆိုတော့ ဘုရားသပိတ်ဘယ်သူရသွားလဲမသိဘူး။ ငါသွားဦးမယ်ဆိုပြီး ဘုရားဆီသွားတာ မကြောက်မရွံ့ဘူး။ ဘုရားရှေ့ရောက်တော့ အရှင်ဘုရား။ အရှင်ဘုရားသပိတ် ဘယ်သူ့ပေးပြီးပြီလဲ။ ဘယ်သူ့မှမပေးရသေးဘူးဆိုတော့ ဆွမ်းကပ်ချင်တယ်ဘုရား။ သပိတ်ကြီးကို ဘုရားကပေးလိုက်တယ်။ ဘုရင်တွေက မပြောရဲသေးဘူး။ ဗိုလ်မှူးတွေကလည်း မပြောရဲသေးဘူး။ မဟာဒုက်လက်ထဲရောက်သွားရော။ မဟာဒုက်လက်ထဲရောက်တဲ့အခါ သိကြားမင်းကကြည့်လိုက်တော့ ဟာ ဒုက္ခပဲ။ ဘုရားသပိတ်တော့ မဟာဒုက်လက်ထဲရောက်သွားပြီ။ ဘုရားက အယုတ်၊ အလတ်၊ အမြတ် မရွေးဘူး။ သူအဲဒီသပိတ်လက်ထဲရောက်တော့ ခြေထောက်ကို မြေကြီးနင်းရမှန်းတောင်မသိဘူး။ ပျော်လွန်းလို့။ အဲဒီလောက် သူ့ရဲ့သဒ္ဓါစေတနာတွေက ဘယ်လောက်ကောင်းလဲ။ အဲဒီတော့ သိကြားက မနေနိုင်ဘူး။ အိမ်ပြင်ပေးရမယ်။ ထင်းခွဲပေးရမယ်။ ရေခပ်ပေးရတယ်။ မဟာဒုက်ရဲ့အလှူ သိကြားက လာကူပေးရမယ်။ တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။ ဒီလိုသမ္မာနဲ့

လုပ်ရင် အင်မတန်မှ တိုင်းပြည်ကြီးဟာ စင်ကြယ်သန့်ရှင်းပါတယ်။ ခင်ဗျားတို့အပေါ်မှာလည်း မူတည်တယ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ်စေတနာမှန်ဖို့အရေးကြီးတယ်။ (အေးကွာ အေး အေး အေး)[၁]။ လုပ်တော့ပေးတယ်။ မနောက စေတနာမမှန်ဘူး။ မိစ္ဆာတွေဖြစ်ကုန်ရော။ မိစ္ဆာဖြစ်တော့ ကံနိမ့်တာပေါ့။ ဘာဖြစ်လို့ကံနိမ့်လဲ။ သီလပျက်တာကိုး။ ဝိသုဒ္ဓိမစင်ကြယ်ဘူး။ မစင်ကြယ်တော့ ကံနိမ့်တယ်။ ကံနိမ့်တော့ ဝီရိယအကျိုးလေးပဲ ခံစားရမယ်။ လှေဦးစိုရင် စိုသလောက်ကလေးပဲ စားရမယ်။ လှေဦးခြောက်ရင် မစားရဘူး။ စင်ကြယ်သန့်ရှင်းအောင် အာရုံငါးပါးနဲ့ မနောနဲ့ ခြောက်မြင်တာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ နံတာလည်း မမြဲပါလား။ စားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား။ လှမ်းတာလည်း မမြဲပါလား။ မမြဲဘူးဆိုတာ အနတ္တစိတ်ခေါ်တယ်။ မြင်တာကိုသွားစွဲရင် သမ္မာနဲ့စွဲပါ။ မိစ္ဆာနဲ့မစွဲပါနဲ့။ အစ်ကိုကြီးရေ လာတိုင်ပါ။ ရေနွေးလေးသောက်ပါ။ အဲဒါမှ သမုတိသစ္စာ။ စောစောကခင်ဗျားတို့ဆန်တွေတော့ဝယ်လာပြီးတော့ ဆန်ကွဲတွေထိုးရောင်းတယ်။ သူများရောင်းတဲ့ဈေး ရောင်းတယ်။ အဲ ကလေးက ဆန်ကိုလက်နဲ့ကိုင်ကြည့်ပြီးတော့ ဆန်ကလည်း ကြေနေပါလား။ ဝယ်တဲ့သူကသိတယ်။ မိုးကချုပ်နေပြီ။ သူ့ဆိုင်တစ်ဆိုင်ပဲရှိတော့တယ်။ အဲမဝယ်ချင်ဝယ်ချင်နဲ့ ပြန်တော့မပြောဘူး။ သူကသိနေပြီ။ အဲဒါတွေက ကောင်းမလား၊ မကောင်းဘူးတဲ့။ ဘုရားမကြိုက်ဘူး။ ချဲတွေထိုး၊ ချဲတွေရောင်း။ ဒါတွေဟာ မိစ္ဆာအယူတွေ။ မပေါက်တဲ့သူကတော့ ငိုင်တာပဲ။ ပေါက်တဲ့သူကတော့ ပျော်တာပေါ့။ ခဏလေးပဲ။ အေးတဲ့ဓါတ်ကိုယူပါ။ သံသရာကို ကချွတ်ကင်းလျှောက်ဖြစ်အောင်မလုပ်ပါနဲ့။ သံသရာဘယ်ကလည်လဲ။ ခန္ဓာက စတယ်။ သံသရာ ဘယ်ကဆုံးသလဲ။ ခန္ဓာကဆုံးတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ နိဗ္ဗာန်ဆိုတာ မရှိတဲ့တရားတွေ။ မသိတဲ့တရားတွေ။ သူကသိသွားတာ။ အဲဒီဓါတ်ကြီးက အေးတာပဲ။ ဖအေသေလည်း မငိုဘူး။ မအေသေလည်း မငိုဘူး။ အေးနေတာ။ အာရုံတွေမစွဲတော့ အေးတာပေါ့ဗျာ။ အဲဒီအေးတဲ့ဓါတ်။ သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနားတာပေါ့ဗျာ။ နှလုံးသားက အင်မတန်မှ အေးတဲ့အတွက် သိုက်တွေလာတယ်။ တောင်ပိုင်တွေလာတယ်။ ကွင်းပိုင်တွေလာတယ်။ တန္တေသရဲ၊ ယက္ခ၊ ဂန္ဓဗ္ဗတွေလာတယ်။ အတိတ်မြင်တာကိုးဗျ။ အတိတ်မမြင်တဲ့ဟာကတော့ အကန်းခေါ်တယ်။ အဝိဇ္ဇာခေါ်တယ်။ အတိတ်မြင်တာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ဒီဘဝလာပြီးတော့ ငါနဲ့အမျိုးတွေတော်ပါလား။ ငါ့အဖေကြီးတွေရော၊ ငါ့အစ်မကြီးတွေရော၊ ငါ့ညီမတွေရော။ မလုပ်တော့ဘူး သူ့ကို။ အဲ ဘာစားမလဲ။ (ရော့ ရော့ ရော့)[၂] ဒီလိုလုပ်တာ။ တောင်ပိုင်တွေနိုင်း လုပ်ပေးမယ်။ ကွင်းပိုင်တွေနိုင်း လုပ်ပေးမယ်။ နာမ်ကောင်တွေ။ သူတို့မှာ ကျွတ်ချင်လွတ်ချင်လို့ ရုပ်မရှိဘူး။ နာမ်ပဲရှိတယ်။ အဲ

ဦးဇင်းတို့ ရုပ်ရှိတော့ ရုပ်နဲ့ရင်းရှာလို့ ဒီတရားရတာ။ သူတို့က ရုပ်မရှိတော့ ရင်းရှာလို့မရဘူး။ သူတို့က နောက်ကနေ ပါရမီဖြည့်တာ။ အဲဒီရဟန်းကြီးမှန်တယ်ဟေ့ ဆိုတာကို သူတို့က ကြွေးကြော်တာ။ အင်မတန်မှ ထူးပါတယ်ဗျာ။ ဦးဇင်း က အနတ္တတရား၊ အတ္တတရားပါ သဘောလေးတွေ။ ဥပမာ လေးပြောပြမယ်။ စည်းကမ်းကရှိရမယ်။ လူ့ဘောင်မှာလည်း စည်းကမ်းရှိရမယ်။ တိုင်းပြည်အုပ်ချုပ်တာလည်း စည်းကမ်းရှိရမယ်။ လူသူလေးပါးလည်း စည်းကမ်းရှိ သံဃာတော်ကလည်း စည်းကမ်းရှိ။ စည်းကမ်းကို ထိုးဖောက်လို့မရဘူး။ ဒီစည်းကမ်းရှိမှ ဒီတရားကိုရှာလို့ရမှာ။ ဦးဇင်း က စာမတတ်တော့ စည်းကမ်းတွေဘာတွေမလုပ်တတ်တော့ဘူးဗျာ။ ဒါ ဦးဇင်းက အားလုံးကိုတောင်းပန်ပါတယ်။ ခုနှစ်ရက်သား၊ ခုနှစ်ရက်သမီး၊ ထေရ်ကြီးဝါကြီးသံဃာတော်၊ ကိုရင်လေးကအစ ဦးဇင်း က တောင်းပန်ပါတယ်။ ရှိခိုးဆိုရင်လည်း ခိုးပါ့မယ်။ သူစာမတတ်လို့ပါ။ စကားကလည်း မပြောတတ်လို့ပါ။ အမှန်တော့ စည်းကမ်းကအဓိကပါ။ ဦးဇင်း က စားလည်း ဒုန်း ဒုန်း ဒုန်း၊ လာလည်း ဒုန်း ဒုန်း ဒုန်း။ အိန္ဒြေသမ္ပတိက မလုပ်နိုင်တော့ဘူး။ ဒုန်း ဒုန်းကြီးပဲချနေတာ။ ညက တရားဟောပွဲပြီးတော့ ပြန်သွားပါတယ်။ မြောင်းမြကို (၁၁)နာရီကျော်လောက်ရောက်ပါတယ်။ ပဲ့ထောင်နဲ့။ ဦးဇင်း က ခေါင်းချတာ (၁)နာရီ (၂)နာရီလောက်ပဲရှိသေးတယ်။ မဲကျော်က မယ်တော်ကြီးက (၃)နာရီလောက်ကျတော့ ရောက်လာတယ်။ သားတော် ထ ထ တဲ့။ ထပါတယ်ဗျာတဲ့။ (ခိုင်းတာ)ပ။ ဒီရုပ်တွေ၊ ဒီနာမ်တွေက အင်မတန်မှ ဒုက္ခပါဗျာ။ နို့လေးသောက်ပါလား။ မသောက်တော့ပါဘူး။ သောက်ဦးသားတော်ရဲ့ဆိုလို့ သောက်တယ်။ အဲ ကားသုံးစီးနဲ့ ဘယ်ကိုသွားလဲဆိုတော့ မြောင်းမြကနေ မဲကျော်ကိုသွားတယ်။ (၂)နာရီလောက်မောင်းရတယ်ဗျို့။ အဲဒီကနေ တာထိပ်၊ တာထိပ်ကနေ ဇလပ်ကွင်း၊ ရှစ်အိမ်တန်း၊ ဟိုဘက်ရောက် တောင်ပေါ်တက်လိုက်၊ ဆင်းလိုက်နဲ့ ကားကလည်း လမ်းမှာ ဖွတ် ဖွတ်နဲ့ပျက်တယ်ဗျ။ ဆီပိတ်တယ်နဲ့တူပါတယ်ဗျာ။ ဒီလိုပဲလာရပါတယ်။ မဲကျော်ရောက်တော့ ကုန်းတော်ပေါ်မှာက သိုက်။ ဘယ်သူသိလဲ။ ခက်တယ်ဗျာ။ မယ်တော်ကခေါ်သွားတော့ သားရေ လာ လာ ဆိုတော့ ဟုတ်ပါတယ်ဗျာ။ သားရေ ရေစက်ချကြစို့တဲ့။ ဟိုးဘဝအခန္တကပေါ့။ ဝါးခယ်မမှာရှိတဲ့ တောင်ကုန်းပေါ်မှာ မယ်တော်နဲ့ သားနဲ့ သစ္စာပြုရပါတယ်။ ဘုရားထီးတင်ရပါတယ်။ ဘုရားက ပရမတ်ဘုရား။ အုတ်နဲ့တည်တာမဟုတ်ဘူး။ ထီးကလည်း ပရမတ်ထီး။ ကိုးနဝင်း ကိုးရက်ကျင့်တယ်။ ကိုးရက်လည်း ပြီးရော (၁၀)ရက်မှာထီးတင်တယ်။ သဘောပါ။ ဦးဇင်း ပထမတစ်ခေါက်က သပြေပန်းလေးတွေ (၁၀)ညွန့်၊ (၁၅)ညွန့်လောက်တော့ရှိတယ်။ အံ့ပြီးတော့ တစ်နေရာတည်းမှာပေါက်နေတာ။ အပင်က မဟုတ်ဘူး။ မြေကြီးထဲကနေထွက်နေတာ။ အဲဒီတော့ သားတော်ရေတဲ့။ အဲဒီသပြေပင်လေးတွေ

ကိုင်တဲ့။ သူလည်းကိုင်၊ ကိုယ်လည်းကိုင်ပေါ့။ အဲဒီရက်က အမိဋ္ဌာန်တာ ကိုးရက်ပေါ့ဗျာ။ နောက် တစ်ခေါက်ကျတော့ ထီးသွားတင်ရတာပေါ့ဗျာ။ အခုထီးတင်ကနေပြန်လာတော့ အဲဒီမယ်တော်ဟာ ငိုတာပဲဗျို့ ချုံးပွဲချပြီးငိုတာပဲ။ ရင်ကွဲပါပြီ။ အသည်းတွေလည်း ကြွေကျပါပြီဆိုပြီးငိုလိုက်တာ။ သူ့နောက် က အစ်ကိုတွေကလည်းပါတယ်။ မအေတွေကလည်းပါတယ်။ ဆွေမျိုးသားချင်းတွေလည်းပါတယ်။ ပိုက်ဆံရှိတယ်။ တရုတ်လူမျိုး။ ဦးဇင်း လုပ်ပေးပါတယ်။ (ဩော် အေး အေး အေး)[၂] သားတော်လာ ဆိုပြီးတော့ နောက်တစ်နေရာမှာ ကုန်းတော်လေးမှာပြတယ်။ သုပြောပြတယ်။ သားရေ ဘာက ဘာ ဘာက ဘာ ဆိုပြီးတော့လဲ သားတော်ကြီး ယူ ယူ တဲ့၊ သွားယူရပါတယ်။ အဲဒီဘုရားက ဘာလဲဆိုတော့ အခုတည်ထားတယ်။ "လွှမ်းစေတီ"တဲ့ ခင်ဗျားတို့ မဲကျော်ရောက်ရင် ရွာအပြင်တောင်ကုန်းပေါ်မှာ ထန်းပင်လေးတွေနဲ့ တောစခန်းပေါ့။ ဟိုး (ဘဝတွေက ဦးဇင်း ကလည်း သိုက်က၊ သူကလည်း သိုက်က။ ဦးဇင်း က သိုက်ကနေ လူ့ဘဝရောက်လာတဲ့အခါကျတော့ တရားများကျင့်ကြံအားထုတ် ကြတော့ သူကလည်းမယ်တော်။ သက်ကင်းတွေစား။ သူက တရုတ်ကိုးဗျ။ ပုတီးတွေစိပ်။ ဂုဏ်တော် တွေရွတ်တတ်တယ်။ စာတတ်တာကိုးဗျ။ ကျုပ်ကတော့ မရွတ်တတ်ဘူး။ ဒီဘဝမှာ တွေ့ကြုံရပါတယ် တဲ့။ အဲဒါ အတိတ်ကအကြောင်း။ အတိတ်ကအကြောင်းမသိရင် ဒီတရုတ်မလေးက လာခေါ်ရင် ဘာလဲ၊ ဘာကောင်မလဲဆိုပြီး ရိုက်လွှတ်ရင် သူ့အမျိုးတွေ သိက္ခာကျမယ်။ သူ့ကို ကြမ်းကြမ်းတမ်းတမ်း ပြောလွှတ်ရင် သူလည်း တစ်မျိုးထင်သွားမယ်။ ဗုဒ္ဓရဲ့သာသနာကိုလည်း မယုံကြည်ရာကျသွားမယ်။ ဘုန်းကြီးက အနာခံတယ်။ အဲဒီတော့မှ သူ့နောက်ကပါလာတဲ့ ဆွေမျိုးအုပ်စုတွေက ဗုဒ္ဓရဲ့သာသနာ တယ်မှန်ပါလား။ ငါ့သမီး၊ ငါ့ညီမလေး တယ်မှန်ပါလား။ တယ်ထူးပါလား။ နောက်ကနေအားပေးတာ။ ဒါဉာဏ်ပိုင်းတွေနဲ့ လုပ်သွားတာ။ ကျောင်းရောက်လာတော့ သီလရှင်တွေက သောင်းကျန်းတော့တာ ပဲ။ ဒို့အရင်ရောက်။ ဒို့(၃)နှစ်၊ (၄)နှစ်ကျင့်တာ။ ပြောတော့တာပဲဗျာ။ ဒါကြောင့် သာသနာပြုရတာ မလွယ်ပါဘူး။ ဒါကြောင့် (ဩော် အေး အေး အေး)[၂] တရုတ်မလေးခေါ်ရာလိုက်တယ်။ တရုတ်မလေး က သားခေါ်တယ်။ ပဏ္ဍိတက မျက်ရည်လေးစမ်းစမ်းနဲ့။ ဒို့ကျတော့ အရေးတောင်မလုပ်ပါလား။ သီလရှင်တွေကပြောတော့တာပေါ့ဗျာ။ ဦးဇင်း မိန်းမက လက်ညှိုးငေါက်ငေါက်ထားပြီးပြောတော့တာ ပေါ့ဗျာ။ ဦးဇင်းကြီးခံပါတယ်။ သူတို့ပြောတာ ပန်းလေးနဲ့ပေါက်သလိုပဲ။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်ပြီ။ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်ပြီ၊ ဘယ်လိုများလုပ်ပြီး ဒီပုဂ္ဂိုလ်တွေ ချွတ်ရပါ့မလဲ။ အတိတ်နဲ့ ပစ္စုပ္ပန် နှစ်လွှာပေါင်းပြီးမှ သာသနာပြုရပါတယ်ဗျာ။ အနာဂတ်ကို ကောင်းကောင်းမွန်မွန် လွှတ်ရာ လွှတ်ကြောင်း ဝိသုဒ္ဓိဆိုတဲ့ အင်မတန်စင်ကြယ်တဲ့နှလုံးသားကနေ ဖြစ်သွားမှသာလျှင် ဒီဝိညာဉ်လေး

ဟာ ကောင်းရာကောင်းမြတ်တဲ့နေရာမှာ ကိန်းဝပ်မှာ။ (၃၁)ဘုံခွဲထားရင် ဒီဝိညာဉ်လေးဟာ (၃၁)ဘုံ လည်မယ်။ ဗြဟ္မာ့ဘုံရောက်မယ်။ အပါယ်လေးဘုံရောက်မယ်။ ဟိုးအဝီစိငရဲရောက်မယ်။ အဇာတသတ် က အပါယ်လေးဘုံမကဘူး။ ဟိုးအဝီစိရောက်နေတာ။ ဘယ်သူသိမလဲ။ အဲဒါတွေ မြင်တော့ သိတော့ ကြောက်ပြီ။ သိ၊ ပယ်၊ ဆိုက်၊ ပွားတဲ့။ အဝိဇ္ဇာနဲ့ ဝိဇ္ဇာဉာဏ်နဲ့ ယှံရင် မင်းတို့တွေ လုပ်ကြပေတော့။ မင်းတို့ဟာ အဝိဇ္ဇာအာရုံခြောက်ပါး မလွတ်ဘူး။ အာရုံခြောက်ပါးလွတ်တာက ဝိဇ္ဇာဉာဏ်၊ အာရုံခြောက်ပါးက လောကီအာရုံကို အင်မတန်အားကိုးပြီးတော့ ယူထားတဲ့စိတ်တွေ။ ဝိဇ္ဇာဉာဏ်က အာရုံခြောက်ပါးကိုပယ်ပြီ။ အဲဒါမဂ်ဉာဏ်ခေါ်တယ်။ အဲဒီမဂ်ဉာဏ်နဲ့ကြည့်မှ အတိတ် မြင်တယ်။ အတိတ်မြင်မှ ပညတ်၊ ပရမတ်ကိုသိမယ်။ စာက မှန်ပါတယ်။ မင်းက ခန္ဓာမှာကံစိုက်ထား တယ်။ ခန္ဓာမှာ ဉာဏ်စိုက်။ ဒါတွေအရေးကြီးပါတယ်။ ကံစိုက်တာက အစွဲတရား။ ဉာဏ်စိုက်တာက ကံကိုပြတ်တာ။ ဒါကြောင့် ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒါ အာသဝေါတရား လေးပါး။ အာသဝက္ခယဉာဏ်။ အာရုံပေါ်မှကံ။ ဟိုကပြောလိုက်တဲ့အသံ ကိုယ်ကကြားတယ်။ အဲဒါ ဉာဏ်။ ဟိုကကြားတာကို ယူလိုက်တယ်။ အဲဒါ အကုသိုလ်ကံ။ ကုသိုလ်ကံ။ အဲဒါ အာရုံပေါ်မှာ ဖြစ်တာ။ လာပေ့။ ကျိုက်ထီးရိုးဘုရားသွားဖူးရအောင်။ မင်းအတွက် ငါအကုန်ခံမယ်။ ကုသိုလ်ကံ၊ သမ္မာကံ။ မင်းကိုဆဲလိုက်တယ်။ အဲဒါကို သွားယူလိုက်တာ။ အကုသိုလ်ကံ၊ မိစ္ဆာကံ။ ခင်ဗျားတို့ပေါ်မှာမူတည် တယ်။ ဉာဏ်ရမှသာလျှင် ဒီကံတွေပြတ်မှာ။ မနေကဟောကဲ့တရား ဦးချိုးတိုး နဲ့ ဒေါ်အုန်းမေ။ အဲဒီ နှစ်ယောက်တွေ့ကြတယ်။ တွေ့ကြတဲ့အခါကျတော့ ဦးချိုးတိုး က တစ်ရွာတစ်ကျေး။ အဲဒီနှစ်ယောက် တွေ့ကြတယ်။ အိမ်မဲအပိုင်၊ သရက်ကုန်း။ ဦးချိုးတိုးကြီး က ကောက်ရိတ်၊ ပျိုးနုတ်တယ်။ ဒေါ်အုန်းမေ ကလည်း လယ်အလုပ်လုပ်တော့ သွားတွေ့ကြတာပေါ့။ သွားတွေ့တဲ့အခါကျတော့ ရက်ပေါင်း၊ လပေါင်း ကြာတော့ တစ်ယောက်နဲ့တစ်ယောက် မနောတွေက တစ်မျိုးဖြစ်တာပေါ့။ ဦးချိုးတိုး က မလွန်ခန့်ညား တယ်။ ဒေါ်အုန်းမေ ကလည်း အလွန်ချောတယ်။ အဲဒီပညတ်ကို သွားစွဲတာ။ ပရမတ်ကိုမမြင်တော့ဘူး။ ပညတ်မြင်ပြီ။ ပညတ်ဘာလဲမြင်သလဲ။ သညာနဲ့မြင်တယ်။ မှတ်တာ။ မှတ်စိတ်ကို သညာခေါ်တယ်။ ပညတ်ကိုတော့ ပါဠိလို လောကီခေါ်မှာပေါ့ဗျာ။ ဦးဇင်း က စာမတတ်ဘူး။ ဒါစာတွေနဲ့ရေးထားတာ။ ပါဠိလိုရေးထားရင် အနက်သိရမယ်။ အနက်သိမှ အဓိပ္ပါယ်ပေါက်မှာ။ ပါဠိ၊ အနက်၊ အဓိပ္ပါယ် ဒီလို ရေးထားတယ်။ အခု သူတို့တက်နေတဲ့ ပဋ္ဌာန်း ဦးပဏ္ဍိတ ကို ရွတ်ခိုင်း။ ဘာမှမတတ်ဘူး။ မင်းယုံရင် လာခဲ့ပေတော့။ တောင်ပိုင်တွေသွားပေတော့။ ဟော့ ကွင်းပိုင်တွေသွား။ ဒီလိုနှင်ပစ်တာကွ။ ကြက်ညီနောင်မှာ ဘုးသီးကလှုပ်လာတယ်။ မင်းက ဥယျာဉ်ပိုင်ရှင်။ ငါ့ကိုယုံတယ်မှတ်လား။ ပရိတ်တွေ

ဘာမှမရွတ်တတ်ဘူးကွ။ မင်း ငါ့ကိုယုံကြည်ရင် အဲဒီကွင်းထဲကဟာတွေကို ငါလုပ်မယ်။ ဟော့ တောင်ပိုင်တွေ သွား။ ဟော့ ကွင်းပိုင်တွေ သွား။ ဟော့ တချွေ သရဲတွေ သွား။ သူများရဲ့ ပိုင်နက်ထဲမှာ မင်းမနေနဲ့ဆိုတော့၊ နေစရာမရှိတော့ဘူးဆိုပြီး သူများခြံထဲမှာ ဘူးသီးကိုသွားလုပ်နေတယ်။ ပူးတာပေါ့။ ဒီလိုလက်တွေ့လုပ်သွားတာပါ။ ဒါ အာဏာစက်။ လူသေတော့ အမိန့်ပြန်သလိုပေါ့။ သစ္စာ၊ သမာဓိတွေ ဖြစ်လာရင် အာဏာစက်သိပ်ပြင်းတာပေါ့။ အာဏာစက်လိုချင်ရင် ဝိပဿနာရအောင်ကျင့်။ အာဏာစက်ဆိုတာ နိုင်းကြည့်ပေါ့ဗျာ။ နိုင်းကြည့်ရင် ပြပါလိမ့်မယ်။ စက္ခုဥဒပါဒိ၊ အာသော ဥဒပါဒိ၊ ဉာဏဥဒပါဒိ။ အင်မတန်မှထူးတာ။ ဘုရားက ထမင်းပွဲကြီးခူးထားတာ။ ကိုယ်က ပျင်းလည်းပျင်းတယ်။ ပေါ့လည်းပေါ့တယ်။ မဟုတ်တာတွေ လျှောက်လုပ်တော့ မဟာတ်တာတွေဖြစ်ရော။ ဖြစ်တော့ ဒုက္ခရောက်ရော။ ဒုက္ခရောက်တော့ ဘုန်းကြီးဆီကိုလာရော။ ဘုန်းကြီးဆီလာတော့ ပတည့်တော် သားကဘာ၊ သမီးက ဘယ်လို။ ထောင်ကျတော့မယ်။ ဘုန်းကြီးက ဘာလုပ်တတ်မှာလဲ။ ဘာမှ မလုပ်တတ်ဘူး။ လောကုတ္တရာကြောင်းကတော့ အပါယ်ပိတ်တရားတော့ ဟောတတ်တယ်။ လောကီ ကြောင်းကတော့ ဟော့ ကလေးတို့ ကြည့်နေကြ၊ ကြည့်စားကြ၊ ကြည့်သွားကြ။ မင်းတို့ လိမ်လိမ်မာမာ နေ။ ငါကတော့ အရင်က လူမိုက်ကြီးကွ။ လူကောင်းမဟုတ်ပါဘူးကွာ။ လူဆိုးရဟန်းပါ။ အခု လူကောင်းတော့ဖြစ်လာပြီ။ မင်းတို့ကို ငါသင်ပြမယ်ကွ။ နားထောင်ကြပါကွ။ ချဲတွေဘာတွေ မထိုးနဲ့ကွ။ မင်းတို့ ဒါတွေသိပ်မစွဲနဲ့ကွ။ ပြောပါတယ်။ လူပဲ။ မင်းတို့လည်းလူပဲ။ ပေကုန်းက ဒီညနေရောက်လာ တယ်။ ဒေးစွန်ပါက ဘုန်းကြီးတည်သွားတာ။ ပေကုန်းမှာဖြစ်လား၊ မဖြစ်လားမသိဘူး။ ဒီမှာလာပင့် တယ်။ သိုက်ကလာပင့်တာ။ ဘယ်လိုလုပ်ပြောမလဲ။ ဒီပွဲပြီးရင်သွားရမှာ။ ခင်ဗျားတို့ရပ်ကွက်က လှူပါလို့မပြောဘူး။ သူထိုင်နေတာ။ အသံချဲ့စက်နဲ့ အော်စရာမလိုဘူး။ ကြိုက်ချင်လှူ၊ မကြိုက်ချင် မလှူနဲ့။ ဒီလိုသဘောမျိုး။ လာခဲ့တဲ့၊ လှူပါလို့မပြောဘူး။ ဘုရားတွေတည်သွားတယ်။ အခု စီပင်စမ်း မှာတည်သွားတာ။ စီပင်စမ်းကျေးရွာမှာ တောင်း မတောင်းဘူးကွဲတဲ့၊ မင်းတို့ဘုန်းကြီးတွေဆီမှာလည်း မတောင်းဘူးကွ။ နိုင်ငံတော်အစိုးရဆီလည်း မတောင်းဘူးကွတဲ့။ ငါထိုင်နေတာကွ။ အဲလာလှူတာပဲ ဗျို့၊ တစ်ပုံကြီးပဲ။ စည်ပင်စမ်းဘုရားတည်လိုက်တယ်။ ပိန္နဲကုန်းဘုရားလည်း အဲဒီလိုပဲ။ မြောင်းမြမှာ သိန်းပေါင်းမြောက်များစွာ ဘယ်လောက်ကုန်လဲဆိုတာကြည့်၊ နိုင်ငံတော်အစိုးရဆီက သွပ်တစ်ပြား သွားမလျှောက်ဘူး။ သူများစိတ်ညစ်အောင်မလုပ်ဘူး။ သူ့ဟာသူ ရုံးမှာနေတာ။ လျှောက်လွှာကြီး တစ်ကားကားနဲ့ လွယ်အိတ်ကြီးနဲ့ အဲဒီလိုမလုပ်ဘူး။ ကိုယ့်ဟာနဲ့ကိုယ် မှန်ကန်ရင်ဖြစ်လာလိမ့်မယ်။ ကိုယ်မှန်ကန်ဖို့အရေးကြီးတယ်။ အဲဒါ ကံတရားတွေ။ ဉာဏ်က နလုံးသားမှာဖြစ်လို့ ကံအလုပ်တွေ

လျှောက်လုပ်တာ။ အဲဒီတော့ သူ့ဟာသူထိုင်နေတာ။ ဘယ်မှတောင်းစရာမလိုဘူး။ မူးလာတဲ့ကောင် လာခဲ့ဆိုပြီး သင်္ကန်းစည်းပေးလိုက်တယ်။ ကောင်းကောင်းနေ၊ မနေရင်တော့ မင်းသိလိမ့်မယ်။ အရက်သမားလာခဲ့။ ဘိန်းစားလာခဲ့။ အကုန်လာခဲ့။ သင်္ကန်းတွေအများကြီးရှိတယ်။ စည်းပေးတယ်။ တစ်ပုံကြီးပဲ။ သူတို့လုပ်နေတာပဲ။ မင်းကလေးမဟုတ်ဘူးကွ။ လူကြီးကောင်းကောင်းနေ။ ခင်ဗျားတို့ ပုသိမ်က ဘိန်းဖြူလား၊ ဘိန်းမဲလား။ စားလာတာ။ တရုတ်ဘယ်မှဖြတ်လို့မရဘူး။ မင်းဝတ်လိုက်တဲ့၊ ဦးဇင်းကြီး ထိန်းထားတယ်။ အဲဒီကောင်ကို ဘာမှမလုပ်စေနဲ့။ ဦးဇင်းကြီး အဲဒီကောင်ကိုပြန်အပ်လိုက်တယ်။ ကြားလားတော့ သူကောင်းလာရောဗျို့ အဲလေးသောင်း ငါးသောင်းလာလှူတယ်။ အဲ ပြတ်သွားရော သူ့သား။ အခုတော့ နည်းနည်းပါးပါးစားသေးတယ်ပြောတယ်။ ဘယ်ကရသလဲတော့ မပြောတတ်ဘူး။ လူဟာ ကိုယ့်ကိုယ်ကို ကလေးမှမဟုတ်တာ။ လူကြီးပဲ။ မကောင်းတာမလုပ်ပါနဲ့။ အဲ တစ်လုပ်တော့ ခံပေါ့။ သေရော။ မရတော့ဘူး။ ဒါကြောင့် ဦးဇင်း က ကယ်တာပါ။ ဦးဇင်းက နဂိုကကောင်းတဲ့သူမဟုတ်ပါဘူး။ ရဟန်းဘောင်ရောက်မှပါ။ ရဟန်းဘောင်ရောက်တာတောင် ဝိပဿနာ ဖြစ်လို့ရောက်တာပါ။ ဝိပဿနာမဖြစ်ရင် မရောက်သေးဘူး။ အဲဒီတော့ စာတော့သင်လို့ကိုမတတ်ဘူး။ ငါးပါးသီလ မလုပ်တတ်ဘူး။ ရှစ်ပါးသီလ မလုပ်တတ်ဘူး။ ရေစက်ချပါ။ မချတတ်ဘူးတဲ့။ ဒါဖြင့် ဘာစားမလဲ။ ကျွေးရင်စားမယ်။ မကျွေးရင်မစားဘူး။ ထိုင်နေတာ။ တူးမြောင်းကလူကြီးက အရှင်ဘုရား တပည့်တော်တို့ရွာရောက်လာပြီးတော့ ငါးပါးသီလလည်းမပေးတတ်၊ ရေစက်လည်း မချတတ်။ ပဋ္ဌာန်းလည်း မတတ်တတ်ဘူး။ ဘာမှလည်း မသိဘူး။ ဘာသွားစားမလဲ။ သူများက လာလှူမလား ဘုရားတဲ့။ မလှူနေပေါ့ဗျာ။ သူက အဲဒီလိုပြန်ပြောတယ်။ ငါ့ဟာငါ သစ်ပင်အောက်မှာထိုင်နေတာ။ တရားကျင့်နေတာ။ နင်လည်းကျင့်။ တူးမြောင်းက ကောက်တူးတဲ့ရွာ။ အဲဒီလူကြီးက လမ်းလျှောက်တာ ထော့ကျိုး၊ ထော့ကျိုးနဲ့။ ခင်ဗျားခြေထောက်ကဘာဖြစ်သလဲတဲ့။ မပြောပါနဲ့ဘုရား။ ငွေးချောင်းမှာ ချောင်းသွားမွှေတာ ငါးရိုးစူးသလား၊ တုတ်စူးသလား။ တပည့်တော်ခြေထောက်ကြီးယောင်ကိုင်းနေ တယ်ဘုရား။ အဲဒီခြေထောက်ကြီးရောင်ကိုင်းနေတာ။ စက်ကုန်းမှာ ဆေးထိုးတယ်ဗျာတဲ့။ ထိုးရတာ ဈေးဖိုးလည်း ပိုက်ဆံမရှိတော့ဘူး။ မလုပ်လည်း ပျက်နေတယ်ဘုရားတဲ့။ အဲဒီတော့ ဘာကျွေးမယ် ဆိုတဲ့လူနဲ့တွေ့ပြီဗျို့ ခင်ဗျားခြေထောက်ကိုင်ရမလားတဲ့။ ကိုင်ပါဗျာဆိုပြီး ခြေထောက်ကြီးထိုးပေးတယ်။ ဟာ ညကျတော့ အိပ်တော့ စောင်ခြုံတော့ ယောင်နေတာကြီးက ပေါက်တယ်။ ပေါက်ထွက်တယ်ဗျို့ စူးလား၊ အရိုးလားတော့မသိဘူး ပြုတယ်။ ပြုတော့ သူဝမ်းသာလိုက်တာဗျို့ ရေနွေးအိုးကြီးယူပြီး ကြံသကာတွေယူလာတယ်။ သားလေးနဲ့ သူနဲ့လာတယ်။ အပေါက်ဝမှာ။ မဝင်ရဲဘူး။ တဲထဲကို။

အဲ့အပေါက်ဝမှာနေတယ်။ တဲထဲကိုသူလှမ်းကြည့်တာ မတွေ့ဘူးတဲ့။ ဦးဇင်းကြီး ကိုပြောတယ်။ ဦးဇင်းက အထဲမှာထိုင်နေတယ်။ ထွက်လည်းလာရော ဘာလုပ်တာလည်းတဲ့။ ရေနွေးအိုးနဲ့ကြံသကာ လာကပ်တာပါ။ ဘာလို့ကပ်ရလဲ။ အာ အရှင်ဘုရားကျေးဇူးအင်မတန်ထူးမြတ်ပါတယ်ဘုရားတဲ့။ တပည့်တော်ခြေထောက်ကြီးက ပြည်ပေါက်သွားလို့ ဆူးကြီးတွေထွက်လာပါတယ်ဘုရား။ သူ ထမင်းချိုင့်ကပ်ပြီးတော့ နက်ဖြန်ပြန်မယ်ဆိုတော့ တစ်နေ့တည်းနေပါတဲ့။ တစ်နေ့တောင်မနေဘူး။ ခင်ဗျားရွာမှာဆိုပြီး ပြန်လာတယ်။ အရှုးအမူးတွေ။ ပျောက်တဲ့သူက ပျောက်တယ်။ သေတဲ့သူက သေတယ်။ ဒါ ဦးဇင်း က သဘောလေးနဲ့ပဲပြောတာပါ။ အကုန်ရှင်တယ်လို့ မပြောပါဘူး။ ဒါ သူ့ကုသိုလ်ကံ။ သူ့အပေါ်မူတည်တယ်။ ဒါ ဝိပဿနာရဲ့ စစ်မှန်တဲ့လမ်းကြောင်းပေါ်ရောက်သွားရင် ကျွဲကူးရင် ရေပါတယ်ဗျ။ အဲဒီပိုက်ဆံတွေနဲ့ အဆောက်အဦးဆောက်ပေးတာ။ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီဆိုပြီး စာကရေးထားတယ်။ ကိုယ့်ကိုယ်ကို ဓမ္မစေတီ ကောဓမ္မော ဖြစ်အောင်လုပ်။ သညာတော့မဖြစ်စေနဲ့။ ဓမ္မစေတီဖြစ်မှ ဟိုသုံးခုကို စွဲကိုင်လို့ရမှာ။ ပရိစေတီဆိုတာ။ ခင်ဗျားတို့ စာတတ်တာပဲဗျ။ ကြောင်အိမ်တို့ဘာတို့ ပရိဘောဂဆိုင်ကိုသွားဝယ်တာပေါ့။ ကျောင်းအို၊ ကျောင်းပျက် ပြင်ပေးတယ်။ ဘုရားအို၊ ဘုရားပျက် ပြုပြင်ပေးတယ်။ အဲ့သမိုင်းဝင်ဘုရားကိုကြည့်တယ်။ သမိုင်းဝင်ဘုရားကိုလုပ်ပေးတယ်။ အဲ ခုနကပြောသလိုပေါ့။ အဲဒီရွာသူရွာသားက ဘုရားတည်ချင်တယ်ဆိုတော့ ဘုရားပျက်မရှိရင် နိုင်ငံတော်အစိုးရဆီက သွားလျှောက်ရတယ်။ သူ့မြေမှာ ကိုယ်ဖွတ်တည်လို့မရဘူး။ သူခွင့်ပြုမှ ဘုရားတည်လို့ရတယ်။ ခုနက ဘုရားပြို၊ ဘုရားပျက်၊ စေတီပုထိုးက အဟောင်းဆိုတော့ ပြန်ပြီးတော့တည်ပေးတာ။ ဒါက သမိုင်းဝင်ဘုရားခေါ်တယ်။ ဘုရားတည်တယ်ဆိုတာ နားလည်ဖို့ လိုတယ်ဗျာ။ နားမလည်ဘဲနဲ့ စွတ်လုပ်။ စကားတွေဘာတွေများတတ်တယ်။ အဲဒါကြောင့်မို့လို့ ကုသိုလ်က အကုသိုလ်ဖြစ်တတ်တယ်။ (စိတ်)၂။ ဘယ်စိတ်လဲ။ မနောစိတ်။ ကံကိုးဗျ။ အဲဒီကံဟာ ဘာကြောင့်ဖြစ်ရတာလဲ။ ဟောလာပြန်ရော။ အဲဒီကံဟာ ရုပ်နဲ့နာမ်မကွဲလို့ ကွဲရင် ဉာဏ်ဖြစ်ပြီ။ ရုပ်နဲ့ နာမ်မကွဲလို့ ကံဖြစ်တာ။ အဲဒီလိုပဲပြောလိုက်မယ်။ ရုပ်တခြား၊ နာမ်တခြား။ နာမ်ဟာ ဟိုမှာဝင်သွားပြီ။ ဘယ်သူသိမလဲ။ ရုပ်ကြီးအုပ်ထားတာ။ အဲဒါကွဲသွားတာ။ အဲဒီလိုသဘောမျိုးဖြစ်ရင်တော့ မင်း လက်ခမောင်းခတ်ပေတော့ပေါ့။ ရုပ်နဲ့ နာမ်မှ ပရိစ္ဆေဒဉာဏ်၊ ယထာဘူတဉာဏ်မှ မရရင် ကံပဲတဲ့။ မင်းအခုလုပ်တဲ့ လုပ်ကျေးဇူးရဲ့ သမ္မာသမတ်ဖြစ်မှာပေါ့တဲ့။ ရုပ်နဲ့နာမ်ကွာသွားရမယ်။ ကွာပြီးသွားရမယ်။ သူများသွားမမေးနဲ့။ အရူးဖြစ်နေဦးမယ်။ ကိုယ့်ဟာကိုယ်သိရမယ်။ အင်မတန်မှ အေးတဲ့အရသာပဲ။ ဘာနဲ့မှမတူဘူး။ အဲဒါကြောင့်မို့လို့ ခင်ဗျားတို့ဝါးခယ်မမြို့ကြီးမှာလာပြီးတော့ ကိုယ့်ဖအေလို၊ ကိုယ့်

အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်ညီလို စကားပြောတဲ့အခါ ဦးဖင်း က စာမတတ်တော့ ပြောမှားဆိုမှားရှိရင် တောင်းပန်ပါတယ်။ ဆရာတော်တွေ စစ်မယ်ဆိုရင်လည်း လာစစ်လို့ရပါတယ်။ အဲဒီလို စစ်လို့ရလို့မှားတယ်ဆိုရင် အဲဒီနေရာမှာတင် သင်္ကန်းတစ်ခါတည်းချွတ်ပေးပါ့မယ်။ ပုဆိုး၊ အင်္ကျီဝတ်။ သွားမယ်။ ငါ့သဘောပေါက်သွားပြီတဲ့။ အားလုံး သံဃာပေါင်းစုံကချွတ်ပေးပါဆိုရင် အချိန်မရွေး ချွတ်ပေးပါမယ်တဲ့။ သူ့ဘာမှမပြောဘူးတဲ့။ ထွက်သွားမယ်တဲ့။ ငါအဲဒါမှ သာသနာမပြုရဘူးပေါ့တဲ့။ ဒကာ၊ ဒကာမများ သာသနာပြုချင်တဲ့သူကို ငါကပြီးပြီပေါ့တဲ့။ အမိန့်ချလိုက်တာ။ ငါ့တာဝန်ကုန်ပြီတဲ့။ ထမင်းတစ်လုတ်အတွက် မပူတော့ဘူးတဲ့။ ထမင်းတလုတ်ကို ငါစားတတ်ပြီတဲ့။ နေတတ်ပြီ၊ သွားတတ်ပြီ။ အိပ်တတ်ပြီတဲ့။ အားလုံး ငါသိသွားပါပြီတဲ့။ ဒီလောက်ဆို သဘောပေါက်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊
ဝိသုဒ္ဓိမဟာမြင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## (၁၄.၂.၁၉၉၆)ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင် ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ဟောကြားတော်မူခဲ့သော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာ
# တရားတော်အမှတ် (၂၂)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

## (၁၄-၂-၁၉၉၆)ရက်နေ့၊ ရောဝကီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့တွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော "ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်"

အကျိုးနဲ့အကြောင်းကိုမြင်မှ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ၊ လောကုတ္တရာဉာဏ်နဲ့ကြည့်မှ သဘောပေါက်မယ်။ ကျင့်တဲ့သူပဲသိပါတယ်။ ဒါကြောင့် သစ္စာနဲ့ဟောတာ။ လိမ်ပြောခြင်း၊ မုသာဝါဒကံ အာပတ်ကြီးတွေ လိမ်ရင် မဟာအဝီစိကို ကျပါမယ်။ မှန်တာပြောရင် သစ္စာခေါ်ပါတယ်။ ဒါကြောင့်မို့ သစ္စာဉာဏ် ကိစ္စဉာဏ်၊ ကတဉာဏ်၊ အဲဒီတော့ ဘုရားက ဟောပြပါတယ်ကွာ။ မိစ္ဆာဒိဋ္ဌိဆိုတာ ငါသိတယ်။ ငါတတ်တယ်။ ငါနားလည်တယ်။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့မယား၊ ငါ့သား ငါပိုင်တယ်ဆိုတဲ့ မနောကံယူထားတဲ့အယူက မှားနေပြီ။ ဒါ ကာယကံရှင်သိလိမ့်မယ်။ အခုနက သမ္မာကိုတော့ သမီးတို့ သားတို့ ရှိခိုးကြဟေ့။ ကန်တော့ကြဟေ့။ ဘုရားကိုဝတ်ပြုကြဟေ့။ ဒါကောင်းတဲ့မင်္ဂလာကို နှလုံးသွင်းတာတဲ့။ သဘောတရားခေါ်ပါတယ်။ မကောင်းကို နှလုံးသွင်းထားတယ်။ ငါ့မယား၊ ငါ့သား မကောင်းတာနှလုံးသွင်းလို့ မိစ္ဆာ ခေါ်ပါတယ်။ မကောင်းတာ နှလုံးသွင်းတာကို သွားစွဲတာက ဒိဋ္ဌိ အဲဒါ မိစ္ဆာဒိဋ္ဌိ ပါဠိလိုခေါ်တယ်။ အဲဒီတော့ ဥပမာလေး ပြောကြမယ်ဆိုရင် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဟောဘယ်စိတ်လဲ မနောစိတ်၊ အဲဒါကိုကျင့်တဲ့သူပဲသိပါတယ်။ အဲဒါကို မှန်သော ကတိသစ္စာနဲ့ နွယ်မြက်သစ်ပင်ဆေးဘက်ဝင်တဲ့ ဒီမေတ္တာရေတွေက ဆေးတွေပါ။ ဦးဇင်းကဘာမှမတတ် ပါဘူး။ ဒါဘာလဲ သီလရဲ့တန်ခိုး။ ဘယ်သီလလဲ။ အတွင်းသီလ စိတ္တ ဝိသုဒ္ဓိခေါ်တယ်။ အပြင်သီလက သီလဝိသုဒ္ဓိ ခေါ်တယ်။ အဲဒါ ပရိပတ္တိသွားတဲ့လိုင်းခေါ်တယ်။ ပရိယတ္တိသွားတာက သီလဝိသုဒ္ဓိ ဒါကိုစစ်ဆေးမယ်ဆိုရင် ဘာကိုမူတည်ပြီးစစ်ရမလဲဆိုတော့ ကာယကံ ဝစီကံ မနောကံ ဒီကံ(၃)ကံပဲ မနောကနေပြီးတော့ မိစ္ဆာဒိဋ္ဌိဖြစ်အောင်လဲ သူပဲ။ သမ္မာဒိဋ္ဌိဖြစ်အောင်လည်း သူပဲ ဒါကာယကံလည်းသိတယ်။ အဲဒါသူ့အပေါ်မှာပဲမူတည်တယ်။ သူ့နှလုံးသားဖြစ် နေတာ။ ဘေးပတ်ဝန်းကျင်ကမသိဘူး။ အဲဒါ မိစ္ဆာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ နှလုံးသားကနေပြင်နေတာ။ အဲဒီတော့ ပါးစပ်က ထုတ်ပြောပါတယ်။ နှလုံးသားက အကျိုးရှိတာကို နှလုံးသွင်းရပါမယ်။ အကျိုးမရှိတာကို မလုပ်ရဘူး။ အဲဒီတော့ သီလဝိသုဒ္ဓိဆိုတာ (၇)ပါးကို ခေါ်တာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ စာတစ်လုံးမှမတတ်ဘူး။ ဦးဇင်းရဲ့ ဒကာကြီးတွေ ဒကာမကြီးတွေလည်း ပြန်ရမှာပဲ။ ဦးဇင်းရဲ့ ပြန်ရမှာပဲ။ ဦးဇင်းလည်း အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားလည်း ရှိပါတယ်။ ဒကာ ဒကာမတွေမှာလဲ ရှိပါတယ်။ ဒီဘဝကနေပြီးတော့ အနာဂတ်ကိုလည်း ပြန်ရမယ်။ ဒီပစ္စုပ္ပန်ဘုံမှာ ထူးမြတ်တဲ့သီလဂုဏ် သမာဓိဂုဏ်တွေနဲ့ ဂမ္ဘီရဉာဏ် ဇဝနဉာဏ် ဒီလိုဉာဏ်တွေနဲ့ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ လေ့လာပါ၊ စုံစမ်းပါ၊ မေးမြန်းပါ။ ပြောတိုင်းမယုံပါနဲ့။ မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိက နှလုံးသားကနေဖြစ်နေတာ။ ဖြစ်နေတော့ ကလေးရေ သမီးတို့သားတို့ ဘုရားရှိခိုးကြ။ မင်္ဂလာ(၃၈)ဖြာ ရှိခိုးကြ၊ ကောင်းသောနှလုံးသွင်းခြင်းဟိုဟာက မကောင်းသော နှလုံး သွင်းခြင်း။ ဟိုဟာကမကောင်းသော နှလုံးသွင်းခြင်း၊ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ အဲဒါတွေက သူ့အပေါ်မှာမူတည်ပါတယ်။ အဲဒါတွေက အတ္တခေါ်ပါတယ်။ ဒါတွေကို နှလုံးသွင်းလို့ အစွဲခေါ်တယ်။ အဲဒီတော့ သီလဝိသုဒ္ဓိဆိုတာ ကာယကံ ဝစီကံ မနောကံ အဲဒီတော့ ကာယကံ(၄)ပါး၊ ဝစီကံ(၃)ပါး၊ (၇)ပါးကို သူကရှောင်ထား တယ်။ အဲဒီတော့ သူတော်ကောင်းတရားကို သူကယူထားတယ်။ အပြင်ကဟာတွေယူထားတယ်။ သူများအသက် မသတ်ပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မပြစ်မှားပါဘူး။ အဲဒါတွေက အပြင်မျက်စိတံခါး၊ နားတံခါး၊

နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး၊ အဲဒီတော့ ဒီငါးပါးနဲ့မနောနဲ့ကို ဒီက သမ္မာဒိဋ္ဌိဖြစ်အောင်ယူတယ်။ မိစ္ဆာဒိဋ္ဌိဖြစ်အောင် မယူဘူး။ ဒါဝိပဿနာလိုင်း၊ ဟိုက ပါဏာတိပါတာ၊ အဒိန္နာဒါနာတို့က ပရိယတ္တိလိုင်း၊ အဲဒီတော့ အာရုံ(၆)ပါး မနောထိန်းထားတယ်။ စက္ခုအာရုံ မနောအာရုံ နားသောတအာရုံ လျှာအာရုံ ကိုယ်အာရုံအပြင် အာရုံနဲ့မပေါင်းဘူး။ အဲဒီတော့ မစွဲဘူး။ သူက(၇)ခုကိုတော့ထိန်းတယ်။ ဒါပေမဲ့ သူစွဲတယ် ဘာစွဲလဲ။ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာ ဒါကို သူမထိန်းနိုင်ဘူး။ မနောက စိတ်တဝိသုဒ္ဓိဖြစ်အောင် သူမလုပ်ဘူး။ စိတ္တ ဝိသုဒ္ဓိဖြစ်တာက ဝိပဿနာလိုင်း စာပေကျမ်းဂန်နဲ့က ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ နစ္စ၊ ဂီတာ၊ ဝါဒိက၊ ဝိသူက ဒဿန၊ မာလာ၊ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာန ဒါတွေကို သူထိန်းထားတယ်။ မနောကျတော့ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာသူမထိန်းဘူး ဗျာပါဒဆို စိုးရိမ်ကြောင့်ကျတဲ့စိတ်၊ အဲဒီတော့ တွေးမယ်။ တွေးပြီးရင် မှန်တယ်ဆိုပြီး ကြံစည်မယ်။ ပြီးရင် နှစ်သက်မယ်။ ဒီအချက်(၃)ခုကိုပေါင်းမှ ကာယကံမြောက်မယ်။ ခင်ဗျားစဉ်းစားပါ။ ခင်ဗျားတွေးနေတာ ကာယကံရှင်သိလိမ့်မယ်။ ဒါကတော့ စိတ်ပိုင်းနဲ့ ပတ်သက်တာကိုပြောပြတာ။ ကောင်းတာပဲတွေးတွေး၊ မကောင်းတာပဲတွေးတွေး အဲဒီတော့တွေးပြီးရင် ကြံစည်တဲ့စိတ်၊ အဲဒါဘယ်လိုလဲဆိုတော့ ဦးဇင်းက စာမတတ်ဘူး။ ဉပမာ-ငါဆွဲကြိုးချမယ်ကွာ။ ငါအားကြီးရှက်တယ်။ သူတွေးတာ မိဘမသိဘူး။ သူငယ်ချင်း အပေါင်းအသင်းမသိဘူး။ ဆွေမျိုးညာဏကာတွေမသိဘူး။ ငါဆွဲကြိုးချမယ်။ ဒီညတော့ ငါချမယ်။ မထူးတော့ပါဘူး။ အဲဒါသူတွေးတာ။ အတွေးမှားနေပြီ။ အဲဒါစာအရဆို မိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ တွေးပြီးရင်ကြံစည်မယ်။ ကြံစည်တာဘာလဲ။ ကြိုးလိုက်ရှာမယ်။ ကြိုးကတော့မလာဘူးဗျ။ လျှောက်ရှာတာပဲ။ ကြိုးမရရင် ပုဆိုးဖြဲမယ်။ အဲဒါကြံစည်တဲ့စိတ်ခေါ်တယ်။ ကြံစည်ပြီးရင် ရလာပြီ။ ရလာတော့မှ သူနှစ်သက်တော့မှကိုးဗျ။ သူ့အကြံအစည်အောင်မြင်တော့မှာကို အဲဒီကြိုးရတော့ လည်ပင်းချည်တယ်။ ငါဘယ်လိုနေရင် ဘယ်လိုလုပ်ရင် သင့်တော်တယ်ဆိုတာ သူဟာသူသိတယ်။ လည်ပင်းကြိုးချည် ထုတ်ကြိုးချည်ပြီးတော့ ခုန်ချ အဲဒါနှစ်သက်တာပဲ။ ခုန်ချတယ်။ အဲဒီအချက်(၃)ချက်ကို ကာယကံမြောက်တယ်လို့ခေါ်တယ်။ မနောက မျက်စိမြင်တော့ ငါးတွေတွေ့တယ်။ ဒီငါးတွေကို မြင်ပြီကွ။ ငါးလို့မှတ်တာက သညာ။ မကောင်းတဲ့ငါး သူမလုပ်ဘူးဗျ။ အဲ ငါးကြင်းတွေ ငါးသိုင်းတွေ ဘာတွေ။ ငါးသလောက်တွေ ငါးရဲ့နာမည်တ် ပညတ်ကိုခေါ် သမုတ်ပေးလိုက်တာ။ ရုပ်ပညတ် နာမ်ပညတ် အဲဒီတော့ ဦးဇင်း စာမတတ်ဘူး။ ငါးနာမည်က ငါးကြင်း၊ ငါးသလောက်၊ ငါးပတ် အမျိုးမျိုးပေါ့။ အဲဒါ နာမည် ပညတ်ကိုခေါ်တာ။ ကိုယ်မှာ ရှိတာက သညာ။ ကိုယ်မှာ ကျင့်တဲ့စရဏမရှိဘူး။ ကိုယ့်ရဲ့ မိမွေးတိုင်း ဖမွေးတိုင်း ပါလာတဲ့ အသိသညာကနေမှတ်တာ။ ဒီငါး သိပ်ကောင်းတာပဲ။ အချိန်(၃၀)လောက်ရှိပြီ။ မျက်စိကမြင်တယ်။ စက္ခုအာရုံကမြင်တယ်။ မြင်တော့ မှတ်တယ်။ မနောမှာ သေမဏာသဖြစ်ပြီး တုတ်ရှာတယ်။ အဲဒီတော့မှ သွားရိုက်တာ။ အဲဒါ ကာယကံမြောက်ခေါ်တယ်။ ဒါက တစ်မျိုးနည်းနဲ့ ကာယကံမြောက် မနောကနေဖြစ်တာ။ သိပ်အရေးကြီးပါတယ်။ သီလက လွယ်သယောင်နဲ့ နက်နဲခက်ခဲပါတယ်။ ဦးဇင်းက စာမတတ်ဘူး။ မျက်စိကတော့မြင်တာပေါ့။ ဒါကြောင့်မို့ သီလ ဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိဘုရားကဟောတယ်။ သမုဒ သစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမက်သစ္စာ၊ အရိယာသစ္စာ၊ ဒါဘုရားဟောတာ။ သမုဒိသစ္စာဆိုတာ အပြင်မှာ ကိုယ့်ရဲ့လင်မယား၊ သားသမီးတွေ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီမင်္ဂလာ(၃၈)ဖြာနဲ့ စိတ်ချမ်းသာအောင်နေတယ်။ သားတို့ သမီးတို့ အဖေ အမေကန်တော့ကြ။ ဘုရားရှိခိုးကြ။ အဖိုး အဖွား ကန်တော့ကြ။ ဒါမလွတ်ပါဘူး။ ဘုရင်းလည်း မလွတ်

ပါဘူး။ သတ္တဝါမှန်သမျှ ပြန်ရမှာပဲ။ သဗ္ဗေသင်္ခါရ အနိစ္စတဲ့၊ ကြည့်စမ်း ဝမ်းနည်းဖို့ကောင်းလိုက်တာ မရှိတာရှာလို့ရတယ်။ မသိတာက အခက်ဆုံးပဲ။ အခုနကပြောသလို့ပေါ့ဗျာ။ မနောကတွေးတယ်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဥပမာပေါ့ဗျာ။ စာနဲ့အသိနဲ့ပြောရတာကို စာကရေးထားတယ်။ စက္ခုအာရုံ၊ နားသောတအာရုံ၊ စိတ်ပိုင်လာပြီကြားတယ်။ ဦးဇင်းနာမည် ထည့်လိုက်ပါဗျာ။ မြမောင်ပေါ့ဗျာ။ မြမောင်ကို ကလော်ဆဲလိုက်တယ်။ နားကြားတယ်။ သိတယ်။ သညာက မှတ်ပေးတယ်။ ဟေ့မြမောင် မင်းကိုဆဲနေပြီကွ။ မင်းလူတောထဲမှ လက်ဖက်ရည်ဆိုင်မှာ သညာကမှတ်ပေးတယ်။ အဲဒီကော့မှ ဒေါသဖြစ်တယ်။ သူပြန်ပြီးဆဲတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ အဲဒါ သီလပျက်တယ်။ ဒေါသ လောဘဖြစ်သွားတာကို သီလဆိုတာ လောဘ ဒေါသ တဏှာ မာန ဒိဋ္ဌိ ခေါင်းပါးရမယ်။ သဘောလေးပြောရမယ်ဆိုရင် ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ခေတ်နဲ့ ဒီခေတ်နဲ့။ ခေတ်ကိုပြန်ကြည့်ပေတော့။ စာကတော့ မူသေရှိတယ်။ လူတွေရဲ့စိတ်က တွေးသာကြည့်ပေတော့။ ဘုရားခေတ်ရဲ့ကာလအချိန်မှာ သစ်ပင်တစ်ပင်စိုက်။ ဘူးပင်တစ်ပင်စိုက်။ ဘူးသီးအများကြီးသီးတယ်။ ငှက်ပျောပင် ဒီပင်စိုက်ရင် အများကြီးသီးတယ်။ ဒီခေတ်မှာမလွယ်တော့ဘူးဗျ။ ခေတ်ကိုပြောတာ။ ဘုရားခေတ်ရဲ့စာတွေက ပကတိ အခုထိရှိတယ်။ လူတွေရဲ့စိတ်တွေက မမှန်တော့ဘူး။ ဘာဖြစ်လို့ မမှန်လဲ ဒီခေတ်ကိုပြန်ကြည့်မယ်ဆိုရင် ဘောဂသံမ္ပတ်ခေတ်ဖြစ်နေတယ်။ ဘောကပစ္စည်းက နိုင်ငံခြားက အမျိုးမျိုးဝင်လာတယ်။ ထီးကောက်တို့ ရေဒီယိုတို့ ကက်ဆက်အမျိုးမျိုးပဲ။ ဘုန်းကြီးကတော့ စာတော့မတတ်ဘူး။ အဲဒါကိုလိုချင်တပ်မက်မောပြီးတော့ အတ္တတွေဖြစ်နေတယ်။ အတ္တဆိုတာ အစွဲပေါ့၊ ကိုယ်ပိုက်ဆံရှိတာကိုပဲ ကိုယ်ဝယ်လို့ရပါတယ်။ ဘာလုပ်လုပ်ရတယ်။ ကိုယ်ရှိတာကို တရားသစ္စာရဲ့အကြောင်းဟောပြတာ။ ဒါတွေဝယ်တယ်။ ဒါတွေလုပ်တယ်။ ဒါကြောင့် သူ့မှာလိုလားချက်တွေ အခြေအရံတွေအများကြီးရှိလာတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ခေတ်ကာလက ဒါမျိုးမရှိပါဘူးဗျာ။ အဲဒီတော့ ဘုရားက ဘယ်မှာပွင့်လဲ။ အိန္ဒိယမှာပွင့်တယ်။ ဒါဗမာပြည်ကို ဦးဇင်းပြောပြမယ်ဆိုရင် ဦးဇင်းက စာမတတ်ဘူး။ မပြောတော့ မပြောသေးဘူး။ သမုဒ္ဒ နဲ့ ဘလိက ညီနောင်နှစ်ပါးကို ရက္ခစိုးကပြတာ။ ဒါမှသူသိတာ။ မင်းတို့ ဘယ်ကလာလဲ။ ကျွန်တော်တို့ ပုဂံပြည်ကလာတယ်။ ကုန်သည်ညီနောင်ပါဘုရားတဲ့။ အေး ဘုရားပွင့်နေပြီကွ။ သွားဖူး သွားဖူး။ အဲဒါ ရက္ခစိုးများကြီးက သူတော်ကောင်းတွေက လွှတ်တာပါ။ သောချာမှတ်။ ရက္ခစိုး၊ နတ်၊ တောင်ပိုင်၊ ကွင်းပိုင်၊ သရဲ တစ္ဆေရှိတယ်။ ခင်ဗျားတို့မမြင်လို့၊ သူခေါ်ထားတာ သရဲ တစ္ဆေ သဘက်၊ နတ်၊ သိကြားမင်း၊ ဗြဟ္မာမင်းရှိတယ်။ ထုတ်ပြဆိုတော့ ဘယ်လိုလုပ်ပြမလဲ။ ပညတ်တရားနဲ့ ပရမက်တရားရှိ ပရမတ်ကို ထုတ်ပြပါဆိုတော့ ဘယ်လိုလုပ် ထုတ်ပြမလဲ။ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ၊ နလုံးသားကဖြစ်တာကို ဦးမြမောင်ကြီးဟိုက ဆဲလိုက်တယ်ကြားတော့ တစ်ခါတည်း ဒေါသဖြစ်တယ်။ ဒါသီလပျက်တယ်။ အဲဒီတော့ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒီခေတ်ကာလမှာ စိတ်ကိုထိန်းရမယ်။ သီလဝိသုဒ္ဓိ ဒီအပြင်သီလကိုယူရင် စိတ်မချရဘူး။ မမှန်ဘူးမပြောဘူး။ စိတ်မချရဘူး။ လုပ်မဲ့ပလုပ် အတွင်းသီလကို ထိန်းကျောင်းကြပါ။ အတွင်းသီလက အော် အေး အေး ငါ့ဆဲပါလား။ ဆဲတယ်။ မဆဲတယ်ဆိုတာ ပြောပြမယ်။ အဲဒီတော့ ဘုရားကဟောတယ်။ သဗ္ဗေ သင်္ခါရ အနိစ္စတဲ့၊ သင်္ခါရ အနိစ္စဆိုတာ အနိစ္စက ငါမြင်တာက မမြဲပါလား။ မမြဲတာဟာ အနိစ္စ၊ ကြားတာဟာ မမြဲတာ အနိစ္စပါလား။ နံတာဟာ မမြဲတာ အနိစ္စပါလား။ အဲဒါ အနတ္တစိတ်ခေါ်တယ်။ မြင်တာကိုသွားစွဲတာ အတ္တစိတ်ခေါ်တယ်။ အတ္တစိတ်မှာ ပြန်ခွဲပြမယ်။ ကောင်းသော

မြင်ခြင်း၊ မကောင်းသောမြင်ခြင်း၊ မကောင်းမြင်တာက မိစ္ဆာဒိဋ္ဌိ စာကရေးထားတယ်။ ဥပမာပေါ့ဗျာ။ မြင်လိုက်တယ်။ ဟာ ဦးမြမောင် ရဲ့သမီး လှတစ်ယောက်ကဖက်နမ်းတယ်။ အော် မမြပါလားဆိုတော့ အနတ္တဖြစ်သွားပြီ။ မြပါလား ဆိုတော့ ဦးမြမောင် ခါးနဲ့ခုတ်တော့မယ်။ သမီးထိတော့ စွဲတာကိုဗျ။ အကြောင်းသတ်တရားကို အကြောင်းမသတ်တော့ ကိုယ်သီလပျက်တယ်။ အော် ငါ့သမီးဟာ ဘဝကကုသိုလ်ကံတရားတွေပဲ။ ကာမဝဋ် ဘဝဝဋ်က ကုသိုလ်ကံတရားတွေ ပဲ။ ကာမဝဋ် ဘဝဝဋ် ဝိပါကဝဋ် သတ္တဝါတစ်ခု ကံတစ်ခုပဲ။ ကျွန်တော့်သမီးလေးပါဗျ မလုပ်ပါနဲ့။ ကျွန်တော်တောင်းပန် ပါတယ်ဗျ။ ဒါသမ္မာဒိဋ္ဌိမြင်လိုက်တယ်ဆိုကတည်းက တုတ်ဆွဲ ခါးဆွဲရိုက်ချင်ပြီ။ အဲဒါ မိစ္ဆာဒိဋ္ဌိ အပါယ်ကိုသွားမယ့်စိတ် အဲဒီတော့ ဒီအာရုံ(၆)ပါးပေါ်မှာပဲ ဖြစ်နေကြတာ။ ကာယကံ ဝစီကံ မနောကံ ဒီနုသာယ ကာယာနုပဿနာဝေဒနာ နုပဿနာ စိတ္တာနုပဿနာ ဒါဘဝင်စိတ် ဒါကာယကံရှင်ပဲသိပါတယ်။ ချက်ချင်း အကျိုးပေးပါတယ်၊ ဒီသီလစိတ္တ ဝိသုဒ္ဓိ ကို ထိန်းကျောင်းရင် သီလဟာ အင်မတန်မွန်မြတ်ပါတယ်။ ဟောဒီဘဝမှာ ခင်ဗျားရဲ့နှလုံးသားကို ထိန်းထားတာ။ မြင်တာ သီလ၊ ကြားတာ သီလ၊ နံတာ သီလ။ အဲဒါ ဘုရားရေးတဲ့ တရားသီလ ဗမာလို မိမိရဲ့စိတ်က လောဘ ဒေါသ ခေါင်းပါးရမယ်။ မိစ္ဆာဒိဋ္ဌိ လောဘ ဒေါသ မလုပ်ရဘူး။ သမ္မာအာဇီဝ သူလဲတင်တယ်။ ကိုယ်လည်းတင်တယ်။ သူ အကျိုးရှိ ကိုယ်အကျိုးရှိ အခုတော့မလုပ်နဲ့။ ခင်ဗျားတို့ ဆန်တစ်အိတ်ဝယ်လာတယ်။ ဆန်ကွဲက (၄)ပြည်လောက်ထိုး တယ်။ စားတော့အများ၊ ခံတော့တစ်ယောက်တည်း။ သိကြားမင်းသိတယ်။ ဗြဟ္မာမင်းသိတယ်။ အိမ်စောင့်နတ်သိတယ်။ ဒါကြောင့် ဒကာ ဒကာမတွေရဲ့ စိတ်ကွေးချင်ရာတွေးတော့ ဘေးပတ်ဝန်းကျင်က သိပါ့မလားတဲ့၊ မသိပါဘူးတဲ့။ အဲ မသိတဲ့သူများတယ်။ သိတဲ့သူကရှိတော့ရှိတယ်။ မပြောဘူး။ ဒါစိတ်ပိုင်း စိတ္တဝိသုဒ္ဓိခေါ်တယ်။ ဒါဝိပဿနာလိုင်း၊ ဒါကြောင့်မို့ သမုဒ်သစ္စာ၊ သဘာဝသစ္စာ၊ ဝိရတိသစ္စာ၊ ပရမတ်တသစ္စာ၊ အရိယာမဂ်သစ္စာ၊ ဥပမာ ဦးပဏ္ဍိတကို ဒကာမ တစ်ယောက်က အရှင်ဘုရားကို ကထိန်သင်္ကန်းကပ်ပါတယ်ဘုရား။ ငွေကလည်း (၆၀၀၀)ပေးပါတယ်။ ယူတယ်ဗျ။ မျက်စိဖွင့်ကြည့်တယ်။ ဒကာမက ဘယ်သိမလဲ။ သောမနဿဖြစ်တာ သင်္ကန်းတောင်မှ စီပိုင်စီကွ။ အဲဒါ ကံဘုန်းကြီး ခေါ်တယ်။ ဒကာမကြီးက သောတာပန်စစ်နေပြီ။ အထင်လည်းသွားမသေးနဲ့၊ အထင်လည်း မကြီးနဲ့၊ အဲဒီ ဦးပဏ္ဍိတက သောတာပန်မဖြစ်သေးဘူး။ အကြောင်းရှာရင်တော့ တွေ့ကြပြီ။ ဘုန်းကြီးလည်း လူပေါ့ဗျာ။ သူ့ရဲ့အကျင့်တရားတွေကို မွန်မွန်မြတ်မြတ်နဲ့ ကျင့်တယ်၊ မကျင့်ဘူးဆိုတာ သိကြားမင်းသိတယ်။ လူကတော့ ဘယ်သိလဲ၊ လူကသနားဖို့ သိပ်ကောင်းပါတယ်။ အခုနက ဒကာမက သောတာပန်ဖြစ်တယ်၊ ဦးပဏ္ဍိတက သင်္ကန်းတွေသွားစွဲတယ်၊ သောမနဿ ဖြစ်တော့ မနောလေးက ဝမ်းသာတယ်။ အဲဒါစွဲတာကံပဲ။ စွဲရင် ဒုက္ခသစ္စာခေါ်တယ်။ အဲဒီတော့ ဝတ္ထုကာမနဲ့ ကိုယ်မှာ ရှိတဲ့ ကိလေသာ ကာမနဲ့ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏၊ ကိုယ်လဲကြိုက်၏။ အရိယာမကြိုက်ဘူး။ ကိုယ်စိတ် ကို စစ်၊ ကာယကံ ဝစီကံ မနောကံ အဲဒီတော့ ဒီကံတွေကို သမ္မာဒိဋ္ဌိနဲ့ထိန်းထားတယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိကို မလုပ်ပါ ဘူးဗျာ။ အရက်မသောက်ဘူး။ ဖဲမရိုက်ဘူး။ မိစ္ဆာဒိဋ္ဌိဆိုတာ လုပ်ချင်တာလျှောက်လုပ်တယ်။ သမ္မာဒိဋ္ဌိက ဘာမှမလုပ် ဘူး။ ကောင်းတာပဲလုပ်တယ်။ ကောင်းတာပဲဝတ်တယ်။ ဒကာ ဒကာမတွေကြည်ညိုအောင် ဟင့်တင့်တယ်တယ်နေ တယ်။ မနောက မှန် မမှန် သူ့အပေါ်မူတည်တယ်။ မလုပ်နဲ့ဗျ။ ကတုံးတွေလည်း ဟိုးအောက်မှာရောက်နေကာတစ်ပုံ ကြီးပဲ။ အခုနက ဒကာမကြီးက သောတာပန်တည်နေပြီ။ ဦးပဏ္ဍိတက အဲဒီသင်္ကန်းကို မနောကသွားစွဲနေပြီ။ မျက်စိမြင်

တယ်။ မှားကြောင်းတယ်။ အဲဒါသွားစွဲတာ ကံဖြစ်ရနေပြီ။ ကကုံးလဲ လူပဲဗျ။ မှတ်ထား တရားကမှန်ရင် ပုတ်စော်နံတယ်။ သူ့ဟာနဲ့သူ ကျိုတယ်။ မှန်ရင်ခင်ဇော်ကကောက်မယ်။ ဝါတော့မရှိဘူး။ အစက ဦးပဏ္ဍိတ သူသိမှမသိတာ။ ခိုးမယ်။ လိမ်မယ်။ ပြောမယ်။ အဲဒီဗိုလ်တဲမှာ အရာကြီး ဦးချစ်အေး ရဲ့ ဓလဝမ်ပါဗျာ။ အဲဒါစောင့်တာတောင် ကောင်းကောင်း မစောင့်ဘူး။ ဈဲဒီမီးချောင်းထဲကချုပ်ကိုခိုးသေးတယ်။ ဒါ အစိန္တဒါနပါ။ ဒါသမ္မာဒိဋ္ဌိမဟုတ်ဘူး။ မိစ္ဆာဒိဋ္ဌိပါ။ အဲဒီမိစ္ဆာဒိဋ္ဌိ ကို ယူတာ သဘောကိုပြန်ပြောတာ။ အဲဒီလိုလုပ်လာတာ သမ္မာဒိဋ္ဌိဆိုတာ လျှုမယ်။ တန်းမယ်။ လူကြီးကို ရိုသေမယ်။ လူငယ်ကိုလေးစားမယ်။ အဲဒီတော့ ဖဲရိုက်မယ်။ အရက်သောက်မယ်။ မကောင်းတာတွေတွေးမယ်။ မကောင်းတာတွေ ကြံမယ်။ အဲဒါမိစ္ဆာဒိဋ္ဌိ ဒါအပွါယ်လားသွားမယ်။ အဲဒီတော့ စာလည်းမတတ် ပေလည်းမကတ်ရဲအဖွဲ့မှာ လုပ်ပါတယ်။ ရဲအဖွဲ့မှာလုပ်တော့ အဲ ကိုယ်ကစာမတတ်ဘူး။ အဲ ဂါတ်စာရေးကစာတတ်တော့သူကနိုင်တော့တာပဲ။ ရဲသားလေးက အေးကွာ ညနေ(၄)နာရီ ဖောလင်းရှိတယ်။ အတွေ့ကွေ့ရှိတယ်။ ဘယ်နေရာစောင့်လိုက်။ ဘယ်နေရာစောင့်လိုက် ဟုတ်ကဲ့ဗျ။ ဟုတ်ကဲ့ဗျ။ ဟုတ်ကဲ့ဗျ။ သူကစာမတတ်တော့ စာကတ်တဲ့သူကနိုင်တယ်။ အဲဒါ ပညာနဲ့သာ သဘောလေးနဲ့ သာနာပေတော့။ အဲဒီတော့ စာမတတ်ဘူး။ ဟုတ်ကဲ့ဗျ။ ဂါတ်စားရေးက မင်း ဘာလုပ်လိုက်စမ်း။ ဟုတ်ကဲ့ဗျ။ လုပ်လည်း လုပ်ရသေး။ အမာန်လည်းခံရသေး။ ဒါကြောင့်မို့ ကောင်းပါတယ်။ ကိုယ်စာမတတ်တာကို အဲဒီတော့ ခိုးတာတွေ လိမ်ကာတွေ မကောင်းတာတွေ နှလုံးသွင်း မကောင်းတာတွေလုပ်၊ မိစ္ဆာဒိဋ္ဌိတွေ အဲဒါစွဲတာပဲ။ အဲဒါတွေးတာပဲ။ တွေးတော့ မီးချောင်းထဲကချုပ်ဟက်ယူကတယ်။ အဲဒါရမှ ပိုက်ဆံရမယ်။ ပိုက်ဆံရမှ ဖဲရိုက်လို့ရမယ်။ အဲဒီတော့ ဒါတွေလုပ် ခဲ့တယ်။ ဦးဇင်းကြီးမှားခဲ့ပါတယ်ဗျာ။ အဲဒီတော့ အဲဒါတွေကို မလုပ်ဖို့ ဦးဇင်းကြီးက တောင်းပန်ပါတယ်ဗျာ။ ဒါက ကရုဏ်ပါ။ ခန္ဓာကသိလို့၊ စာတတ်လို့မဟုတ်ပါဘူး။ ခင်ဗျားကိုပြန်ရမယ်။ အဲဒီတော့ ဘုရားကဟောတယ်။ အိမ်သူအိမ်သား (၁၀)ယောက်ရှိတယ်။ အဲဒီတော့ အဲဒီလူကြီးက ဦးဇင်းကိုပြောတာ။ ဘုရားရဲ့စာကိုမလိုက်နာရင် မင်္ဂလာ ဗိုလ်တားဖြစ်မယ်။ ဘုရားဟောအရ စာပေကျမ်းဂန်တွေကိုမလိုက်နာရင် မင်္ဂလာ ဗိုလ်တားဖြစ်မယ်။ အဲဒီတော့ လူကို ဦးဇင်းက လာဒုံး။ ဦးဇင်းကတော့ စာမတတ်ဘူး။ ခင်ဗျားကတော့ စာအုပ်ထဲမှာရှိတဲ့ဘုရားဟောတဲ့ အယူဝါဒကို မလိုက်ရင် မင်္ဂလာ ဗိုလ်တားတယ်တဲ့။ ဒါဖြင့် ဒကာကြီး လာဗျာ၊ လာဗျာ။ ခင်ဗျားအိမ်မှာ ဥပမာဗျာ- ခင်ဗျားသားသမီး (၈)ယောက်ရှိတယ်။ အဲဒီသားသမီးတွေစိတ်နဲ့ ခင်ဗျားစိတ် တူနိုင်ပါ့မလားတဲ့၊ အဲဒီတော့ တချို့တော့တူမယ်။ တချို့တော့ မတူဘူး။ အဲဒီတော့ စိတ်တူတဲ့သူကရမယ်။ မတူတဲ့သူက ဘာရမှာလဲလို့၊ အဲဒါသူ သဘောပေါက်သွားတယ်။ သကိန်းလာကပ်တယ်။ အဲဒါစိတ်ပဲဗျ။ ဒီကစိတ်ဟောတာ၊ စာမတတ်တာကိုဗျ။ သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ၊ ဒါစာ ဇမာလိုပြောရင် မကောင်းတာတွေ လျှောက်တွေး မကောင်းတာတွေကြံစည်၊ မကောင်းတာတွေနှစ်သက်တယ်။ အဲဒါနှလုံးသွင်းတာမှား နေရင် မိစ္ဆာဒိဋ္ဌိ နှလုံးသွင်းတာမှန်နေရင် သမ္မာဒိဋ္ဌိ ကိုယ်စိတ်ကိုစစ်။ အဲဒါစိတ္တဝိသုဒ္ဓိခေါ်တယ်။ ဒီသီလကို ကြိုးစားရမှ အပါယ်လေးပါးပိတ်မယ်။ အဲဒီတော့ ဒီသီလတွေက အရေးကြီးပါတယ်။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူ ကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရား ဖြဟ္မာစိုရ်တရား သံဝေဂတရားထားပါ။ ဒါမျိုးက ရင်ဝမှ မာန်ရှိတယ်။ ကြားတာနဲ့ စိတ်ပြောင်းတယ်။ မြင်တာနဲ့ စိတ်ပြောင်းတယ်။ နံတာနဲ့စိတ်ပြောင်းတယ်။ စားတာနဲ့ စိတ်ပြောင်းတယ်။ ထိတာနဲ့စိတ်ပြောင်းတယ်။ စိတ်ကိုပြောတာ။ သောမနဿစိတ်၊ ဒေါမနဿစိတ်။ ဝမ်းမြောက်တဲ့စိတ်

ဒေါသဖြစ်တဲ့စိတ်၊ ဒေါသဖြစ်ရင် သီလပျက်တယ်။ ဘုရားကသီလရေးတယ်။ ခင်ဗျားစိတ်ကိုထိန်း အဲဒီစိတ်မှာ ဒေါသ
လောဘ ခေါင်းပါးရမယ်။ ဥပမာ-ခင်ဗျား စက်ဘီးထောင်ထားတယ်။ ကျကျနန ရှိရှိသေသေ ပစ္စည်းကို အဲဒီပုဂ္ဂိုလ်က
စီးတာ။ စက်ဘီးကို ထောင်ထားတာ။ လူတစ်ယောက်က ကုလားထိုင်ကနေစက်ဘီးကို ခြေထောက်နဲ့တွန်းတာမြင်တော့
သိတာပေါ့။ အဲဒီစက်ဘီးကိုသွားစွဲတာက တဏှာ။ တဏှာကြောင့် ဒေါသဖြစ်တာက မာန်ပစ္စည်းစွဲတာ။ အဲဒါကြောင့်
ဒေါသဖြစ်တာ အယူမှား အစွဲမှား သေဖသေချာချာ အရေးကြီးပါ။ သီလလွယ်တယ်မထင်ပါနဲ့။ ဘုရားခေတ်ကာလက
သီလနဲ့ အခုခေတ်ရဲ့သီလ အခုခေတ်က ဘောဂသံမ္ပတ်အားကြီးပေါ့ဗျာ။ တစ်ရာတန် နှစ်ရာတန် ကိုးရာတန် ထီးကောက်
တွေ။ ကိုယ်က ထိုင်ဝမ် အင်္ဂလန် သွားချင်လိုက်တာ။ ဘဝင်ကမြင့်နေပြီ။ ကိုယ့်တိုင်းပြည်ကိုနေပေါ့ဗျာ။ ကိုယ့်ဟာကို
လုပ်စားပေါ့ဗျ။ ဒီမှာက အင်မတန်ကောင်းပါတယ်။ ဟိုမှာက ပြန်ရမှခက်နေပြီ။ သွားချင်တော့လည်း သူတို့ပဲ။ ပြန်ချင်
တော့လည်း သူတို့ပဲ။ အဲတရားက ကိုယ်မှာရှိတယ်။ သွားစွဲရင် ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ဒါဘုရားဟောတာ။
ခင်ဗျားကသွားစွဲရင် ကောင်းတာပွဲစွဲစွဲ မကောင်းတာပဲစွဲစွဲ အဲဒါဒုက္ခသစ္စာပဲ။ အဲဒါလည်တာပဲ။ သံသရာအပါယ်ကျတယ်
မပြောဘူး။ ခင်ဗျားနတ်ပြည်ရောက်မယ်။ သက်တမ်းကုန်ရင်ပြန်ဆင်းမယ်။ ဗြဟ္မာဘုံရောက်မယ်။ သက်တမ်းကုန်ရင်
ပြန်ဆင်းမယ်နော်။ သဘောလေးပဲ ဒီ(၃၁)ဘုံရဲ့ထွက်ရာထွက်ကြောင်းကို ရှာရမယ်။ ကမ္မဘဝ၊ ဘဝါသဝ အဝိဇ္ဇာသဝ၊
ဒိဋ္ဌာသဝ ဒါဘုရားဟောထားတာ။ အဲဒါကိုယ်ကသိရမယ်။ သိမှပါယ်မယ်။ ပါယ်မှ စိုက်မယ်။ စိုက်မှပွား။ သိ ပါယ်
စိုက် ပွား။ အဲဒီတော့ ကိုယ်ကမသိဘူး။ မသိတော့ခက်တာပဲ။ အနိစ္စက ကိုယ်မှာရှိတယ်။ ဒုက္ခက ကိုယ်မှာရှိတယ်။
အနတ္တက ကိုယ်မှာရှိတယ်။ အဲ သီလက ကိုယ်မှာရှိတယ်။ သမာဓိက ကိုယ်မှာရှိတယ်။ ပညာက ကိုယ်မှာရှိတယ်။
ဂန္ထိရညာဏ်၊ ဇဝနညာဏ် ကိုယ်မှာရှိတယ်။ စက္ခုဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ အဲဒါ လောကုတ္တရာညာဏ်။
အဲဒီညာဏ် ရကုင် ဘုံ(၃)ပါးမြင်မယ်။ သဘောလေးပဲပြောပေးပါမယ်။ ဦးဇင်း သစ္စာနဲ့ဆိုသွားပါမယ်။ ဒါတွေကို
- ဝိသာခါကျောင်းအစ်မ ကိုကြည့်။ ဒါဘာလဲ။ ခင်ဗျားတို့ စာတတ်တွေပဲ။ သူဘာလုပ်လဲ။ လင်ယူတယ်။ သဘာဝတရားကို
မပါယ်နိုင်ဘူး။ ဒီသဘာဝတရားက ဘိုးစဉ်ဘောင်ဆက် ဤလက်ထက် ဘုရားမပွင့်မီကတည်းကရှိတာ။ ဦးဇင်းရဲ့အမေ
ဒေါ်အုန်းမေ လည်း လင်ယူမှာပဲ။ ဦးဇင်းရဲ့ အစ်မကြီးလည်း လင်ယူမှာပဲဗျ။ ဦးဇင်းရဲ့သမီးလည်း လင်ယူမှာပဲ။
ဒါသဘာဝတရား ပါယ်လို့မရဘူး။ အဲဒီသဘာဝတရားကို သဘောပေါက်ရမယ်။ သမ္မာဒိဋ္ဌိနဲ့သုံးရမယ်။ မိစ္ဆာဒိဋ္ဌိနဲ့
သုံးထားတယ်။ ဝါ့မယားပဲ ကွ။ ငါပိုင်တာပဲကွလို့ ဝမ်းထဲမှာ တစ်မျိုးထားတယ်။ အပြင်မှာကတော့ တစ်မျိုးပေါ့၊ သမုတိသစ္စာ၊
သဘာဝသစ္စာ၊ ဝိရတိသစ္စာ၊ ပရမတ်သစ္စာ၊ အရိယာခါတ်သစ္စာ၊ ဘုရားကဟောထားတာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊
နိရောဓသစ္စာ ဒါဘုရားဟောထားတာ။ ဒုက္ခသစ္စာဆိုတာ ခင်ဗျားစိတ်က သွားစွဲရင် ဒုက္ခပဲ။ နေစရာနေရာမရှိတော့ဘူး။
ဒါသစ္စာလေးပါပဲ။ မိစ္ဆာဒိဋ္ဌိစွဲ စွဲ သမ္မာဒိဋ္ဌိစွဲစွဲ သွားစွဲရင် သံသရာလည်မှာပဲ။ ဒီအဆင့်က တော်တော်မြင့်သွားပြီ။ ဒကာကြီး
တို့ သဘောပေါက်ပါတယ်။ မစွဲတဲ့ ပုဂ္ဂိုလ်တိုင်းပြည်မှာရှိပါတယ်။ ဘယ်လိုပုဂ္ဂိုလ် လဲဆိုတော့ စာအရဆို နိရောဓရတဲ့
ပုဂ္ဂိုလ်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ အဲဒီပုဂ္ဂိုလ်က မစွဲဘူး။ အာရုံခြောက်ပါး မြင်တာမတတ်၊
ကြားတာမတတ်၊ နံတာမတတ်၊ စားတာမတတ်၊ ကြားတာမတတ် သူမစွဲတော့ဘူး။ ကံပြတ်သွားတာ။ အဲဒီပုဂ္ဂိုလ်က
အေးသွားတာပဲ။ ချက်ချင်းအေးတာ။ သုညတနိဗ္ဗာန်ဆိုတာ အဲဒါခေါ်တာ။ စာတော့မတတ်ဘူး။ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ကိုယ်

ဘယ်သူ့နှုန်း ပုပ္ဖ ဖွံ့ဖ ပရ ဆိုတဲ့ စေတနာနဲ့ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်၊ ဒီသံဃာကိုသွားပြီးတော့ ရေမလားတိုက်လိုက်တာ။ အဲဒါ ဝေဒနီယဇိတ အကျိုးရတယ်။ ဘာတွေရလည်းဆိုတော့ ကျန်းမာရေးရလဒ်၊ စီးပွားရေးရလဒ် ရတယ်။ အပါယ်လေးပါးပိတ်တယ်။ ဉာဏ်ဘုန်းကြီးကို လှူထားတာ။ ကံဘုန်းကြီးမဟုတ်ဘူး။ သေသေချာချာလေးပြောသွားမယ်။ ဉာဏ်ဆိုတာ ကံပြတ်သွားတာ။ မဖွဲ့တာ ကံခေါ်တယ်။ နိရောဓဆိုတာ အဲဒီပုဂ္ဂိုလ်ပဲ။ စားမှန်တယ်ဗျ။ စာမှမတတ်တာ သင်ပါဆို ဘယ်လိုသင်မလဲ။ ငါးပါးသီလလည်း မပေးတတ်ဘူး။ ဆယ်ပါးသီလလည်း မပေးတတ်ဘူး။ ရှစ်ပါးသီလလည်း မပေးတတ်ဘူး။ ပုဝါယနာလည်းမပြုတတ်ဘူး။ ရေစက်လည်း မချတတ်ဘူး။ ဘာမှ မတတ်ဘူး။သူ့ဘာခိုင်းခိုင်း မရတော့ဘူး။ စိတ်နဲ့ပတ်သက်တာကိုမေး။ စိတ္တဝိသုဒ္ဓိအကြောင်းကိုမေး။ သီလဝိသုဒ္ဓိ အဲဒါကိုတော့ မဘာတ်ဘူး။ အဲနှစ်မျိုးရှိတယ်။ စိတ္တဝိသုဒ္ဓိကမနော။ မနောကိုကျင့်ထားတာ။ ကာယနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မနုပဿနာ စိတ်ကလေးကိုကျင့်ထားတာ။ အရိယာဟာ အနုဿယကို ပယ်ရတာမလွယ် ဘူး။ ပုထုဇဉ်ကလည်း တဏှာကိုပယ်ရတာမလွယ်ဘူး။ တဏှာဆိုတာ ကံခေါ်တယ်။ အဝိဇ္ဇာကြောင့် တဏှာ၊ တဏှာ ကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ ကံကြောင့်ဘဝ ဦးဇင်းကို လာလာပြီး ဒီလိုပြောတော့ ခင်ဗျားတို့ပစ္စည်းတွေ ဘာမှ မစားတော့ဘူး။ ဦးဇင်းတွေစား။ ဟိုသံဃာတွေစား။ စားကြပေါ့။ သူကသစ္စာနဲ့ပေးသွားတာ။ ငါမစားဘူး။ ခါးအပြတ် ခံမယ်။ သစ္စာနဲ့ပြောတာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အနိစ္စကို ဝိပဿနာနဲ့မြင်အောင်ကြည့်ပါ။ အနိစ္စမြင်ရင် ဒုက္ခသိလိမ့်မယ်။ ဒုက္ခသိတာက မဂ္ဂသစ္စာခေါ်တယ်။ မဂ္ဂသစ္စာအောင်မြင်သွားတာက နိရောဓသစ္စာ ခေါ်တယ်။ အဲဒါ စိတ်အပိုင်းနဲ့သွားတာ။ စာလည်းမတတ်ဘူး။ ဝိနည်းလည်းနားမလည်ဘူး။ အဲဒါတွေကို ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ အခုဒီက သာသနာကို ဒီဘက်လိုင်းကိုပြတာ။ ဥပမာပြောရမယ်ဆိုရင် မေးပါ။ ခင်ဗျားတို့ မြောင်းမြို့မွတ်စလင်တွေလာတယ်။ စနေအသင်းတွေလာတယ်။ ကုလားတွေလာတယ်။ ကရင်တွေလာတယ်။ ရခိုင် တွေလာတယ်။ ချင်းတွေလာတယ်။ အရပ်လေးမျက်နှာကလာတယ်။ အတူတူစကားပြောသွားတယ်။ အဲဒီတော့မှ သူတို့ သဘောပေါက်တယ်။ အဲ့ဒါသာသနာပြုတာ။ အယုတ်အလတ်အမြတ်မရွေးတော့ဘူး။ မခွဲခြားတော့ဘူး။ အဲဒါ သာသနာပြုတာ။ ပေါ့ကောင် မင်းဘာကောင်လဲသွား။ လာဒီကောင် ခွဲခြားတာ။ ပညာ သဒ္ဓါရ ဥပါဒါန်ဖြစ်နေတာ ပညာမရှိဘူး။ သိပ်နည်းပါးပါတယ်။ ဒါပေမဲ့ သကိန်းကမှန်တယ်။ သိုက်ရှိတယ်။ ဓါတ်ရှိတယ်။ နတ်ရှိတယ်။ အဲဒီတော့ လူထဲမှာလည်း ကောင်းတဲ့လူရှိတယ်။ မကောင်းတဲ့လူရှိတယ်။ ဟိုဗိုလ်ကြီးက စစ်သားရွေးတယ်ဗျ။ ရွေးတော့ ဒီဗိုလ်ကြီး က အကောင်းစားလက်ရွေးစင်ကို သူရွေးတာ။ ကောင်းတဲ့သူကိုရွေးတာ။ ဟိုကစစ်လိုက်၊ ဒီကစစ်လိုက်နဲ့ အဲဒီတော့ စစ်ပြီးရင် ဆေးစစ်သေးတယ်။ ဆေးစစ်ပြီးတော့ စစ်သားစုဆောင်းရေးက အထက်ဘက်ကို ဘယ်ညာ ဘယ်ညာနဲ့ လေ့ကျင့်ရေးကွင်း စစ်သားပေါင်း(၅၀၀)နဲ့သင်ပေးတယ်။ ဆရာက ဒီကလက်ရွေးစင်ယူသွားတာ။ အကောင်းဆုံးကိုယူ သွားတာ။ လေ့ကျင့်ရေးကွင်းထဲမှာ ခံရိုက် ဒါတွေဟာတွေးကြည့် ကိုယ်က ဒီကယူသွားတာ အကောင်း၊ ဟိုကျတော့ ခံရိုက်။ ဒါဘာလဲ။ စိတ်တွေလဲဗျ။ ဒီသံဃာထဲမှာလည်း ကောင်းတာရှိသလို မကောင်းတာလည်းရှိတာပဲ။ ဒါသဘော ပြောတာ။ ဘယ်သူ့ကိုမှမပြောဘူး။ ဦးဇင်းကစာမတတ်ဘူး။ ဘယ်နှစ်ဝါလဲ။ (၃)ဝါပြောတာ ကန်တော့ရင် ဒီဘဝ နောက်ဆုံးပဲ။ ရှင်ဘုရားတို့ကန်တော့ပါတယ်။ သာသနာပြုတာ သေသေချာချာမမှန်ရင် ချွတ်ပေးပါ့မယ်။ သကိန်းကို

သာသနာပြုတဲ့အတွက်ကြောင့် မင်းတို့မေးပါ။ သူပြောမယ်ကွ။ မေးပါကွ။ မင်းတို့မေးရင် ငါကလည်း ပြန်မေးမယ်ကွ။ မင်းတို့ကို ငါမေးလို့မဖြေနိုင်ရင် ငါမချတ်ဘူး။ မင်းတို့မေးလို့ ငါမဖြေနိုင်ရင် သင်္ကန်းချွတ်ပေးမယ်။ ပုဆိုး အင်္ကျီကောက်ဝတ်သွားမယ်။ ငါဒီမြောင်းမြမြို့ကနေထွက်သွားမယ်။ ဒီလိုပြောပါတယ်။ စာတော့မတတ်ဘူး။ စကားမပြောတတ်ဘူး။ ပညတ် ပရမတ်ကွာ။ ဥပမာ ဦးဇင်းအမေနာမည် ဒေါ်အုန်းမေ။ အမှန်တော့ ဒေါ်အုန်းမေ နာမည်ကိုဖျက်လိုက်၊ အဲဒီတော့ အမေနာမည် ပရမတ်အနေနဲ့ မိန်းမခေါ်တယ်။ မယားလည်းမိန်းမ၊ အမေလည်းမိန်းမ၊ ကြည့် ခေါ်လို့မကောင်းတော့ဘူး။ ပညတ်ကိုပယ်တာမဟုတ်ဘူး။ ပညတ်ကိုခေါ် သမုဒ်တာ။ ဒေါ်အုန်းမေလို့ အမည်နာမတတ်ပေးတာ၊ ပညတ်ကိုတတ်ပေးတာ။ ကိုယ့်မှာရှိတာက သညာ။ သညာနဲ့သိတော့ သွားစွဲရော။ အဲဒါခွဲခြားပြီးသိလိုက်တာ ဒါ ငါ့အမေပဲ။ ဒါ ငါ့အဖေပဲ၊ ဒါ ငါ့မယားပဲခွဲခြားပြီး သညာကိုဗျ။ သညာနေရာမှာ ပညာအစားသွင်းရမယ်။ ပညတ်နေရာမှာ ပရမတ်အစားသွင်းရမယ်။ အနတ္တနေရာမှ အတ္တအစားသွင်းရမယ်။ သဗ္ဗေ သင်္ခါရ အနိစ္စ၊ သဗ္ဗေ သင်္ခါရ ဒုက္ခ၊ သဗ္ဗေ သင်္ခါရ အနတ္တ မစွဲဘူးဗျ။ ပြီးတော့ ဘုရားကပြောတယ်။ မင်္ဂလာ(၃၈)ဖြာတဲ့၊ မိစ္ဆာဒိဋ္ဌိမယူနဲ့၊ သမ္မဒိဋ္ဌိကိုယူ။ သမ္မာဆိုတာ ဘုရားဟောထားတဲ့ ကျမ်းဂန်၊ ပါဠိတွေယူရမယ်။ အဲဒီတော့ မကောင်းတာသွားစွဲတာ၊ မိစ္ဆာဒိဋ္ဌိပဲဗျို့၊ ကောင်းတာကိုယူပါ။ အခုနက ပိသာခါ ကျောင်းအစ်မကြီး ဘုရားမှိတာဗျို့ ဘုရားလှူတာ။ လှူတော့ ဘုရားဆီက ဉာဏ်ရတာ။ ဘုရားက အတုလာ၊ အတုမရှိ ဘုရားကိုကပ်တာ။ ဘုရားဆီက မျိုးစေ့ရတာ။ သူကမိစ္ဆာဒိဋ္ဌိကိုပယ်တာ၊ သမ္မာဒိဋ္ဌိကိုယူတာ။ အဲဒီတော့ ယောကျ်ားနဲ့ ပေါင်းတယ်။ သဘာဝတရားကိုမပယ်နိုင်ဘူး။ မြင်တာလည်း သမ္မာယူတယ်။ မိစ္ဆာပယ်တယ်။ နံတာလည်း သမ္မာယူတယ်။ မိစ္ဆာပယ်တယ်။ ဒီအာရုံငါးပါးပေါ်မှာ သမ္မာကိုယူထားတယ်။ အဲဒါအပါယ်ပိတ်တယ်။ မိစ္ဆာဒိဋ္ဌိကိုမယူဘူး။ သမ္မာကိုယူတယ်။ ဒါပေမဲ့ သူယောကျ်ားနဲ့တော့ပေါင်းတယ်။ သဘာဝတရားကိုတော့ မပယ်နိုင်ဘူး။ အဲဒီတော့ ဒကာဒကာမတွေမှာ စိတ်ထားကောင်းကိုထားပါ။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကိုကြင်နာပါ။ ဆရာတော် သမားတော်တွေ၊ ကိုရင်တွေ သူတို့ဘာလုပ်လုပ် သူ့အကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့၊ လှူဖို့က အဓိက ကိုယ်ဒီအလှူကို ရမှ ကောင်းမှုကုသိုလ်ရမယ်။ သူ့ဘာလုပ်လုပ် သူ့အကြောင်း၊ သူ့အကြောင်းဝေဖန်ရင် ခင်ဗျားမလှူဖြစ်တော့ဘူး။ ကိုယ်က ဒီဒါနကိုဦးစားပေးရမယ်။ အဝိဇ္ဇာတုံးကို ဘာနဲ့ဆေးကြောမလဲ။ သီလနဲ့ဆေးကြောမယ်။ ဒါနနဲ့ဆေးကြောမယ်။ ဘာဝနာနဲ့ပွားများမယ်။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာကို ဘာနဲ့ဆေးကြောမလဲ။ အဓိသီလ သူကျတော့ အဓိသီလ အဓိစိတ္တ အဓိပညာ အဲဒါ ဝိပဿနာ အဲဒါဘုရားသခင် ကိုယ်တော်မြတ်နဲ့တွေ့တော့ သူလှူတာ အဲဒီတော့ သမ္မာဒိဋ္ဌိကိုယူတယ်။ မိစ္ဆာဒိဋ္ဌိကိုမယူဘူး။ မိစ္ဆာဒိဋ္ဌိက ကပ်နေတာ။ သမ္မာကလုပ်ယူရတာ။ ဒါကြောင့်မို့ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာလို့ ဆိုထားပါတယ်။ ဘာဖြစ်လို့ ငရဲကတစ်ပိဿာ ကုသိုလ်ကတော့ တစ်ပဲထဲ။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ရတယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ရတယ်။ လှူတက်ဖို့လိုတယ်။ ဘယ် သာမဏေမဆို လှူပါ။ ကိုယ်လှူတော့ သီလ အဲဒီလိုလှူတော့ ကိုယ်ရဲ့စိတ်ကလေး ယဉ်ကျေးလာတယ်။ သိမ်မွေ့လာတယ်၊ လှူတတ်ဖို့ လိုတယ်။ ဘုရားလှူရင် ဘုရားမျိုးစေ့ရတယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရတယ်။ သမထဘုန်းကြီးလှူရင် ကံမျိုးစေ့ရတယ်။ ကံဆိုတာ သမ္မာဒိဋ္ဌိ သူကကောင်းတဲ့ကံ။ ကံမှသာဝ သူကဖြတ်ယားတာ ကိုယ်ကမဖြတ်ဘူး။ ကိုယ်က နှစ်သက်တယ်။ သူကပြုတ်ပြီ၊ မယူတော့ဘူး။ မိန်းမ ဒီအပြင်ဟာတော့ ဘာလုပ်မလဲ။ မပြောတတ်ဘူး။ အဲဒီမှာ ထူးမြတ်တဲ့ဘုရား

သခင်။ ကိုယ်ဖောက်ပြတ်ကြီးရဲ့ မာရေးပေတာပဲ။ အမှန်ကတော့ စိတ်ပဲဗျ။ အဲဒီတော့ ကိုယ်စိတ်ကိုထိန်း။ အဲဒီတော့ ဘုရားပါလား။ သံဃာတော်မအရှင်မြတ်ဦးစားပေး ဝုဏ်သိက္ခာတွေလုပ်ပေး။ မပယ်ရဘူး။ ဒါပေမဲ့ သူ့အကြောင်း၊ ကိုယ့်အကြောင်းမလုပ်နဲ့။ ဘုရားကို စေတီကကွယ်တယ်။ တရားကို စာကကွယ်ထားတယ်။ သံဃာကို ရဟန်းကကွယ်ထားကယ်။ ပြောဆို ပြောမယ်။ ဘုရားကို စေတီကကွယ်ထားတယ်။ ခင်ဗျားတို့ ဥပမာစေတီပေါ့ဗျာ။ သွားလှူတယ်။ ရွှေချကယ်။ (၂)သိန်းဖိုး။ အမလေး (၂)နှစ်လောက်စုရတယ်။ (၃)သိန်း (၄)သိန်းလောက်ရတယ်။ အဲဒီတော့မှ ရွှေချတယ်။ ဒီလို ရွှေချတိုင်း အပါယ်မပိတ်ရင် ငါလည်းချမယ်ကွ။ ဒီဒါနနဲ့ အပါယ်ပိတ်ရင် ငါလည်းချမယ်ကွပြောပြီး စရာတိက ဘုရား ပညာတိကဘုရား နှစ်မျိုးရှိတယ်ကွ။ မင်းဘယ်ဟာကြိုက်လဲ။ ပညာတိကဆိုတာ ဝိပဿနာတကယ်အစစ် အမှန်ကဟောတဲ့အသိတွေ နားထောင်အုန်းကွ။ မယုံနဲ့အုန်း။ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သူ့ဆီက အသိရမှပယ်မယ်ကွ။ ဘာပယ်မလဲ။ မိစ္ဆာဒိဋ္ဌိနဲ့ကံကိုပယ်မယ်ကွ။ ကျွတ်ကင်းလျှောက်ဖြစ်နေတာ။ ဘယ်ကပြင်လဲ။ အာရုံခြောက်ပါးကဖြစ်နေတာ။ ဘယ်ကံလဲ။ အနုသာရကံကွ။ မနောကံကွ။ အဲဒီကံက သံသရာလည်တာ။ မင်းထိန်းထားတဲ့ သမ္မာဒိဋ္ဌိက နတ်ပြည်ရောက်မှာပေါ့ကွ။ ဗြဟ္မာပြည်ရောက် (၃၁)ဘုံကိုချတာပဲ။ လွတ် မလွတ်ကျင့်တဲ့သူပဲ သိတယ်။ ဒါကြောင့် ခေတ်ကုန်ပြီကွ။ ဦးဇင်းက စာမတတ်ဘူး။ လောကီအကြောင်း သဘောလေးပေါ့ဗျာ။ ဒါတွေကို ဒကာ ဒကာမတွေ ဦးဇင်း ဦးမြမောင် မိုက်ခဲ့တယ်။ ခင်ဗျားတို့မမိုက်ပါနဲ့။ ယုံကြည်ကြပါ။ တရားအစစ် ဒီလိုရွှေချမယ်။ အပါယ်ပိတ်မယ်ဆိုရင် ဦးဇင်းမကျင့်တော့ဘူး။ စိတ်က ဒီနေ့ ရွှေချပြီး မနက်ဖြန်ပြောင်းသွားရော။ ဒါကြောင့်မို့ တော့ဆက် ချိတ်ဆက် ကွင်းဆက်တဲ့။ ဘာတွေလဲ ကြားဖူးလား။ ကြားဖူးတယ်။ အဲတော့ဆက်ဆိုတာ ဥပမာ ငါစာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ တရားပွဲမှာ ထူးကြီးဆရာတော်ကြီးက စာပေကျမ်းဂန်အလွန်တတ်ပါတယ်ကွာ။ ဟောတဲ့နေရာမှာ ပါဠိပတ်သား အလွန် ဋ္ဌာန်ကရိုဏ်းကျပါတယ်။ အဲဒီတော့ ထူးကြီးဆရာတော်ရဲ့တရားပွဲမှာ ဒကာမကြီးက ဆေးလိပ်တောင်မသောက်နိုင်ဘူးကွ။ ဒကာမကြီးက ငုံ့ပြီး နာနေတာ။ အာရုံကိုစိုက်ပြီးနာနေတာ။ တရားပွဲလည်းပြီးရော။ အဲဒီဒကာမကြီးကို နောက်က ဒကာမတွေက အဲဒီဒကာမကြီးကို သူ့ဖိနပ်ကိုတက်နင်းတော့ နင်းတော့ စောက်ကန်းတွေ ဘာကန်းတွေ ညာကန်းတွေ။ တရားပွဲမှာ တော့ဆက်အပြင်ရောက်တော့ စိတ်ပြောင်းသွားပြီ။ သီလပျက်ကုန်ပြီကို စိတ်ကိုထိန်းကြပါ။ အဲဒါတော့ ဆက်ခေါ်တယ်။ ဒတဂီလေးပဲ တမဟုတ်လေးပဲဖြစ်လိုက်တယ်။ ကွယ်ရာကျတော့ စိတ်ပြောင်းသွားပြီ။ ဒါသီလတွေပျက်မယ်ဗျ။ ဘုရားသခင်ရဲ့ ကာလကြည့် စာကတော့မှုမှန်ရှိတယ်။ စိတ်တွေမှန်ဖို့အရေးကြီးတယ်။ ပစ္စည်းဘောကတွေနဲ့ဖြစ်ကုန်ပြီ။ အဲဒါ ဦးဇင်းကပြောပြပါတယ်ဗျာ။ အဲခုန်ဖိနပ်တက်နင်းတော့ ဝမ်းလျားထိုးကြီး စိတ်ဆိုးတာပေါ့ဗျာ။ စိတ်ဆိုးရင် သီလရှိပါတော့မလား။ မိစ္ဆာဒိဋ္ဌိဖြစ်သွားပြီ။ တရားနာတော့ သမ္မာဒိဋ္ဌိဖြစ်တာ။ အဲဒါတော့ ဆက်ချိတ်ဆက်ဆိုတာ လူပြည်မှာပေါ့ဗျာ။ တရားထိုင်တယ်။ ပညတ်အာရုံကနေ ပရမတ်အာရုံ လက်တစ်ဖျောက် သူပဲသိတယ်။ ကြိုးစားလိမ့်ကွ။ အဲဒါချိတ်ဆက်ကွ။ လောကီအာရုံကို သူသိသွားပြီ။ ဒီခန္ဓာကိုပြန်လာတယ်။ ပါးရိုက်လည်းခံမယ်ကွ။ သေနတ်နဲ့ပစ်လည်းခံမယ်။ သတ်ချင်တာသတ်၊ ရိုက်ချင်တာရိုက် သူ ခံမယ်ကွ။ သည်းခံတော့မယ်ကွ။ ချိတ်ထားတယ်။ လောကုတ္တရာအာရုံကိုရထားတယ်။ သဘောလေးပဲ။ အဲဒါကို ခေါ်တာ။ ကွင်းဆက်ကတော့ ကျောက်ပြင်ကြီးလို ဘုရားရဲ့မေတ္တာ အနန္တမေတ္တာတွေ။ စာကတော့မတတ်ဘူး။ ပြောမှား

ဆိုမှားရှိရင် ခွင့်လွှတ်။ သာသနာ(၂၅၀၀) ဒါအစတည်ပေးရမှာကိုဗျ။ သာသနာ (၂၅၀၀)မှာ အရှင်ဘုရားရဲ့သာဝကတွေ ကျန်ပါတယ်ဘုရား။တဲ့။ သိကြားကလျှောက်တယ်။ အေးကျန်ရင် တပည့်တော် (၂၅၀၀)ထိန်းပါ့မယ် ဘုရားတဲ့။ ဟော (၅၀၀၀)လောက်ဖြစ်သွားရော။ (၅၀၀၀)ဖြစ်တော့ သိကြားက (၂၅၀၀)သုက္ကူညီမယ်တဲ့။ အခု (၂၅၀၀)ကျော်သွားပြီ။ အနှစ်(၃၀)ကျော်ပြီ။ အခုသိကြားပေါ့ဗျာ။ အဲဒီတော့ ဘုရားသာသနာကို သိကြားက ကယ်လိမ့်မယ်။ မကောင်းသူပယ် ကောင်းသူကယ်၊ ယက်သယ်ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါး ဘုရားတင်။ အဲဒါတွေ ခင်ဗျားတို့ ကောက်တက်ဖို့လိုတယ်။ အဖိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့အုန်း၊ နောင်နှစ်ခါတန်ဆောင်မုန်း ပွဲကြည့်ပါအုန်း။ ဒါတွေပေါ်လာမယ်။ သဘောလေးပဲပြောသွားမယ်။ မသိသူကျော်သွား သိသူဖော်စား။ ဒီသဘောလေးပဲ။ ဒါ ဒီတဘောင် တွေ ဖော်ပေးပါ့မယ်။ ဘယ်သူ ဘာပြောပြော ရပ်ကွက်မှာ လူကြီးက တစ်အိမ်တစ်ယောက်ထွက်ဆို ထွက်ပေးလိုက်။ စေတနာနဲ့လုပ်ပါ။ စေတနာနဲ့လုပ်ရင် ပုပ္ပ မုံ့ရွ ပရဆိုတဲ့ ကောင်းမှုကုသိုလ်ရမယ်။ လူကြီးကြောက်လို့ မနောကတောင်ကြဲ မြောက်ကြဲ လုပ်လဲလုပ်ရသေးတယ်။ မနောက မိစ္ဆာဒိဋ္ဌိကြီးနဲ့ သမ္မာနဲ့လုပ်ပါ။ လုပ်လေ အကျိုးရှိလေ။ ဒို့ရပ်ကွက်မှာ သန့်ရှင်းရေးလုပ်မယ်ကွာ။ ဒါစေတနာနဲ့လုပ်တာ။ ဘုရားက စေတနာဟောတာ။ စေတနာကို ကံကောက်ထားတယ်။ ဘာကံလဲ။ သမ္မာကံ အဲဒီတော့ လူကြီးကခိုင်းတယ်။ တစ်ခါတည်း ပိုက်ဆံထည့်ရမှာ ရှုံးတယ်။ ဒီလိုဖြစ်နေတယ်။ အဲဒါ လုပ်သာလုပ်ရတယ်။ စေတနာမပါဘူး။ စေတနာမပါရင် မိစ္ဆာဒိဋ္ဌိ အဲဒီစိတ်ကို ခင်ဗျားထိန်းရမယ်။ ဒီခေတ် ဒီကာလမှာ မလွယ်တော့ဘူး။ အဲဒီတော့ မကောင်းသူပယ် ကောင်းသူကယ်။ ကုဋေဘယ်လောက် ဗိုလ်ချေ။ ဘယ်လောက် အဲဒီတော့ သူ့သာဝကတွေ ငါ့ရဲ့ကိုယ်စားထားပစ်ခဲ့မယ်။ အဲဒါသာသနာတစ်ပတ် ဝိမုတ္တိ ယုကခေတ်စားလို ပြန်ပြောတာ။ နောက် သဘောပေါက်လာလိမ့်မယ်။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။ (သာဓု.....သာဓု.....သာဓု....ပါဘုရား။)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၁၇၈၂၃၁

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝါးကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၂၉.၁.၁၉၉၄)ရက်နေ့

ပုသိမ်မြို့၊ ရွှေမြင်တင်ဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူခဲ့သော

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၂၃)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

# (၂၉.၁.၁၉၉၄) ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ရွှေမြင်တင်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ဦးဇင်း က မြန်မာစာမတတ်ဘူး။ မြန်မာစာမတတ်တော့ ဦးဇင်း ရဲ့ ခန္ဓာက အသိတရားများကို ပြောပြတဲ့အခါကြတော့ ဆရာတော်ကြီးတွေ သံဃာတော်အရှင်မြတ်တွေ၊ သာမဏေတွေ၊ ယောဂီပုဂ္ဂိုလ်များအားလုံးရှိကြတဲ့ ခုနှစ်ရက်သမီး၊ ခုနှစ်ရက်သားအပေါင်းများ ဦးဇင်း ရဲ့ ပြောသွားတဲ့အခါမှာ စာပေကျမ်းဂန်မတတ်တော့ ခန္ဓာက ကံသိနဲ့ ခန္ဓာက ဉာဏ်သိ ဦးဇင်း ရဲ့ ဥပမာ ဥပမေယျနဲ့ သဘောလေးလောက်ပြောပြပါ့မယ်။

အဲဒီတော့ စာပေကျမ်းဂန်မတတ်တော့ ပါဠိအနက်အဓိပ္ပါယ်များ ပါဠိမတတ်တော့ အသိနဲ့ ဉာဏ်နဲ့ နှိုင်းဆပြီးကြည့်ပါဗျာ။ ဦးဇင်း က ဘာစာမှမတတ်ဘူး။ နှစ်တန်းထဲတတ်တာ။ ခန္ဓာက ကံသိနဲ့ ဉာဏ်အသိ တစ်နေ့တော့ဆုံကြတဲ့အခါမှာ ဖြစ်လာရင် ပျက်မှာပဲ။ ဖြစ်လာရင် ပျက်မှာပဲ။ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားရှိပါတယ်။ ရုပ်ကတော့ အိုမယ်၊ နာမ် ကံမအိုဘူး။ အဲဒီတော့ ရုပ်နာမ် နှစ်ပါးရဲ့သဘောလေး ဦးဇင်း က ပြောပြပါ့မယ်။ ခန္ဓာမှာ ကံစိုက်တဲ့အသိက ဦးဇင်း တို့ အစကတော့ မသိလို့မှားခဲ့တာပေါ့ဗျာ။ မှားခဲ့တာပေါ့။ အဲဒီတော့ ဘာတွေမသိတာလဲဆိုတော့ ကိုယ်နေချင်သလို နေတယ်။ ကိုယ်စားချင်သလိုစားတယ်။ ကိုယ်သွားချင်သလိုသွားတယ်။ အဲဒီတော့ ဦးဇင်း က စည်းမဲ့ ကမ်းမဲ့နေခဲ့ပါတယ်။ အဲဒါကတော့ တရားတော့တရားပေါ့ဗျာ။ စည်းမဲ့ကမ်းမဲ့ဆိုတာက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ဦးဇင်း က ဒီပေါ်မှာ လောကီအားကိုးပြီးတော့ အယူမှား၊ အစွဲမှား၊ အမှတ်မှားပြီးတော့ ထင်တာကို စိုင်းခဲ့တယ်။ အဲဒါတွေဟာ ဦးဇင်း ရဲ့ အသိပါ။ အဲဒီတော့ ဦးဇင်း ရဲ့ အသိတွေက မှားမှန်းလည်းမသိ၊ မှန်မှန်းလည်းမသိ။ ဘာမှမစစ်တတ်ပါဘူး။ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဘယ်ကဖြစ်လဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ မနောကံဟာ အခြေခံပါတယ်ဗျာ။ အဲဒီမနောကံက ဘယ်လိုအခြေခံလဲဆိုတော့ ငါ့သမီးလေးတွေ၊ ငါ့သားလေးတွေ ရေခပ်ပါလား။ ဥပမာ ရေတွင်းမှာ သားသမီးများ ဒီအပြင်လူနဲ့ရန်ဖြစ်ကြရင် သားအသံ၊ သမီးအသံ မှတ်တာကိုဗျ။ အော် ငါ့သမီးလေးရဲ့အသံပါလား။ ငါ့သားလေးရဲ့ အသံပါလား မှတ်တာက သညာဗျာ။ အဲဒါ သွားစွဲတာပဲဗျို့။ သမီးထိတော့ သားထိတော့ တုတ်ဆွဲ၊ ဓါးဆွဲနဲ့ဖြစ်ပြီးတော့ မောဟက ဝင်လာတာပဲဗျို့။ လောဘ၊ ဒေါသ၊ မောဟ ဝင်လာတဲ့အတွက်ကြောင့် ဒါဘာလဲ အယူမှား၊ အမှတ်မှား၊ အစွဲမှား။ အဲဒါကံတရားပဲ။ ဥပမာလေးပေါ့ဗျာ။ ကံအသိကို ဟောပြတာပါ။ ဥပမာ

အကြောင်းလေးက တိုက်လာတော့ ကိုယ့်နားလေးက ကြားဖို့ထားတယ်။ ကိုယ့်နှာခေါင်းလေးက နံဖို့ထားတယ်။ ကိုယ့်ဇိဝှါလျှာက ကောင်းမှန်းလည်းသိတယ်။ မကောင်းမှန်းလည်းသိတယ်။ သိတာက စိတ်၊ မြင်တာကလည်း စက္ခုအာရုံကြောင့် ဘဝင်စိတ်ကလေးကသိတယ်။ နားသောတက ဘဝင်စိတ်ကလည်းသိတယ်။ သိတာ စိတ်ကလေးပဲဗျ။ ခုဏက ဆရာတော် သမားတော်တွေပြောသွားတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဘယ်ကံကြီးသလဲ။ မနောကံကြီးတယ်။ ဒါကြောင့်မို့ ခန္ဓာမှာ ကံအသိနဲ့ ဉာဏ်အသိ သဘောလေးရှင်းပြတာပါဗျာ။ အဲဒီတော့ ဒါလေးတွေဟာ မျက်စိနဲ့မြင်လိုက်တာ ကိုယ့်အကြောင်းနဲ့ မပတ်သက်ရင် ကိုယ့်အကြောင်းနဲ့ အာရုံအကြောင်းလေးနဲ့ မပတ်သက်ဘူး။ ဖာသိဖာသာနေတာဗျနော်။ ငါနဲ့အကြောင်းမှ မပတ်သက်တာပဲ။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ ကိုယ့်အကြောင်းနဲ့ မပတ်သက်ရင် မစွဲဘူးဗျ။ ဟော ကိုယ့်အကြောင်းနဲ့ ပတ်သက်လာပြီ။ ဘယ်လိုပတ်သက်လာသလဲ။ အော် ငါ့သမီးလေးပါလား။ ဟိုလူတွေက ရိုက်နေပါလား။ ဟော အကြောင်းပတ်သက်လာပြီ။ အဲဒီအာရုံဟာ ဘယ်လိုဖြစ်သွားလဲဆိုတော့ သညာက မှတ်ပေးလိုက်တော့ အစွဲက ထလာတာ။ သညာက မှတ်ပေးရင် သူကသွားစွဲမယ်။ စွဲရင် ဘာဖြစ်မလဲ။ ဥပါဒါန်ဖြစ်တယ်နော်။ ဥပါဒါန်ဆိုတာ တစ်ခါတည်း မနောမှာ ဒေါသကိုဖြစ်သွားတာပဲဗျာ။ အဲဒါအကြောင်းသတ်တရား မြင်လိုက်တဲ့အကြောင်း၊ မသတ်တတ်ဘူး။ အဲသညာကလှည့်ပေးတယ်ပေါ့။ အဲ ဥပမာလေးပေါ့ဗျာ။ မြင်တာလည်း မမြဲပါလား။ နံတာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ အဲဒါစိတ်ခေါ်တယ်။ အနတ္တတရားခေါ်တယ်။ ဒါကြောင့် ပြန်တာလည်းတစ်ယောက်တည်း၊ လာတာလည်း တစ်ယောက်တည်း။ အဲဒီတော့ ဒါလေးတွေဟာ အစွဲတရားကိုသတ်တာ။ ဒီအစွဲမှ မရှိရင် လောဘ၊ မောဟ၊ ဒေါသ၊ မာန်၊ မာန၊ ဒိဋ္ဌိတွေကင်းငြိမ်းတယ်ဗျာနော်။ အဲဒါ စာတွေ့ပဲ။ ဒီအစွဲတရားမှမရှိရင် လောဘလည်းမဖြစ်တော့ဘူး။ ဒေါသလည်းမဖြစ်တော့ဘူး။ မောဟလည်းမဖြစ်တော့ဘူး။ ဒီအစွဲကြောင့် ဒေါသဖြစ်ရတာ။ ဘယ်လိုအစွဲကြောင့် ဒေါသဖြစ်ရတာလည်းဆိုတော့ အကြောင်းနဲ့ပတ်သက်လာရင် အကြောင်းနဲ့မပတ်သက်လို့ရှိရင် မစွဲပါဘူးဗျာ။ ကိုယ့်ဟာကိုယ်လမ်းလျှောက်၊ သူ့လမ်းသူလျှောက်နော်။ အဲဒီတော့ ခင်ဗျားတို့စိတ် ခင်ဗျားတို့စစ်နော်။ အဲဒီတော့ အကြောင်းနဲ့ ပတ်သက်လာရင် မြင်လိုက်တဲ့အကြောင်းမှာ ဟာ ... ငါ့အဖေကြီးက လဲနေပါလား။ ငါ့အမေကြီး က ဒုက္ခရောက်နေပါလား။ ဒါဘာလဲ ဒုက္ခရောက်တယ်၊ လဲနေတယ်ဆိုတာ အဲဒီ အဖေ၊ အမေအပေါ်မှာ ကိုယ့်ရဲ့ စက္ခုအာရုံ၊ မှတ်တာက သညာ။ အဲဒီသညာလေးကဘာဖြစ်တာလဲ။ အစွဲဖြစ်လာတယ်။ အစွဲကနေဘာဖြစ်လဲ၊ ဥပါဒါန်ကူးလာတယ်။ ဟော အနုသယ၊ အနုသယ။ ဒါလည်းတစ်မျိုးပဲ။

အမှန်ကတော့ အဖေ၊ ဟုတ်တယ်။ အမှန်ကတော့ အမေ ဟုတ်တယ်။ အမှန်ကတော့ ဘုရား ဟုတ်တယ်။ ဘုရားအရောင်ပြ တရားကိုမြင်မှ ထူးမှာနော်။ တရားဆိုတာ သစ္စာလေးပါး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာလေးပါးရမှ အပါယ်ပိတ်မှာ။ ဒီဘုန်းကြီးက လိမ်ပြော တာလား။ ညာပြောတာလား။ ကိုယ့်ကိုယ်ကို ကိုယ်ရည်သွေးပြီးပြောတာလား။ သူများက သင်ပေးလို့ တို့ကိုဖောက်သည်ချပြီးပြောတာလား။ ခန္ဓာကသိတာလဲ။ အဲမယုံနဲ့ဦး။ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်း ပါ။ မေးမြန်းပါ။ မှန်ရင်ဒီအသိယူရမယ်နော်။ ဒါကြောင့်မို့ ခုနက ဥပမာလေးနဲ့ ကိုယ်နဲ့အကြောင်း မပတ်သက်ရင် သူ့ဖာသာ သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်းကိုယ်လျှောက် မြင်တာပေါ့ကွာ။ မြင်တာပေါ့ အကြောင်းမှ မပတ်သက်ဘူးကွာ။ အကြောင်းနဲ့ပတ်သက်လာရင် စွဲမှာပဲ။ ဘာဖြစ်လို့စွဲမှာလဲ။ သညာ ရှိတာကိုးဗျ။ သညာရှိတဲ့အတွက် ဘာဖြစ်သွားမလဲ။ သင်္ခါရဖြစ်သွားမယ်။ သဗ္ဗေသင်္ခါရ အနိစ္စာတဲ့။ ဟော ရေးထားပြီး ဘုရားဟောတာ သဗ္ဗေ အလုံးစုံသော (၃၁)ဘုံကိုဟောထားတာ။ ဟော အဲဒါ ဘာလဲတွေးကြည့်။ သဗ္ဗေသင်္ခါရအနိစ္စ။ သင်္ခါရ အနိစ္စဆိုတာ ဘယ်လိုဖြစ်တာလဲဆိုတော့ မနောက ဖြစ်ရတာ။ အာရုံငါးပါးနဲ့ မနောမဏ္ဍာရုံနဲ့ပေါင်းတော့ အခုတစ်မျိုး၊ အခုတစ်မျိုး၊ အခုတစ်မျိုးဖြစ်ပြီးတော့ သောမနဿ၊ ဒေါမနဿ ကံဖြစ်ပြီးတော့ အကုသိုလ်ကံ၊ ကုသိုလ်ကံ ခုနက အဖေအကြောင်းပြ၊ အမေအကြောင်းပြ။ ဒါ ငါ့အဖေ၊ ဒါ ငါ့အမေ။ ဒါ သညာကမှတ်ပေးတာ။ သညာကမှတ်ပေးရင် ဘာဖြစ်မလဲ ဥပါဒါန်ဖြစ်မယ်။ ဥပါဒါန်ဆိုတာ ကိုယ့်မနော ပူပေတော့ဗျာ။ ဒါကြောင့်မို့ ပါရမီ(၁၀)ပါးမှာ နောက်ဆုံး ဥပက္ခာပါတဲ့။ မှန်တယ်တဲ့။ မင်းတရားတဲ့၊ ဘုရားလည်းမှန်ပါတယ်။ တရားလည်းမှန်ပါ တယ်။ အဖေလည်း မှန်ပါတယ်။ အမေလည်း မှန်ပါတယ်။ မှန်တယ်ကွ။ ဥပမာလေးပြောကြမယ်ဆိုရင် ဟိုရှေးရှေးက ဒကာမလေးတစ်ယောက်ကို သူ့လင်က နင်နဲ့ငါနဲ့ပေါင်းနေတာ အချည်းအနှီးပဲတဲ့။ (၁၄-၁၅)နှစ်ကြာပြီတဲ့။ ကလေးတစ်ယောက်မှမရဘူးတဲ့။ အဲဒီတော့ နင့်လဲ ငါမပေါင်းတော့ဘူး။ သွားပါယ်ဆိုပြီးတော့ နှင်ချလိုက်တယ်။ နှင်ချလိုက်တော့ ဒကာမလေးက လင်ကြောက်တာကိုးဗျ။ ကြောက်တဲ့အခါကျတော့ သူသွားရော။ သွားတော့ ဘယ်သွားလည်း သိလရှင်။ အမေဒိုထံမှာ သွားတယ်။ အမေထံသွားတော့ အမေရယ် ကျွန်မကိုကယ်ပါတဲ့။ ဘာဖြစ်သလဲ။ ကျွန်မလင်က ကျွန်မကို မပေါင်းတော့ဘူး။ သူကလည်း ကလေးလိုချင်တယ်၊ ရှင်ပြုချင်တယ်။ ဘာလုပ်ချင်တယ်တဲ့။ ကလေးကလည်းမရဘူး။ အမေရယ် အဲဒီတော့အမေရယ်။ သိလရှင်ဝတ်ပါရစေတဲ့။ မှန်ရင်ဝတ်တဲ့။ ဝတ်ပေါ့လေ။ များမကြာပါဘူး။ သုံးလေးလလောက်ကြာတော့ သူ့မှာ ကိုယ်ဝန်လေးဖြစ်လာတယ်။ ဟဲ့ ငါနင့်ကိုပြောသား။ အမေရယ် သစ္စာပေးချင်တာပေးပါ။ ကျွန်မ အမှန်တကယ်မရှိတာပါ။ အဲဒီတော့

ဒီလိုဖြစ်လာတာ ကျွန်မလည်းမတတ်နိုင်တော့ဘူးတဲ့။ အဲဒီတော့ သီလရှင် အဲဒီမှာပဲနေ အပြင်မထွက်နဲ့တော့တဲ့။ အဲဒီမှာပဲ ကလေးမွေးရောတဲ့။ အဲဒီကလေးလည်းမွေးရော အဲဒီကလေးကြီးပြင်းလာတဲ့အခါ အဲဒီတော့ ဘုရင်ကြီးက အဲဒီကလေးကိုကောက်သွားတယ်။ ကောက်သွားတဲ့အခါကျတော့ အဲဒီကလေးက အဲဒီကျောင်းမှာပဲ သက်န်းဆီးတယ်။ အဲဒီတော့ အမေက တအိအိနဲ့ သားလေးဆွမ်းခံဝင်တဲ့အခါလည်းထွက်ကြို၊ ဆွမ်းပြန်ခံတဲ့အခါလည်း ထွက်ကြို။ အဲဒီဗတာ့ သားလေးက လိမ္မာတယ်ဗျ။ အော် ငါ့အမေဟာ ငါ့ကိုစွဲနေပြီတဲ့။ စွဲနေဟော့ သူသီလရှင်အဝတ်နဲ့ သောတပန်၊ သကဒါဂါန်၊ အနာဂါန်ရဲ့ အသိတရားတွေ သူ့မှာခေါင်းပါးနေပြီ။ ငါစွဲတော့ ကံဖြစ်ကုန်ပြီတဲ့၊ သံသရာလည်ဦးမှာပဲတဲ့။ အဲဒီတော့ ကလေးက ဘယ်လိုလုပ်လဲဆိုတော့ ဂျင်းစိမ်းနဲ့ မိတ်သလင် သူ့ကိုငါ ပြောမှပဲတဲ့၊ ပြောမှ သူနာမှ ကျင့်မယ်တဲ့။ အဲဒီတော့ ကလေးက ဆွမ်းခံသွားမှာကိုးဗျ။ အမေကြီးက သား လူလေးတဲ့၊ ခင်ဗျား ဘာလဲတဲ့။ ခင်ဗျား လူလေး လူလေး လုပ်မနေနဲ့တဲ့၊ ခင်ဗျား သားအရင်းသာဆိုရင် ကျုပ်ဘုရင့်လက်ထဲမရောက်ဘူးဗျ။ အခု ကျုပ်က ဘုရင့်လက်ထဲရောက်တဲ့ ဘုရင့်သားဗျ။ ခင်ဗျားကလာပြီး သားသားနဲ့ ဘာလဲ သင်္ကန်းဆွဲပြီးတော့ အဲဒီကိုရင်လေးက အမေကို ပိတ်ကန်လိုက်တာ အမေက မြောင်းထဲကျတယ်။ မြောင်းထဲကျတော့ အမေက အဲဒီတော့မှ သတိထားတယ်။ ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်မယ်၊ ငါဝမ်းရည်စပ်လိုက်တာဟာယ်။ ငါ့တကယ့်သားအရင်းမှန်ပါတယ်။ သူငါ့ကိုကန်လိုက်တာ။ အဲဒီတော့မှ အဲဒီသကာမကြီးက စိတ်နာပြီးတော့ကျင့်တာ။ ကျင့်တော့မှ သောတပန်၊ သဒ္ဒါဂါန်၊ အနာဂါန်ဖြစ်သွားတယ်။ ကဲ အဲဒီတော့မှ သူ ကိုရင်လေးကို ကျေးဇူးတင်တယ်နော်။ ဒီအစွဲတရားဟာ အနုသယဟာ အလွန်ကြောက်မက်ဖွယ်ကောင်းပါတယ်နော်။ ဒီအနုသယ လေးကို ဘယ်လိုနည်းနဲ့သတ်ရမလဲ။ ဘယ်လိုတို့ထိန်းရမလဲဆိုတာက သစ္စာရှိရမယ်။ သစ္စာရှိရမယ်ဆိုတာက ဘုရားကဟောထားတယ်။ သမုဓိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ်သစ္စာ၊ အရိယာဓါတ်သစ္စာ ဒါတွေဟာ သစ္စာတွေ။ သမုဓိသစ္စာဟာ ဘာလဲ။ ခင်ဗျားတို့နှလုံးသားက သမာဖြစ်နေမှသာလျှင် သမုဓိသစ္စာမှန်တယ်။ သမုဓိသစ္စာဆိုတာ အပြင်ပြောတာတွေဆိုတာတွေ သမုဓိသစ္စာမှန်ရမယ်။ ဘာဖြစ်လို့ သမုဓိသစ္စာမှန်သလဲဆိုတာ နှလုံးသားမှာ သမ္မာဖြစ်နေလို့။ သမ္မာဝါစာ၊ သမ္မာကမန္တ၊ သမ္မာအာဇီဝနော် ဒါသီဖွယ်ကိစ္စ။ ဒါ မဂ်ရဲ့လမ်းတက်ပြီလေ။ အဲဒီလိုမဂ်ရဲ့လမ်းစကိုတက်မှ ကိုယ့်ရဲ့နှလုံးသားကို မဂ်စိတ်ကလေးဖြစ်မှ မဂ်က ဘုရားဟောတာ။ အဲ တပည့်တဲ့သမ္မာဝါစာ မင်းစိတ်ကထားပါတဲ့၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ မင်းစိတ်က ထားပါတဲ့၊ ငါက ဒီလိုပြောပြီ။ မင်းစိတ်ကိုထားနိုင်အောင်ထားပါတဲ့နော်။ မှန်တာကိုကျင့်ပါ။ မှန်တာကိုပြောပါ။ မှန်တာကို

အသက်မွေးဝမ်းကြောင်းပြုပါတဲ့။ မင်းထိုင်နေတာ ဘုရားအလုပ် လုပ်ရင် ဘုရားက ကျွေးတော့မှာ။ လာပြီးတော့ ကျွေးတော့မယ်။ ကျွေးတာလေး စားပေါ့ကွ။ အဲ့အခုတော့ မင်းတို့ကမဟုတ်ဘူး။ တရားလေးကတော့ ထိုင်တော့ ထိုင်ပါတယ်။ မင်းအပြင်မှာ အာရုံငါးပါးနဲ့ လွတ်လပ်စွာပေါင်းနေတာ။ မျက်စိနဲ့ပေါင်း မင်းနားက ဘဝင်နဲ့ပေါင်း။ ပေါင်းပြီးတော့ ဟာ အဲဒီတော့ မင်းဒါတွေနဲ့ပေါင်းနေတော့ ဒီလိုအနုသယဟာ ကံအနုသယလေးတွေ။ မင်းဝယ်နိုင်ပါ့မလားတဲ့။ ငါ့ညီတဲ့။ ဒီကံအနုသယလေး တွေဟာ ရှိတယ်နော်တဲ့။ သတိထားလိုက်ပါတဲ့။ အဲဒီတော့ ဒီကံတွေကိုဖြစ်သွားမှာစိုးလို့ မင်းတောင်ဖို့ မှာ ဂလိုင်ခြောက်ပေါက်ရှိတယ်တဲ့။ ခြောက်ပေါက်ရှိတော့ ငါးပေါက်ပိတ်လိုက်ပါ။ မျက်စိတံခါး၊ နားတံခါး၊ နားခေါင်းတံခါး။ လျှာတံခါး၊ ကိုယ်တံခါး။ အဲဒီငါးပေါက် အပမာဒေန သမ္ပာဒေထ။ မင်းမနော နဲ့ မပေါင်းနဲ့တဲ့။ မနောကဘာလဲ။ အနတ္တတရား။ ထိတာလည်း မမြဲပါလား။ သိတာလည်း မမြဲပါလား။ ဒါမြင်တာ အနတ္တသဘော။ မြင်တာကိုသွားစွဲရင် ကံဖြစ်လိမ့်မယ်။ ဘယ်ကံလဲ။ မနောကံ။ အဲဒီကံ ဖြစ်တဲ့အတွက် အနုသယကံကိုရှိနေသေးရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူးကွ။ ဟော ဒါကြောင့်မို့ ကိုယ့်စိတ်ကိုယ်စစ်ပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လိုချင်ရင် အနုသယကိုပယ်နိုင်မှ ထူးမယ်ဗျို့နော်။ သစ္စာနဲ့ ဟောသွားတဲ့တရား သမုဒိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ အရမတ္ထသစ္စာ၊ အရိယဓါတ်သစ္စာ။ ဒါ ဘုရားဟောအရ သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေ သင်္ခါရ ဒုက္ခ၊ သဗ္ဗေ သင်္ခါရ အနတ္တ။ ကံတရား။ ကံတရား ဉာဏ်တရားရှိတယ်။ အဲဒီတော့ အနတ္တ မြင်တာလည်း မမြဲပါလား။ နံတာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား။ အဲဒါ အနတ္တ စိတ်မြင်တာကို အနုသယဖြစ်နေရင် ကံစိတ် သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံဟာ ကံတွေ။ ဒီကံလေးက ဘယ်ကလာသလဲ ဟိုးအတိတ်ကလာတာပါဗျာ။ အဲဒီတော့ သေတော့ ဝိညာဉ်ကံကလေးနဲ့သွားမှာဗျာ့။ အဲဒီတော့ အဲဒါလေးကို အထူးသဖြင့် ကိုယ့်အဖေလို အောက်မေ့တယ်၊ ကိုယ့်အမေလို၊ နောက် ကိုယ့်အစ်ကိုကြီးလို အောက်မေ့တယ်။ မင်းလည်း မမြဲဘူး ကွ။ ငါလည်း မမြဲဘူးကွ။ အဲဒီတော့ မင်းတို့ ဒီဒါနကတော့ မှန်တာပေါ့ဗျာတဲ့။ သီလက အုတ်ပန္နက် ရိုက်ရမယ်ကွ။ ဒါနက အကာကွ။ သီလမှ အနှစ်ခေါ်တယ်ကွ။ သီလဆိုတာ မင်းစိတ်ကိုထိန်းကွ။ စိတ်ထိန်းနိုင်တာ ဘယ်စိတ်လဲ။ ဘဝင်စိတ်။ မြင်တာလည်း မမြဲဘူး။ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဥပါဒါန်လွတ်တော့ ဘဝင်စိတ်အေးတာပေါ့ဗျာ။ သညာနဲ့အေးတာနဲ့ ပညာနဲ့အေးတာ နှစ်မျိုးရှိတယ်ဗျ။ သညာနဲ့အေးတာက စိတ်မချရဘူး။ ပညာနဲ့အေးတာက စိတ်ချရတယ်။ အဲဒီတော့ ကံနဲ့အေးတာက စိတ်ချမ်းသာတယ်။ ဉာဏ်နဲ့စိတ်အေးတယ်။ ဟော ကံနဲ့စိတ်ချမ်းသာတယ်။ ဟောတိုက်တွေရှိတယ်။ ကားတွေရှိတယ်။ သဘောင်္ဘမြောက်များစွာရှိတယ်။ အခြွေအရံကလည်းရှိတယ်။ လိုလေသေးမရှိဘူး။

အဲဒါ စိတ်ချမ်းသာတယ်။ ဘာဖြစ်လို့စိတ်ချမ်းသာလဲ။ တဏှာရှိနေတဲ့အတွက် အနုသယတွေ မပယ်နိုင်တဲ့အတွက် အဲဒီတော့ ဒါတွေကို ပစ္စည်းအားကိုးပြီးတော့ တဏှာပဲဗျို့ လောကီအားကိုး နေတာ။ အားကိုးမှားနေပြီနော့။ အဲဒီတော့ ခုနကပြောသလို အဖေလည်းမှန်ပါတယ်။ အမေလည်း မှန်ပါတယ်။ ဘုရားလည်း မှန်ပါတယ်။ မှန်တာပေါ့။ ဒါကံတရားတွေ။ ဘယ်ကံလဲ ခင်ဗျားတို့မနောက လုံ့မှမလုံတာ။ မနောကံပေါ့ဗျ။ သံသရာလည်တာ။ သူကလည်တာ။ အပါယ်ကျတယ်မပြောဘူး။ အပါယ်ကျတာက ဈေးထဲမှာ ဝက်တွေသတ်၊ အမဲသားတွေသတ်၊ ငါးခူတွေ၊ ငါးရံ့တွေသတ်။ ဒီလို လူမျိုးတောင် အသိတရားရသွားရင် ရဟန္တာဖြစ်တယ်ဗျို့နော်။ အသိရသွားတာ။ သိ-ပါယ်-စိုက်-ပွား၊ အဲဒီတော့ တိဟိတ်နဲ့ ဒွိဟိတ်ဆိုတာ အဲဒါခေါ်တာ။ ဒွိဟိတ်ကိုပယ်ပြီး တိဟိတ်မြင်ပြီ၊ အဲဒါ ပါယ်တာပဲ နော်။ အဲဒါက အင်မတန်အရေးကြီးတယ်။ ပေါ့ပေါ့ဆဆမနေနဲ့။ ဘုရားက ပိန္နဲကုန်းက အောင်သစ္စာ မဟာခါတ်ပေါင်းချုပ်ဘုရားမှာ နာမ်ပုဂ္ဂိုလ်။ ဒါတွေဟာ ကံတွေပေါ့ဗျ။ သူတို့က အစွဲတရားတွေပဲ။ အဲဒီလိုကံတွေကလာပြီး ဉာဏ်နဲ့ပေါင်းတာ။ အဲဒီပုဂ္ဂိုလ်တွေကသိတယ်။ အဲဒီတော့ လူကတွေးသာ ကြည့်တော့ဗျာ။ အဲဒီတော့ ဒီလိုပုဂ္ဂိုလ်ရှိနေတာ လူကနည်းနည်းတော့ အသိတရားရှိဖို့လိုပါတယ်။ ပစ္စည်းမရှိရင် ရှာလို့ရတယ်။ တကယ်အသိတရားကိုယူရမယ်။ အဲဒီတော့ ဒီအသိကလေးလည်း ယူမယ်။ ဒါနလေးလည်းဖြစ်မယ်ဆိုတော့ ဥပမာပြောပြမယ်။ အဝိဇ္ဇာကြီးကို အာရုံခြောက်ပါးခေါ်တယ်။ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောမယ်။ ဒါနနဲ့ ဆေးကြောမယ်။ ဘာဝနာနဲ့ပွားများမယ်။ ဘာဝနာ ဆိုတာဘာလဲ။ အဲဒါသံဝေဂတရားတွေ။ ကိုယ်ကျင့်တရားတွေ ပြဟ္မစိုရ်တရားတွေ။ အော် ငါ့အမေ မရှိတော့ပါလား။ ငါ့အဖေမရှိတော့ပါလား။ အော် ငါရန်ကုန်ကလာတယ်။ မြောင်းမြရောက်ပါလား။ ရန်ကုန်ကလာတယ်။ မြောင်းမြရောက်ပါလား။ မြောင်းမြလည်းမမြဲဘူး။ ရန်ကုန်လည်း မမြဲဘူး။ လာတာလည်း မမြဲပါလား။ ပြန်တာလည်း မမြဲပါလား။ အဲဒါမမြဲတဲ့တရားတွေ ပြန်တော့ သုသာန်တွေ ကြည့်လိုက်ဟဲ့။ မီးတခိုးခိုးနဲ့ ခေါင်းတိုင်ကြီးတွေက ထွက်လို့တဲ့။ တစ်လောင်းပြီးတစ်လောင်း ထပ်နေ ပါလားဟဲ့။ ငါလည်း ဒီလမ်းသွားရမှာပါလား။ ငါလည်း မမြဲပါလား။ အနတ္တပါလား။ ငါ့ရုပ်နာမ်တွေ ကလည်း မမြဲပါလား။ အဲဒီလို ဘာဝနာတွေကလည်း အလွန်ကောင်း၊ သီလကလည်း အလွန်ကောင်း၊ သမာဓိကလည်း အလွန်ကောင်းတော့ ပြောစရာမရှိဘူး။ ခင်ဗျားခါတ်သွားတွေ့ပါပြီ။ အဲဒီတော့ ဒီအနုသယမှမပယ်နိုင်ရင် တို့ပေါင်းကူးမယ်။ မိစ္ဆာအယူကိုပယ်လိုက်၊ သမ္မာအယူကိုယူ။ သမ္မာအယူကို ယူတဲ့အခါ ပုပ္ပ၊ မုစ္စ၊ ပရ စေတနာသုံးတန်။ အဲ ဒါဘယ်ကျောင်းလှူခဲ့တာပဲ။ ဘာကြီးလုပ်ခဲ့တာပဲ။ ဟော အဲဒါတွေက အနုသယစွဲနေပြန်ရော။ စွဲနေတော့ သေခါနီးအခါကျတော့ အဲဒါတွေကို အာရုံသွား

ညွတ်တော့ ဖြစ်တတ်တယ်ဗျို့နော်။ ဒါကြောင့်မို့ တရားနှလုံးသွင်းတတ်ဖို့လိုတယ်။ အဲဒီတော့ စွဲတာ ဟာ ကံပါလား။ အဲဒီတော့ လှူတာလည်းမမြဲပါလား။ အဲဒီတော့ ဘုရားကိုလည်း ငါယုံကြည်တယ်။ တရားကိုလည်း ငါယုံကြည်တယ်။ သံဃာကိုလည်း ငါယုံကြည်တယ်။ ဒီလိုယုံကြည်တဲ့ဟာလေးကို ဥပမာ မစွဲနဲ့လို့တော့ မပြောဘူးပေါ့ဗျာ။ နည်းနည်းပါးပါး သမ္မာလေးနဲ့ခံပြီးတော့ အစွဲလေးထားပေါ့ ဗျာ။ အဲဒီတော့ ဒီအစွဲတရားဟာ မဂ်ဉာဏ်ရမှ ပယ်လို့ရမှာ။ အဲဒီတော့ မဂ်ဉာဏ်မရတဲ့အခါမှာ သမ္မာ အယူနဲ့ မိစ္ဆာအယူမှာ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ် လို့ရေးထားတယ်။ အဲဒီတော့ သောတပန် ဆိုတာ ဥပမာလေးပြောပြမယ်နော်။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။ စာတော့မတတ်ဘူး။ အဲဒီတော့ သောတပန်ဆိုတာ သူဘာကြောင့်ဖြစ်ရတာလဲ။ အဲဒီတော့ ဒကာမကြီးဟာ ဘာကြောင့် သောတပန် ဖြစ်ရတာလဲ။ အနာထပိဏ်သူဌေးကြီး ဘာကြောင့်ဖြစ်ရတာပဲ။ ဝိသာခါကျောင်းအမကြီး ဘာကြောင့် ဖြစ်ရတာလဲ။ သောတပန် သူကကျင့်တာမဟုတ်ဘူး။ ဒါပေမယ့် သူက ဘုရားအစစ်ကိုလှူထားရတဲ့ အတွက် အဲဒီဘုရားရဲ့ မနောခါတ်တွေက သူ့မှာသွားပြီးတော့ရတယ်ဗျို့။ ဒီသဘောပဲ။ အဲဒီဓါတ်တွေ ရတဲ့အခါကျတော့ ဟာ ခင်ဗျားတို့တွေးသာကြည့်ပေတော့။ အဲဒီတော့ ဒီဓါတ်ပေါက်သွားတဲ့ပုဂ္ဂိုလ် ကြီးကို ခင်ဗျားတို့ တစ်နေ့တစ်နေ့ သူ့ကျောင်းလာ သူလည်းတစ်မျိုးဖြစ်ရော။ အဲဒါနဲ့ သူလည်း ခေါင်းစိုက်ရော လုပ်မိတာ သူ့ကံပဲ။ အဲဒီလိုအသိမကျွတ်ဘူး။ အဲဒါ အပါယ်ပိတ်တာပဲခေါ်တယ်။ ဘုန်းကြီးတိုင်းမတူဘူး။ ဒါက သိအောင် သူဘာမှလူရောမလိုဘူး။ သူတရားကိုယုံကြည်ဖို့ပဲ။ အလှူကို ပြောတာမဟုတ်ဘူး။ သူ့အသိကိုယုံကြည်ဖို့။ အဲဒီတော့ သူပြောတဲ့အသိကို ကိုယ်က နှလုံးသွင်းနေ ကြာရင် ကိုလည်းဖြစ်ရော။ သူကဓါတ်သမား။ ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ အာပေါဓါတ် ဓါတ်လေးပါးကိုကျင့်ထားတာ။ အနတ္တတရားကိုကျင့်ထားတာ။ အဲဒီတော့ သိုက်တွေ၊ ဓါတ်တွေ၊ နတ်တွေက လာပြီးတော့ ဒီမဂ်အောင်သွားတဲ့သူကိုလာတာ။ မဂ်အောင်တော့ အစွဲပြတ်လို့ အဲဒီလို မျိုးစေ့မျိုးကိုယူတတ်ရင် ခင်ဗျားတို့ အပါယ်ပိတ်တယ်ဗျို့။ ဒါကြောင့်မို့ သာမညဆရာတော်ကြီးက သူ့တပည့်ဓါတ်ပုံရိုက်တဲ့သူကို သွားတဲ့ ပဏ္ဍိတကျောင်းတဲ့။ အဲဒီမှာ မင်း ပဏ္ဍိတ ရဲ့အလုပ်အကျွေး သမှုပြုတဲ့ ဘာမှပြုတာမဟုတ်ဘူး။ ဘုန်းကြီးကတောင် သူပြန်ဖို့လမ်းစရိတ်(၁၀၀၀)ပေးလိုက်ရတယ်။ သူဘာမှ ယူသွားတာမဟုတ်ဘူး။ အသိယူသွားတာ။ အဲဒီအသိယူတတ်ရင် ခင်ဗျားတို့ အပါယ်ပိတ် မှာပဲ။ ဒီလိုမလုပ်နဲ့ဗျာ။ ဒကာမကြီးရယ်။ မစ္ဆရိယစိတ်၊ ကုက္ကုစ္စစိတ်၊ မနာလိုစိတ်၊ ဝန်တိုမိစ္ဆာစိတ် မလုပ်နဲ့။ နာမည်တော့ဖွင့်မပြောဘူးပေါ့ဗျာ။ သူကမြင်လိုက်တဲ့အကြောင်း ဒေါသဖြစ် မိစ္ဆာစိတ်ဖြစ်သွား တယ်။ ဟာ ဒီလိုမလုပ်နဲ့လေ။ မလုပ်နဲ့ဗျ။ မရဘူး။ ဘာလဲ သမာဓိ ဘာမှမကောင်းတာကိုဗျ။ အဲဒါတွေ

ကို သူ ဦးပဏ္ဍိတ ရဲ့တရားတွေကို မယုံကြည်လို့ ဒီလိုဖြစ်တာပေါ့ဗျ။ အဲဒီလိုပဲဖြစ်သွားတာ။ ဦးပဏ္ဍိတ ရဲ့ တရားအသိကို သူယုံကြည်ရင် သူစိတ်ပြောင်းသွားလိမ့်မယ်။ အဲဒီနေရာမှာ ခင်ဗျားတို့သိပ်အရေးကြီးတယ်နော်။ အဲပြန်ကြပါ။ ဦးပဏ္ဍိတ ပဲ အရင်ပြန်မလား။ ခင်ဗျားတို့ပဲ အရင်ပြန်မလား။ အဲဒီ အသိကလေးကိုယူထားပါ။ အော် ငါတော့အကျိုးရှိတာကို နှလုံးသွင်းမယ်။ ငါတော့ မကျင့်နိုင်ဘူး။ ဟော ဦးပဏ္ဍိတ ရဲ့အသိကိုမယူဘဲ သူသိတာတွေကိုပဲ လျှောက်လုပ်နေရော။ မှားတာပေါ့ဗျာ။ အဲဒီတော့ တော်တော်လေးခက်တယ်။ တစ်နေ့တစ်နေ့ အသိတစ်လုံးယူလိုက်၊ နှစ်လုံးယူလိုက်၊ သုံးလုံးယူလိုက်နဲ့ ဟော ကုတ်လာတယ်ဗျို့ သူကျောင်းမှ တစ်ချို့ရတဲ့ ဒကာ၊ ဒကာမတွေရှိပါတယ်။ တစ်ချို့ရတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ ဒါပေမယ့် ဦးဇင်း ကတော့ မပြောဘူး။ အဲဒီလူတွေက ဘယ်လိုဖြစ်လဲဆိုတော့ ကြက်နာ၊ ဘဲနာတွေလို ကုတ်နေတယ်။ ဟာ ခက်တာပဲ။ ကုတ်နေတယ်။ အသိဖြစ်နေတာ။ ရှေ့လည်းမတိုးရဲတော့ဘူး။ အလုပ်လည်း မလုပ်တော့ဘူး။ သူတို့မှာဖြစ်နေတာ။ လူငယ်ထဲကဖြစ်နေတာ။ အဲဒီတော့ ဒီအသိကိုယူတတ်မှ သိရင်ပယ်မယ်။ ပယ်ရင်ဆိုက်မယ်၊ ဆိုက်ရင်ပွားမယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ လှူစရာသိပ်မလိုဘူးဗျ။ အသိယူထားဖို့လိုတယ်။ ဟေ့ ဒကာကြီး ဒီလိုက ဒီလို ဘုန်းကြီးကပြောတယ်။ ယူထား။ အဲဒီတော့ မယူပဲနဲ့ ကိုယ့်အသိနဲ့ ကိုယ်လုပ်တော့ မှားတာပေါ့။ ဒါတွေအရေးကြီးပါတယ်။ အဲဒီတော့ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ် ဆိုတာတွေက မှန်တာပေါ့။ သောတပန်ဆိုတာ ရဟန္တာကိုလှူမှ၊ ဘုရားကိုလှူမှ၊ စိတ်အကြောင်းလေး။ အဲဒါကို ပြောတာ။ သောတပန်ဆိုတာ အမျိုးမျိုးရှိတယ်။ စူဠသောတပန်၊ မဟာသောတပန်လို့ စာကရေးထားတယ်။ စူဠသောတပန်ဆိုတာဘာလဲ။ မဟာသောတပန်ဆိုတာ ဘာလဲစဉ်းစားကြည့်ပေါ့ဗျ။ မဟာသောတပန်ဆိုတာ မဟာပုဂ္ဂိုလ်ကိုလှူလို့ သူ့မှာသွားပြီးတော့ နှလုံးသားကိန်းဝပ်နေတာ။ စူဠသောတပန်ကတော့ ခင်ဗျားတို့တွေးကြည့်။ အဲ ဘုရား၊ တရား၊ သံဃာကိုတော့ ယုံကြည်ပါတယ်။ ယုံကြည်တဲ့အတွက် ကြောင့် ဘုရားတွေလည်း ငါလှူမယ်၊ အိမ်ကဘုရားမှာလည်း သူ့အသိလေးနဲ့သူလုပ်နေတယ်။ အဲဒါ မိစ္ဆာအယူတွေဖြစ်နေတယ်။ လှူလိုက် မိစ္ဆာအယူနဲ့ သမ္မာအယူ မကွဲဘူး။ ဒါကြောင့် မဟာပုဂ္ဂိုလ်ကို လှူထားလို့ မဟာသောတပန်ဖြစ်တာ။ အဲဒါကြောင့် ဒီနေရာမှာယူတတ်ဖို့လိုတယ်။ ခင်ဗျားတို့အပေါ် မှာ မူတည်တယ်။ ဘုန်းကြီးကို လာလာမကျွေးနဲ့။ ဘုန်းကြီးက ကျင့်တဲ့ဘုန်းကြီးဗျ။ ဘာလဲဆိုတော့ ကိလေသာကိုပယ်သတ်နေတာ။ အနုသယကိလေသာကို ပယ်သတ်နေတာ။ အနုသယကိလေသာတွေကို ပယ်သတ်နေတာ။ အာရုံရဲ့ အနုသယတွေကို ပယ်သတ်နေတာ။ ပယ်သတ်မှ သူ့မှာ တရားတွေ အောင်မြင်မယ်။ အနုသယတွေနဲ့ ပေါင်းသင်းနေရင် ဘုန်းကြီးက

ကျွမ်းပြန်သွားလိမ့်မယ်။ ကိုယ့်အဖေ လိုအောက်မေ့မယ်၊ ကိုယ့်အမေလိုအောက်မေ့မယ်။ ကိုယ့်အစ်ကိုလို အောက်မေ့တယ်။ ဒကာ၊ ဒကာမတွေက ဘုန်းကြီးကို ကျွေးလိုက်မွေးလိုက်နဲ့ သူက တဏှာနဲ့၊ အရသာကိုခံစားတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရတော့ တဏှာဖြစ်တယ်။ အနုသယ။ ဒါကြောင့်မို့ ကိုယ့်အဖေ လို၊ ကိုယ့်အမေလိုသဘောထားပြီးတော့ ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ ဥပမာ ကံတရားက သမ္မာဝါစာ၊ သမ္မာကမန္တ၊ သမ္မာအာဇီဝ၊ ဒါကံပဲ။ ဒါပေမယ့် ဒီကံဟာ မိစ္ဆာကိုပယ်နေပြီ။ မိစ္ဆာအယူကို ပယ်နေပြီ။ သမ္မာအယူကိုယူနေပြီ။ သမ္မာကံကောင်းတဲ့ကံ။ အဲဒီကောင်းတဲ့ကံက တတ်သွားတယ်။ တက်သွားတော့ သူဘယ်မှမသွားဘူး။ အပေါင်းအသင်းလည်းမလုပ်ဘူး။ သူတစ်ယောက်တည်းဖြစ်နေတယ်။ မလုပ်တဲ့အခါကျတော့ လူသူလေးပါးကလာတယ်။ အချိန်ကျတော့ စားတာပေါ့ဗျာ။ ဖေါက်ပြန်တယ်။ နာမ်လေးကခံစားတယ်။ နာမ်လေးက ဘာခံစားလဲ။ မမေးလေး။ ရုပ်က အစာအိမ်မှာဘာမှမရှိတော့ဘူး။ ဓါတ်လေးပါးဖောက်တာကို အမှန်က အဲဒီဓါတ်ကြီးလေးပါးက ဖောက်တာ။ တစ်ခါလာလဲ နာမ်က ခံစားတယ်။ အဲဒီအခါမှာ မျှော်တော့တာပဲဗျို့။ ဘယ်အိမ်က ထမင်းလာမလဲ။ ဘယ်အိမ်က ဟင်းလာမလဲ။ ဘယ်အိမ်က ဘာလာမလဲ။ ဓါတ်လေးပါးကဖောက်ပြန်တယ်။ ရုပ်ကဖောက်ပြန်တယ်။ ဖောက်ပြန်တော့ အေး အေး အေး အေး ကြံ့ရာကြာပန်း ရှိတာလေးနဲ့ သူ့ကိုလာပေးတဲ့ဟာလေးနဲ့ မြို့ခံပြီးစားတာပေါ့။ အဲဒီတော့ ခန္ဓာကဖေါက်ပြန်ပြီး နာမ်က အကြောင်းသုံးပါးကိုခံစားတယ်။ ရုပ်က ဓါတ်လေးပါးတွေဖေါက်ပြန်ပါလား။ မခံသာ မှန်ပါသည့် တရားခံသာလျှင် သံသရာကြောမျောမယ်ဗျ။ နာမ်လည်း မမြဲဘူး၊ ရုပ်လည်း မမြဲဘူး။ သူလုပ်တယ်။ နာမ်ကလည်း မမြဲဘူး။ ရုပ်ကလည်း မမြဲဘူး။ အသိတရားလေးရလာတယ်။ ဉာဏ်မပေါက်သေးပါဘူးဗျာ။ အဲဒီတော့ ဒီတော့ သမ္မာလေးနဲ့ ဒီအချိန်မှာ ရုပ်၏ လက္ခဏာ၊ နာမ်၏ လက္ခဏာ၊ ရုပ်၏ အကျိုး၊ နာမ်၏ အကြောင်း အဲဒါဘာလဲဆိုတော့ ရုပ်တရားက ဟိုးအတိတ်က သူတော်ကောင်း သူမြတ်လောင်းတွေနဲ့ တွေ့ပြန်ရပြန်တော့ ပစ္စုပ္ပန်မှာလည်း သာသနာတွေပွင့်နေတယ်။ အဲဒီကြားထဲမှာ မင်းသာသနာသွားပြုတဲ့သူတော်ကောင်း သူမြတ်လောင်းတွေနဲ့ တွေ့လာရပြန်တော့ ဒီပစ္စုပ္ပန်ဘုံမှာ အဲဒီဝိညာဉ်လေးက ဒေါ်အုန်းမေ၊ ဦးချိုတိုးဆီမှာ ပဋိသန္ဓေတည်တာပဲဗျို့။ အဲဒီကြမှ မြမောင် ဖြစ်လာတယ်။ မြမောင် ကလည်း မသိဘူးဗျို့။ အယူမှား၊ မစွဲမှား မြမောင် ကလည်း ကညွတ်ကင်းလျှောက် လောဘ၊ ဒေါသ၊ မောဟ ကံတွေပေါ့။ တစ်ခါမှမလှူဘူး။ သူများအလှူတက်စားတယ်။ ဒါဘာလဲ မကောင်းတဲ့မိစ္ဆာတွေပေါ့။ သေသွားရင် ခွေးတောင်မဖြစ်ဘူးနော်။ တွေးပါ။ ဟိုတုန်းက မြမောင် ဟာ လူတစ်ယောက် လေးလိပ်တစ်လိပ်

မြမောင် ကိုလည်း လာမပေး။ မြမောင် လည်း ကြံ့ရည်တစ်ခွက်မသောက်ရ။ မကောင်းပါဘူး။ သူများ ဖဲလိမ်ရိုက်တယ်။ သူများလစ်ရင် ခိုးမယ်။ ဒါဟာ မိစ္ဆာအယူကံတွေ။ ကိုယ်လုပ်တာ ကိုယ်အပြစ် ကိုယ်ပြန်ကြည့်။ ကိုယ်မကောင်းတဲ့ကာလမှာ ထမင်းတောင် နပ်မှန်အောင်မစားရဘူး။ တွေးကြည့်။ အဲဒါဘာအယူလဲ။ မိစ္ဆာအယူ။ အဲဒီတော့ ကံလည်း သူနားမလည်ဘူး။ အဲဒီတော့ စွတ်လုပ်တယ်။ တစ်နေ့သောအခါကြတော့ သူဟာ (၅၄)နှစ်အရွယ်ရောက်တော့ ထီပေါက်တယ်။ ၁၉၆၉-၅၉ မှာ ပေါက်တာထီ။ မိုးမမြင် လေမမြင်နဲ့ မြမောင်စက်ဘီးကိုင်ပြီး မိန်းမတွေနဲ့တကားကားဖြစ်လာတယ်။ ဒါဘာလဲ မနောနာမ်။ ငါ့သေတ္တာထဲမှာ ငွေဘယ်လောက်ရှိတယ်။ ရွှေဘယ်လောက်ရှိတယ်။ တွက်ထားတယ်။ အကုန်သိတယ်။ မနောက သူရတာလေးက ပေါ့ပေါ့ပါးပါးရတယ်။ ကုန်တော့ မသိမသာကုန်တယ်။ ကုန်တော့ဘာဖြစ်လဲ။ ဒမြတိုက်ချင်လာတယ်။ လူသတ်တယ်။ သူများလည်ပင်းကဆွဲကြိုးခိုးပြေးတယ်။ ဒါကောင်းလား။ လူဟာ ကံအကျိုးပေးတဲ့အချိန်မှာ နောင်တရရင် သိရင်သိ၊ မသိရင် မျောမှာပဲ။ မျောရင် မြုတ်မယ်။ ကာလသုံးပါးရှိတယ်။ ကံအကျိုးပေးတာ မြမောင် က မလုပ်တတ်ဘူး။ ဖဲရိုက်လိုက်၊ မယားတွေလျှောက်ယူလိုက်၊ မယားကြီးဆိုတာ သနားဖို့ကောင်းတယ်။ မကောင်းတဲ့ အဝိဇ္ဇာကနေ မိစ္ဆာဖြစ်ကုန်တာပေါ့ဗျ။ အဲဒီတော့ ကုန်ရော။ တစ်ခုမှမရှိတော့ဘူး။ အဲဒီတော့ မြမောင် ကို ဘယ်သူမှ အပေါင်းအသင်းလာမလုပ်ကြတော့ဘူး။ မြမောင် ကို ထွီ၊ ထွမ်တောင်လုပ်ချင်လာပြီ။ အဲဒီတော့မှ ခပ်တိုတိုပြောပြမယ်။ စာတစ်လုံးမှမတတ်ဘူး။ တွေးကြည့် တောင်းတာပေးတယ်။ ပိုက်ဆံတွေ။ ဟာ ဘာတွေပေးနဲ့ အဲဒီပေါ်မှာ မြမောင် သာယာရင် သွားပြန်ရော။ ချောက်ထဲကျရော။ ရေပုလင်းက ဆေးဖြစ်၊ ဘာကဖြစ်၊ ညာကဖြစ်နဲ့ ငါတောင်းတိုင်းဖြစ်၊ မနောကနေပြီးတော့ ဒီအာရုံတွေအပေါ် သာယာရင် သွားပြန်ရော။ မြမောင် ပဏ္ဍိတ ချောက်ထဲကျရော။ မြင်ရတာမလွယ်ပါဘူးဗျာ။ ဉာဏ်လေးသိသွားလို့ သဘောလေး။ ဒါကြောင့်မို့ ဒကာ၊ ဒကာမများကိုကယ်တာ။ သီလရှင်တွေ၊ ဘုန်းကြီးတွေ ကယ်တယ်။ သူသိသွားပြီလေ။ သစ္စာနဲ့ဟောလိုက်တာ။ သိပြီကွတဲ့။ ဒါကြောင့်မို့ အေးကွာ မင်းတို့မကောင်းတာမလုပ်ကြနဲ့။ အခု ငါ ပဏ္ဍိတ ကွ။ ဟိုတချိန်က မြမောင် ကွ။ မြမောင် ဆီ ဘယ်သူမှ မလာဘူးကွ။ ပဏ္ဍိတ ကျတော့ ဝိုင်းနေတာပဲ။ သိုက်တွေကလည်းဝိုင်း၊ နတ်တွေကလည်းဝိုင်း၊ ဓါတ်တွေကလည်းဝိုင်း။ အေးကွ။ ကြည့်စမ်း။ မင်းဘယ်လောက်အံ့ဩဖို့ကောင်းလဲ။ မြမောင်ပြင်တာ စာကလည်း နှစ်တန်းတည်းတတ်တယ်။ ဒါ သူ့အတက်ခိုးရပြီ။ ဒီလူက အခြေခံဘာလဲ။ အခုဘယ်လို ဖြစ်လဲ။ ဒါဘာလဲ ဝိပဿနာတရား။ ဒီလမ်းကတော့ ခင်ဗျားတို့ပြန်မှာပဲ။ အကုန်လုံးပြန်မှာပဲ။ ကံကုန်ရင် သွားရမှာပဲ။ မတော်တဆခွေးဖြစ်မယ်။ ကြောင်ဖြစ်မယ်၊ ချေးပိုးထိုးဖြစ်မယ်။ သိပ်ကြောက်ဖို့

ကောင်းတာ။ ဒီကသိနေပြီ။ အော် အေး အေး ။ မအေကိုတော့ ပြုစုတာပေါ့။ ဖအေကိုတော့ ပြုစုတာပေါ့။ မစွဲနဲ့လို့သူကပြောတာ။ မင်းမစွဲနဲ့တဲ့။ အဲဒါမင်းစိတ်ကိုမင်းစစ်တဲ့။ ရော့ အမေရေ စား စား စား။ ရော့ အဖေရေ ဟော ဒီကနေပြီးတော့ လှမ်းပူနေတယ်။ ကျောင်းကနေပြီးတော့ ဟာဘာဖြစ်။ ဒါဥပါဒါန်ပေါ့။ အဲဒီဥပါဒါန်ရှိရင် ဝိညာဉ်က (၃၁)ဘုံလည်တယ်ဗျ။ အဲဒီဥပါဒါန်ကို ဟောနေတာ။ ဥပါဒါန်ကို ဥပါဒ်မဖြစ်ပါစေနဲ့။ ဥပါဒါန်ဖြစ်တယ်ဆိုတာ အစွဲကြောင့်ဖြစ်နေတာ။ အဲဒီ ကောဓမ္မောလို့ ဘုရားကဟောတယ်။ ကောဓမ္မော အေးရမယ်။ မင်း မအေးပါလား။ ဒါတွေကို မင်းသတိလေးထားပါတဲ့။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ ကိုယ်လည်း မသိနိုင်ဘူး။ အဲဒီလူက လိမ်ပြောတာလား။ ညာပြောတာလား။ မယုံနဲ့ဦး။ ဥပါဒါန်ကိုဟောနေတာ။ ဥပါဒါန် ဘာကြောင့်ဖြစ်ရတာလဲ။ အစွဲကြောင့် ဥပါဒါန်ဖြစ်တာ။ ဒီအစွဲက ဘယ်ကလာသလဲ။ ဒီအစွဲက ကိလေသာနဲ့ တဏှာကို ရုပ်နဲ့နာမ်မမြင်လို့စွဲတာပေါ့။ မင်း ငါ အဲဒါပဲပြောလိုက်တော့မယ်ကွ။ ရုပ်နဲ့နာမ်ကိုမြင်သွားရင် ယတ္တ ဘူတဉာဏ်ရရင် ဒီအစွဲတွေပြတ်တယ်ကွ။ အစွဲကတော့ မင်းအပေါ်မူတည်တာကွ။ အဲဒါစွဲတာနဲ့ ဥပါဒါန်ဖြစ်။ အဲဒီလိုစွဲတာ။ ဘာဖြစ်လို့စွဲတာလဲ။ သညာကမှတ်ပေးတယ်ကွာ။ အကြောင်းကဖြစ်လာပြီကွ။ သညာက ဒါအဖေ-အမေအကြောင်း။ အမေအကြောင်း။ ဒီအပြင်လူနဲ့ ဘာမှမဆိုင်တဲ့အခါကျတော့ သညာကမမှတ်ဘူးပေါ့။ အဲဒါ မင်းအကြောင်းနဲ့မပတ်သက်ဘူးပေါ့။ မင်းအကြောင်းနဲ့ မပက်သက်ရင် မစွဲဘူးပေါ့ကွ။ မင်းအကြောင်းနဲ့ ပတ်သက်မှစွဲတာကွ။ အဲဒီလိုပြောတာ။ အဲဒီကြမှ မင်းဥပါဒါန်ဖြစ်သွားတယ်။ အဲဒါလေးက ဘာလေးလဲ။ ဖွန်းလေး။ ဒါဘာလေးလဲ ဥပမာပေါ့ဗျာ ရဟန္တာက သူတို့မပြောတာပဲဗျ။ ပဗ္ဗောတာရုံ ပုဂ္ဂိုလ်နာမည်တော့ မပြောတတ်ဘူးဗျာ။ ဒါ ဦးဇင်း ကျ လောတာကိုးဗျ။ ရဟန္တာပုဂ္ဂိုလ်က ဘာမှမရှိဘူးတဲ့။ အခုမင်းတို့ကျောင်းမှာကွာ ဆားထုတ်တွေရော၊ ရေနံဆီတွေရော၊ ခေါက်ဆွဲတွေရော၊ ဘာတွေရော၊ ညာတွေရောနဲ့ ခင်ဗျား ထိပ်ဆီးကပြောတာနော်။ အဲဒါ ပဗ္ဗောတာရုံက ပြောတာ။ အဲဒါကြည့်။ စာနဲ့ စိတ်သမားနဲ့ ပြောပြပြီ။ ဒါသစ္စာနဲ့ပြောတာ။ ပြောတော့တစ်မျိုး၊ လုပ်တော့တစ်မျိုး။ ကြည့်စမ်း ရေနံဆီပုံးတွေ ဟိုတုန်းက မီးစက်မှမရှိတာကိုးဗျ။ ရေနံဆီလေး ဟိုဘေးနား ထရံလေးနားထား။ ဆားထုတ်လေးတွေ ဘေးနားထား။ ခုံပေါ်မှာလဲ ဆားထုတ်ကလေးတွေတွေ့တယ်မဟုတ်လား။ အဲဒီဆရာတော်ကြီးသွားတွေ့တယ်။ ရဟန္တာဆိုတာ ဒါတွေဘာမှမရှိဘူးတဲ့။ ဘာလဲဗျ။ အခုဆားထုတ်လို့ ငပိထုတ်တို့။ ဟင် ပညတ်တွေကြည့်ပြီးတော့ပြောနေတာ။ ပညတ်ဆိုတာ အရာဝတ္ထုတွေ့တာတွေ၊ မြင်တာတွေ အဲဒါပညတ်ပေါ့ဗျ။ ဘုရားက မကောင်းတာကို မလုပ်နဲ့။ ကောင်းတာကိုလုပ်။ ဒါပညတ်ကို ဒါတွေပြောတာပါဗျ။ အဲဒီတော့ ရဟန္တာစိတ်သိပါပြီ။ သူ့စိတ်က အကုန်လုံးသိမ်းလိုက်ပြီ။ ကံပြတ်

သွားပြီ။ အဲဒီတော့ သူ့စိတ်ကံပြတ်သွားတော့ သူ့စိတ်သိမှ အပြင်တွေလျှောက်ပြောတော့ ဘယ်လို လုပ် စိတ်ပြောင်းတာ။ ဒီကနော် သူမစွဲတော့ဘူးတဲ့။ မစွဲရင် ဉာဏ်ပေါ့။ အဲဒါဉာဏ်။ အရိယာရဟန္တာ ပဲ။ အဲဒါရဟန္တာအစစ်ပဲ။ အတုမဟုတ်တော့ဘူး။ မစွဲဘူးတဲ့၊ ကံပြတ်သွားပြီတဲ့၊ ဘယ်ကံလဲ၊ အနုသယ ကံပြတ်ပြီတဲ့၊ အာရုံမြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ မင်းအမြင် နဲ့ ငါ့အပြင် မတူဘူးကွ။ မင်းက ကံနဲ့မြင်တာကွ။ ငါက ဉာဏ်နဲ့မြင်တာကွ။ ဟော ဘယ်သူသိလဲ။ ဖွင့်ပြောမှသိတာ။ အဲဒီအစုတ်ပလုပ်တွေကို ကျောင်းမှတပုံကြီးထားတာ။ ကျင့်တာ။ ဝိပဿနာတဲ့ လုပ်တော့တစ်မျိုး၊တစ်ခေါ်တဲ့စိတ်ကို သူတို့မသိလိုက်ဘူး။ အဲဒီတော့မှ နိဗ္ဗာန်ပြောတာ။ ခင်ဗျား လပွတ္တာက ဆရာတော်ကြီး ဦးဝေဘူရ က လက်တို့ခေါ်သွားတာ။ သူ့လူကို သွားမလုပ်နဲ့ကွ။ သွေးသား ပြောင်းတယ်ကွ။ စိတ်ပြောင်းတယ်ဆိုကတည်းက သူတို့ချင်း လက်တို့တယ်ကွ။ စိတ်ပြောင်းသွားပြီ။ စိတ်ဟောတာကွ။ ခင်ဗျားတို့စာတတ်တွေပါကွ။ ပဋ္ဌာနတာရုံတိုက်ဟောင်းက သူ့နာမည် ရဟန်း နာမည်တော့မပြောတော့ဘူး။ ဝေဘူယျဆရာတော်။ လပွတ္တာက ဆရာတော်ကြီးရှိသေးတယ်။ ဘာတဲ့ အမေရိကန်တို့ ဂျပန်တို့ ဘာတို့သွားနေတာ။ ဘယ်သူနဲ့မှလဲမသိပါဘူး။ အဲဒါတွေကိုကြည့်ပြီးတော့ ပညတ်အမြင်၊ ပညတ်အသိနဲ့ပြောနေတာ။ ဒီပရမတ်ကို သူမမြင်ဘူး။ ဒါကြောင့်မို့ လူမသိနိုင်ဘူးတဲ့။ အဲဒီလောက်ဖွင့်ပြောသွားတာ။ ခင်ဗျားတို့စာမတတ်ဘူး။ ခင်ဗျားတို့သိရမယ်။ ဒီနာမ်ပုဂ္ဂိုလ်တွေဟာ တွေးကြည့် ဓါတ်တွေ၊ ဟိုးကစီးလိုက်၊ ဒီကစီးလိုက်နဲ့၊ ဓါတ်တွေ ဒီညနေ ငါးခယ်မကစီးတာပေါ့။ ငါးသိုင်းချောင်းဘိုးတော်တို့ ဘာတို့ ဒါဘာလဲ။ ဘုန်းကြီးကထိုင်နေတာ။ အဲဒါဘာလုပ်တာလဲ။ ဓါတ်နဲ့ပူဇော်တာ။ သူတို့ချည်းပဲမဟုတ်ဘူး။ ကျောင်းမှာလဲတွေ့လား။ ဒီကအေးနေတာ။ အေးနေတာ။ နေတတ်တယ်။ စားတတ်တယ်။ သွားတတ်တယ်။ လာတတ်တယ်။ ဒကာ-ဒကာမတွေက အကုန်လုံး သူ့မှန်တော့လှူပြီပေါ့။ စာတတ်တတ် မတတ်တတ် တိုလဲထူးပြီ။ သူနဲ့ပေါင်းမှ သူယုံကြည်သွားပြီ။ သဒ္ဓါဖြစ်ပြီ။ သူသိပြီ။ အဲဒီတော့ သိတော့မှ သူဟာသူချတော့တာပဲ။ ဘုန်းကြီးကထိုင်နေတယ်။ လက်ကလေးပိုက်ပြီးတော့ သူ့ဟာသူ ကျောင်းပေါ်မှာထိုင်နေတာပဲ။ ဟော ရန်ကုန်ကလာတယ်။ ရော့ ဘုရားငွေ(၅၀၀၀)၊ ရော့ ဘုရား (၁၀၀၀၀) နဝကမ္မတဲ့။ ဟော သူကခွဲတောင်ပေးလိုက်တယ်။ အော် အေး အေး ငါ့မှာ သာသနာနဲ့ပတ်သက်ပြီးတော့ အကျပ်အတည်း စွဲတော့ မစွဲဘူးပေါ့ဗျာ။ အော် သူပေးတော့ ငါအားရပါးရလှူရတာပေါ့။ ကျောင်းတွေ၊ ကန်တွေ၊ ဘုရားတွေ၊ စေတီပုထိုး၊ ပရိဘောဂ စေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ စေတီလေးမျိုး။ ပရိဘောဂစေတီဆိုတာ ကျောင်းမှာ လိုအပ်တဲ့ ဒကာ၊ ဒကာမတွေရဲ့ အသုံးအဆောင်တွေကို ဝယ်ပေးတယ်။ ဒါပရိဘောဂ၊ ဓါတုစေတီ

ဆိုတာ ဓါတ်တွေရှိတဲ့ဟာတွေ၊ ဓါတ်ရှိနေတဲ့စေတီပုထိုးတွေကို ပြင်ပေးတယ်။ ဥဒ္ဒိဿစေတီဆိုတာ ရာဇဝင်တွေနဲ့ပတ်သက်တဲ့ ဘုရားတွေ။ ဟိုတုန်းက ရှေးရှေးတုန်းက ဘုရားကြီးတွေပြိုပျက်နေတာတွေကို ပြုပြင်မွမ်းမံပေးတာ။ ဓမ္မကလုပ်ပေးတာ။ တရားပေါက်သွားတာ။ အဲဒါလဲ သဘောမပေါက်ဘူး။ မြမောင် အရက်သမား။ ဟိုတုန်းကသာ ဟုတ်ပါတယ်ဗျာ။ အဲဒီတော့ မြမောင် ကောင်းစားတော့ ပဏ္ဍိတ ဖြစ်ရော။ အမလေး ဦးမြမောင် တဲ့ လာတောင်းရော သိတာပေါ့။ ရော့ အေး အေး အေး အေး သိတာပေါ့။။ ကိုယ်က စွဲတာမဟုတ်ဘူး။ ဒကာ၊ ဒကာမတွေက အရှင်ဘုရားကို တပည့်တော် လှူတယ်။ အရှင်ဘုရား စိတ်ချမ်းသာအောင် ဘာလုပ်လုပ်။ အဲဒါပါရမီဖြည့်တယ်ခေါ်တာ။ ဦးပဏ္ဍိတ စိတ်အေးတဲ့သူက စိတ်ချမ်းသာတဲ့သူကကျွေးတာ။ ဟိုကလာပေးတာ။ ဒီသဘောပဲ။ ဟိုက ခြေဘ် ဦးပဏ္ဍိတ ငါ ပါရမီဖြည့်လိုက်ပြီ။ ဦးပဏ္ဍိတ က မရှိဆင်းရဲသား ပရိဘောဂ၊ ဓါတု၊ ဥဒ္ဒိစ သူလုပ်ပစေ သူလိုတာရှိ ငါအကုန်လုပ်ပေးမယ်။ ဒီလို ဟိုကလှူတာပြတ်သွားတာ။ တွေးကြည့် ပြတ်သွားပြီ။ ပဏ္ဍိတ နှင့်ဟာနင်သာလုပ်ပလိုက်ဆိုပြီး ရော့ပေးပစ်ခဲ့တာ။ နှင့်ဟာနင်တည်လုပ်။ နင်ပေးချင်တဲ့သူပေးဆိုပြီး ပစ်ခဲ့တာ။ ဒီသဘောပဲ။ အဲဒီတော့ ပေးတော့ပေးတယ်။ ဦးပဏ္ဍိတ က သားပေးလိုက်၊ သမီးပေးလိုက်။ သားကိုအိမ်ဆောက်ပေးလိုက်နဲ့။ ဟော လှူတဲ့သူက ဘယ်လိုဖြစ်လာသလဲဆိုတော့ သားအိမ်ဆောက်ပေးလိုက်၊ မြေယာကွက်ကြီးလုပ်ပေးလိုက်နဲ့ ဟော ဒီကောင်ကလည်း ပဏ္ဍိတ ကလည်း စာမတတ်ဘူး။ ဟိုကလည်း မှန်တာကို သူဝေဖန်လိုက်တာ။ ဟော အဲဒါဘာလဲ။ ကံတရားပဲ။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်၊ ဖက်ပေါ်ဆူးကျ ဖက်ပေါက်။ ပဏ္ဍိတ က တာကာယ်မစွဲတာ။ မသိတာ။ လုပ်ချင်တာ လျှောက်လုပ်ပစ်လိုက်တော့ အဲဒါတွေပဲ။ ခင်ဗျားတို့လှူလိုက်တာ ရေထဲချသလို ပလုံတောင် အသံမကြားစေနဲ့တဲ့။ ဒီလှူတာမှန်ရင် ပြတ်လိုက်။ သူကလည်း လုပ်ချင်တာလျှောက်လုပ်။ အဲဒါကြောင့် ဒီသာသနာဟာ ကြမ်းတယ်လို့ခေါ်တာ။ သိပ်ကြမ်းတယ်။ နင်တို့စိတ်နုနုလေး မထားတတ်ရင် လည်သွားလိမ့်မယ်။ ဒီလူက သိပ်ကြမ်းတယ်တဲ့။ ဘာဖြစ်လို့ကြမ်းတာလဲ။ ဒေါင်းတင်ကျောင်းက အင်မတန်ကျင့်ထားတဲ့ဆရာတော်တစ်ပါး ငါ့ကျောင်းကိုလာတယ်။ လာတဲ့အခါကျတော့ ဒေါ်သိန်းမြင့်ဆိုတဲ့ ဒကာမကြီးတစ်ယောက် ဝဝကြီး၊ ဒေါင်းတင်ခေကျာင်းဆရာတော်ရယ်၊ ဆရာတော် ဦးပဏ္ဍိတရယ် နှစ်ယောက်စုံစုံလင်လင်နဲ့ ဆွေးနွေး၊ အားရပါးရသတ်မြင်တယ်။ သူက ဒေါင်းတင်ကျောင်းက လာတယ်။ လာတုန်းက ဆရာအဖြစ်သတ်မှတ်ထားတယ်။ သူကျောင်းရောက်လာတော့ ဒေါ်စောမြင့်ငြိမ်း လား ဘာလားတော့မသိဘူး အဲဆရာတော်နှစ်ပါး ဆွမ်းကပ်ချင်နေတာ။ ဒီကနေ ပြီးတော့ ပြန်ပြီးလုပ်လိုက်ရော။ ခင်ဗျားဆွမ်းကပ်ရင် အရင်တုန်းက ခင်ဗျားဆွမ်းစားဖူးတယ်ဗျ။ အခု

ဒီအခါကပ်လို့ရှိရင် ဝက်သားစား၊ ကြက်သားစား၊ ဘဲသားစား၊ အမဲစား။ အဲဒါနဲ့မှစားမှာဗျ။ ဒေါင်းတင်ကျောင်းအရှင်ဘုရား ရဟန်းဒီလိုမပြောနဲ့လေ။ ဟော သူလုပ်ပြီ။ ပညတ်ကိုစွဲတာ။ ဒီက ဉာဏ်သမားကပြောတာ။ ဒေါ်စောမြင့် က ဝက်သားစား၊ အမဲသားစား၊ ဘဲသားစား၊ ကြက်သားစား ဟင် မင်းဘာကောင်လဲ။ သွားအခု အဲဒီလိုကြမ်းတာ။ မင်းဘာကောင်လဲ၊ သွားကျောင်းအပြင်ထွက် သွား သွား။ ဒကာက လိုက်တောင်းပန်ရတယ်။ ဘီအိုစီကိုသွားတာ။ ဘီအိုစီရောက်တော့ အဲဒီးဒကာက ပြောတာ။ သူတို့ဆရာတော်က ထိုင်လိုက်တာ ဖျာဖင်ကပ်ပါလာတယ်။ ဦးဇင်း တော့ မမြင်ရဘူး။ အဲဒီဆရာတော်ကို ဘယ်ပို့လိုက်သလဲဆိုတော့ ဆရာတော် ဦးဉာဏ်ဇော ဆီ ပို့လိုက်တယ်။ ပို့လိုက် တော့ ဦးအုန်းမြင့် တို့သိတယ်။ ဆရာတော်က အေး အေး ရောက်တော့ ဆရာတော်က မင်းဘုရား သုံးဆူရှိတယ်ကွ။ မင်းနှစ်ဆူတော့ ကျော်လို့ရမယ်။ ဒီတစ်ဆူတော့ ကျော်လို့မရဘူးကွ။ ဟော သူ အဲဒီလိုပြောလိုက်တယ်။ လာပြီးတောင်းပန်ရတယ်။ ဘာဖြစ်လဲ ပညတ်သွားစွဲတယ်။ ဒီကကျင့်ထားတဲ့ ပုဂ္ဂိုလ်။ စာကလည်း မတတ်ဘူး။ သူကလည်းပြောတာပဲ။ အဲဒီတော့ ဒီအသိကိုယူထား၊ ကျင့်ရင်ကျင့် မသိယူထား။ လူပြည်ကထူးမြတ်တဲ့ဘုံ။ မသိသူကျော်သွား၊ သိသူဖော်စားဆိုတာ ဒီဘဝ ဥပါဒါန်လွတ် အောင် ခင်ဗျားမှာ (၃၂)ကောဋ္ဌာသရှိတယ်။ အဲဒီတော့ ခင်ဗျား ဒီဘဝနောက်ဆုံးကြွေးဆပ်ရတော့ မယ်။ (၃၁)ဘုံကို ဆပ်ရတော့မယ်။ ခင်ဗျားမှာရှိက ၃၂-ခု။ ဆပ်လိုက် ဘယ်နှစ်ခုကျန်မလဲ။ (၁)ခု ဘယ်ကတက်လဲ။ အောက်ဘုံကတက်တာ။ အဲဒီဝိညာဉ်လွတ်သွားပြီ မလွတ်ဘူးဆိုတာလဲသိတယ်။ ခင်ဗျားတို့မသိတာအကုန်ပေါ့။ စာမိုးပျံအောင်တတ်တာ တတ်တာပဲ။ နတ်ဘုံရောက်မယ်။ ဗြဟ္မာ့ဘုံ ရောက်မယ်။ သက်တန်းကုန်တော့ (၃၁)ဘုံလည်တာပဲ။ တတ်တော့တတ်တာပေါ့။ အရှိန်ကောင်း ကောင်းနဲ့ ၃၁-ဘုံလွတ်နိုင်အောင် ကိုယ့်အသိတရားနဲ့ကိုယ် အလုပ်တရားနဲ့ ကိုယ့်နှလုံးသွင်းတဲ့ အမှန်တော့ ခင်ဗျားလည်း ကိလေသာနဲ့တဏှာ ဦးပဏ္ဍိတ လည်း ကိလေသာနဲ့ တဏှာ။ အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့၊ နေတတ်ဖို့လိုတယ်။ ဘေးမှာ ကတော့ ကျိန်းသေအစွဲတရားကစွဲတာ။ အဲဒီအစွဲတရားရှိရင် သီလမဂ်၊ သမာဓိမဂ်၊ ပညာမဂ်နဲ့ ဖြိုရတာ။ အစွဲရှိလို့ဖြိုရတာ။ အဲဒီအစွဲကို သတ်လို့မရလို့။ သီလနဲ့ထိန်းထား၊ သမာဓိနဲ့ထိန်းထား၊ ပညာနဲ့ ထိန်းထား အဲဒါပဲရှိတယ်။ ဒါကြောင့် သူကဗိုလ်ငါးဗိုလ်နဲ့ လျှောက်လုပ်နေတယ်။ နာမ်ပုဂ္ဂိုလ်တွေရှိ တယ်။ ဦးပဏ္ဍိတ ကို မပျက်ပျက်အောင်လုပ်မယ်။ ဦးပဏ္ဍိတ သူ့ဟာသူပျက်နိုင်တယ်။ မလုပ်နဲ့။ သူ့မှာ ကိလေသာနဲ့ မချစ်လည်းပေါင်း၊ ချစ်လည်းပေါင်း။ ချချင်လာပြီ။ သေချင်လာပြီ။ ငါအဆိပ် သောက်သေရကောင်းမလား။ ငါတော့သိပြီ။ ရှေ့ကိုဘယ်လောက် ငါဒုက္ခတွေရောက်ဦးမလဲ။ မစားဘူး

ကွာ။ မင်းတို့ဟာတွေ ဒီကိလေသာကို တဏှာကကပ်နေတာ။ အတ္တဖြစ်နေတာ။ ကိလေသာက ရုပ်တရား တဏှာဖြစ်နေတာ။ မှတ်ထားဦး။ အဲ တဏှာကတော့ နာမ်တရားအရသာလေး မျိုးမျိုး မြတ်မြတ်။ အဲဒီတော့ ခါးကြီးမီးဖုတ်ပြီး ရေထဲထိုးချတော့ အေးသွားတာပဲ။ နီနေတဲ့ခါးက တစ်ခါတည်း မဲသွားတာပဲ။ ရေထဲရောက်သွားတော့ ဒီသဘောပဲ။ အဲဒါခါတ်တွေ။ ဒကမနဲ့ ရဟန်းနဲ့ အဲဒါ ဓါတ်တွေ။ အရှင်ဓါတ်တွေ။ ဟိုကလည်း အရှင်၊ ဒီကလည်း အရှင်။ ဒါကြောင့် မနေချင်ဘူးလို့ပြောတာ။ ဓါတ်က ကောင်းတာပေါ့။ အရှင်ဖြစ်နေလို့ သေသွားတော့ ဓါတ်တွေ။ ဒါ့ကြောင့်မို့ သေချင်တယ်။ ခင်ဗျားတို့ ဒီအစွဲတွေကို မိစ္ဆာအစွဲ၊ အတ္တတွေ။ မစွဲနဲ့လို့ပြောတာ။ ဥပမာပေါ့ဗျာ။ ဦးဇင်း ကို ဘုရားဖူးသွားမယ်။ လိုက်သွားတာပဲဗျ။ ဒါကောင်းတာပဲဗျ။ အဲဒီဘုရားဖူးသွားတဲ့အခါမှာ အကျိုးရှိတာကိုပဲ နှလုံးသွင်း၊ အကျိုးမရှိတာကို နှလုံးမသွင်းနဲ့။ လိုက်တက်ဖို့လိုတယ်။ ဖူးတတ်ဖို့လိုတယ်။ အဲဒါ ခင်ဗျားတို့အပေါ် မှာမူတည်တယ်။ ကံတရား၊ ဉာဏ်တရား ခန္ဓာမှာကံကြီးပဲ။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့ အကြောင်း။ ဘယ်ကံလဲ မနောကံ။ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ သံသရာလည်တာသူပဲ။ အဲဒီကပဲ ကံကို ဉာဏ်နဲ့ပိတ်မှ အဲဒီတော့မှ ကံပြတ်မယ်။ အဲဒီတော့ အာသွက္ခယဉာဏ်ရတာဗျို့။ အာရုံပေါ်မှာ ဉာဏ်အာရုံပေါ်မှာ ကံမဟုတ်တော့ဘူး။ အာရုံငါးပါးပေါ်မှာ အကုန်ဉာဏ်ကြီးပဲဖြစ်ကုန်ပြီ။ မြင်လိုက်တဲ့ အာရုံ။ ခင်ဗျားကို ဝက်သား၊ ကြက်သား၊ အမဲသား အဲဒါ အာဟာရအာရုံပေါ့ဗျ။ အဲဒီတော့ ဒီ အာဟာရကို စာတော့မတတ်ဘူးဗျာ။ အေးဆေးပြောမယ်။ ဒီမုန့်ဟင်းခါး၊ ငါးသေတ္တာတို့ဘာတို့ပေါ့ အဲ ကိုယ်ကလည်း ဆာနေပြီ။ ကြိုက်တတ်တဲ့ဟာတွေကလည်း ပါလာပြီ။ လာပြီ ဇွန်းကြီး၊ ဇွန်းငယ်နဲ့။ အဲဒီတော့ ဉာဏ်သမားက အာရုံပေါ်မှာ တောင့်တခြင်းမရှိဘူး။ ပူပန်ခြင်းမရှိဘူး။ သူမြင်လိုက်တဲ့ အာရုံပေါ်မှာမရှိဘူး။ အဲဒါ သိဒ္ဓိ(၁၀)ပါးခေါ်တယ်။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီဝတ္ထုအာရုံပေါ်မှာ အဲဒီ ဝတ္ထုတွေကလည်း သိပ်ကောင်း။ အဲဒီအာရုံပေါ်မှာ သာယာတယ်။ သောမနဿဖြစ်တယ်။ အဲဒါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရဘူး။ အဲဒါပဲ အာရုံနောက်မပါရင် သိဒ္ဓိ(၁၀)ပါးသူလာပေးတာပဲ။ အဲဒီ ဒကာမ၊ ဒကာကြီးတွေပေါ်မှာ သောမနဿ သူကပြန်ပြီးသာယာသေးတယ်။ အဲဒီပစ္စည်းတွေကို အားရပါးရ စားသေးတယ်။ သူမကုန်ရင် သူများလည်းပေးသေးတယ်။ အဲဒါ ရဟန္တာမဟုတ်ဘူးဗျ။ ကိုယ့်စိတ် ကိုယ်ကို ဉာဏ်ဦးစီးသွားတဲ့အတွက်ကြောင့် မနောကံ ဟိုးကမ္ဘာလဆန်းကပါလာတဲ့ ဒီကံကို ဉာဏ်က ဦးသွားတဲ့အတွက်ကြောင့် ဒီဟာက အင်မတန်မွန်မြတ်ပါတယ်။ ဒါကြောင့်မို့ ခင်ဗျားတို့ ဒီအသိတွေ ကိုယူ။ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား။ မိစ္ဆာအယူကိုမယူနဲ့။ သမ္မာအယူကို ယူ။ အဲဒီတော့ မဟာသောတပန်ဆိုတာ အထွဋ်အထိပ်တက်ထားတော့ မဟာခေါ်တာ။ အလကား

ရဟန်းမဟုတ်ဘူး။ ရတဲ့သူ ရမှာပဲ။ မှန်တာပြောသစ္စာပဲ။ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်။ သစ္စာတွေနဲ့ပြောတာ။ ရဟန်းတိုင်းမတူဘူး။ ပုထုဇဉ်ရဟန်းရှိတယ်။ အရိယာရဟန်းရှိတယ်။ စာက ရေးထားတာ။ အဲဒီတော့ သူ့ကိုလာလာပြီးမကပ်နဲ့၊ သူကလည်း ကြောက်တယ်။ သူက တပေါစ မြိုးမြဲ တယ်။ ဒီလိုရဟန်း။ သူကလည်းစည်းကမ်းကြီးတယ်။ ဘာစည်းကမ်းလဲ။ ကံစည်းကမ်း။ သူက ကံတွေကို စည်းကမ်းထားတယ်။ သူကံကိုယုံကြည်တာ စည်းကမ်းခေါ်တယ်။ ကံယုံကြည်မှာ သစ္စာ ခေါ်တာ။ မြင်လိုက်တဲ့အာရုံကိုသွားသာယာတာ ကံဖြစ်တယ်။ ဒါကြောင့် ကံကိုယုံကြည်တာ ခင်ဗျားတို့ ကံမယုံကြည်လို့ သစ္စာမမှန်တာပေါ့ဗျ။ တွေးကြည့်။ သွားစွဲတာကို ဒါငါ့သား၊ ငါ့မယား သွားစွဲတာ။ ကံမယုံကြည်လို့ သမုဒိသစ္စာပျက်ပြီ။ ဒါပဲ မင်္ဂ၊ ဖိုလ်ဉာဏ်မရဘူး။ ကာမသဝ၊ ဘာဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အာရုံခြောက်ပါးနဲ့ ပေါင်းသင်းနေတဲ့အတွက်ကြောင့် ဒိဋ္ဌာသဝမကျင့်ဘူး။ မကျင့်ရင် ဘဝ ဘဝမလွတ်ဘူး။ အဲဒါဘာလဲ။ အစွဲ မိစ္ဆာတွေနဲ့စွဲထားတာ။ သမ္မာတစ်ချက်မှမရှိဘူး။ အဲဒါ မိစ္ဆာတွေပဲ။ ငါ့မိန်းမ၊ ငါ့သား၊ ငါ့ဥစ္စာ၊ ပော မိစ္ဆာတွေပဲ။ မိစ္ဆာဆိုတာ ဥပမာ ဦးပဏ္ဍိတ ရဲ့သမီးလေး သူများရိုက်တာ။ ဒီအချိန်မှာ အမေက သွားမြင်တာ ငါ့သမီးရိုက်တာ။ နှမလိုးတွေ၊ သူလဲရိုက်တာပဲ။ အဲဒါမိစ္ဆာအယူ၊ သမ္မာအယူက ဩော် သမီးရယ်၊ သည်းခံပါ။ ကျွန်တော့သမီးလေးပါဗျာ။ ကျွန်တော်ဆုံးမပါ့မယ်။ ချိုချိုသာသာနဲ့ပြောလိုက်။ အဲဒါ သမ္မာခေါ်တယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## [၁၉-၁၂-၂၀၀၄] ရက်နေ့၊ မြောင်းမြမြို့နယ်၊
## ဝိန္ဒဲကုန်းကျေးရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားတွင်
## ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော
## ဝိသုဒ္ဓိဓမ္မ သစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာကျော်အမှတ် (၂၄)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၁၉-၁၂-၂၀၀၄) ရက်နေ့၊ မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ကြီးဟောကြားတော်မူသော ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဦးပဏ္ဍိတ်တို့ ယခုကာလခေတ်နေထိုင်ကြတဲ့ အားလုံးသတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက စလို့ ညွှန်းပြီးတော့ရေးထားတယ်။ စိတ်ပိုင်းတွေ ကာယကံရဲ့အသိတွေ၊ ကာယကံရဲ့ လှုပ်ရှားမှုတွေ၊ ဒီခေတ်၊ ဒီကာလ အားလုံး ဦးပဏ္ဍိတအစရှိပါတယ်။ ရှိပေငြမ်းသော်လည်း ဒီအသိတွေက ခန္ဓာသိ ခန္ဓာဘဝင်ကသိတဲ့အသိ၊ အဲ့ဒီတော့ ပညတ်အာရုံနဲ့ ပရမတ်အာရုံရှိတယ်။ ပညတ်အာရုံမှာ အာရုံငါးပါး၊ အဲ့ဒီတော့မြင်ကြား၊ ကြားကြနဲ့ ကြဓါပညတ် အာရုံမှာ ယူထားကြကာ၊ မလွတ်ကြပါဘူး။ ဦးပဏ္ဍိတကလည်း မလွတ်ပါဘူး။ အဲ့ဒီတော့ ဒီကံတွေဟာ သွားစွဲရင် ဥပါဒါန် ကံဥပါဒါန်ဆိုတာ နှလုံးသားထဲက မနောဥပါဒါန်ဖြစ်တတ်တယ်။ ဖြစ်တတ်တယ်ဆိုရင် သက္ကာယဒိဋ္ဌိအယူတွေ မိစ္ဆာဒိဋ္ဌိ အယူတွေ အတ္တဒိဋ္ဌိအယူတွေ အယူမှားရင် အမှတ်မှားရင် အစွဲမှားရင် ကံလို့ခေါ်ပြီး သမုတ်ပါတယ်။ ကံဆိုတာ သံသရာကို လည်စေတတ်တဲ့တရားပါဘဲ။ (၃၁) ဘုံမလွတ်ဘူးလို့ ဒီလိုခန္ဓာသိကသဘောလေးနဲ့ ပြောပြပါတယ်။ အဲ့ဒီ (၃၁) ဘုံလွတ်တဲ့ အသိကတော့ ဒီဝိပဿနာခန္ဓငါးပါး၊ ရုပ်နာမ် (၂) ပါးကျင့်ကြံအားထုတ်တဲ့အခါမှာ ခန္ဓငါးပါးရဲ့အနေ အထား၊ ရုပ်နာမ်ရဲ့သဘောသိရအောင် ဘယ်လိုကာယကံထိန်းရမယ်။ ဝစီကံထိန်းရမယ်၊ မနောကံထိန်းရမယ်။ ကာယကံကတော့ စာနဲ့ရေးထားတယ်။ သုံးပါးလို့ခေါ်ပါတယ်။ ဝစီကံကလေးပါးလို့ခေါ်ပါတယ်။ မနောကံကတော့သုံးပါး လို့ခေါ်ပါတယ်။ အားလုံးပေါင်းလိုက်တော့ ဒုစရိုက်ဆယ်ပါး၊ ဒီဒုစရိုက်ဆယ်ပါးကနေ့စဉ် ဝိပဿနာ တရားနဲ့ ခန္ဓငါးပါး ရုပ်နာမ်နှစ်ပါးကို အဲ့ဒီထိသိ သတိ၊ ထိသတိလို့ သတိက မိမိရဲ့နှလုံးသားသိရမယ်။ ထိသိသတိလို့ ရေးထားပါတယ်။ ထိသိသတိဆိုတာ ထိကရုပ်၊ သိတာကနာမ် ရုပ်နာမ်ကိုသိသွားတဲ့အသိလေးဟာ ဝိဇ္ဇာဉာဏ်လို့ခေါ်ပါတယ်။ စာကသတ် မှတ်ပါတယ်။ ရုပ်နာမ်ကိုမသိတော့ ထိသိသတိမသိတဲ့အခါမှာ သီလမဂ္ဂ၊ သမာဓိမဂ္ဂ၊ ဒီဟာတွေသူ့မှာရပါတယ်။ သီလဆိုတာက အမြင်အာရုံငါးပါးကို စင်ကြယ်ပါတယ်။ အဲ့ဒီတော့ သမာဓိဆိုတာက အတွင်းရဲ့မနော တွေးတောမှု ဆိုတာကတော့ စာလိုစေတသိတ်လို့ခေါ်ပါတယ်။ အဲ့ဒီတော့ စေတသိတ်နဲ့ စိတ်ကခေါင်းပါးလာပါတယ်။ အဲ့ဒါကတော့ အပါယ်ပိတ်တဲ့တရားပါဘဲ။ သောတပန်းရဲ့အသိ၊ သဒ္ဓါကံရဲ့အသိ၊ အနာခံရဲ့အသိ ဆိုတာကတော့ သောတပန်ရဲ့အသိ ဆိုတာကတော့ ဒါဥပမာပြောရမယ်ဆိုရင် ဥပမာ ဥပမေးနဲ့ သာဓကကိုတင်ပြလိုက်တဲ့အခါမှ သောတပန်ရဲ့အသိဆိုတာ ဘယ်လိုလဲဘုရား သောတပန်ရဲ့အသိကတော့ မကျင့်မကြံနိုင်ဘူး။ ဘုရားအစစ်ကိုယုံကြည်တယ်။ တရားအစစ်ကို ယုံကြည်တယ်။ သံဃာအစစ်ကိုယုံကြည်တယ်။ အဲ့ဒီယုံကြည်တဲ့ခေတ်ကာလအချိန်အခါမှာ ဒီလိုသာသနာ ၂၅၀၀ မှာ ပွင့်နေတဲ့ ပဋိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာတွေရှိ နေပါတယ်။ ရှိတဲ့အခါမှာ တကယ်ယုံသူရဲ့ သဒ္ဓါပိုတွေသူရဲ့ ယုံကြည်တဲ့သဒ္ဓါပိုတွေ၊ ပရိယာ××တွေ သီလ××တွေ သမာဓိ××တွေနဲ့ သူစိတ်ကထက်သန်××လှပါတယ်။ အဲ့ဒီ ဒီခေတ် ဒီအခါမှာ အချိန်အခါမှာ သာသနာ ၂၅၀၀ မှာ ဒီခေတ်မှာ သူရဲ့သဒ္ဓါ ယုံကြည်တဲ့အတွက် ပရမတ်သာသနာကလဲ ပေါ်ထွန်းလာတဲ့အတွက် အဲ့ဒီလိုပုဂ္ဂိုလ်မျိုးကို မိမိရဲ့နှလုံးသားထဲက စေတနာအစစ်၊ စေတနာအမှန်နဲ့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီလူရဲ့ စေတနာက ဘယ်လိုခေါ်ရမလဲဆိုတော့ ပါဠိလိုခေါ်ရင် ဝိသုဒ္ဓိရဲ့သီလလို့ခေါ်ပါတယ်။ ဘာလို့ဝိသုဒ္ဓိရဲ့သီလခေါ်သလဲ၊ သီလဆိုတာ စာလိုခေါ်ပြီး သမုတ်တာပဲ။ အဲ့ဒီတော့ စေတနာဆိုတာကတော့ သီလလို့ခေါ်တယ်။ မိမိရဲ့စေတနာက

ဘုရားကိုယုံကြည်တယ်။ တရားကိုယုံကြည်တယ်။ သံဃာကို ယုံကြည်တယ်ဆိုတဲ့အသိနဲ့ သဒ္ဓါရဲ့အသိနဲ့ လှူဒါန်းလိုက်တာပါ။ အဲ့လှူဒါန်းလိုက်တဲ့ အလှူသည်ကျွဲကူးရင်ရေပါတယ်။ စေတနာစစ်နေတဲ့အခါမှာ အပြင်ရဲ့ဒါနလေးက ပညတ်ဒါနလေး၊ ပညတ်ဒါနလေးသည် တပည့်တော်၊ တပည့်တော်မတို့သည် မစွဲပါဘူးဆိုပြီးတော့ သူရဲ့နှလုံးသားထဲက အင်မတန်စေတနာက တိုက်တွန်းပြီးတော့ အဲ့ဝတ္ထုတွေကို လှူတာပါ။ အဲ့ဒီတော့ အလှူခံရတဲ့ရဟန်းကလည်း စစ်ရမယ်။ ဘယ်လိုစစ်ရမလဲဆိုတော့ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ မင်းလှူသွားတဲ့အလှူတွေက ပရိဘောဂစေတီကိုလည်း ငါပြုခဲ့ပါပြီ။ ဥဒ္ဒိဿစေတီကိုလည်း ပြုခဲ့ပါပြီ။ အဲ့ဒီတော့ ဒီစေတီမျိုးတွေကိုလည်း ငါပြုခဲ့တယ်။ ဓမ္မစေတီက သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ်ခေါ်တယ်။ အဲ့ဒီသစ္စာလေးပါးရတဲ့ ပုဂ္ဂိုလ်နဲ့သူရဲ့ နှလုံးသားတဲ့ လိုက်လှဲစွာနဲ့ စေတနာစစ်၊ စေတနာမှန်နဲ့လှူလိုက်တဲ့အခါ လှူလိုက်တဲ့ဝတ္ထုက ပညတ်နှလုံးသားစေတနာက ပရမတ် အဲ့ဒါသောတာပန်လို့ ခေါ်တယ်။ အဲ့ဒီလိုသောတာပန်အဆင့်ကနေပြီးတော့ သောတာပန်နဲ့ ငါမတင်းတိမ်နိုင်သေးဘူး။ ငါအလုပ်ကိုကြိုးစားအုန်းမယ်ဆိုပြီးတော့ ခန္ဓငါးပါး၊ ရုပ်နာမ် (၂) ပါး၊ ဒီလိုကျင့်ကြံအားထုတ်တဲ့အခါမှာ ကာယကံ သုံးပါးကတော့ငြိမ်တယ်။ ဝစီကံလေးပါးကတော့ငြိမ်တယ်။ မနောကံကိုသတ်တယ်။ မနောကံဆိုတာ အစွဲတရား၊ တစ်ဘဝပြီးတော့ တစ်ဘဝ ငါစွဲလန်းလို့ ငါဉပါဒါနကြောင့် ကံဖြစ်တယ်။ ကံကြောင့်ငါဒုက္ခ သစ္စာကိုငါသိခဲ့ပြီး ဒုက္ခသစ္စာကိုငါဖြတ်မယ်ဆိုပြီးတော့ အဲ့ဒီကံကိုဉာဏ်နဲ့ဖြတ်မယ်။ အဲ့ဒီလို ဒီဘဝထဲမှာ သူဖြတ်တဲ့အခါမှာ ပြတ်သွားရင်သောတာပန်ကနေပြီးတော့ အနာဂါမ်ကို သူတက်တယ်။ ဒါခင်ဗျားကိုပေါ်မှာ မူတည်တယ်။ ခေတ်ကလည်းအပြောင်းအလဲ ရှိတယ်။ အဲ့ဒီခေတ် အပြောင်းအလဲရှိသလို ခင်ဗျားတို့ရဲ့စိတ်ကလည်း အပြောင်းအလဲရှိတယ်။ အဲ့ဒါကြောင့်မို့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ဒုစရိုက်ဆယ်ပါးကို အတွင်းကလုံမှသာလျှင် ကာယကံစင်ကြယ်မယ်။ ဝစီကံစင်ကြယ်မယ်။ အတွင်းက ဘာတွေလုံသလဲဆိုရင်တော့ လောကီရဲ့အကြောင်းမတွေးပါဘူး။ မစွဲပါဘူးဆိုရင်တော့ အဲ့ဒီပုဂ္ဂိုလ်ကတူးမယ်။ အဲ့ဒီတော့ အပြင်ကတော့ ကံတော့ကံပေ့ါ။ ဘုရားလေးလေးကို ငါပြုပြင်မယ်။ တည်အုန်းမယ်။ အဲ့ဒီတော့ သမာကံခေါ်တယ်။ သမာကံပေမဲ့ ဒိဋ္ဌိလေးပါနေတော့ သမာဒိဋ္ဌိလို့ခေါ်တယ်။ သမာဒိဋ္ဌိနဲ့ ခုနကပုဂ္ဂိုလ်က အဲ့သစ္စာ (၄) ပါးရတဲ့ ပုဂ္ဂိုလ်နဲ့က လာပြီးတော့ ကုသလံနံ၊ ကုသလံနံ ခင်ဗျားတို့က ကောင်းမှုကုသိုလ်တွေပြုကြတယ်။ (ကုသလံနံ)[၂] ဓမ္မံ ဓမ္မံဟေတု ပစ္စယော လက်ငင်းမျက်မှောက် ချက်ခြင်းအကျိုးပေးမယ်။ ဘာတွေအကျိုးပေးမလဲ၊ တစ်အချက်က ကျန်းမာရေးလာဒ်တွေ ရမယ်။ ခင်ဗျားတို့ရဲ့စေတနာက အလွန်ကောင်းတယ်။ ဒါနလေးကတော့နည်းပါးတဲ့အတွက် ရှိသမျှလှူလိုက်တဲ့ စေတနာကတော့မြင့်မိုရ်တောင်လောက် ကြီးမားတယ်။ အဲ့ဒီစေတနာနဲ့ ဒီခေတ် ဒီကာလ ဒီအချိန်မှာ သူ့မှာအကျိုးပေးမယ်၊ ကျန်းမာရေးလာဒ်ရမယ်။ စီးပွားရေးလာဒ်ကတော့ ရှေးဘုန်း ရှေးကံတွေပါရင် အဲ့ဒီတော့ ရှေးဘုန်းရှေးကံတွေပါရင် ရမယ်။ အဲ့ဒီတော့ ပစ္စုပ္ပန်မှာ ဝိရိယအကျိုးလေးနဲ့တော့ ကံနဲ့ဝိရိယအကျိုးလေးနဲ့ ထမင်းလေးတစ်လုတ်တော့ စားရပါတယ်။ သူ့ရဲ့စေတနာစစ် စေတနာကတော့ အပါယ်ပိတ်မယ့် တရားတွေ အဲ့ဒီတော့ အလှူခံတဲ့ ရဟန်းကလဲ ဓမ္မအစစ်ဖြစ်တယ်။ လာပြီးတိုက်ဆိုင်ကြကာ ဒီသာသနာ ၂၅၀၀ မှာနော် လူမျိုးမရွေး၊ ဘာသာမရွေး ဘယ်သူမဆိုကိုရဲ့ မိမိရဲ့စေတနာလေးကအလွန်ထက်သန်တယ်။ ဒီရဟန်းကိုယုံကြည်တယ်၊ ဒီတရားကို ငါယုံကြည်တယ်။ ဒီသာသနာကိုလည်း ယုံကြည်တယ်၊ အဲ့ဒီရဟန်းကတော့ သူ့ရဲ့သစ္စာလေးပါး၊ ငါရဟန်းနာကြီးလို့ ငါဘုရားကြီးလို့မပြောပါဘူး။ သူ့ရဲ့ နေမှု၊

စားမှု၊ သွားမှု၊ လာမှု တို့ကတူတယ်။ အဲ့ဒီတော့ ဒကာ၊ ဒကာမတို့ရဲ့ ကိုးကွယ်တယ်။ စေတနာရှိတယ်ဆိုရင် သူ့အပေါ် မှာမှုတည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူသည် လူ့ပြည်မှာခေတ်ကလဲပြောင်းလဲတယ်။ လူတွေမှာလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာလဲပြောင်းလဲတယ်။ အနိစ္စဆိုတာ မမြဲဘူး ဒုက္ခဆိုတာ ငါ့ကံကြောင့်၊ ဒီရုပ်ဒုက္ခပါတယ ကံကြောင့်၊ ငါဒီရုပ် ကြီးရတာ ဒုက္ခပါလား။ အတိတ်ရဲ့ကံကြောင့် ဒီရုပ်ကြီးရတာ ဒုက္ခကိုလဲသိတယ်။ အဲ့ဒီတော့ အနတ္တဆိုတာ သဘာဝ သဘောတရားတွေဘဲ။ အော် ဖြစ်ရမယ်၊ ပျက်ရမယ်၊ ဖြစ်လာရင် ပျက်မယ်ကွဲ့၊ ဒီအသိလေးကို နှလုံးသွင်းထားတဲ့အတွက် ကြောင့် သူသည်သဘာဝပြောင်းသွားတဲ့အခါမှာတော့ ကောင်းရာသုဂတိရောက်မယ်။ ခေတ်တွေကလည်း ပြောင်းမယ်။ ရုပ်တွေကလည်း ပြောင်းမယ်။ စိတ်တွေကလည်း ပြောင်းမယ်။ ဒါတင်မကဘူး အခုနေကြတယ်၊ ထိုင်ကြတယ် ခေတ်ဆိုတာသိကြပါတယ်။ ဘာလို့လဲဆိုတော့ ပိုးရှေးရှေးက မင်းနဲ့အခုမင်းကြည့်ကြပါ။ အဲ့ဒီတော့ ဒါတွေက ပြောင်းလဲ ကြတယ်။ ပြောင်းလဲကြတဲ့ခေတ်မှာလဲ အဲ့ဒီတော့ ဒီခေတ်မှာလဲ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာလဲ နေ့မြင်ညပျောက် ကြတယ်။ သေကြမယ်၊ ပျောက်ကြမယ်။ အဲ့ဒီတော့ ဒကာကြီး၊ ဒကာမကြီးတို့ ဦးပဥ္စင်းတို့ပါ ဒီကလေးငါတန်တန်နေမယ်။ စိတ်ကလေးမဆင်းရဲအောင် သူကအမျိုးမျိုး သူ့စိတ်ကိုစစ်မယ်၊ ခုနကပစ္စည်းဝတ္ထုရတာကတော့ သူ့ရဲ့ရှေးဘုန်း ရှေးကံ တွေသူ့ရဲ့ကံတွေနဲ့က သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ်နဲ့ သူ့ရဲ့စေတနာမှန်တဲ့ ပုဂ္ဂိုလ်နဲ့သွားပြီးကြုံကြိုက်လို့ လှူလိုက်တော့ သူ့ရဲ့ရှေးဘုန်းရှေးကံတွေဟာ ပြန်ရတာပါ။ ဦးပဏ္ဍိတကလည်း အစတုန်းကလူဆိုး၊ လူမိုက်၊ လူပေ၊ လူဆိုးကြီးပါ။ အဲ့ဒီတော့ ခုနကလုပ်တဲ့စေတနာကလည်း အလွန်ကောင်းတယ်။ သူ့ရဲ့ဝိပဿနာကလည်း၊ အလွန်ကောင်းတယ်ဆိုတော့ သူ့ရဲ့နဂိုမူလက ဆင်းရဲတဲ့လူပါ။ အဲ့ဒီတော့ ဒီလိုအသိတရားတွေကို ကောင်းရာမွန်ရာ စိတ်ကလေးက သန့်သန့်ရှင်းရှင်း နဲ့စေတနာတွေကရှိတယ်။ ဝိပဿနာကလည်းလုပ်တော့ အဲ့ဒီကံက ပစ္စုပ္ပန်ကံကနေ ရှေးဘုန်းရှေးကံတွေ ရသင့်ရထိုက်တဲ့ဟာတွေကို အခုဒီလိုလုပ်တဲ့ စေတနာတွေကြောင့် ပြန်ရတာပါ။ အခုဒကာကြီး၊ ဒကာမကြီးတို့ ဆင်းရဲနေတယ်။ ဆင်းရဲနေတဲ့အခါမှာ ခုနကပုဂ္ဂိုလ်နဲ့သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ်နဲ့ပေါင်းလိုက်တဲ့အခါမှာ သူကလည်း စေတနာမှန်တယ်။ သဒ္ဓါမှန်တယ်။ အဲ့ဒါတွေက သူကမသိရှာဘူး။ ချုပ်လိုက်တော့ ရှေးဘုန်းရှေးကံတွေပါလာတဲ့ လူတွေကသာ အဲ့ဒီပစ္စုပ္ပန်ဘုံမှာ အကုန်ပြန်မယ့် ဒီသဘောဘဲ။ အဲ့ဒီတော့ ဒကာကြီး၊ ဒကာမကြီးတို့ ရှေးကိုလည်း မမျှော်နဲ့၊ နောက်ကိုလည်းမတွေးနဲ့၊ ငါရဲ့နှလုံးသွင်းတာက ဖြစ်သမျှအကြောင်း မမြဲပါကလား။ မမြဲပါကလား အနိစ္စ အနိစ္စဆိုတာ မမြဲပါလား၊ ဒုက္ခဆိုတာ ဆင်းရဲတာပါကလား။ ဒုက္ခဆိုတာဆင်းရဲတယ်။ အနတ္တဆိုတာ အစိုးမရ၊ ကိုယ်မဟုတ်ပါလား။ ဒါလေးကို နှလုံးသွင်းလိုက်လို့ရှိရင် ခင်ဗျားရဲ့နှလုံးသိကလည်းမှန်တယ်။ အဲ့ဒီနှလုံးသွင်းတော့ ဘယ်ခေတ်မှာနှလုံးသွင်းသလဲ၊ ပစ္စုပ္ပန်ခေတ်မှာ နှလုံးသွင်းတယ်။ နှလုံးသွင်းတော့လည်းမှန်တယ်။ အဲ့လိုမှန်တဲ့အခါမှာ ဘုန်းရှေ့ကံတွေလာပြီးဗျို့၊ အဲ့ဒါဒကာကြီး ဒကာမကြီးတို့ရတာဗျ။ သူ့ရဲ့စေတနာအရ အဲ့ဒီတော့ ရှေးဘုန်းရှေ့ကံတွေက မရှိခဲ့သော် သူ့ရဲ့လိုအပ်ချက်တွေမှန်တယ်။ အဲ့ဒီတော့ ပစ္စုပ္ပန်ရဲ့ ကံအကျိုးတရားလည်း အကျိုးပေးလိမ့်မယ်။ ဝိရိယ အကျိုးလေးကလည်း ပေးမယ်။ ထမင်းတလုတ်တော့လှလှလေး စားရပါတယ်ဗျာ။ သူများတွေလိုတော့ မချမ်းသာပါဘူး ပေ့ါ။ အဲ့ဒီလိုသဘောလေး။ သတိလေးထား။ ဒီခေတ်ကလည်း အပြောင်းအလဲရှိတယ်။ ရုပ်တွေကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အိုရမယ်၊ နာရမယ်၊ သေရမယ်။ အဲ့ဒီရုပ်တရား၊ နာမ်တရားအပြောင်းအလဲရှိပါတယ်။ ခင်ဗျားတို့ ဦးပဥ္စင်းတို့

လဲဒီလူ့ဘုံကနေ ပြန်ရအုန်းမယ်။ အဲ့ဒီတော့ လူ့ဘုံက ဘဘုံဘဲရှိပါတယ်။ စာကရေးထားတယ်။ နတ်ဘုံက ဘယ်နှစ်ဘုံ၊ ဗြမ္မာဘုံ ဘယ်နှစ်ဘုံ၊ အပါယ်ဘယ်နှစ်ဘုံတို့ကပေါင်းလိုက်တော့ ဘုံ (၃၁) ဘုံ၊ ဒီလူ့ဘုံကနေ ကွယ်လွန်အနိစ္စမရောက်ခင် ဒီဦးပဥ္စင်းတို့ရဲ့ ဒီရုပ်နာမ်တွေကပြောင်းလဲရအုန်းမယ်။ ကိစ္စတွေမပြောင်းလဲခင်အခါမှာ ကိုယ်ညီအကို မောင်နှမလို ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေရမယ်။ အသိလေးမှန်ရမယ်။ အဲ့ဒီတော့ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ဦးပဏ္ဍိတက တော့စာမတတ်တော့ စိတ်ကလေးရဲ့ ပြောတာပါ။ ဘယ်စိတ်လဲ ဘဝင်စိတ်ကလေး၊ ဒီဘဝင်စိတ်ကလေးက ဒီအာရုံပညတ် အာရုံငါးခုကို စက္ခုအာရုံမှာမှတ်ပြီးတော့ ကိုယ့်နာလည်းလိုက်တယ်။ ကြားတဲ့အာရုံကလည်းမှတ်ပြီး ပြောလိုက်တယ်။ မကောင်းတာလဲစွဲတယ်။ ကောင်းတာလည်းစွဲတယ်။ မြင်တာလဲမှတ်ပြီးတော့ စွဲလိုက်တယ်။ မကောင်းတာလည်း မြင်တယ်၊ မကောင်းတာလဲစွဲတယ်။ ကောင်းတာကိုစွဲတယ်။ ဒီအစွဲက မကောင်းတာဘာလို့စွဲလဲ။ အကယ်၍ ကိုယ့်နား က မြမောင် မြမောင်ဆိုပြီးတော့ မြမောင်နာမည်ခေါ်လိုက်တဲ့အခါမှာ မြမောင်အသိက ငါ့ကိုပဲပူတောထဲမှာ ဆဲပါလားဆိုတာ အသံကိုမှတ်ပြီးစွဲပါတယ်။ မြမောင်မှာ အကုသိုလ်ဖြစ်တယ်၊ မြမောင်ကော ထိပေါက်တယ်၊ ချမ်းသာတယ်၊ မြမောင်အလွန်ကောင်းတယ်။ မြမောင်ကို အဲ့ဒီလိုမှတ်ပြီးတော့ အဲ့ဒီလိုပြောလိုက်တယ်။ မြမောင် အသိလေးက အင်မတန်စိတ်ကလေးချမ်းသာတယ်။ အဲ့ဒါသံသရာလည်း ကံတရားတွေ အော်မြမောင်လည်း မမြဲပါလား။ ပြောတဲ့သူလည်းမမြဲပါလား။ ငါမမြဲတော့ မစွဲဘူး။ မစွဲတော့ ကံမဖြစ်ဘူး။ ကံမဖြစ်တော့ မနောလေးက အေးတာပေါ့ဗျာ။ အခုအေးလိုရှိရင် အနာဂတ်မှာလည်း အေးလိမ့်မယ်နော်။ ခင်ဗျာတို့ရဲ့ ရှေးဘုန်းရှေးကံလည်း ပါတဲ့လူလည်းပါမယ်။ မပါတဲ့လူမပါဘူး။ နောင်သဘောလေးဘဲ ကံရဲ့တရားတွေ ကံရဲ့အစွဲဥပါဒါန်တရားလေး သူရဲ့ဟို အတိတ်က လိုလားတဲ့အခါမှာ သစ္စာလေးပါးနဲ့ အဲ့ဒီပုဂ္ဂိုလ်နဲ့သွားတွေ့တဲ့အခါမှာ သူ့ရဲ့ရှေးဘုန်းရှေးကံတွေ လာပေါ်ကာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်၊ ပါးစပ်ကပြောတာလည်းအလွန် သူ့မှာလည်း လာဘ်လာဘဖွံ့ဖြိုးတယ်။ ကာယမှာလည်း အလွန်ထင်တယ်။ ကျန်းမာရေးမှာလည်း အလွန်ကောင်းတယ်။ ဒီသဘောလဲ တစ်နေ့မှာတော့ ဒီကာလ၊ ဒီခေတ်မှာ ဦးပဥ္စင်းလဲ မမြဲဘူး သွားရမှာဘဲ။ ကံကုန်ရင်သွားရမှာဘဲ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးလဲ ကံကုန်ရင်၊ အချိန်ကျရင် သွားရမှာဘဲ။ ဇီဝကကုတာတောင်မှနော် ခင်ဗျားတို့ စာတတ်တွေပါ။ ဦးပဥ္စင်းကစာမတတ်ပါဘူး နော်။ ခေတ်ရှိပါတယ်။ ကာလရှိပါတယ်။ အတိတ်ရှိပါတယ်။ အတိတ်ကမျိုးစေ့တွေက ချပတ်ခဲ့တဲ့ဒါနမျိုးစေ့တွေ သီလမျိုးစေ့တွေ၊ ချပစ်ခဲ့တော့ ပစ္စုပ္ပန်မှာလာပြီး အသက်ရှည်တယ်ဗျာ။ အဲ့ဒီစီးပွားရေးလာဘ်လာဘတွေရတယ်ဗျာ။ ဦးပဥ္စင်းတို့က အတိတ်ကလည်း ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ ခေါင်းပါးတော့ လူဖြစ်ပေမယ့် ဝီရိယနဲ့ ကံအကျိုးပေးဘဲ စားရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီနော် နေကြ၊ စားကြ။ အကယ်၍ ဒကာမလေးက အတိတ်ကပါလာတယ်။ ဒကာလေးကမပါဘူးဆိုရင် အဲ့ဒါကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဒကာမလေးရဲ့ ရှေးကံတွေပါလာတော့ သူ့လုပ်သမျှတွေအကုန်လုံး အလုပ်အကိုင်မှာ အကုန်ဖြစ်တယ်။ ဒကာကြီးက မဖြစ်ဘူးဗျာ။ ဒီသဘောလေးတွေဘဲ။ အဲ့ဒါလေးတွေကို သဘောလေးတွေသိပြီးတော့ ခေတ်ကလည်း အပြောင်းအလဲရှိတယ်။ အုပ်ချုပ်တာလဲ အပြောင်းအလဲရှိတယ်။ တို့ရဲ့ရုပ်နာမ်တွေလည်း အပြောင်းအလဲရှိတယ်။ မပြောင်းခင်လေးမှာ တရားအစစ်ကို ယုံကြည်တယ်။ တရားအစစ်ကိုလဲ နာမဲ့ရပြီး ရဟန်းအစစ်ကိုလည်း လှူခဲ့ရပါပြီ။ အဲ့ဒီလိုခင်ဗျားတို့လှူလိုက်တဲ့ ကုသလံနံ

ကုသလံနံ ဓမ္မ ဟိုကဓမ္မဖြစ်နေပြီ၊ ကုသလံနံ ဓမ္မဲဟောတုဆိုတာ ချက်ချင်းမျက်မှောက်အကျိုး ပေးပါတယ်။ ဓမ္မကလည်း စစ်ရမယ်။ ခင်ဗျားကလည်း နှလုံးသားထဲက စေတနာကလည်း စစ်ရမယ်ဆိုရင် ခင်ဗျားတို့ ကျန်းမာရေးလာဒ်လည်း ရတယ်။ ရှေးဘုန်းရှေးကံတွေပါရလဲ မီးခဲပြာပုံတွေက အကုန်လုံးအကြံဉာဏ်တွေဖြစ်တယ်ဗျာ။ ရှေးဘုန်းရှေးကံ မပါရင်တော့ ခင်ဗျားတို့ သူတော့အကျိုးပေးတယ်။ ငါတော့အကျိုးမပေးဘူး တစ်ယောက်နဲ့တစ်ယောက် မနာလိုတဲ့စိတ် ကုက္ကုစ္စစိတ် ဝန်တိုမိစ္ဆာ စိတ်မုဒိတာ၊ လောဘစိတ်တွေဖြစ်နေတယ်။ သူကံကအလွန်ကောင်းတယ်။ အဲ့ဒီကံကောင်း တဲ့လူနဲ့ကိုယ်နဲ့ သူကတော့ကံကောင်းပါလား။ ငါကတော့ကံမကောင်းဘူး။ ကံကျိုးရင် ကံဆက်၊ ကံပေါက်ရင် ကံဖာတယ်။ ကံနိမ့်တော့ ကံမြင့်အောင်လုပ်။ အခုဦးပဏ္ဍိတ လာလှူတယ်။ ဒါတွေကတော့ ဒီဘဝမှာလာလှူတာ။ ဒီဘဝလာလှူတဲ့အတွက်ကြောင့် ဒီဘဝမှာဘဲချက်ချင်း လက်ငင်းအကျိုးပေးနိုင်တယ်။ အနာဂတ်မှလည်း အကျိုး ပေးလိမ့်မယ်။ ဒီသဘောဘဲ။ ဩော် အေးအေးအတိတ်ပစ္စုပ္ပန် အနာဂတ်ဘုံ (၃) ပါး ဩကာသလောက၊ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက။ အဲ့ဒီဩကာသလောကနဲ့ သတ္တလောက ဒီနှစ်ခုကို ဘယ်သူကအုပ်ချုပ် နေလည်းဆိုရင် သင်္ခါရလောကက ချယ်လှယ်နေတယ်ဗျို့ ဒီသင်္ခါရလောကကက ချယ်လှယ်နေတယ်ဆိုတော့ ဟိုတမျိုး ဒီကတစ်မျိုး စိတ်ကလေးပြောင်းသွားတယ်၊ ကောင်းတာလည်းပြောင်း၊ မကောင်းတာလည်း ပြောင်းသူများပြောတာလည်း ယုံကြည်တယ်။ ကိုလဲမမြင်ရ၊ အဲ့ဒီသင်္ခါရ လောကအုပ်ချုပ်တယ်။ အဲ့ဒီသတ္တလောကနဲ့ ဩကာသလောက အဲ့ဒီပုဂ္ဂိုလ်ကသူလည်း ခံနေရတယ်။ အဲ့ဒီတော့ ဒီနှစ်ခုသင်္ခါရလောကက အုပ်ချုပ်နေတဲ့အတွက် ဩကာသ၊ မနောက စေတသိတ် မတည်ငြိမ်ပါ ကလား ငါသူများပြောတာလည်းယုံတယ်။ အဲ့ဒီတော့ ငါကလည်း ရှင်းနေပြီ။ အဲ့ဒါကိုဒီစိတ်ကလေး အဲ့ဒီဘဝင်စိတ် ကလေးကို ဦးပဏ္ဍိတကလည်း ဥပဒါန်စိတ်ကလေးကို ဟောနေတာ မဖြစ်ချင်တော့ ဩော်မမြဲပါလားကွဲ့၊ ငါကျတော့ မမြဲပါလား စားပါစေ၊ သောက်ပါစေ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ငါမစားပါဘူး။ စားပါစေ၊ သောက်ပါစေ သူ့ရဲ့စေတနာ အလွန်ကောင်းတဲ့အတွက်ကြောင့် သူ့ရဲ့ပစ္စုပ္ပန်မှာလည်း အသက်ရှည်တယ်။ ကျန်းမာရေးလာဘ်လဲရတယ်။ အနာမျိုး (၉၆) ပါးရောဂါလဲ ကင်းရှင်းတယ်။ ဒါခင်ဗျားတို့ စေတနာ၊ ခင်ဗျားတို့ယုံကြည်တာ ဘဝအသစ်ဖြစ်နေတယ်။ သစ္စာလေးပါးရတယ်။ သူကတော့ စာမတတ်၊ ပေမတတ်။ ဆဲချင်လဲဆဲတယ်။ ဆိုချင်လဲဆိုနေတယ်။ ဒါပေမယ့် ဆဲတယ်ဆိုတယ် ခေတ္တခဏဘဲ။ တော်ကြာကျရင် ကျွေးလိုက်ပါကွာ။ ပေးလိုက်ပါကွာ။ ငါမစားပါဘူး။ ဒီလိုလုပ်တဲ့ ပုဂ္ဂိုလ်မနေကလာတဲ့ သရက်ကုန်းဘုန်းကြီး။ အဲ့သင်္ကန်းတွေလည်း ပေးလိုက်တယ်။ ဒကာကြီး ဦးအုန်းမြင့်ရဲ့ သူမပြန်ခင် စောင်လေးလည်းဝယ်ပေးလိုက်ပါ။ ခြင်ထောင်လေးလည်း ဝယ်ပေးလိုက်ပါ။ အဲ့ဒါစေတနာပေါ့ဗျာ။ အဲ့ဒါအတိတ် လည်းကောင်း၊ အနာဂတ်လည်းကောင်း၊ အဲ့ ဒါစေတနာအလွန်ကောင်း၊ ဩော်ခြံပြုပါစေကွဲ့ ၊ ခြင်တွေဘာတွေကိုက်မယ်။ ဒီလိုစေတနာတွေက ပစ္စုပ္ပန်တည့်တည့်လေးမှာ ဘုရားအစစ်ကိုလည်း ယုံကြည်ပါစေ၊ တရားအစစ်ကိုလည်း ယုံကြည်ပါစေ။ သံဃာအစစ်ကိုလည်း ယုံကြည်ပါတယ်။ အဲ့ဒီလိုယုံကြည်တဲ့ သရဏဂုံသုံးပါးတည်တဲ့အတွက်ကြောင့် ခင်ဗျားတို့ အပါယ်ပိတ်မယ်။ တဖြည်းဖြည်းပိတ်မယ်။ အဲ့ဒီအပင်ကြီးတဖြည်းဖြည်းဖြစ်လာတဲ့အခါမှာ ဘာအပင်မှန်း မသိဘူး။ နောက်ကျတော့ အပွင့်တွေပွင့်လာပြီ။ အသီးတွေလည်း သီးလာပြီ။ အဲ့ဒါဘာအသီးလဲ၊ အဲ့ဒီတော့ အပင်က လည်းဘာပင်မှန်း ခန့်မှန်းလို့မရဘူး။ အဲ့ဒီတော့ ပွင့်လာတဲ့အခါ သီးလာတဲ့အခါမှာလဲ သိရမယ်။ ခင်ဗျားတို့ စားတဲ့အရသာ

မှာလည်း သိရမယ်။ ခင်ဗျားတို့ဒီဘဝမှာ မဒိုခင်၊ မနာခင်၊ မသေခင် ခေတ်အပြောင်းအလဲတွေရှိသလို ရုပ်အပြောင်းအလဲတွေလည်းရှိပါတယ်။ ပြောင်းရတော့မယ့်သဘောကို ပြောင်းရမယ်။ မပြောင်းခင်အခါမှာ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ကလေးကိုလည်း ချော့ပြီးတော့ပေါင်းတယ်။ လူကြီးကလည်း ချော့ပေါင်းတယ်။ အဲ့ဒီစိတ်မျိုးတွေထားရင် တိုင်းပြည်ကြီးလည်း ကောင်းမယ်။ အဲ့ဒီရပ်ကွက်လည်း ကောင်းမယ်။ လူကြီးမင်းများပြောတာလည်း လေးစားမယ်။ သူခိုင်းတာလည်း လုပ်ပေးတယ်။ သူခိုင်းတဲ့အလုပ်ကို လုပ်ပေးတယ်။ အဲ့ဒီအတိုင်းနေသွားမယ်ဆိုရင် ခင်ဗျားတို့မှာ အကျိုးရှိပါတယ်ဗျာ။ ဒီလောက်ဆိုတော်ရောပေါ့။

(သာဓု .... သာဓု . . . . သာဓု )

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၀၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
ဝိသုဒ္ဓိနှင့် အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

## (၂၀-၁၀-၁၉၉၃) ရက်နေ့ မြောင်းမြမြို့နယ်၊
## ဝိနဲ့ကုန်းကျေးရွာ၊ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
## ဘုရားတွင် ဝိသုဒ္ဓိဆရာတော် ဟောကြားတော်မူသော
## ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၂၁)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

(၂၀-၁၀-၁၉၉၃) ရက်နေ့၊ မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၊
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားတွင် သိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော
ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။ ဦးဇင်းကလူသားတစ်ယောက်ပါ။ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂါတ်တော့ မပြန်နဲ့ဦးပေါ့။ အတိတ်နဲ့ပစ္စုပ္ပန်ရဲ့အကြောင်း နာယူပါဒုံး။ သဘောလေးပဲနော်။ ဗျာဒိတ်ဆိုတာကြားဖူးလား။ ဗျာဒိတ်လို့ စာထဲမှာရေးထားတယ်။ သိသလားတဲ့၊ တချို့တွေ သိတဲ့သူလည်းသိလိမ့်မယ်။ မသိတဲ့သူလည်းမသိဘူး။ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးဟာ မပွင့်ခင်အခါ အလောင်းတော်နတ်သား လူ့ပြည်ကိုလာရပါတယ်ဗျာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဦးဇင်းကဘုရားမဟုတ်ဘူးနော်။ လူ့ပြည်ကိုလာတယ်။ လူ့ပြည်ရောက်လာတော့ ဘာဖြစ်သလဲဆိုရင် ဦးဇင်းဟာ အင်မတန်မှမိုက်မဲယုတ်မာပြီး ကြမ်းတမ်းတဲ့သူတစ်ယောက်ဖြစ်လာပါတယ်။ ဆင်းရဲတဲ့အဖေအမေရဲ့ ဝမ်းထဲမှာ ဝင်ရတယ်။ အတိတ်ကနတ်ပြည်ကနေ လူ့ပြည်လာပြီးတော့ မအေ့ဝမ်းထဲမှာ မဋ္ဋိသန္ဓေနေပြီးတော့ ဆင်းရဲ ဒုက္ခတွေခံစားရတယ်။ ခင်ဗျားတို့အခုချမ်းသာတယ်။ သူကဆင်းရဲတယ်။ သူကိုယ်တိုင်ကနေ ဆင်းရဲဒုက္ခခံပြီးတော့ ဒီတရားကိုသူပေးမှာ။ မိဘနှစ်ပါးက ဖအေနာမည်က ဦးချိုတို့ မအေနာမည်က ဒေါ်အုံးမေ၊ ညီအစ်ကိုမောင်နှမတွေ ခြောက်ယောက်ရှိတဲ့အထဲမှာ ဦးမြမောင်တစ်ယောက်ပဲ အဖက်တင်တယ်။ မိဘတွေလည်းသေ။ နတ်ပြည်ကလည်း လူ့ပြည်ရောက်တယ်လို့ပြောတယ်။ သိုက်ထဲကလည်း လူ့ပြည်ရောက်တယ်လို့ပြောတယ်။ ဗြဟ္မာပြည်ကလည်း လူ့ပြည် ရောက်တယ်လို့ပြောတယ်။ ဒီပုဂ္ဂိုလ်ကနတ်ပြည်ကနေ လူ့ပြည်ကိုဆင်းလာတယ်။ အင်မတန်မှဆင်းရဲဒုက္ခရောက်တယ်။ ကောထဲကမိဘနှစ်ပါးဝမ်းထဲမှာ ဝင်သေးတယ်။ သူများကို တရားပေးချင်တော့ သူအနစ်နာခံတယ်။ ချမ်းသာတဲ့ဝမ်းကို မဝင်ဘူး။ ပညာဘက်ကိုလည်းမဝင်ဘူး။ ဆင်းရဲတဲ့ဘက်ကိုဝင်လာတဲ့အခါကျတော့ လူမှန်းသိတည်းက မိုက်လိုက်တာ ဆိုတာ တစ်ဖက်ကမ်းကိုခတ်တာဘဲ။ သူဟာလောဘစိတ်တွေ၊ မောဟစိတ်တွေ၊ ဒေါသစိတ်တွေ၊ တဏှာမာနစိတ်တွေ၊ နေသလိုနေ၊ စားချင်သလိုစား၊ သွားချင်သလိုသွား၊ လုပ်တာပဲ။ အရက်သောက်၊ ဖဲလိမ်ရိုက် လုပ်တော့တာပဲ။ ရဲထဲဝင်လိုက်။ ထောင်ဝါတာလုပ်လိုက်၊ လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေပိုပြီးသောင်းကျန်လာတယ်။ ဝင်တာလည်း ဆင်းရဲတဲ့မိဘဝမ်းထဲကို ဝင်လာတယ်။ စာလည်းတစ်လုံးမှမတတ်ဘူး။ ဆင်းရဲတော့စာမတတ်ဘူးပေါ့။ စာသင်မပေးနိုင်ဘူး။ တဖြည်းဖြည်းအသက်ကြီးလာတော့ ထီကလည်းပေါက်၊ အကုန်လုံးကုန်တာဘဲ။ သူ့အိမ်မှာ ကျကျနနပေါ့။ သူဝယ်ထားတဲ့အိမ်၊ မိတာပေါက်တွေ ဘာတွေရှိတယ်။ ဟိုတုန်းကမီတာပေါက်တွေဆင်ရင် (၃၆) ကျပ် ပေးရတယ်။ ဒါတောင်ယူမယ့်သူမရှိဘူး။ အဲ့ဒီအချိန်မှာ ဦးဇင်းကြီးကယူလို့ရတယ်။ အချိန်မရွေးဘဲ။ လေးလုံးယူရင် လေးလုံးရတယ်။ သူသွားလျှောက်ပြီးသွားယူရုံပဲ။ ယူနစ်က ဘယ်လောက်မှမရှိဘူး။ သိပ်သက်သာတာဘဲ။ (၁) ကျပ်ပဲ ပေးရတယ်။ ဘယ်လောက်ပဲမီတာလည်လည် (၁) ကျပ်ပဲပေးရတယ်။ မီတာပေါက်တွေလည်းရလာရော ပိုက်ဆံလည်းကုန်၊ အကုန်ကုန်တာပဲ။ ခဏပန်းလေးတော့ သူကခွေးရူးကောင်းစား တစ်မွန်းတည့်ပဲဆိုသလို သူဆင်းရဲပြန်ပြီ။ "လင်ဆိုးမယား တဖားဖား" "သားဆိုးမအေ တတေတေ" တဲ့ ရှေးလူကြီးတွေ ပြောတာသိပ်မှန်တာ ပေါ့။လင်ကဆိုးတာကိုး။ မယားတဖားဖား။ ရပ်ကွက်မှာ ဦးမြမောင်ရဲ့ဖနီးဘယ်ဟာလဲဆိုရင် ပြစရာတောင်မရှိဘူး။ သူဒီလောက်တောင်ဆိုးတာ။ အဲ့ဒီလောက်တောင် လုပ်လာတဲ့သူ။ သူဟာအချိန်ကာလ နက္ခတ်တွေကျလာတဲ့အခါမှာ

သူဟာနေလို့မရတော့ဘူး။ ငါရဲ့အသက် (၄၅) နှစ်၊ လူရဲ့သက်တမ်းမှာ ငါရဲ့မကောင်းတဲ့မိစ္ဆာ။ အယူမှား၊ အမှတ်မှား၊ အစွဲမှား၊ လောဘအဝိဇ္ဇာ၊ အဲ့ဒါတွေလုပ်လာတယ်။ မသိတာကျအဝိဇ္ဇာ၊ စွဲလန်းတာကတဏှာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ အချိန်နကွတ်ကျလာတဲ့အခါမှာ နေလို့မရဘူး။ သူအရင်ဒုက္ခကိုခံတယ်ဗျို့။ သူများလို မဟာစည်မှာနေရတာမဟုတ်ပါဘူး။ မိုးကုတ်မှာနေရတာမဟုတ်ပါဘူး။ ဝေဠုဝန်မှာ နေရတာမဟုတ်ပါဘူး။ လွယ်လွယ်နဲ့ ကျင့်လို့ရတာမဟုတ်ဘူး။ မေးပါ ဒကာမကြီးတို့၊ လက်တွေ့မေး။ မိုးလင်းတာနဲ့ ဆင်းသွားရတယ်။ မယားလည်းလုပ်ကျွေးရတယ်။ မိုးလေဝသမှာကျင့်တာ။ မိုးလေဝသမှာကျင့်တော့ တရားလေး လုပ်တာပေါ့။ လုပ်တာကဒလဝမ်၊ မယားနဲ့လည်းမအိပ်ရဘူး။ ဒီလောက်ဒုက္ခရောက်လာတာ။ ငါဒလဝမ်ကနေ အိမ်ပြန်တယ်။ မယားနားကပ်အိပ်တာ။ ဟင် ဟမ်းနဲ့လုပ်လိုက်တာ။ တော်တော်ရင်နာသွားတယ်။ ဩော် ငါဒလဝမ်လည်း လုပ်ရတယ်။ ငါရဲ့ချမ်းသာမှုလည်းဘာမှမရှိဘူး။ စိတ်နာတာဝမ်းထဲမှာ ထားတယ်။ တစ်ဖက်ကလည်း ဝိပဿနာလုပ်တာ ခရီးကလည်းမပေါက်မြောက်ဘူး။ ပြန်သွားထမင်းလေးဘာလေးစား။ ပုည့်ပုည့်နဲ့ဆိုတော့ ဩော်အေး အေး အေး အေး။ ဒီတရားဟာပြောရမယ်ဆိုင်တော့ မကောင်းပါဘူး။ ကဲဒါဆိုရင် ဆားအိုးလေးတွေ၊ ဆန်လေးတွေ ထည့်ပေးလိုက်။ မင်းဆီလည်းပြန်မလာတော့ဘူး။ သူကလည်းကောင်းတယ်ဆိုပြီး ထည့်ပေးလိုက်တယ်။ ထည့်ပေးပြန်တော့လည်း ဆားအိုးလေးတွေ၊ ဆန်အိုးလေးတွေ ထမ်းပြီးမိုးလေဝသပြန်လာတယ်။ မနေနိုင်ဘူးဗျို့။ ဒီမီးဟာ မနောဟာ ပဋိဃဒေဝ သောနဿ၊ ဒေါနဿ၊ ဥပဒါယ၊ ကိလေသာ ကာမဂုဏ်နဲ့ မီးတွေဟာ ရင်ဝမှာစိုက်ပါတယ်။ ဟာ ငါမအိပ်နိုင်ပါလား။ ငါသွားအုံးမယ်ဆိုပြီး။ ဦးဇင်းသာလက်ပစ်ကူးလို့ရမယ်ဆိုရင် လက်ပစ်ကူးသွားတယ်။ ကူးလို့မရလို့ပါဗျာ။ ကူးတို့ဆရာရယ် လာကြပါအုံး ဟဲ့ဆိုပြီးပြန်တော့လည်း မိန်းမနားကပ်အိပ်တော့ ဟင်းဟမ်းဆိုတော့ ဒုက္ခပါပဲ။ ဒီလိုပါဗျာနော်။ ကာမကိလေသာ အင်မတန်မှကြီးမားတဲ့ သဘောတရားတွေပါ။ စိတ်နဲ့ပတ်သတ်တယ်။ မထူးတော့ပါဘူး ဆိုပြီး။ ဒီတရားကျင့်မှပဲရတော့မယ်။ ကျင့်လဲကျင့်ရော သူမိုးလေဝသသွားကြတယ်။ လိုက်ပို့တယ်။ စကားတောင် မပြောရဲဘူး။ အရင်ကဟင်းဆိုရင် မိန်းမကကုတ်နေရတာ။ အခုတော့ သူကပြောသွားသေးတယ်။ လိုက်သွားမယ်တဲ့။ ဘုန်းကြီးနောက်ကို။ အေး ကောင်းပါတယ်။ ဘယ်သူကျန်ခဲ့လဲ။ အမကြီးကျန်ခဲ့တယ်။ အမကြီးနဲ့အိမ်ပဲ ကျန်ခဲ့တယ်။ ဩော် အေး အေး အေး ငိုတယ် ဒကာကြီးရေ။ ငိုလိုက်တာ ဒကာကြီးရေ။ ဘယ်မှာငိုလဲ။ ပန်းခြံမှာငိုတယ်။ ဒီလောက်ဖြစ် တယ်။ မကောင်းပါဘူးဗျာ။ ဒီစိတ်ကလည်း။ အဲသွားပြီတဲ့။ ဒုက္ခ ဒုက္ခတွေ။ အဲ့ဒါလည်း ဒုက္ခမှန်းမသိဘူးဗျ။ သမုတိရဲ့ သံယောဇဉ်ပေါ့ဗျာ။ သူတို့သွားတဲ့အခါကျတော့ ဖြစ်တာပေါ့ဗျာ။ မသိတာက အဝိဇ္ဇာ စွဲလန်းတာကတဏှာ၊ ကိုယ်က အဝိဇ္ဇာဖြစ်နေတော့ မသိတော့ သွားစွဲလန်းတာပေါ့ဗျာ။ အေး အဲ့ဒါတွေ ဦးမြမောင်ရင်ထဲမှာ ကွဲမတတ်ဖြစ်တယ်။ ကမ္ဘာမီးလောင် သားကောင်ကျသလိုမျိုးဖြစ်တာ။ ကိုယ့်အမှုကိုယ်သာသိတာ။ အဲ့ဒါပူတဲ့အကြောင်း ပြောပြတာပါ။ အဲ့ဒါ ကံတရားတွေ။ ပြီးတော့မှ ကံပြတ်ပြတ်လာတာ။ အေးလာပြီးတဲ့အခါကျတော့ လှူပြည်မှာရောက်လာတဲ့ ဖြစ်ရတဲ့ စိတ်ဆင်းရဲခြင်း ဒုက္ခသစ္စာကိုခေါ်တာ။ ကိုယ်ကစွဲတာကိုးဗျ။ အေး အေး အေး စိတ်ဆင်းရဲလိုက် ကိုယ့်စိတ်ကစွဲတာ။ သူသွားပြီတဲ့။ သူသွားတာ သခင်္ဘခေါင်းတိုင်ကိုတွေ့ သေးတယ်။ စကြာနန္ဒာဘက်ကိုဝင်ပြီး မတွေ့ဘူးဆိုတော့မှ ပန်းခြံမှာ ထိုင်ပြီးတော့ငိုတယ်။ အိမ်ပြန်တော့လည်း အစ်မကြီးတစ်ယောက်တည်း။ သူလည်းတစ်ယောက်တည်းဆိုပြီး ကဲမထူး

တော့ဘူး။ သွားတော့မယ်ဆိုပြီး ဦးဇင်းကြီးသွားတော့တာပါပဲဗျာ။ ညောင်ပင်ကြီးကို၊ ကျင့်တာပဲ။ ဘာမှစာမတတ် ပေမတတ်ပါဘူး။ ကောင်းတာလုပ် ကောင်းတာရမှာပဲဆိုပြီး ကိုယ့်အလုပ်ကိုကိုယ်လုပ်ပြီး သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ ဉာဏ်တော့ မပေါက်သေးဘူးဗျ။ သီလ၊ သမာဓိ၊ ပညာ သူရလာပြီ။ ရလာတော့မှ မြို့ဝင်လာပြီ။ ဦးထွန်းရွှေ ခြံထဲမှာနေတယ်။ လက်ဦးကွက်သစ်မှာ (၂) နှစ်နေတယ်။ ကွက်သစ်မှာ ဗေဒင်ဆရာဖြစ်နေလို့ ကွက်သစ်ကနေ ပြောင်းလာပြီးတော့ ဒကာကြီး ဦးထွန်းရွှေသိလည်း မသိပါဘူးဗျာနော်။ ခမည်းခမတ်ဆိုပေမဲ့ မမြင်ဖူးပါဘူး။ ဦးဇင်းကြီးနဲ့ ရင်းနှီးနေတဲ့ သူယောက္ခမကြီးကတော့ ဥယျာဉ်ရှိတာကြောင့် စန်းအောင်ရယ်၊ ငါ့အဲ့ဒီကိုသာ ပို့ပေးပါဆိုပြီး ကိုယ်ကခိုင်းတာ။ ခိုင်းတော့ အဲ့ဒီစန်းအောင်က ဦးထွန်းရွှေဆီသွားပြီ ဦးထွန်းရွှေကြီးကလိုက်ပြီးနေပေးတာ။ ဒီနေရာ အင်မတန်ဆိုးတဲ့နေရာ။ ကျောင်းလေးဆောက်ပြီး တစ်ညအိပ်တယ်။ မိုးလင်းတော့ ဟော့ဒကာ ဦးထွန်းရွှေတို့ပြန်လာ ပြီလား။ လာတော့လာမယ်ဘုရားတဲ့။ မြန်မြန်လုပ်ကွာ။ ဒီကပိန္နဲကုန်းသွားချင်လှပြီ။ မြန်မြန်လုပ်ကွာ။ လုပ်ပါဆိုတော့ သူ့ခမျာ ပိန္နဲကုန်းက လာတဲ့သူကို ငါ့ပင့်ကွာ။ ဟော့ကောင်တွေ ငါ့ပင့် ငါ့ပင်ဆိုတော့ ပင့်ပါ့မယ်။ ကိစ္စ ဝိစ္စတွေအကုန်ပြီးရင် ပင့်ပါ့မယ်။ ပင့်ပါဆိုတော့ပင့်တယ်။ ပင့်တော့ ပိန္နဲကုန်းသွားတယ်။ ဪ အေး အေး အေး အေး ဒီနေရာမှာတောင် လမိုင်းကလာတာ။ ဒီနေရာမှတွေ့ပြီ။ သူများမပြောပါဘူး။ ကိုယ့်ဘာသာတွေးတာ။ ဒါကြောင့်မို့လို့ သိုက်တွေကလည်း ပေါင်းပြီး။ သိုက်တွေကလည်း ခကုန်ပြီး။ ခါတ်တွေကလည်း ခကုန်ပြီ။ ဒီပိန္နဲကုန်းကဘုရား။ ဟိုးနှစ်ပေါင်းက ဘုရင်များ တည်သွားတာပေါ့ဗျာ။ ဘုရင်များတည်သွားတဲ့အခါကျတော့ ဒီဘုရင်တော့မပြောဘူးဗျ။ တည်သွားတဲ့အခါ ကျတော့ သူတို့လည်း ဒိုခြင်း၊ နာခြင်းဆိုတဲ့ သေခြင်းတရားတွေရှိတယ်။ သေခါနီးမှာသူတို့လည်း ကဗျာကယာနဲ့ ဘုရားရဲ့ပစ္စည်း အစစ်တွေရှိတယ်။ အဲ့ဒီလူတွေဆီမှာ ပတ္တမြားတွေကို အဓိဋ္ဌာန်ပြီးတော့ဘုရားလေးတည်ဖြစ်ခဲ့တယ်။ တည်ဖြစ်ခဲ့တဲ့ အခါကျတော့ နှစ်ပေါင်းကြာလာတော့ ဘုရားကပျက်စီးယိုယွင်းလာပြီးတော့ မရှိတော့ဘူး။ ဘာကျန်ခဲ့လဲဆိုတော့ ဌာပနာတိုက်ကျန်ရစ်ခဲ့တယ်။ အစစ်ကြီးကျန်ခဲ့တယ်။ ဒါတွေကိုလူတွေမသိပါဘူးဗျာ။ ဘာသိလဲ။ အဲ့ဒီတော့ ဒီလိုနေရာမှာ ထူးမြတ်တဲ့ ပုဂ္ဂိုလ်တွေကလည်း စောင့်ရမယ့်တာဝန်ရှိတယ်။ ဦးပဏ္ဍိတကလည်း နတ်ပြည်ကနေ လူ့ပြည်ကိုလာပြီးတော့ ဒုက္ခတွေ ဒုက္ခတွေနဲ့ တည်တဲ့ဘုရားလို့ခေါ်တယ်။ ချမ်းချမ်းသာသာနဲ့တည်တဲ့ဘုရားမဟုတ်ဘူး။ ဒုက္ခတွေနဲ့ ရာလိုက် ရတာ။ မျက်ရည်တွေအသွယ်သွယ်ကျ။ ဝမ်းနည်းပက်လက်မျောပြီး တည်ရတဲ့ဘုရားလို့ခေါ်တယ်။ သူကဗျာဒိတ်လိုချင် တာကိုးဗျ။ သူကောင်းကောင်းမွန်မွန်နဲ့ သူဒွေးသားလိုလာရင်ရပါတယ်။ ဆင်းရဲဒုက္ခအနှံ့တာတွေခံပြီးမှ ဒီဘုရားကိုတည် မယ်ဆိုတဲ့ သဘောတရားပါ။ သမိုင်းတစ်ခုပါ။ တောပြော တောင်ပြော ပြောနေကြပါတယ်။ ဒီသာသနာ အင်မတန် ကြီးမားပါတယ်၊ ဒုက္ခခံထားရတာကိုး။ ဒုက္ခနဲ့ ရင်းပြီးတည်ရတဲ့သာသနာ။ ဦးမြမောင်တည်လာပြီး အင်မတန်ဆင်းရဲတယ်။ ကောင်းတဲ့ဝမ်းထဲ ဝင်လို့ရပါတယ်။ မဝင်ဘူး။ အင်မတနမှဆင်းရဲတဲ့ အင်မတန်သောင်းကျန်းတဲ့ ကိလေသာ၊ ကာမဂုဏ် မီးဟာရင်ထဲမှာ ကြီးမားပါတယ်။ သူများမသိပါဘူး။ သူ့မှာရှိပါတယ်။ ဦးဇင်းရဲ့အတွင်းစိတ်ကို ဘယ်သူသိမလဲ။ ဘယ်သူမှ မသိဘူး။ ကိုယ့်တရားကိုယ်လုပ်တယ်။ ကိုယ်ရှာတယ်။ ယောင်းမပေါ်မှာ ငါးပိကပ်ပြီး ကင်စားလာရတဲ့ တရား။ ဘယ်သူ မှမသိပါဘူး။ တောကြီးချုံကြီးထဲမှာ အဲ့ဒီလိုရလာတဲ့အခါမှာ ပိန္နဲကုန်းရဲ့ အောင်သစ္စာနား ကပ်လာပြီး။ အဲ့ဒီသမိုင်း။ ဒီသမိုင်းတွေဟာ ဘုရင်ကြီးက သူမသေခင် ကမန်းကတန်းနဲ့ ဘုရားသွားတာပဲ။ ဟော သေသွားတော့ ဦးမြမောင်က

လူ့ပြည်မှာပဏ္ဍိတ ဖြစ်နေပြီဗျို့၊ သူကနတ်ပြည်ကတက်၊ လူ့ပြည်ကိုဆုတ်ဆုတ်ပြီးတော့ ကိုရင်လေးက ပဏ္ဍိတဖြစ်နေရာလိုက်ရှာတယ်။ နတ်တွေကလိုက်ပြတာတွေ့ရော။ တွေ့လည်းတွေ့ရော သူကပ်နေတယ်။ ဘယ်သူ့ကိုမှ ရှင်းအောင်မပြောဘူး။ လမိုင်းပြောလည်းခံတာပဲ။ တနင်္လျက်ပြောလည်း ခံတာပဲ။ လက်ဖက်ခြောက်ပြောလည်း ခံသွားမှာပဲ။ ကျင်းတူတယ်။ တူးကွာ။ ကိုယ်ကရမ်းလုပ်တာ၊ တူးဆိုတူးတာပဲ။ ဘာမှလည်း အကြားအမြင်မရဘူး။ လုပ်တာပဲ။ ကောင်းတာလုပ်ရင် ကောင်းရာရောက်မှာပဲ။ ဒါကောင်းတဲ့အလုပ်တွေပဲ။ တံမြက်စည်းလှည်းတာလည်း စေတနာပါရင် ကုသိုလ်ပဲ။ ကုသိုလ်ကံတွေ။ အဲ့ဒီကံကနေ ဉာဏ်လိုင်းကို တဖြည်းဖြည်း ကူးလူးလာတယ်။ ဉာဏ်က ဝိပဿနာဉာဏ်ခေါ်တယ်။ ကံက သမ္မာကံခေါ်တယ်။ ဘုရားရှိခိုးတာတို့ ဘုရားဝတ်ပြုတာတို့ ဒါတွေဟာ ကံတရားတွေ။ ကံပေါ်ကနေပြီးတော့ သမ္မာဘက်ကိုလုပ်တယ်။ ညဆိုရင် တရားထိုင်တယ်။ နေ့ဆိုရင် ဘုရား၊ တရား၊ သံဃာ လူကြီးတွေပေါတယ်။ ကံနဲ့ ဉာဏ်။ ဒီနေရာမှာ မကူးသေးဘူး။ သမ္မာကံ။ သမ္မာကံဆိုတာ စေတနာရှိတာကိုးဗျ။ ယုံကြည်တာကိုးဗျ။ စေတနာကိုးဗျ။ ကံကနေ အလုပ်လုပ်တော့ ဉာဏ်ဘက်ကို သူကူးလာတယ်။ ဘယ်သူသိလဲ။ ပတ္တမြားတုံးကြီး တန်ဖိုးမဖြတ်နိုင်တော့ဘူး။ ငါမင်းတို့ကို ဒါနတွေပေးသွားပြီ။ သီလတော့ ငါပေးလို့မရဘူးကွ။ မင်းတို့လုပ်မှရမှာကွတဲ့။ သဘောပေါက်ပြီလား။ မင်းတို့စိတ် မင်းတို့ထိန်းတဲ့ကွ။ မင်းသီလဘယ်နှစ်မျိုးရှိလဲ။ ဒါနဘယ်နှစ်မျိုးရှိလဲ။ ကြည့်၊ စာမှာ ရေးထားတယ်။ ဒုက္ခ၊ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ လေးပါးရေးထားတယ်။ မင်းလည်းသီလလေးမျိုး ရှိလိမ့်မယ်။ ဒါနလေးမျိုးရှိလိမ့်မယ်။ မှတ်ထားတဲ့ မင်း။ ဟိုမှာလည်း ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ မင်္ဂနဲ့ဖြတ်တာကွ။ မင်းတို့ကံက ထားလိုက်ကွ။ သဘောပေါက်လား။ ဩော် အေး အေး အေး အေး ----- မင်တို့ကံက အနတ္တကံကိုထားဗျ။ မင်းတို့ဒီဘဝ အင်မတန်မှ ထူးမြတ်တယ်။ မင်းတို့ကလည်း ငါ့ကိုယုံယုံကြည်ကြည်နဲ့ စေတနာ တရားလည်း မင်းတို့မှာအများကြီးရှိတယ်ကွ။ မင်းတို့သိပ်မလှုကြနဲ့ကွ။ သီလလုပ်ရတော့မယ်။ သီလကတော့ မင်းလုပ်မှရမှာ။ ငါပေးလို့မရတော့ဘူး။ သဘောပေါက်လား။ ငါကတော့ သင်ပြမယ်။ သင်ပြလို့ မင်းနားထောင်ရင် မင်းထူးပြီကွ။ မင်းလုပ်တဲ့သီလက စိတ်မချရဘူးကွ။ ငါလုပ်တဲ့သီလမျိုးပေးပစ်ခဲ့ရမယ်။ ငါကျင့်ကြံတဲ့ ကံပြတ်တဲ့ဒါန။ မင်းပေးပစ်ခဲ့ရမယ်။ သဘောပေါက်လား။ မင်းဒါမှမယုံတတ်ရင် ငါလည်းမတတ်နိုင်ဘူး။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အပ္ပမာဒေန သမ္ပာဒေထ။ မင်းဘာဖြစ်ဖြစ် ငါဟာဒုက္ခဆင်းရဲ အနှံ့တာခံလာရတယ်။ လူ့ဘဝမှ ဒုက္ခဆင်းရဲအမျိုးမျိုးခံလာရသလို မင်းငါလောက် မခံရပါဘူး။ မင်းသည်းခံပါ။ ဒါမှမင်းသည်းမခံနိုင်ရင် ရိသဲ့သဲ့လုပ်ရင်တော့ မင်းဒါနလေးနဲ့ပတော့ အားမကိုးနဲ့ကွ။ မင်းဇာတသတ်ကြည့်ကွ။ ဗိမ္ဗိသာရမင်းကြီးကို သူကိုယ်တိုင်သတ်တာမဟုတ်ဘူး။ ဝစီလေးပြောလိုက်တာနဲ့ အနာဂါတ်မှာခံနေရပြီကွ။ လုပ်တာက ပစ္စုပ္ပန်လုပ်တာကွ။ အဲ့ဒီတော့ သူ့ဒါနကဘုရားမှာ လှူထားတော့ သူ့အပြစ်ခံနရတာပေါ့ဟုတ်လား။ အဲ့ဒါတွက်ကြည့်ပါ။ ရှေးဦးစွာ ဒုက္ခသစ္စာ ဒုက္ခတွေခံ၊ သမုဒယသစ္စာတွေစွဲ။ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်သုံးတန် ငါလွတ်ပြီကွ။ ငါလွတ်သလို မင်းတို့လွတ်လိမ့်မယ်တဲ့။ သဘောပေါက်ပြီလား။ အဲ့ဒီတော့ ဒီနေ့က စ၍ စိတ်တွေကိုသာ ပြင်လိုက်ပေတော့၊ ဒီဘုရားဟာ သိကြားမင်းရှိတယ်ကွ။ နတ်တွေရှိတယ်ကွ။ ဗြဟ္မာတွေရှိတယ်ကွ။ အကုန်ရှိတယ်ကွ။ မင်းတို့ရဲ့ နှလုံးသားထဲက တွေးနေတဲ့စိတ်ကောင်းတာတွေလား။ မကောင်းတာတွေလား။ သူတို့သိတယ်ကွ။ မင်းတို့မကောင်းတာ မကြံနဲ့တော့ကွ။ ငါမင်းကို သေချာမှာထားခဲ့ပြီ။ နှလုံးသားထဲက စေတနာဟာ ကျွေးချင်

တဲ့စေတနာ၊ လှူချင်တဲ့စေတနာ။ မင်းဘေးကလူသိသလား။ မသိဘူးတဲ့။ အရိယာနတ်မင်းကြီးသိတယ်တဲ့။ သဘော ပေါက်ပြီလား။ မင်းတို့လှူတဲ့အခါမှာ ရေစက်ချရမယ်။ ဘယ်သူ့တိုင်တည်လဲ။ ဝသုန္ဓရေ နတ်ကို မင်းကိုင်ကည်တယ်။ တိုင်တည်စရာမလိုဘူးကွ။ ငါကံပြတ်နေလို့တဲ့ကွ။ သဘောပေါက်ပြီလား။ ဒီနတ်တွေ၊ ဒီသိုက်တွေ၊ ဒီပုဂ္ဂိုလ်တွေ ငါ့အကုန် သိကုန်ပြီ။ သိကုန်လို့ ဒီမှာ (အုန်းအုန်း ကြွတ် ကြွတ်)၂ ဖြစ်ကုန်တာကွ။ သဘောပေါက်ပြီလား။ ဘယ်သူ ဘာသိမလဲ။ ငါ့အခုခဲတာပဲ။ သူတို့သိနေပြီကွ။ ငါဗျာဒိတ်ရမယ်ဆိုတာလည်း သိနေပြီကွ။ ဦးမြမောင်ကျင့်ရမယ်ဆိုတာ လည်းသိနေပြီကွ။ နတ်တွေလိုက်စောင့်ရှောက်ရတာ၊ ငါ့ကိုလိုက်စောင့်ရှောက်ရတယ်။ ဒါကြောင့် တရားမရရအောင် လုပ်ရမယ်။ ငါကလည်း ကံ၊ ဉာဏ်၊ ဝီရိယနဲ့ လုပ်ရတယ်ကွ။ ငါကတော့သဘောပေါက်နေပြီ၊ ငါပေါက်သလို မင်းတို့လည်း သဘောပေါက်အောင် ခင်ဗျားတို့လည်း အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ပွား များပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးကို အမိသီလ၊ အမိစိတ္တ၊ အမိပညာတဲ့ ငါလည်းပြန်မယ်။ မင်းတို့လည်းပြန်ရမယ်။ သဘောပေါက်လား။ အဲ့ဒါလေးတွေကိုတောင်မှ သီလကို မင်းကိုမင်း မလုပ်နိုင်ရင်တော့ ငါလည်းမတတ်နိုင်ဘူး။ ဒါနက တော့ နိဗ္ဗာန်သွားမဲ့ ဒါနကိုငါပေးခဲ့ပြီ။ ငါလည်းသွားမယ်ကွ။ မင်းအဲ့ဒါယူထားကွ။ သဘောပေါက်လား။ ငါခံလိုက်ရတာတော့ မပြောနဲ့ကွာတဲ့။ ဒုက္ခတွေအကြီးအကျယ်ခံရတာ။ အဲ့ဒီတော့ ဆွေတော်ပေါင်းမျိုးတော်ပေါင်း ဘဝအနန္တကာ နာမ်ပုဂ္ဂိုလ် တွေ၊ လူပြည်ကိုရောက်လာတဲ့လူတွေ။ အဲ့ဒါတွေကို နတ်ပြည်ကဆင်းပြီး ဒုက္ခခံပြီးဒီသာသနာကို ငါဖွင့်ပေးလိုက်တာ ပါကွာတဲ့။ သဘောပေါက်လား။ မင်းတို့ကိုယ့်သားမယားကို မနှိပ်စက်နဲ့၊ မရိုက်နဲ့၊ မဆူနဲ့၊ ဒကာမကလည်း ကိုယ့်သီလလေး ကိုယ်ရအောင်နေ။ ဒါနက စစ်နေပြီ၊ ခင်ဗျားတို့အဲ့ဒါလေး လွယ်လွယ်ကူကူမလုပ်နိုင်ရင် ကျုပ်လည်း မတတ်နိုင်ဘူး။ အဲ့ဒါလေးတွေကို ဒကာ၊ ဒကာမများက သီလရအောင်၊ စိတ်ဇာဝိသုဒ္ဓိဘဝင်စိတ် စင်ကြယ်အောင် နေပါ။ မျက်စိနဲ့ပေါင်းရင် ခင်ဗျားဟာလိုမလို ဖြစ်တတ်တယ်။ နားနဲ့ပေါင်းရင်လိုမလို၊ ကြွေ မြင်တာ ကြားတာ မမြဲပါလား။ အဲ့လိုနဲ့ ထိန်းထားပါ။ သီလအစစ်ရမှ ခင်ဗျားနတ်ပြည်တက်မှာတဲ့ဗျ။ နတ်ပြည်တက်မှ ခင်ဗျားမျိုးစေ့လေးဟာ နိဗ္ဗာန်သွားမှာတဲ့ဗျ။ အဲ့ဒီနှစ်ချက်နဲ့ပြန်ကြပေတော့တဲ့။ အဲ့ဒီလောက်ဆို သဘောပေါက်ရော ပေ့ါဗျာ။ သာဓု . . . သာဓု . . . သာဓု

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သဗ္ဗာမပဘာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၁၂၈၊ ၀၉-၄၄၇၃၇၂၃၅

❒ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြတ်လို့မရဘူး။
မဂ်ဉာဏ်ရမှ ဖြတ်တာ။
မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ ကျင့်
မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ ဉာဏ်
မဂ်ဉာဏ်။

❒ ဝိသုဒ္ဓိဝိပဿနာ
နှာသီးနှာဖျားဝ၊ ထိသိမမြဲ
လမ်းလျှောက်ရင်းလည်း ခြေဖဝါး အသိကပ်၊ ထိသိမမြဲ
မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မမြဲ
အမြဲသတိကပ်မှတ်။

❒ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့်အောင်သစ္စာ
ဝိသုဒ္ဓိမှ ဝိမုတ္တိသည်
သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ
မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်း နဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ
ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

❒ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍
သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍
ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင်
သစ္စာ(၄)ပါးသိမြင်အောင်
အားထုတ်နည်းပင်ဖြစ်သည်။